

လင်းယုန်သစ်လွင်

“တစ်သီးပုဂ္ဂလ ကျွန်အဖြစ်မှ

တစ်ရွာလုံး၏ ကျွန်အဖြစ်သို့

(ဘဝပြောင်းခဲ့ရသည့် အောက်ဆုံးအလွှာ

လူသားတစ်ဦး၏ ဖြစ်တည်မှုများနှင့် အတူ)

– ပြည်သူ့ဆေးရုံကြီး၏ ချွတ်ယွင်းချက်များ

– ပုလိပ်တို့၏ နိမ့်ကျသော စီးပွားရေး အခြေအနေ

– ခါးသီးသော ထောင်အတွေ့အကြုံနှင့်

– ရန်ကုန်မြို့ တရားရုံးများမှ ပြည့်တန်ဆာ လေလံပွဲများ

(စသည်ဖြင့် ပါလီမန် ဒီမိုကရေစီခေတ်၏ ပြယုဂ်များကို)

မီးမောင်းထိုးပြထားသည်။”

*– မလိခ၏ မြန်မာဝတ္ထုအညွှန်း ပေါင်းချုပ် (၂၀၀၇)။*

*စာ ၃၈၁ – ၃၈၂...မှ။*

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လင်းယုန်သစ်လွင် [ ၁၉၁၇–၁၉၉၃ ]

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ အဖ ဦးဖိုးလူ၊ အမိ ဒေါ်နှင်းဦးတို့က ၁၉၁၇ ခုနှစ် စက်တင်ဘာ ၉ ရက် နေ့တွင် ဖွားမြင်သည်။ မွေးချင်း ငါးယောက်အနက် စတုတ္ထ မြောက် ဖြစ်သည်။ အမည်ရင်းမှာ ဦးအေးမောင် ဖြစ်သည်။

ညောင်တုန်းမြို့ အစိုးရ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ယူခဲ့သည်။ စစ်မဖြစ်မီက မော်လမြိုင်မြို့မှာ ထုတ်ဝေသော 'ခေါင်းဆောင်' သတင်းစာတွင် နယ် သတင်းထောက်၊ ၁၉၄၇ တွင် 'ဟံသာဝတီ' နှင့် 'ဗမာ့ခေတ်' သတင်းစာ နယ်သတင်း ထောက်၊ ၁၉၄၉ တွင် ရန်ကုန်သို့ ရောက်ရှိပြီး 'လင်းယုန်သတင်းစာ' အလုပ်သမား သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် 'လင်းယုန်'၊ 'ပြည်တော်သစ်'၊ 'လူထု'၊ 'ရှုထောင့်' ဂျာနယ်များတွင် အယ်ဒီတာ အဖွဲ့ဝင်အဖြစ် လုပ်ကိုင်ခဲ့သည်။

ပြည်သူ့ဒီမိုကရေစီ အခွင့်အရေးကာကွယ်မှု ကော်မတီ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင် (၁၉၅၇–၅၈) တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

'လင်းယုန်သတင်းစာ' တွင် အလုပ်သမား သတင်းထောက် လုပ်ရာမှ 'လင်းယုန်သစ်လွင်' ကလောင်အမည်ကို ယူခဲ့သည်။ ပထမ ပုံနှိပ်ဝတ္ထုတိုမှာ 'ကြိုးနီစနစ်' (လင်းယုန်ဂျာနယ်၊ ၁၉၅၀) ဖြစ်သည်။ ပထမဆုံး လုံးချင်းဝတ္ထုမှာ **တူပြိုင်လေ ကူးမယ်ပ** (နိုဝင်ဘာ ၁၉၅၂) ဖြစ်သည်။ ၁၉၅၂ မှ ၁၉၈၆ ခုနှစ်အထိ လုံးချင်း ၇၀ အုပ် ရေးသားခဲ့သည်။ ထင်ရှားသော လက်ရာအချို့မှာ **ဘုံကျွန်** (၁၉၅၄)၊ **မေတ္တာသာလျှင်** (၁၉၅၇)၊ **သေမင်းတမန် လမ်းပေါ်ဝယ်** (၁၉၆၄)၊ **သက်စွန့်ဆံဖျား** (၁၉၆၅)၊ **သောင်းဒီပါမြေ** (၁၉၆၅) နှင့် **ဓမ္မရက္ခိတ** (?) တို့ ဖြစ်ကြသည်။ **သီတာသောင်ခြေဦး** (၁၉၆၂ အနုပညာစာပေ ဝတ္ထုရှည်ဆု)၊ **ယိုးဒယား–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း** [၁၉၆၈ အမျိုးသားစာပေဆု (စာပဒေသာ ဒုတိယဆု)]၊ **ဓမ္မဝိလာသ** [၁၉၇၁ အမျိုးသားစာပေဆု (ဝတ္ထုရှည်)] ရရှိခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၁၃ ခု စာဆိုတော်နေ့ ဝတ္ထုတိုပြိုင်ပွဲတွင် 'မြေယာ၏သား' ဖြင့် ဗမာနိုင်ငံ စာရေးဆရာ အသင်းကြီး၏ ဝတ္ထုတိုဆုကို ရရှိခဲ့သည်။ 'ယိုးဒယား–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း' ကို ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၁ ဩဂုတ် ၁၉၉၃ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**၂၀၁၁–၂၀၁၂ ထုတ်**
**ရာပြည့်စာအုပ်များ**

၃၃၇။လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ နီတိမဉ္ဇရီကျမ်း
၃၃၈။ မောင်မောင်ဖြူ၏ နွေဦးကာလ မြူထသောခါ
၃၃၉။ ပီမိုးနင်း၏ နေညိုညို
၃၄၀။ ကျော်အောင် ၏ နှလုံးလှ ဆရာဝန်
၃၄၁။ ပီမိုးနင်း၏ နေရီရီ
၃၄၂။ မောင်သိန်း၏ သိ ကြား စေ
၃၄၃။ မောင်ဘသင်၏ မောင်တာနော [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲ ပေါင်းချုပ်]
၃၄၄။ ဇော်ဂျီ (–နှင့် အခြား)၏ ကဲ့ကော်မြိုင်စာတမ်း
၃၄၅။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ်
(ညောင်ရမ်းဆက်)၊ တတိယတွဲ
၃၄၆။ မောင်ခင်မင် (ဓနုဖြူ)၏ မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ
၃၄၇။ တင်မောင်မြင့်၏ ပြစ်မှုနှင့် ပြစ်ဒဏ်
[Crime and Punishment by Fyodor Dostoevsky]
၃၄၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမာလာကျမ်း
၃၄၉။ ပုလိပ်အရာရှိတစ်ဦး၏ ကိုယ်တွေ့စုံထောက်မှု
[လက်ပံတောင်ရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု]
၃၅၀။ ဦးတင်ဦး (ကျူရှင်) ၏ ကမ္ဘာ့ကျေးဇူးရှင် ဂျော့ဝါရှင်တန် ကားဗား
၃၅၁။ မြင့်သန်း (မြန်မာပြန်) ၏ ဖရန့်(ဇ)ကာ(ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ
၃၅၂။ မင်းရှင်၏ လမ်းပေါ်မှာ [စာပေဆုရ ဝတ္ထုတိုများ၊ ဖြည့်စွက်ထုတ်ဝေခြင်း]
၃၅၃။ ကျော်အောင် ၏ အရေးကြီးပြီ သွေးစည်းကြစို့
၃၅၄။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (မြန်မာပြန်) ၏ လယ်တီဆရာတော်၏ ဥရောပ ဗုဒ္ဓဘာသာ
အလင်းပြကျမ်း
၃၅၅။ မောင်စည်သူ၏ ယုံတော့ မေရယ်
၃၅၆။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ်
(တောင်ငူဆက်)၊ ဒုတိယတွဲ
၃၅၇။ စိန်စိန် ၏ သားလိမ္မာ

**၂၀၁၃ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၃၅၉။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၆၀။ ပြည့်စုံ ၏ ပန်းရုံ
၃၆၁။ ကျော်အောင် ၏ သမဂ္ဂအလံတော် အောက်ဝယ်
၃၆၂။ မောင်တင်ရွှေ ၏ သခင်ကိုယ်တော်မှိုင်း
၃၆၃။ မောင်ပေါ်ထွန်း ၏ နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး
၃၆၄။ မြဝတီ ၏ သွေးချောင်းက လှျံ
၃၆၅။ ဗန်းမော်တင်အောင် ၏ မမကြီး

ရာပြည့်စာအုပ် ၃၅၈

# ဘုံကျွန်

## လင်းယုန်သစ်လွင်

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁– ၃၇၅၉၅၂ (ဆိုင်)

စာမူခွင့်ပြုချက်အမှတ် [၅၀၀ ၁၂၄ ၀၂ ၁၂]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀ ၅၁၄ ၀၇ ၁၂]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – (စက်တင်ဘာ ၁၉၅၄) (?)
ဒုတိယအကြိမ် – (ဇန်နဝါရီ ၁၉၅၈) (?)
တတိယအကြိမ် – (မေ ၁၉၆၂) ခေတ်မှီစာပေတိုက်
စတုတ္ထအကြိမ် – (မတ် ၁၉၇၃) ပန်းစုံမြိုင်စာသဘင်
ပဉ္စမအကြိမ် – (ဇန်နဝါရီ ၂၀၁၃) ရာပြည့်စာအုပ်တိုက်

(ဇန်နဝါရီ ၂၀၁၃)
အုပ်ရေ [၅၀၀]

❑

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**အတွင်းဖလင်**

အေဇက်

❑

**မျက်နှာဖုံး ပန်းချီ**

တင်ထွဏ်း

❑

**တန်ဖိုး**

**၁၅၀၀ ကျပ်**

၈၉၅.၈၃

သစ်လွင်၊ လင်းယုန်
ဘုံကျွန်/ လင်းယုန်သစ်လွင်။
– ရန်ကုန်၊ ရာပြည့်စာပေ၊ (၅) ကြိမ်၊ ဇန်နဝါရီ ၂၀၁၃။
စာ ၂၁၀၊ ၁၃ x ၁၈ စင်တီ။
(၁) ဘုံကျွန်

## ဝတ္ထုနှင့် လိုအပ်ချက်

## [ စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်းအမှာ ]

မကြာသေးမီ နေ့တစ်နေ့က ဖြစ်ပါသည်။

ရေနွေးကြမ်း သောက်ရန် အကြော်ခေါ်ဝယ်ရာမှ အကြော်သည်နှင့် စကားစပ်မိကြသည်။ သူသည် အသက် သုံးဆယ်ကျော်ရွယ် ယောကျ်ား တစ်ယောက် ဖြစ်သည်။ ခေါင်းပေါ်တွင် လုံကွင်း တစ်ထည်ကို ပေါင်းထားပြီး အကြော်မျိုးစုံပါသော တောင်းကို ရွက်ထားသည်။ စူးစူးရှရှ အသံနှင့် ခြေလှမ်းသွက်သွက် လှမ်းသည်။ ရပ်ကွက် တစ်ခုလုံး တစ်လမ်းဝင် တစ်လမ်းထွက် ရောင်းချသူ ဖြစ်သည်။ တစ်နေ့မှ တစ်နေ့တာ မဟုတ်၊ နေ့စဉ် နေ့တိုင်း အချိန်မှန် ဖြစ်သည်။ သူ့ခြေလှမ်းများကို ရေတွက် မှတ်သားရန် မစွမ်းနိုင်ပါ။

'ဘယ်က လာရောင်းတာလဲ၊ ကျွန်တော်တို့ ရပ်ကွက်ထဲကတော့ မဟုတ်ပါဘူး'

ကျွန်တော်က စကား စ သည်။

'ငမိုးရိပ်ကပါ'

'ရောင်းကောင်းရဲ့လား၊ တစ်နေ့ ဘယ်လောက် မြတ်လဲ'

'မဆိုးပါဘူး၊ လေးငါးကျပ်တော့ ကျန်ပါတယ်။ ကျွန်တော့် မိန်းမက ငမိုးရိပ်မှာ ရောင်းတယ်၊ သူက သုံးလေးကျပ်တော့ ရပါတယ်။ နှစ်ယောက် ပေါင်းလိုက်ရင် ရှစ်ကျပ် တစ်ဆယ် ဆိုပါတော့'

'အဟန်သားပဲ'

'ဟန်တယ် မဟုတ်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော်တို့မှာ ကလေး ငါးယောက် ရှိတယ်။ ခုခေတ် ကုန်ဈေးနှုန်းနဲ့ဆိုတော့ စားရရုံ ရှိပါတယ်။ အကြော်မရောင်းရတဲ့နေ့ဆိုရင် ကျွန်တော့် မိန်းမက အရပ်ထဲ လည်ပြီး အဝတ်လျှော်ရတယ်။ ဆရာကြီး ရေးတဲ့ **ဘုံကျွန်** လိုပေါ့'

'ဘုံကျွန် ဟုတ်လား၊ ဘုံကျွန်ကို ခင်ဗျား ဖတ်ဖူးသကိုး'

ကျွန်တော် သူ့ကို စိတ်ဝင်စားရပါသည်။ အံ့ဩခြင်းလည်း ဖြစ်မိပါသည်။

'ဟာ... ဖတ်ဖူးတာပေါ့၊ နှစ်ခါပြန် သုံးခါပြန်။ သိပ်သဘောကျတာပဲ။ ကျွန်တော်တို့ဆီမှာ ခုချိန်ထိ အဲသလို ဘုံကျွန်တွေ ရှိနေသေးတယ် ဆရာကြီးရေ၊ ကဲ... သွားဦးမယ်ဗျာ'

သူသည် အကြော်တောင်းကို ရွက်ပြီး ကျွန်တော့် အိမ်ပေါက်မှ ခပ်သွက်သွက် ထွက်ခွာသွားပါသည်။

ကျွန်တော့် စာဖတ်ပရိသတ်၏ နောက်ပိုင်းကို ကျွန်တော် ငေးကြည့်နေမိသည်။ သူ့စကားတစ်ခွန်းကြောင့် ကျွန်တော့် ရင်တွင် လှုပ်ရှားကျန်ရစ်သည်။

*

ဘုံကျွန်သည် မြေမဲ့ယာမဲ့ လယ်ကူလီ (သူရင်းငှား) တစ်ယောက်၏ ဘဝကို သရုပ်ဖော်ထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ယင်း၏ ဦးတည် ချက်သည် ယင်း လူတန်းစားများ၏ ဘဝ လွတ်မြောက်ရေးကို ရှေးရှု ထားခြင်းပင် ဖြစ်ပါသည်။ ထို ဦးတည်ချက်ကို ထားရှိခြင်းကြောင့်လည်း ထို လူတန်းစားအပေါ်၌ ဖိနှိပ် ခြယ်လှယ်နေသော ဝန်းကျင် အသိုင်း အဝိုင်းများကို လည်းကောင်း၊ ခါးသီးသော စီးပွားရေးနှင့် လူမှု ဆက်ဆံ ရေးများကို လည်းကောင်း အတတ်နိုင်ဆုံး ပေါ်လွင်အောင် ကြိုးပမ်း အားထုတ်ထားပါသည်။

လူ့လောကသည် ရာထူးဂုဏ်သိန် စည်းစိမ် ချမ်းသာရှင်တို့၏ အကြွင်းမဲ့ အဆောက်အအုံတစ်ခု မဟုတ်ပါ။ နေထွက်မှ နေဝင်သည့်တိုင် ရုန်းကန် လှုပ်ရှားနေကြရသော ပစ္စည်းမဲ့ အလုပ်သမားနှင့် တောင်သူ လယ်သမားများ ပြွမ်းတီးနေသည့် အဆောက်အအုံကြီး ဖြစ်ပါသည်။ တကယ်ဆိုတော့ ယင်း အလုပ်သမားနှင့် တောင်သူ လယ်သမားများက သာ လူများစုကြီး ဖြစ်ပါသည်။ စင်စစ် လူ့လောက၏ ဗိသုကာရှင်ကြီး များ၊ ဝမ်းစာရှင်ကြီးများ၊ လူ့လောကကို တည်ဆောက်သူများ၊ လူ့ လောကကို အလှဆင်သူများမှာလည်း ယင်း လူတန်းစားများသာ ဖြစ်ကြ ပါသည်။

သို့တိုင်–

'ဝတ္ထုဖြတ် ပရိသတ်ဟာ ဆယ်ကျော်သက်တွေနဲ့ အသည်းကွဲ ဝေဒနာကို စိတ်ကူးယဉ်ချင်ကြတဲ့ လူငယ် လူရွယ်ကလေးတွေ များတယ်။ သူတို့ အကြိုက်ကို လိုက်ရေးမှ ဆရာ့ စာအုပ်တွေဟာ စွံမယ်။ သူတို့ အကြိုက်ကို ရေးပါ ဆရာ'

'အလုပ်သမားနဲ့ လယ်သမားအကြောင်းဆို မဖတ်ချင်ကြဘူးဗျ။ ပျင်းတယ်၊ စိတ်ညစ်တယ်။ အဲဒီ အကြောင်းတွေသာ ရေးနေ၊ ခင်ဗျား တစ်နေ့တော့ ငတ်မှာ သေချာတယ်'

ယင်း စကားသံများကို ဖန်တစ်ရာတေအောင် ကျွန်တော် ကြား နေရသည်။ တိုးတိုး တစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ၊ လက်တို့၍ တစ်နည်း။

သူတို့ သူတို့ စကားတွေက ဟုတ်သင့်သလောက် ဟုတ်ပါသည်။ မှန်သင့်သလောက် မှန်ပါသည်။ တစ်ခါ တစ်ခါတော့ ကျွန်တော်သည် အိုးပျောက် ခွက်ပျောက် ဖြစ်မတတ်ပင်။ မွတ်သိပ် ဆာလောင်ရသည့် အခါပေါင်းလည်း မရေတွက်နိုင်တော့။

သို့ရာတွင် ကျွန်တော် စိတ်မပျက်ပါ။ အားလည်း မငယ်ပါ။ ကျွန်တော့် စာဖတ် ပရိသတ်အပေါ်၌ ကျွန်တော် ထားရှိရမည့် စေတနာ ကို ကျွန်တော် နားလည်ထားပြီး၊ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ အနည်းငယ် ဖြည့်စွက် ပြောချင်ပါ သည်။

ကျွန်တော့် မိတ်ဆွေတစ်ယောက်က ပြောဖူးပါသည်။

'ကျုပ် အစ်မကြီးက မွေးတဲ့ ကျုပ်တူ နှစ်ယောက်ကို အမွေခွဲပေး လိုက်တယ်ဗျ၊ အကြီးကောင်ကို ကျုပ် စီးနေတဲ့ နှစ်သောင်းကျော်တန် ကားလှလှလေးကို ပေးလိုက်တယ်။ အငယ်ကောင်ကို ထောက်ကြန့်ဘက် က မြေတစ်နေရာ ပေးလိုက်တယ်။ နှစ်ဧကခွဲလောက် ရှိတယ်။ ရေကန် တစ်ကန် ပါတယ်။ သူ့အတွက် သူကိုယ်တိုင် ကြိုးစားပြီး စိုက်ပျိုးရမှာ ပဲ။ ကျုပ်အနေနဲ့က သူ့အတွက် လမ်းစ ဖော်ပေးလိုက်တယ်လေ။ အဲဒီ လမ်းအတိုင်း သူ ဆက်လျှောက်ပေါ့။ သူ့အတွက် ဘဝအခြေခံ အကောင်း

ဆုံး ရသွားမယ်။ ကျုပ်က အကြီးကောင်ထက် အငယ်ကောင်ကို ပို ချစ်တယ်ဗျ'

ရုတ်တရက် ကျွန်တော် တွေးလို့ မရ။

အချစ်ပိုသော တူ။

ကား လုလုကလေး။

နှစ်ဧကခွဲခန့် ရှိသော မြေ။

အချိန်အတန်ကြာ တွေးပြီးမှ ထို မိတ်ဆွေ၏ ရည်ရွယ်ချက်နှင့် သူ့စေတနာကို ကျွန်တော် သဘောပေါက် နားလည်ရပါသည်။

*

ဘုံကျွန်ကို ၁၉၅၄ ခု စက်တင်ဘာလတွင် ပထမအကြိမ်၊ ၁၉၅၈ ခု ဇန်နဝါရီလတွင် ဒုတိယအကြိမ်၊ ၁၉၆၂ ခု မေလတွင် တတိယအကြိမ် နှင့် ယခု ၁၉၇၃ ခု မတ်လတွင် စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း ဖြစ်ပါ သည်။ တစ်ကြိမ်လျှင် အုပ်ရေ ၂၀၀၀ ရိုက်နှိပ်ခဲ့သောကြောင့်လည်း အုပ်ရေ ၈၀၀၀ ရှိပြီဟု ဆိုရပါမည်။

ယခုအကြိမ်တွင် ပြီးစီးခဲ့သော အကြိမ်များက ပုံနှိပ်ရာ၌ အမှား အယွင်း အကျအပေါက် ဖြစ်ခဲ့သည်များကို ပြင်ဆင်ရုံမှ တစ်ပါး မူလ ဝတ္ထု၏ သဘောကို တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိကြောင်း ဖော်ပြ အပ်ပါသည်။

**ချစ်ခင်လေးစားစွာဖြင့်**

**လင်းယုန်သစ်လွင်**

**မတ်လ၊ ၁၉၇၃ ခု။**

## ဆေးရုံပေါ်က လူနာ

'အင်း... ဒီနေ့ဟာ ခြောက်ဆယ့်လေးကြိမ်မြောက် ဖြစ်တဲ့ ကမ္ဘာ့ အလုပ်သမားတွေရဲ့ နေ့ထူး နေ့မြတ်ကြီးပေါ့ဗျာ။ ဒီလို ထူးမြတ်တဲ့ နေ့ကြီးရက်ကြီးမှာ ကျုပ်ရဲ့ ကြုံတွေ့မှုတွေကို ပြောပြခွင့်ရလို့ ကျုပ်အနေနဲ့တော့ အတော်ပဲ ဝမ်းမြောက်မိသဗျ။ ဒါပေမဲ့ တစ်ခုလည်း ကျုပ်က ပြောထားချင်ပါသေးတယ်ဗျာ။ ဘာလဲဆိုတော့ ကျုပ်ဘဝရဲ့ ဖြစ်ကြောင်းကုန်စင်တွေကို ပြောပြတဲ့အခါ မိတ်ဆွေတွေ ပျင်းများ ပျင်းနေမလားတော့ မဆိုနိုင်ဘူး။ ဒါပေတဲ့လေ မိတ်ဆွေတွေဟာ ယုံတမ်းစကားနဲ့ ပုံတိုပတ်စကလေးများကိုတောင် နားထောင်နိုင်သေးရင် ကျုပ်လို လူသားစစ်စစ်တစ်ယောက်ရဲ့ လူ့ဘဝ အဖြစ်မှန်ကိုတော့ နားထောင်နိုင်ကြဖို့ ဝန်မလေးတန် ကောင်းဘူးလို့ အောက်မေ့ရတာပါပဲ။

ကျုပ်အနေနဲ့ အတော့်ကို ဝမ်းသာလှသဗျာ။ ကျုပ်ဘဝ တစ်လျှောက်လုံးမှာ "ဓားမနောက်ပိတ်ခွေး" ဖြစ်ပြီး နာနာကြည်းကြည်း ခံစားရတဲ့ အချက်တွေကို ဘယ်သူကမှ အရေးတယူ လုပ်ပြီး နားထောင်

ချင်ကြတဲ့ စိတ် မရှိပါဘူး။ အဲဒီလိုအခါမျိုးမှာ ခင်ဗျားတို့က သက်ညှာ ထောက်ထားတဲ့ သဘောနဲ့ ပြောသာ ပြောပါ၊ ကျုပ်တို့ နားထောင်ပါ့ မယ်ဆိုတော့ ကျုပ်က ကျုပ် နားကြားများ လွဲနေသလားတောင် ထင်မိ တယ်ဗျ။ အေးဗျာ ကျုပ်တို့ ခင်ဗျားတို့ နေတဲ့ လူ့လောကကြီးဟာက အဆန်းသားကလားဗျနော်။ ရယ်စရာလည်း ကောင်းရဲ့၊ သရော်စရာ လည်း ကောင်းရဲ့။ ကြောက်စရာ လန့်စရာရယ်လို့တော့ မည်မည်ရရ မရှိလှပါဘူးဗျာ။ တစ်ခုလည်း စဉ်းစားကြည့်ကြလေဗျာ၊ လူမှန်ရင် လူ့ လောကရဲ့ ဓမ္မတာအတိုင်း လူ့ဘဝ တိုက်ပွဲတွေကိုတော့ တွေ့ကြ ကြုံကြ ရင်ဆိုင်ကြရမယ်။ တစ်ခုပြီး တစ်ခု ဖြတ်သန်း ကျော်လွှားကြရမယ်ပေါ့။ ဒါတွေက သိပ်မဆန်းလှပါဘူးလေ။

ကြည့်လေဗျာ၊ ကျုပ်တို့ ခင်ဗျားတို့တစ်တွေ အခုလို လာပြီး တွေ့ကြ ဆုံကြ ကြုံကြရတာကိုက ပြည်သူတွေအတွက်လို့ ဘွဲ့တံဆိပ် တပ်ထားတဲ့ ပြည်သူ့ဆေးရုံကြီးပေါ်မှာပဲ။ အင်း... ပြည်သူ့ဆေးရုံကြီး တဲ့ဗျာ၊ ပြည်သူ့ဆေးရုံကြီးတဲ့။ ဟုတ်သပေါ့လေ၊ ပြည်သူ့ဆေးရုံကြီး ဆိုတာတွေ၊ ပြည်သူ့ကျောင်းကြီး ဆိုတာတွေ၊ ပြည်သူ့ဘဏ်ကြီး ဆိုတာ တွေဟာ အစစအရာရာ ဒါလိုပဲ နာမည်ပေးရမှာပေါ့ဗျာ။ အင်း... ပြည်သူ့ ဘဏ်ကြီး ဆိုတာက ပညတ်သွားရာ ဓာတ်သက်ပါပြီး၊ ပြည်သူ့ဆေးရုံ ကြီး ဆိုတာကလည်း ဒီသဘောအတိုင်း ဖြစ်ရင် ကောင်းသပေါ့လေ။ စကားမစပ်ဗျာ၊ နေ့လယ်ခင်းတုန်းကတော့ ခင်ဗျားတို့ သုံးယောက်က အိပ်ပျော်နေကြတော့ ကျုပ်ဟာ တစ်ယောက်တည်း ပျင်းနေတယ်ဗျ၊ ဒါနဲ့ ကျုပ်လည်း လမ်းထလျှောက်ရင်း အဲ... ဟိုဘက်ထောင့်မယ် ရပ်ပြီး အောက်ငုံ့ကြည့်လိုက်မိတယ်။ အရေးကြီးတဲ့ လူနာနဲ့ တူပါရဲ့ဗျာ၊ "ရာဘာ

ဘီး” တပ်ထားတဲ့ လက်တွန်းလှည်းပေါ် တင်ပြီး ဟို ခတ်မှန်ရိုက်တဲ့ တိုက်ကလေးဘက် ယူသွားတယ်။ လှည်းတွန်းလာတဲ့ ကုလားက ကျုပ်တို့ အမြဲ တွေ့နေကျ ဘောင်းဘီဖြူ အင်္ကျီဖြူနဲ့။ သူ့ခါးမှာတော့ အဝတ်နီကလေး စည်းထားတယ်ဗျ။ ကျုပ်က အပေါ်ကနေ ကြည့်ရပေမယ့် တော်တော် လှမ်းနေတော့ လှည်းပေါ်က လူနာဟာ ယောကျ်ားလား၊ မိန်းမလား ကွဲကွဲပြားပြား မသိရဘူးပေါ့ဗျာ။ ချွေးမသား ကုလားတွေက ခက်တယ်ဗျ၊ သူတို့အနေနဲ့က ပိုက်ဆံ ရဖို့လောက်ပဲ ဂရုစိုက်နေလေတော့ လူနာ တစ်ယောက်ဟာ ဘယ်အထိ အရေးကြီးတယ်ဆိုတာကို နားမလည်ဘူး။ သူတို့တစ်တွေမှာလည်း လခစားနားနဲ့ လုပ်ကြရတော့ သူတို့ ရတဲ့ လခ ရိက္ခာနဲ့ နေရေး စားရေး ကုန်ကျမှုနဲ့ဟာက မလောက်ကြေလို့ အလုပ်ကို သိပ်စိတ်ဝင်စားမှုကလည်း မရှိကြဘူး ထင်ပါရဲ့ဗျာ။ တကတဲ လှည်းကို တွန်းလိုက်တာဗျာ၊ တော်ရုံတန်ရုံ သေမယ့် လူနာဆိုရင် ခတ်မှန်ခန်း ရောက်အောင်တောင် အသက်ပါမယ် မထင်ပါဘူး။

ကျုပ်ကတော့ ဆက်ကြည့်နေတုန်းပဲပေါ့။ အဲဒါနဲ့ဗျာ ထောင့်ချိုးကွေ့ ရောက်လို့ ရွက်လှပင်ကလေးတွေနဲ့ ဂျုန်လက်သည်းပင်ကြားကျတော့ ရွှေကိုယ်တော်မြတ် ကုလားဟာ လှည်း အသာရပ်ထားပြီး သူ့အဖော်ကုလားတစ်ယောက်နဲ့ စကား ရပ်ပြောနေလိုက်တာ နာရီဝက်လောက်နီးနီး ကြာတော့တာပဲ။ ကျုပ်တော့ စိတ်ပျက်ပျက်နဲ့ ဆက်မကြည့်တော့ဘူး။ ကျုပ် ခုတင်ကို ပြန်လာပြီး ဟိုမိတ်ဆွေရဲ့ ခုတင်ပေါ်က သတင်းစာကို ဖတ်ကြည့်တော့မယ်လို့ စိတ်ကူးရတာနဲ့ သတင်းစာကို ကောက်ယူခဲ့တယ်။

ခုတင်ပေါ် ရောက်တော့လည်း သတင်းစာကို မဖတ်နိုင်သေးဘူး

ပေါ့ဗျာ။ ကျုပ် ခုနက မြင်ခဲ့တဲ့ အကြောင်းပဲ တွေးပြီး စိတ်မကောင်း ဖြစ်နေမိတယ်။ နောက်တော့မှ ဟယ်... မထူးပါဘူး၊ ဒါတွေ စိတ်မကောင်း ဖြစ်နေလို့ ငါလည်း တတ်နိုင်တာမှ မဟုတ်ဘဲလို့ သဘောပိုက်ပြီး သတင်းစာကို ဖတ်လိုက်မိပါတယ်။ အဲဒီတော့မှပဲ လူဟာ ပိုစိတ်မကောင်းပြီး ရူးချင်သလိုလို ဖြစ်လာတော့တာပါပဲ။

အယ်ဒီတာထံကို လူတစ်ယောက်က တိုင်ကြားတဲ့ စာပေါ့ဗျာ။ အကြောင်းကတော့ သူ့အဖေဟာ မကျန်းမာလို့ ဆေးရုံတင်ထားပါတယ်တဲ့။ သူ့အဖေရဲ့ ဝေဒနာက အနီးအနားမယ် ဆူဆူပူပူလုပ်ရင် မကြိုက်ဘူး။ မျက်စိရှုပ်စရာတွေ တွေ့ရ မြင်ရရင်လည်း မကြိုက်ဘူးတဲ့ဗျ။ စိတ်နှလုံး ချောက်ချားနေလို့ အေးအေးလူလူနဲ့ တိတ်တိတ်ဆိတ်ဆိတ် နေရမှ ကြိုက်သတဲ့။ အဲဒါ ဆေးရုံရောက်လို့ နှစ်ရက် သုံးရက် အရမယ် လူနာက ပိုပြီး စိတ်လှုပ်ရှားလာတယ်။ ချောက်ချားလာတယ်တဲ့ဗျာ။ ဘာကြောင့် ဒီလို ဝေဒနာ ပိုဆိုးလာရသလဲဆိုတော့ ဆေးရုံက လူနာကြည့်ရှုရတဲ့ ဆရာမလေးတွေဟာ ချောချောလှလှ လူနာ ယောကျ်ားလေးတွေနဲ့ ဆွဲလား ငင်လား လုပ်နေတာတို့၊ ရယ်ဟယ် မောဟယ်နဲ့ လက်ပံပင် ဆက်ရက်ကျ လုပ်နေတာတို့၊ ကျယ်လောင် ကျယ်လောင်နဲ့ မ သံ၊ ဖိုသံ ပေးပေးနေတာတို့၊ အဲဒါတွေကို အဘိုးကြီးက နေ့နှင့်အမျှ တွေ့ရ မြင်ရပြီး သူ့ဝေဒနာဟာ ပိုဆိုးလာတာတဲ့ဗျ။

နောက်တော့ဗျာ၊ ဒါနဲ့ပဲ မရပ်တန့်တော့ပါဘူး။ ငါးရက်လောက် ရလို့ အဘိုးကြီး သားဟာ သူ့အဖေ လူနာကို ဆေးရုံလာကြည့်တော့ တကတဲ အဘိုးကြီးကို သံခုတင်မယ် ကြိုးနဲ့ တုတ်ချည်ထားတာ တွေ့ရပါရောတဲ့။ ခများလည်း ဖခင်အတွက် ဘယ်စိတ်ချမ်းသာပါတော့မလဲ။

ဘယ်သူ့တိုင်ရမှန်း မသိ၊ ဘယ်ပြောရမှန်း မသိနဲ့ပေါ့။ ဒါနဲ့ နောက်ဆုံး ကြံရာမရ ဖြစ်ပြီး သတင်းစာတိုက်က အယ်ဒီတာထံကို စာရေးတိုင်လိုက် လို့ အယ်ဒီတာ့ထံ ပေးစာအခန်းမယ် ပါလာတာပါပဲ။

နောက်တော့လည်း ကျုပ် မှတ်မိသေးတယ်ဗျ။ လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်က သူရိယ သတင်းစာတိုက်က ည အယ်ဒီတာ ကိုမောင်ရှိန်းဆိုတာ၊ သူ့မိန်းမ သေရတာနဲ့ ပတ်သက်ပြီး ဆေးရုံ ဆရာဝန် ဆရာမတွေအပေါ်မယ် အတော် မကျေမချမ်းဖြစ်ရတဲ့ ကိစ္စပေါ့။ နောက် တစ်ခုကလည်း ညောင်တုန်းမြို့ကပါပဲ။ ကျောင်းသား မောင်ထွန်းလွင် ဆိုတဲ့ သူငယ်က သူ့မိခင် ဒေါ်သန်း သေဆုံးရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ဆေးရုံ ဆရာဝန် ဆရာမတွေ အပေါ်မှာ အတော်ပဲ မကျေမချမ်း ဖြစ်ခဲ့ တယ်။ ခက်တာက ဆေးရုံမှာ ဝေဒနာတစ်ခုခုနဲ့ လာတက်ရင် ငွေကလေး ကြေးကလေးများလည်း ပါဦးမှဗျ။ ဒီလိုသာ မပါခဲ့ရင်တော့ မယ်တယ် ကုလားကတောင် အရေးမစိုက်တော့ဘူးပေါ့ဗျာ။

ငွေရှိတဲ့ လူတွေကတော့ ကောင်းလှပေါ့ဗျာ။ အမေရိကန် ဆေးရုံ တက်မလား၊ ပရိုက်ဗိတ် ဆေးရုံခန်း တက်မလား၊ နိုင်ငံရပ်ခြားမယ် သွားကုမလား။ ရှင်ဘုရင့် ပုဆိုး ပိုးချည်းပေါ့။ ကျုပ်တို့ ခင်ဗျားတို့ ဆင်းရဲသားတွေအတွက်ကသာ ခက်လှသဗျာ။ နောက်တစ်ခုလည်း ကျုပ် စဉ်းစားမိသဗျ။ ကြီးကြီးကျယ်ကျယ် ပြောတာတော့ မဟုတ်ပါဘူး။ ဆေးရုံပေါ်မှာ ရှိနေတဲ့ လူမမာတွေကို ဆေးဝါးတွေချည်း ဖိတိုက်နေမယ့် အစား စိတ်ဓာတ်နဲ့ ပတ်သက်တဲ့ ကုစားရေးလည်း လုပ်သင့်တာပေါ့ ဗျာ။ လူနာတွေအဖို့က စိတ်ချမ်းသာရင် ကိုယ်ကျန်းမာနိုင်တာပဲ မဟုတ် လား။ စိတ်ဓာတ် ကုစားရေးနဲ့ ပတ်သက်လို့ တချို့ ဝေဒနာသည်တွေ

အဖို့က အတော်ပဲ လိုအပ်နေတယ်ဗျ။ အခုတော့ ဆေးရုံမယ် လူနာတွေက များ၊ ခုတင်က မလုံလောက်၊ ခြင်ထောင်မှ စေ့ငအောင် မပေးနိုင်နဲ့၊ တစ်ယောက်နဲ့ တစ်ယောက်ဟာလည်း ထိလုမတတ် ဖြစ်နေတော့ ညညများ ဝေဒနာတိုးနေတဲ့ လူနာက ညည်းပြီလားဆိုမှဖြင့် အတော်အတန် သက်သာနေတဲ့ လူမမာတွေဟာ စိတ်နလုံး ချောက်ချားပြီး ထ ပြေးချင်တော့တာပါပဲ။

ကဲပါလေ ကျုပ် ဇာတ်လမ်းက ဆေးရုံပေါ်မှာ စရတဲ့ ဇာတ်လမ်းမို့ အလျဉ်းသင့်တာနဲ့ ဆေးရုံအကြောင်းတွေ ပြောနေမိတာပါပဲ။ ခင်ဗျားတို့လည်း ပျင်းလှရောပေါ့။ ဆေးရုံအကြောင်းကတော့ တော်လောက်ပါပြီ။ ပြည်သူ့ဆေးရုံကြီးပေါ့ဗျာ၊ ဟုတ်လား။ ဒီလိုပဲ ကျုပ်တို့ ခေါ်ကြပါစို့။ ကဲ... ကဲ... ကျုပ် တွေ့ကြုံ ဖြစ်ပျက်ခဲ့ရတဲ့ ကျုပ်ဘဝ၊ ကျုပ်ဇာတ်လမ်းကိုပဲ စ ကြပါစို့ပေါ့ဗျာ။

## သူကြီးမင်း လိမ်တယ်

ကျုပ်ဘဝဟာ အကောင်း ဟူသမျှတွေ ရှောင်ကွင်းပြီး အဆိုးတွင်းထဲမယ် ချည်း နစ်နေရတဲ့ ဘုံကျွန်တစ်ယောက်ရဲ့ ဘဝပေပေါ့ဗျာ။ အခုတော့ ကျုပ်အသက်ဟာ လေးဆယ်ကျော်ခဲ့ပါပြီ။ ကျုပ်အဖို့ ကုသိုလ်ကံဆိုးချင် တော့ တိုင်းပြည်ကြီး လွတ်လပ်ရေး ရနေပါတယ် ဆိုတာတောင် ကျုပ် ဘဝက မလွတ်မလပ်နဲ့ ဘုံကျွန် တစ်ယောက်ရဲ့ ဘဝမှာပဲ သံသရာ လည်နေတုန်းပေါ့ဗျာ။ ဒါကို ကျုပ်က ဘယ်သူ့ကိုမှ အဆိုးမဆိုပါဘူး။ ကျုပ်ကိုယ်က လူရေး ညံ့ခဲ့လို့ပဲလို့ ကျုပ်ကိုယ်ကျုပ် အပြစ်တင်ခဲ့မိတယ်။

ကျုပ်ရဲ့ ဇာတိကတော့ မြန်မာပြည်ရဲ့ အောက်ပိုင်း မြစ်ဝကျွန်း ပေါ် နယ်တစ်နယ်က ဖြစ်ပြီး "စစ်ချောင်း" ဆိုတဲ့ တောကျေးလက် လယ်သမားရွာကလေး တစ်ရွာကပေါ့ ဗျာ။ ကျုပ် နာမည်က နေပါဦး လေ။ အင်း... အင်း "သာလှ"တဲ့ဗျ၊ မအပ်စပ်လိုက်တာများဗျာ၊ ကျုပ်အဖေ နဲ့ ကျုပ်အမေက ကျုပ်နာမည်ကို သာလှလို့ ပေးခဲ့တာများ။ ဒါပေမဲ့ ကျုပ်ဘဝ တစ်လျှောက်လုံးမယ် ကျုပ် တွေ့ကြုံ ခံစားခဲ့ရတာတွေကဖြင့် တစ်ခါမှ မသာဘဲ အမြဲတမ်းလို ချာချာနေတာချည်းပါပဲ။

ကြည့်စမ်းပါဗျာ။ ကျုပ်အသက် ဆယ့်သုံးနှစ်သားလောက်ကပဲ ကျုပ်ဟာ မိနဲ့ ဖနဲ့ အတူမနေရဘဲ သူတကာ့ အိမ်ပေါက်စေ့မှာ ကျွန်ခံနေခဲ့ရတယ်။ အဲဒီလိုကနေပြီး ကျုပ်အသက် ဆယ့်ရှစ်နှစ်သားမယ် ပထမဦးဆုံး ထောင်ကျခဲ့ရပြီး အခုဆိုရင် ထောင်ကျခဲ့ရတဲ့ အကြိမ်ပေါင်းဟာ ကျုပ်အနေနဲ့ကဖြင့် မမှတ်မိသလောက်ပါပဲဗျာ။ ဒါဟာ ကျုပ်ရဲ့ မလိမ္မာမှုနဲ့ ညံ့ဖျင်းမှုတွေလို့ပဲ ဆိုရမှာပေါ့လေ။ အစိုးရမင်းများရဲ့ အနေနဲ့ကတော့ ကျုပ်ကို လူကောင်း သူကောင်း တစ်ယောက် ဖြစ်စေချင်လို့ ဆုံးမသွန်သင်တဲ့အနေမျိုးနဲ့ ထောင်ထဲ ချချထားတာပေါ့။ အခုလည်း ကျုပ်ဖြင့် ဟောဒီ ဆေးရုံကြီးပေါ်က အသက် မသေလို့ ကျန်းမာပြီး ဆင်းရတောင် အလွန်ဆုံး သုံးရက်လောက်နေပြီး ထောင်ထဲကို ပြန်ရောက်လိမ့်ဦးမယ်လို့ ထင်တာပါပဲ။ အဲဒါ ဘာဖြစ်လို့လဲဆိုတာတော့ ကျုပ်လည်း ဒီနေ့အထိ မပြောတတ်ဘူးဗျ။

ကျုပ် မှတ်မိသေးတာပေါ့ဗျာ။ ကျုပ်တို့ ရွာကလေးနဲ့ ကျုပ်ရဲ့ ငယ်စဉ်တောင်ကျေး အကလေးဘဝက အဖြစ်အပျက်ကလေးတွေကို။

ကျုပ်ရဲ့ မွေးရာဇာတိ ရွာကလေးဟာ ဧရာဝတီမြစ်ရဲ့ လက်ဝဲဘက် ကမ်းခြေမှာ တည်ရှိပြီး မြစ်နဲ့တော့ ခရီး တစ်မိုင်ခွဲသာသာလောက်ပဲ အကွာအဝေး ရှိပါတယ်။ ကျေးလက် လယ်သမားရွာ ဆိုပေမယ့် ကျုပ် မိဘများဟာ ကိုယ်ပိုင် ကိုယ်ဆိုင် လုပ်နိုင်တဲ့ လယ်မြေဧကရယ်လို့ တစ်ကွက်တလေမှ မရှိပါဘူး။ သူတကာ့ လယ်တွေမှာ အငှားအရမ်းလိုက်ပြီး လုပ်ကိုင် စားသောက်ရတဲ့ လယ်ကူလီစစ်စစ်တွေပေါ့ဗျာ။

ကျုပ်ရဲ့ မိဘများက ဆင်းရဲတဲ့ လယ်ကူလီတွေသာ ဖြစ်လေတော့ ကျုပ်တို့ မိသားတစ်စုရဲ့ နေရေး စားရေး ဆိုတာဟာလည်း

လူစဉ်မမီအောင်ပဲ ဆင်းရဲလှသပေါ့ဗျာ။ အင်မတိ အင်မတန် လယ်ယာ ချောင်းမြောင်းတွေနဲ့ မြေကြီးတွေ ပေါလှပါတယ်ဆိုပေမယ့် ကျုပ်တို့ မိသားစုဟာဖြင့် ကိုယ်ပိုင် ကိုယ်ဆိုင် မြေကွက်ပေါ်မှာ အိမ်ဆောက်ပြီး နေကြရတာ မဟုတ်ပါဘူး။ ကျုပ်တို့ ရွာက ရွာသူကြီး ဦးရွှေကြူးက သနားလို့ ပေးထားတဲ့ တဲတစ်လုံးစာ မြေကွက်ကလေး အပေါ်မှာသာ ဖြစ်ကတတ်ဆန်းနဲ့ နေသာရုံ တဲကလေး ထိုးနေကြရတာပါ။ အဲဒါကြောင့် လည်း ကျုပ်နဲ့ အဖေက ရွာသူကြီး ဦးရွှေကြူးရဲ့ ကျေးဇူးတရားကို အမြဲတမ်း သိတတ်နေရတာပေါ့ဗျာ။

မိုးအချိန်၊ မိုးရာသီနား နီးလာလို့ ရှိမှဖြင့် သူကြီး ဦးရွှေကြူးရဲ့ အိမ်မိုးဖို့၊ အိမ်ကာဖို့အတွက် ကျုပ်အဖေဟာ ဓနိတို့၊ ဝါးတို့ ခုတ်ပေးလား ပေးရရဲ့။ တစ်မိုးတွင်းစာ ထင်းအတွက် သစ်ပင်တွေ လှဲပေးလား ပေးရရဲ့။ နွားတင်းကုပ်ကို အသစ်ဆောက်ပေးလား ပေးရရဲ့ ဆိုတဲ့ အလုပ်တွေဟာ ဖြင့် ဦးရွှေကြူးရဲ့ ကျေးဇူးတရားကို နှစ်စဉ်နှင့်အမျှ သိတတ်ရတဲ့ ကျုပ် အဖေရဲ့ တာဝန်ဝတ္တရား တစ်ခုပေပေါ့။

ဒါမှ ခင်ဗျားတို့အနေနဲ့က မြို့ကြီးပြကြီးပေါ်က လူတွေ ဖြစ်လေ တော့ ဒီလောက်တောင် မြေတွေ ပေါများလှတဲ့ ကျေးလက်တွေမှာ နေစရာ မြေကလေး တစ်ကွက်တောင် ရှားသလားလို့ မေးချင်လည်း မေးကြမှာပဲ။ ဒါပေမဲ့ဗျာ တောကျေးရွာတွေမှာ မြေကြီးတွေ ပေါသလောက်၊ လယ်ယာ ကိုင်းကျွန်းတွေ များသလောက် ဒီမြေတွေ၊ ဒီလယ်တွေကို ပိုင်ဆိုင်သူ အသီးသီး အသကနဲ့ဗျ။ ဒါကြောင့်မို့လည်း ကျုပ်အဖေနဲ့ ကျုပ် အမေဟာ ခုလို နေစရာ မြေကွက်ကလေးတစ်ခု ပေးထားတဲ့ ဦးရွှေကြူး ရဲ့ ကျေးဇူးတရားကို အမြဲတမ်း သိနေရတော့တာပေါ့။

ဦးရွှေကြူးဆိုတဲ့ လူကြီးဟာ သူကြီးဆိုတော့ ရွာမှာ ဩဇာတိက္ကမ ကြီးသလောက် အလွန်လည်း စေ့စပ် ကပ်စေးနဲတယ်ဗျ။ တစ်ရွာလုံး က သူ့ကို အထူးပဲ ကြောက်ကြရတယ်။ ရပ်ထဲ ရွာထဲမယ် လင်မယား ရန်ဖြစ်တဲ့ကိစ္စတို့၊ မူးယစ် သောက်စားပြီး ဆူဆူပူပူ ဖြစ်ကြတဲ့ ကိစ္စ တို့ ဆိုရင် သူ့အိမ်အောက်မှာ ထိတ်တုံးခတ်ပြီး တစ်ညလုံး ခြင်ကိုက်ထဲ ပစ်ထားတတ်တော့တာပါပဲ။

ကျုပ်တို့ကို တဲဆောက်နေဖို့ ပေးထားတဲ့ မြေနေရာကလေးနဲ့ သူကြီးမင်း အိမ်ဝင်းနဲ့ဆိုရင် ကိုက် တစ်ရာငါးဆယ်လောက် အကွာအဝေး ရှိတာပေါ့ဗျာ။ ဦးရွှေကြူးက လယ်ယာ ချောင်းမြောင်းနဲ့ ပစ္စည်းဥစ္စာ ကလေးကလည်း အတော်ပဲ ရှိတယ်ဗျ။ သူ့မယ် "ရွှေခင်" ဆိုတဲ့ သမီး တစ်ယောက်လည်း ရှိတယ်။ သူ့သမီး ရွှေခင်ကတော့ ကျုပ်နဲ့ သက်တူရွယ်မျှပါပဲ။

ရွာထဲက လူတွေဟာ အလှည့်ကျနဲ့ ညစဉ် ညတိုင်း ဦးရွှေကြူး အိမ်မှာ သွားပြီး ကင်းစောင့်ပေးကြရတယ်။ ဒီအထဲမှာ ကျုပ်အဖေကတော့ ညစဉ်လိုလိုပဲပေါ့ဗျာ။ ကျုပ်အဖေဟာ ကျုပ်အမေနဲ့ အတူအိပ်ရတယ်ပဲ မရှိပါဘူး။ ဦးရွှေကြူး အိမ်မှာ ကင်းလှည့်ကျနေတာနဲ့ပဲ အချိန်ကုန်ရတာ ပါပဲ။ အင်းလေ သူ့ကျေးဇူးတရားက ကျုပ်တို့အပေါ်မယ် ရှိနေတော့တာ ကိုးဗျ။ ဘယ့်နှယ် လုပ်ပါ့မလဲ၊ သူ ပေးထားတဲ့ တဲတစ်လုံးစာ မြေကွက် ကလေးပေါ်မှာ ကျုပ်တို့ နေလေသမျှ ဒီလိုပဲ အလိုက်သိတတ်စွာနဲ့ သူ့ ကျေးဇူးကို သိနေရမှာပေါ့ဗျာ။

ဦးရွှေကြူးရဲ့ ကျေးဇူးတရားကို ကျုပ်အဖေကသာ ဒီလို သိနေရ တာ မဟုတ်ပါဘူး။ ကျုပ်အမေကလည်း ဦးရွှေကြူး မိန်းမ သူကြီးကတော်

ရဲ့ ကျေးဇူးဥပကာရကို သိတတ်ရတော့တာပါပဲ။ ဟဲ့... ဒီအဝတ်တွေ လျှော်ပေးစမ်းဆိုလည်း ပျာပျာသလဲပဲ၊ သနပ်ခါး ကျောက်ပြင် သွေးပေးစမ်း ဆိုရင်လည်း ဦးမလေးတန်းဘဲ၊ လာဦးဟေ့ ဆိုရင်လည်း အပြေးအလွှား ပဲပေါ့။ ဒါတင်လည်း မကပါဘူး။ ကျုပ်အဖေနဲ့ ကျုပ်အမေဟာ စား ကောင်း သောက်ဖွယ်လေးများ၊ စားဦးစားဖျားကလေးများ တစ်ခါတစ်ခါ ကံကောင်းထောက်မလို့ ရလာပြီလား ဆိုမှဖြင့် ဦးရွှေကြူး အိမ်ကိုသာ အပြေးအလွှား သွား သွား ပို့တော့တာပါပဲ။

အဲဒီလို အခါများမယ်ဆိုရင် ဦးရွှေကြူးက အေး... အေး မင်းဟာ ကျေးဇူးတရား သိတတ်တဲ့ လူတစ်ယောက်ပဲကွာ။ ဒါကြောင့်လည်း ငါ့စိတ်ကတော့ ရည်ရွယ်ထားတယ်ကွ။ မင်း တစ်သက် ငါ့တစ်သက် မှာတော့ ဒီနေရာ ဒီမြေကွက်ကလေးပေါ်မှာ မင်းကိုပဲ ထားသွားမယ်လို့။

အဲဒါလိုများ ပြောပလားဆိုမှဖြင့် ကျုပ်အဖေဟာ ဝမ်းသာအားရ နဲ့ ကျုပ်ကို လက်တစ်ဖက်ဆွဲပြီး အိမ်ဘက် ကမန်းကတန်း ပြေးလာလို့ ကျုပ်အမေကို အဲဒီအကြောင်း ပြောတော့တာပါပဲ။

ကျုပ်အဖေကတော့ မိုးတွင်းမိုးခါဆိုရင် တခြားလူတွေက အဖိုး အခ ဘယ်လောက်ပဲ ပေးငှားနေနေ ဦးရွှေကြူးရဲ့ လယ်မှာပဲ လူငှား ဝင်လုပ်တော့တာပါပဲ။ တစ်ခါတစ်ခါတော့ သူရင်းငှားခက သိပ်ကြီးကွာ နေလို့ ကျုပ်အမေက ပြောတဲ့အခါများ ကျုပ် အဖေက အိုကွာ ဒီစကား ကို ထပ်ပြောမနေပါနဲ့၊ သူကြီးမင်း ကြားသွားမှဖြင့် သူ့မြေက နှင်ပစ်နေပါ့ မယ်။ နောက်ပြီးတော့ ကျုပ်အကြောင်း ကျုပ်အပြစ်ကို မင့်အသိ မဟုတ် လားလို့ ပြောလိုက်ပြီလား ဆိုမှဖြင့် ကျုပ်အမေဟာ တစ်ခါတည်း နှုတ် ပိတ်သွားတာပါပဲ။ ကျုပ်ကတော့ ကလေးဆိုတော့ ဒါတွေကို ဘာမှ ဂရုမစိုက်တတ်သေးပါဘူး။

အဲဒီလိုနဲ့ပဲ တစ်နှစ်တော့ မိုးဦးကျ ညနေခင်း တစ်ခုမှာ ကျုပ်အဖေ လယ်ထဲက ပြန်တက်လာလို့ အိမ်ရောက်စ ရှိဦးမယ်၊ သူကြီးဦးရွှေကြူး ကျုပ်တို့ တဲကို ပေါက်လာတယ်။

ရာသီက မိုးဦးကျစ ဆိုတော့ ကျုပ်တို့ တောရွာကလေးများမှာ အင်မတန် နေထိုင်ကောင်းတဲ့ အချိန်ပေပေါ့ဗျာ။ တစ်ရွာလုံးမှာ ရှိကြတဲ့ သစ်ပင် ပန်းပင် ဟူသရွေ့ဟာလည်း အေးမြတဲ့ မိုးရေကြောင့် စိမ်းလန်းစိုပြည်ပြီး အင်မတန် ကြည့်ပျော်ရှုပျော် ဖြစ်နေတဲ့အခါပေပေါ့။ ရွာလယ်လမ်းကလေးဟာ မြေသွေ့ပြီး ထပ်ခါစ ရှိဦးမယ်၊ ဗွက်အလိမ်းလိမ်း မကပ်တတ်သေးဘူးပေါ့ဗျာ။

ရွာထဲမှာတော့ လယ်သိမ်းပြီးတဲ့ အချိန်ကလို လူစုံ မရှိကြတော့ဘူးပေါ့။ အဝေးကွင်းတွေမှာ သွားလုပ်ကြရတဲ့ လယ်သမားတွေဟာ တစ်အိမ်ထောင်လုံး ပြောင်းပြီး လယ်တဲ ရှိရာကို ဆင်းကုန်ကြရတဲ့အခါပေါ့။ ဦးရွှေကြူးဟာ ကျုပ် အဖေထက်တောင် နှစ်နှစ်၊ သုံးနှစ် အသက်ငယ်ပါလိမ့်ဦးမယ်။ ဒါပေမဲ့ သူ့ရုပ်ရည်က ကျုပ်အဖေထက် ကိုးနှစ်၊ ဆယ်နှစ်လောက် ငယ်တယ်လို့ ထင်ရတယ်ဗျ။ အတော့်ကို နုပျိုသေးတာပဲ။ နှုတ်ခမ်းမွေးကလေးကလည်း ခပ်ရေးရေးကလေးနဲ့ဆိုတော့ အတန်ကလေး ခန့်သလိုလို ရှိပါရဲ့။

သူ့မိန်းမ သူကြီးကတော်ကတော့ ရွှေခင်ကို မျက်နှာမြင်ပြီးတဲ့နောက်မှာ ကျောက်ရောဂါ ဝင်ပေါက်လို့ တစ်မျက်နှာလုံးဟာ ကျောက်ပေါက်မ ပျစ်ထူနဲ့ ပုံဆိုးပန်းဆိုး ဖြစ်နေတယ်။ ကျုပ်အမေနဲ့များတော့ ဆန်နဲ့ ရေလောက် ကွာတာပဲပေါ့ဗျာ။ အဲဒီနေရာမှာတော့ ဦးရွှေကြူးထက် ကျုပ်အဖေက လူရေးသာတယ်။ ကျုပ်အမေဟာဆိုရင် မျက်ခုံး

ကောင်း၊ မျက်လုံးကောင်း၊ နှာတံပေါ်ပြီး နှုတ်ခမ်းပါးကလေးနဲ့ တကယ့် ချစ်စရာပေပေါ့။

ဦးရွှေကြူးဟာ ရုတ်တရက် တဲဆီကို အရောက်မလာသေးဘူး။ ကျုပ်တို့ တဲကလေးရှေ့ မြေကွက် အလွတ်ကလေးပေါ်မှာ ကတ်ကတ် သတ်သတ် ကျုပ်အဖေ စိုက်ပျိုးထားရှာတဲ့ ပန်းပင်နဲ့ သစ်ပင်ကလေးတွေ ကို အတော်ကြာကြာ ရပ်ကြည့်နေတယ်။

မာလကာပင်တွေကတော့ ငယ်သေးလို့ မသီးသေးပါဘူး။ သင်္ဘောပင်တွေကသာ ပြွတ်သိပ် ကျပ်ခဲပြီး တွဲရရွဲ သီးနေတာပါပဲ။ ဒီအထဲက အလုံးကြီး အလုံးကောင်း ဆိုရင်လည်း နောင်တော့ ဦးရွှေကြူး အိမ် ရောက်မှာပါပဲ။ စံပယ်ပန်းတွေဟာတော့ ပွင့်လိုက်တာမှ ဖွေးနေတာ ပဲ။ မိုးရေနဲ့ တွေ့ပြီး မွှေးကလည်း သိပ်မွှေးတာဗျ။ ညညများ တံခါးမရှိ တဲ့ ကျုပ်တို့ တဲလေးမှာ စံပယ်နံ့တွေ တသင်းသင်း မွှေးနေတာပေါ့ဗျာ။

ဦးရွှေကြူးက ခပ်စိုက်စိုက်ပဲ ကျုပ်တို့ တဲကလေးထဲ ဝင်လာ တယ်။ ဟေး... မောင်ရင်မောင် ပြန်ရောက်ပြီလားဟေ့လို့ ကျုပ်အဖေ ကို သူက လှမ်းမေးလိုက်သေးသဗျ။ ကျုပ်အဖေက တဲနောက်ဘက်မှာ ခြေလက်တွေကို ရေနဲ့ ဆေးပြီး တက်လာတယ်။ ဟုတ်ကဲ့၊ ပြန်ရောက်ပါ ပြီလို့လည်း လှမ်းပြောလိုက်တယ်လေ။ နောက်ပြီးတော့ မီးဖိုထဲက သူ့ မိန်းမ တည်ထားတဲ့ လက်ဖက်ရည်ကြမ်းအိုးနဲ့ ပန်းကန်နှစ်လုံး ယူလာပြီး ဦးရွှေကြူး ရှေ့မှာ ချပေးထားတယ်။ သူက ဦးရွှေကြူး ရှေ့နားမယ် ရိုရိုသေသေပဲ ထိုင်လိုက်တယ်ဗျ။

ကျုပ်အဖေက ဦးရွှေကြူးကို သိပ်ရိုသေတာကလားဗျာ။ တစ်ခါ တစ်ခါတော့ သူ့ကြည့်ရတာ ပုလိပ်ရှေ့ ရောက်နေတဲ့ ရာဇဝတ် တရားခံ

တစ်ယောက်လိုပါပဲ။ ဒီအဖြစ်ကို ကျုပ်အမေကလည်း မရှုဆိတ်ပါဘူး။ ဒါပေမဲ့ ဦးရွှေကြူးက အာဏာပိုင် သူကြီးတစ်ယောက် ဖြစ်နေတယ်။ ကျုပ်တို့ နေစရာအတွက် တဲတစ်လုံး ဆောက်ဖို့ မြေနေရာကလေးလည်း ပေးထားတယ် မဟုတ်လားဗျာ။ ဒီတော့ ကျုပ်တို့ မိသားစုက သူ့ကို ရိုသေ ကိုင်းညွတ်ရမှာပဲပေါ့။

မကြာခင်ပဲ မိုးက တဖွားဖွား ရွာလာတယ်ဗျာ။ ဦးရွှေကြူးဟာ ကျုပ်အဖေ ငှဲ့ပေးတဲ့ လက်ဖက်ရည်ကြမ်းကို သောက်လိုက်၊ သူ့ ဆေးပြင်းလိပ်ကို အားရပါးရ ဖွာလိုက် လုပ်နေတယ်ပေါ့။ သူက စကားတော့ သိပ်မပြောဘူးဗျ။ ကျုပ်အဖေက ပြောပြတဲ့ လယ်လုပ်ခွင်ရဲ့ ကိစ္စရပ်တွေကိုပဲ ခေါင်းတညိတ်ညိတ် လုပ်ပြီး နားထောင်နေတယ်။ ဒါပေမဲ့ သူဟာ ကျုပ်အဖေ ပြောတဲ့ စကားထဲမှာ စိတ်ဝင်စားဟန် မရှိပါဘူး။ မီးဖိုချောင်မှာ ချက်ပြုတ်နေတဲ့ ကျုပ်အမေ ရှိရာကိုပဲ စိတ်ဝင်စားနေသလိုပါပဲ။ သူ့မျက်လုံးတွေဟာ မီးဖိုဆောင်ဘက်ဆီက ဘယ်ကိုမှ ရွေ့မသွားဘူးဗျ။

ကျုပ်အဖေကတော့ ဒါကို သိပ်ဂရုစိုက်ပုံ မပေါ်ပါဘူး။ ဦးရွှေကြူးရဲ့ ရေနွေးပန်းကန်ထဲကိုသာ ရေနွေးကို မပြတ်တမ်း ငှဲ့ထည့်ပေးရင်းက လယ်လုပ်ခွင်ရဲ့ အကြောင်းရပ်တွေကိုပဲ တွင်တွင်ချည်း ပြောနေတာပါပဲ။

တဲရှေ့က စံပယ်ပင်တွေ ရှိရာကို နွားတွေက တစ်ခါ တစ်ခါ ဝင်ဝင်လာတယ်ဗျ။ ကျုပ်အဖေဟာ ဦးရွှေကြူးနဲ့ စကားပြောနေရာက ဟေ့… လူလေး၊ နွားတွေ တဲရှေ့မယ် ဝင်တိုးကုန်ပြီ။ မောင်းချေဦး လကွယ်လို့ လှမ်းပြောတာနဲ့ ကျုပ်ဟာ နွားတွေ ထ မောင်းရသေးတယ်။ နွားကျောင်းတဲ့ ကလေးတွေက ခပ်လှမ်းလှမ်းမှာ ကျန်ရစ်နေတော့ နွားတွေဟာ ဟိုအပင် ဝင်စား၊ ဒီအပင် ဝင်နင်းနဲ့ပေါ့ဗျာ။ နွားကျောင်း

တဲ့ ကလေးတွေက ပလွေပဲ နောက်ကနေ မှုတ်လိုက်လာတာပဲ။ သူတို့ပဲ ပါးစပ် မညောင်းလှတယ်ဗျာ။ တစ်နေကုန် နွားပေါ် ခွစီးပြီး မှုတ်နေရတောင် သူတို့ဟာ အားမရနိုင်ကြဘူး။

ဒီလိုနဲ့ အတော်ကလေး မှောင်လာမှပဲ ဦးရွှေကြူးဟာ ကျုပ်တို့ဆီက ပြန်သွားတယ်ဗျ။ အဲဒီတော့မှ ကျုပ်တို့ သားအမိ သားအဖ သုံးယောက်ဟာ ညစာ ထမင်းစားကြရတယ်။ ထမင်းဝိုင်းကတော့ အခါတိုင်း ထုံးစံအတိုင်းပဲပေါ့ဗျာ။ ကျုပ်အဖေ လယ်ထဲက ဖမ်းလာတဲ့ လယ်ပုစွန်လုံး ပေါက်စကလေးတွေကို ငရုတ်ရည် ဖျော်ပြီး ဘူးညွှန့်လေး၊ ကန်စွန်းရွက်ပြုတ်လေးနဲ့ စားရတဲ့ ကျုပ်တို့ရဲ့ ထာဝရ နတ်သုဒ္ဓါပါပဲ။

## ဖောက်ပြန်သည့် အကျင့်တရား

ဒီနေ့ဟာ နံနက်လင်းစကတည်းက မိုးတဖွဲဖွဲ ရွာတဲ့ နေ့ပေါ့ဗျာ။ ကျုပ် အဖေဟာ အရဏ်တက်လောက်ကပဲ လယ်ထွန်ဖို့ ဆင်းသွားတယ်။ အမေကတော့ အဖေ လယ်ထဲက တက်လာရင် နံနက်စာ စားဖို့ဆိုပြီး ပဲလွန်းစေ့ကလေးများ ပြုတ်ထားတယ်။ အမေဟာ မနက်လင်းလို့ ထမင်း တစ်အိုး ချက်ပြီးလောက်ကပဲ သူကြီး ဦးရွှေကြူ အိမ်က အခေါ်လွှတ် လိုက်လို့ သွားရသေးတယ်ဗျ။ ကျုပ်တော့ အမေ မီးဖိုပေါ် တည်ခဲ့တဲ့ ဟင်းရွက်ပြုတ်အိုးကို မီးစောင့်ထိုးနေရတယ်။ နေ ထန်းတစ်ဖျားလောက် မြင့်လို့ အတော်ကလေး ကြာသွားတဲ့ အချိန်မှာ အမေဟာ သူကြီးအိမ်က ပြန်လာတယ်။ အမေ့ လက်ထဲမှာလည်း အထုပ်ကလေး တစ်ခုနဲ့ ငါးရံ့ ခြောက် ခပ်သေးသေး သုံးပြား ပါလာတယ်။

အမေ့ကိုတော့ ကျုပ်က သတိထား ကြည့်လိုက်မိတယ်။ အမေ့ မျက်စိ မျက်နှာဟာ တယ်လို့မို့ မကောင်းပါဘူး။ သူ့ခြေလှမ်းတွေဟာ လည်း တဲဆီကို လျှောက်လာတဲ့အခါမှာ တော်တော့်ကို နှေးကွေး လေးလံ နေတယ်ဗျ။ တဲပေါက်ရောက်တော့ အမေဟာ သူ့လက်ထဲက ပါလာတဲ့

အထုပ်ကလေးနဲ့ ငါးခြောက်ပြားကလေးတွေကို ဝါးကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး ကျုပ်ကို တဲအတွင်းအခန်းထဲ ပွေ့ခေါ်သွားတယ်။

ကျုပ်က ဘာသိမှာလဲ။ အမေ့ လက်ထဲမှာ ပါလာတဲ့ သူကြီးအိမ်က ငါးရဲ့ခြောက် သုံးပြား ရခဲ့တာကိုပဲ ကြည့်ပြီး ငါတော့ ဒီနေ့ ငါးခြောက်ဖုတ်ကလေးနဲ့ ထမင်းစားရတော့မယ်ဆိုတာ တွေးမိလို့ အတော်ကလေး ဝမ်းသာနေမိတယ်။ ဒါပေမဲ့ အမေဟာ တဲအတွင်းကို ရောက်တော့ ကျုပ် ပါးကလေးနဲ့ သူ့ပါးကို တအားကပ်ထားပြီး ချုံးပွဲချ ငိုတော့တာပဲ။ ကျုပ်ကတော့ ဘာမသိ ညာမသိနဲ့ အတော့်ကို အံ့ဩမိတယ် ဗျာ။

တကယ်ဆိုတော့ ငါးခြောက်ကလေး သုံးပြားနဲ့ အဝတ်အစားဟောင်းကလေးများ ရလာတာဟာ ကျုပ်တို့အတွက် ဝမ်းသာဖို့ပဲ မဟုတ်လား။ ဦးရွှေကြူးနဲ့ သူ့မိန်းမဟာဖြင့် ဘာပဲပြောနေနေ အခုလို အဝတ်ဟောင်း အစားဟောင်းလေးတွေ ပေးတယ် ဆိုတာကပဲ တော်လှပါပြီ။ ကျုပ်အမေနဲ့ ကျုပ်အဖေဟာ တစ်ထည်စိုလို့မှ တစ်ထည် လဲစရာ မရှိတဲ့ ဘဝပဲ မဟုတ်လားဗျာ။

အမေဟာ ကျုပ်ကိုပဲ တင်းတင်းကျပ်ကျပ်ဖက်ပြီး တရှုပ်ရှုပ်တမဲ့မဲ့ ငိုတော့တာပါပဲ။ မိုးလည်း ရွာသမှ သဲကြီးမဲကြီးပေါ့။ အမေကလည်း ငိုလိုက်တာမှ ရွာနေတဲ့ မိုးနဲ့ အပြိုင်အဆိုင်ပါပဲဗျာ။

ဒီလိုနဲ့ အမေဟာ အားရပါးရ ငိုလို့ပြီးတဲ့အခါကျတော့ ကျုပ်မျက်နှာကို သေသေချာချာ စိုက်ကြည့်ပြီး လူလေး... လူလေး... သား... သားနဲ့ တွင်တွင်ချည်းပဲ ခေါ်နေပြန်တယ်။ အမေဟာ ဒီအချိန်ထိ ငိုတုန်းပဲပေါ့။ ဒါပေမဲ့ ငိုသံကတော့ မထွက်တော့ပါဘူး။ အမေ့ မျက်လုံးထဲက

မျက်ရည်ပေါက်တွေကသာ လယ်ထဲမှာ တမံများ ရေပေါက်ကျသလို တအားသွန်ပြီး ပါးပြင်နှစ်ဖက်ပေါ် စီးကျနေတာပါပဲ။

ကျုပ်ကို အမေက ထပ်တလဲလဲပဲ သား... သားနဲ့ ခေါ်ပြီး အတင်း ဖျစ်ညှစ်ထားတော့တယ်။ ကျုပ်ကလည်း အမေ့ကို ပြန်ဖက်ထားရင်းက အမေ့နည်းတူ ရောယောင်ပြီး ငိုမိတယ်ပေ့ါ။ ဒါပေမဲ့ ကျုပ် ငိုတာကတော့ အမေ ငိုလို့သာ ငိုရတာပါ၊ ဘာရယ်လို့ မသိပါဘူး။ အတန်ကြာတော့မှ အမေဟာ ကျုပ်ကို ဖျစ်ညှစ်ထားရာက လွှတ်လိုက်ပြီး သူ့ မျက်နှာတစ်ခု လုံးပေါ်မှာ ရွှဲရွှဲစိုနေတဲ့ မျက်ရည်တွေကို ဟောင်းနွမ်းတဲ့ သူ့အင်္ကျီလက် နဲ့ သုတ်ပစ်ပါတော့တယ်။ နောက်တော့ အမေဟာ ကျုပ် ပါးပေါ်က မျက်ရည်စ၊ မျက်ရည်နတွေကို အဝတ်ဟောင်းတစ်ခုနဲ့ တယုတယနဲ့ သုတ်ပေးရှာပါတယ်။ ပြီးတဲ့နောက်မှ လူလေး ထမင်းဆာပြီလားလို့ မေးတော့ ကျုပ်လည်း စောစောက ငိုခဲ့တာတွေ မေ့ပျောက်ပြီး ဆာဆာ နဲ့ပဲ ခေါင်းညိတ်ပြလိုက်မိတယ်။

အမေဟာ သူ ရလာတဲ့ ငါးခြောက်ကလေးကို မီးဖုတ်ပြီး ကျုပ်ကို မနက်စာ ထမင်းကျွေးပါတယ်။ အချိန်ကတော့ ဘုန်းကြီးများ ဆွမ်းခံချိန် ပေ့ါဗျာ။ ကျုပ်အဖေဟာဆို ဒီအချိန်မှာ ထမင်းစား ပြန်မလာသေးပါဘူး။ အဖေရဲ့ ထမင်းစားချိန်က မွန်းတိမ်းလို့ ရွာဦး ဘုန်းကြီးကျောင်းက ကြေးမောင်းခေါက်တဲ့ အချိန်မှာပါပဲ။

ဒီလိုနဲ့ ကျုပ်ကို ထမင်းကျွေးရင်း အမေက အနားမှာ ထိုင်ပြီး ခပ်စောစောတုန်းက သူ ငိုတဲ့အကြောင်းတွေကို အဖေ လာရင် မပြောနဲ့ လို့ ကျုပ်ကို နှုတ်ပိတ်ပါတယ်။

ကျုပ်ကလည်း မပြောပါဘူးဆိုပြီး အမေ့ကို ကတိပေးရတယ်။

ကျုပ်က နေ့စဉ်နဲ့အမျှလို အမေနဲ့သာ နေရပြီး၊ ည ညများမှာလည်း အမေ့ ရင်ခွင်တွင်းကိုသာ တိုးခွေ့ခဲ့ရတာ များလေတော့ အဖေ့ထက်ပဲ အမေ့ကို ပိုချစ်တာတော့ အမှန်ပဲဗျ။ ဒါကြောင့်လည်း အမေ မကြိုက်တဲ့ အလုပ်ဆိုရင် ကျုပ် ဘာမှ မလုပ်ဘူး။ အမေ့စကားကိုလည်း ကျုပ်က အမြဲတမ်း နားထောင်လျက်ကပဲ။

ဒီလိုနဲ့ မွန်းတိမ်းလို့ အဖေ လယ်ထဲက တက်လာတဲ့အချိန်ကျ တော့ အမေဟာ ဟန်မပျက်ဘဲ အဖေ့ကို ထမင်း ခူးခပ်ကျွေးတာပါပဲ။ နောက်ပြီးတော့ သူကြီး ဦးရွှေကြူးရဲ့ အိမ်က ငါးခြောက် သုံးပြားနဲ့ အဖေ ဝတ်ဖို့ လုံချည်ဟောင်း နှစ်ထည်၊ အမေ ဝတ်ဖို့ သူကြီးကတော်ရဲ့ ထဘီဟောင်း နှစ်ထည် ပေးလိုက်တယ် ဆိုတာကိုလည်း ပြောပြတယ်။

ကျုပ်အဖေကတော့ နဂိုကတည်းက ဦးရွှေကြူးကို ကျေးဇူးတင် မဆုံး ဖြစ်နေတဲ့ လူတစ်ယောက်ဆိုတော့ အဲဒီစကား ကြားလိုက်တယ် ဆိုရင်ပဲ ပိုပြီး ကျေးဇူးတင်သွားပြန်ပေတာပေါ့။ ဒါကြောင့် ကျုပ်အမေကို ကျုပ်အဖေက ပြောလိုက်တယ်။ တို့ တစ်သက်မှာတော့ကွာ သူကြီးမင်း ရဲ့ ကျေးဇူးတရားတွေဟာ ဆပ်လို့ဖြင့် မကုန်နိုင်တော့ပါဘူး တဲ့။

အဲဒီလိုနဲ့ နေလာလိုက်ကြတာ အချိန်တွေဟာ တစ်စစ ကုန်ဆုံး လာရာက မိုးလယ်ပိုင်း အချိန်လောက်ကို ရောက်ခဲ့ကြတယ်။ ကျုပ်တို့ နေတဲ့ ရွာကလေးရဲ့ ပတ်ဝန်းကျင် လေးဖက်လေးတန်မှာ ဆိုရင်တော့ ရှိသမျှ လယ်ကွက်တွေမှာ စပါးပင်တွေဟာ စိမ်းစိမ်းစိုစိုနဲ့ အတော့်ကို ကြည့်လို့ ရှုလို့ ကောင်းနေတာပေါ့ဗျာ။ ချောင်းတွေ မြောင်းတွေဆိုရင် ရေတွေဟာ တင်းကျမ်းပြည့်နေပြီး ကျုပ်တို့ အိမ်ရှေ့က သပြေပင်ကြီး ဟာ အသီးတွေ နီနီရဲပြီး တရွဲတည်း ရွဲနေတော့တာပဲ။

ဒီအချိန်ကဆိုရင် ကျုပ်အဖေဟာ နေ့မအား ညမနားနဲ့ အတော်ပဲ ပင်ပန်းရှာတယ်ဗျာ။ လယ်လုပ်ခွင်ကတော့ ဒီလိုအချိန်မှာဆိုရင် အလုပ်သိပ်မများတော့ပါဘူး။ ဒါပေတဲ့ နေ့နေ့များဆိုရင် အချိန်ရှိသရွေ့ဟာ သူကြီးဦးရွှေကြူး အိမ်ကပဲ မပြန်ရဘဲ နောက်ဆုံး အလုပ်မရှိပါဘူး ဆိုရင် တောင်းတို့၊ ပလုံးတို့ ရက်ပေးနေရသေးတယ်။

နောက်ပြီးတော့ ည ညများဆိုရင် အဖေဟာ ငါးကလေး သားကလေး သွားရှာရသေးတယ်ဗျ။ အဲဒီလို ငါးကလေးများ ရှာလို့ ရပြီလားဆိုမှဖြင့် တချို့တစ်ဝက်ကို ကျုပ်အမေဟာ ရွာထဲမယ် လည်ရောင်းပြီး၊ တချို့တစ်ဝက်ကိုတော့ သိုသိုသိပ်သိပ်နဲ့ ငါးခြောက်ကလေး၊ ငါးပိကလေးများ လုပ်ထားရတယ်။

အဖေ့ ရည်ရွယ်ချက်ကတော့ ဒီလိုပဲ ရတတ်သရွေ့လေးကို ချွေတာ ခြိုးခြံပြီး ဒီနှစ်အဖို့ လယ်သိမ်းလို့ သူကြီး ဦးရွှေကြူးထံက လုပ်ခ စပါးကလေးများ ရှင်းလင်း ရရှိပြီးတဲ့နောက် ကျုပ်ကို ရွာဦးဘုန်းတော်ကြီးကျောင်းမှာ သင်္ကန်းဆီးပေးမယ်တဲ့ဗျ။ ဒါမှလည်း ကျုပ်ဟာ သေစာ ရှင်စာကလေးများ ရေးတတ် ဖတ်တတ်မယ်လို့ အဖေက ယူဆထားတာကိုး။

မိုးလယ် အချိန်တစ်ခုရဲ့ နေ့တစ်နေ့ကိုတော့ ကျုပ်ဟာ ခုအထိ မှတ်မိပါသေးတယ်။ အဲဒီနေ့ရဲ့ ည မိုးချုပ်စ အချိန်မှာ ကျုပ်အဖေဟာ မိုးကလေး တစိမ့်စိမ့် ရွာနေတုန်း ပုဆိုးတစ်ထည်ကို စလွယ်သိုင်းပြီး ငါးထည့်တဲ့ ပလိုင်းကို လက်တစ်ဖက်က ကိုင်လို့၊ လက်တစ်ဖက်ကတော့ ငါးမျှားတံ တစ်ချောင်းကို ကိုင်ပြီး အခါတိုင်းနေ့ကလို ငါးရှာဖို့ သွားမယ်လို့ အလုပ်မှာ ကျုပ်အမေက ပြောတယ် ဗျ။

ကိုရင်မောင်ရယ် ဒီနေ့ ငါးရှာဖို့ မသွားပါနဲ့။ မိုးကလည်း သိပ်အေးတယ်။ ကျွန်မ စိတ်ထဲမှာလည်း သိပ်လေးတယ်လို့ ပြောတယ်ဗျ။

ဒီတော့ ကျုပ်အဖေက ပြောတယ်။ အိုကွာ မင်းမလဲ ပူစရာမဟုတ်တာ ပူပန် စိုးရိမ်ရန်ကောကွာ။ လယ်သမား၊ ကိုင်းသမား၊ ဆင်းရဲသားဟာ မိုးအေးပါတယ်လို့ အလုပ်မလုပ်ဘဲ နေရင် ဖြစ်နိုင်ပါ့မလား။ သူ့ရာသီနဲ့ သူ့မိုး ဆိုတာ အေးတာပေါ့ကွာ။ လယ်သမားဟာ မိုးမရွာမှာတောင် စိုးရိမ်ရသေးတဲ့ ဥစ္စာ၊ မင်း စိတ်လေးတာကတော့ မိုးအေးလို့ပါကွာလို့ ပြောတယ်။

ကျုပ်အမေကလည်း ဒီညတော့ မသွားပါနဲ့ဦး ဆိုတာကိုပဲ ထပ်တလဲလဲ ပြောတော့ အဖေဟာ စိတ်ပျက်သလိုလို ဖြစ်သွားပြီး သူ့လက်ထဲက ငါးမျှားတံကို တဲပေါက်ဝ ထရံမယ် ကပ်ထောင်လိုက်တယ်။ နောက်တော့ သူဟာ တဲပေါက်ဝမယ် ထိုင်ချလိုက်တယ်။ အမေကတော့ ဒီအချိန်ထိအောင်ပဲ ငါးရှာ မသွားပါနဲ့လို့ ပြောတုန်းပဲ။

အတော်ကြာကြာလေးနေတော့ အဖေဟာ စဉ်းစားသလို လုပ်ပြီးဟာ... ကိစ္စမရှိပါဘူးကွာ၊ စိုးရိမ်မနေပါနဲ့၊ ဒီနှစ် စပါးပေါ်ရင် လူလေးကို သင်္ကန်းဆီးပေးမယ့် ကိစ္စက ရှိနေတယ်ကွယ့်လို့ ပြောရင်းက ထ ရပ်လိုက်ပြီး ထောင်ထားတဲ့ ငါးမျှားတံကို ကောက်ကိုင်လိုက်တယ်။

အဲဒီအချိန်မှာပဲ ကျုပ်တို့ တဲပေါက်ရှေ့ဆီက သူကြီး ဦးရွှေကြူး အသံဟာ ပေါ်လာတယ်။ ဟေ့ မောင်ရင်မောင်၊ ငါးရှာ မသွားသေးဘူးလားကွယ့်။ ဒီအချိန် မိုးကလေး တစိမ့်စိမ့်မယ် လယ်ထဲမှာ ငါးတက်တဲ့ အချိန်ပဲလို့ ပြောသံကြားလိုက်တော့ အဖေလည်း တစ်စုံတစ်ခု သတိရသလိုနဲ့ အေးကွာ၊ လယ်ကွင်းစပ်တွေမှာပဲ ငါး ရလိမ့်မယ် ထင်တယ်။

ငါ့ဆောင်ဓား ပေးစမ်းပါဦး ဆိုပြီး အမေက တားလို့တောင် မရတော့ဘူး။ ဆောင်ဓားကို ယူပြီး ငါးရှာဖို့ ထွက်သွားတယ်။

အဲဒီညကဆိုရင် အမေဟာ တစ်ညလုံး အိပ်ပျော်ပုံ မရပါဘူးဗျာ။ အခါတိုင်း ညတွေမှာဆိုရင် အဖေဟာ သန်းခေါင်ကျော်လောက်မှာပဲ ရတတ်သမျှ ငါးနဲ့ အိမ်ကို ပြန်လာပြီး တရေးတမော အိပ်၊ မနက်လင်းအားကြီးမယ် ပြန်ထတယ်။ အရုဏ်လာတဲ့ အချိန်ထိ ရအောင်နေတဲ့ ညကနည်းပါတယ်။ အဲဒီ ညကတော့ အမေဟာ အဖေ့အတွက် စိတ်ပူတာနဲ့ အမျှ ကျုပ်အဖေဟာလည်း လင်းကြက်တွေသာ တွန်ခဲ့ပါရော။ အိမ်ကိုတော့ ပြန်မရောက်လာသေးပါဘူး။

ဒီလိုနဲ့ ကျုပ် အမေဟာလည်း သိပ်စိတ်ပူပြီး ရေနံမီးတိုင် တစ်လုံးနဲ့ တဲပေါက်ဝမှာ ထိုင်စောင့်နေတော့တာပဲ။ အမေဟာ အဲဒီလို တစ်စစနဲ့ ထိုင်စောင့်လို့ လင်းအရုဏ်တွေသာ အရှေ့တစ်ခွင် လောကဓာတ်ကတက်လာတယ်။ အဖေဟာဖြင့် ပြန်ကို မရောက်လာသေးပါဘူး။

နောက်ဆုံးတော့ မိုးစင်စင်သာ လင်းခဲ့တယ်။ ကျုပ်အဖေဟာ ပြန်မရောက်တဲ့အတွက် အမေဟာ အိမ်နီး ပတ်ဝန်းကျင်က လူတွေကို အကျိုးအကြောင်းပြောပြပြီး တဲနားနီးချင်း ယောကျ်ား သုံးလေးယောက်နဲ့ အဖေ ငါးရှာတဲ့ဘက်ကို လိုက်သွားတော့ ကျုပ် အဖေဟာ ရွာနဲ့ အတော်လှမ်းလှမ်းဝေးတဲ့ လယ်ကွက်တစ်ခုရဲ့ ကန်သင်းစပ်မယ် မှောက်လျက်သား လဲနေတာ တွေ့ရတယ်။

ကျုပ်အမေဟာ အစကတည်းက စိုးရိမ်မကင်း ဖြစ်နေလေတော့ ဒီအဖြစ်ကို မြင်တာနဲ့ တစ်ပြိုင်တည်း အူယားဖားယားနဲ့ ပြေးသွားတာပေါ့ဗျာ။ အဖော်လိုက်သွားတဲ့ လူတွေကလည်း စိုးရိမ်တကြီးနဲ့ ကျုပ်အမေရဲ့

နည်းတူပဲ အပြေးကလေး သွားကြည့်ကြတော့ ကျုပ်အဖေဟာ နောက်ကျောပြင်က ရေ့ရင်ညွန့်တည့်တည့်ကို ပေါက်ထွက်လာတဲ့ ဒဏ်ရာတစ်ချက်နဲ့ပဲ သေဆုံးနေတာ တွေ့ရတော့ အတူပါသွားတဲ့ အထဲက လူတစ်ယောက်ဟာ ရွာကို ပြန်ပြေးလာပြီး သူကြီး ဦးရွှေကြူးကို ကျုပ်အဖေရဲ့ ဖြစ်ပုံ ပြောပြရတယ်။

ဒီလိုနဲ့ သူကြီး ဦးရွှေကြူးက တစ်ဆင့် ရွာထဲက လူကြီး လေးငါးယောက်ကို ခေါ်သွားပြီး ကျုပ်အဖေရဲ့ အလောင်းကို သွားကြည့်ကြတော့ ကျုပ်အဖေဟာ တစ်စုံတစ်ယောက်က နောက်ကနေ လုံနဲ့ ထိုးလိုက်တဲ့ အတွက် သေဆုံးရတယ်လို့ သိကြရတော့တာပဲ။

အဲဒီအခါတုန်းကများ ကျုပ်အမေဟာဖြင့် ရွံ့တွေ ရေတွေထဲမှာ မပဋ္ဌာမြေလူး ဖြစ်ပြီး အလူးအလိမ့် ငိုတော့တာပဲ။ သူ အတန်တန် တားပါလျက်နဲ့ သူ့စကားကို နားမထောင်လို့ ဒီလိုဖြစ်ရတယ် ဆိုပြီးတော့ အဖေ့အပေါ်မှာ အမေက ကရုဏာဒေါသ ဖြစ်သေးတာပေါ့ဗျာ။ ဒီလိုဖြစ်ရင်းကပဲ အမေက သူ့ယောကျ်ားကို သတ်တဲ့လူဟာ ဘယ်သူဘယ်ဝါ ဖြစ်လိမ့်မယ် ဆိုတာလည်း တွေးမိ စဉ်းစားမိသလောက်ပါပဲ။ ဒါပေမဲ့ ဒီကိစ္စဟာလည်း ထင်ကြေးနဲ့ မစွပ်စွဲနိုင်တာက တစ်မျိုး၊ စွပ်စွဲရမယ့် လူဟာလည်း တစ်ရွာလုံးက မော်မကြည့်ဝံ့လောက်အောင် အာဏာရှိနေတဲ့ လူတစ်ယောက်ဆိုတော့ အမေဟာ စိတ်ထဲက အခဲမကျေနိုင်ပေမယ့် အကျိုးမထူး အကြောင်းမထင်တော့တဲ့ အဖြစ်မျိုးမို့ သူ့စိတ်ကို ချိုးနှိမ်ပြီး ကြိတ်မှိတ်လို့ နေလိုက်ရရှာပါတယ်။

နောက်ပိုင်းရက်တွေမှာတော့ ကျုပ်အမေဟာ မျက်ရည်နဲ့ မျက်ခွက် ပေါ့ဗျာ။ သူ့မှာ ငိုရ ကြွေးရ ပူဆွေးရလွန်းလို့ လူတောင် အတော်ကလေး

ချုံးကျသွားပါတယ်။ အချိန်ရှိသရွေ့၊ နာရီတွေ ရှိသမျှ ဝိုင်းစက်လှပတဲ့ ကျုပ်အမေရဲ့ မျက်လုံးထဲမှာ မျက်ရည်နဲ့အတိသာ ပြည့်လျှမ်းခဲ့ရရှာပါတယ်။

အချိန်ရာသီကလည်း မိုးကာလ မိုးရာသီ ဖြစ်လေတော့ အင်မတန် အဆွေးပွားတဲ့ ခါသမယမျိုး မဟုတ်လားဗျာ။ အရပ်ရှစ်မျက်နှာက မိုးသားမိုးတိမ်တွေဟာ တလိပ်လိပ် ဝန်းဝိုင်းလာပလားဆိုမှဖြင့် ကျုပ်အမေရဲ့ မျက်လုံးအိမ် နှစ်ဖက်စလုံးမှာလည်း မျက်ရည်များ ရစ်ဝဲလာပြီး ငိုတော့မယ့် ဟန်မျိုးသာ ဖြစ်ခဲ့တာပါပဲ။ ဒီအထဲကမှ တဂျိုးဂျိုး တဂျိမ်းဂျိမ်းနဲ့ မိုးတွေဟာ လှိမ့်ရွာလိုက်မှဖြင့် ကျုပ်အမေရဲ့ တစ်ကိုယ်လုံးဟာ နတ်ကျသလို တုန်လှုပ်လာပြီး အဖေ့ကို တမ်းတရင်းက တရှိုက်ရှိုက် တငင်ငင် ငိုကြွေးတော့တာပါပဲ။

အမေ... အမေ ကျုပ်အမေဟာ အဖေ့ကို အသက်ပေး ချစ်ရှာတယ်။ သူ့မှာ ရှိရှိသမျှ အားကိုးမှု စိတ်ဓာတ်တွေဟာ အဖေ့အပေါ်မှာသာ အစွမ်းကုန် စုပုံထားတော့တယ်။ အခုတော့ ကျုပ်နဲ့ အမေ့အဖို့ အားကိုးရာ အားကိုးကြောင်းဖြစ်တဲ့ အဖေဟာဖြင့် ကျုပ်တို့ သားအမိကို စွန့်ပစ် ဖဲကြဉ်ပြီး သေရွာကို သွားပါပြီ။ ကျုပ်တို့ သားအမိ နှစ်ယောက်ရဲ့ ရှေ့အရှည်သဖြင့် နေရေး စားရေး ဆိုတာဟာ နေပူက ကြည့်လို့ ဘယ်နေရာ ဘယ်အရပ်မှာမှ အရိပ်အာဝါသ မထင်မမြင်သလို ကျုပ်တို့ သားအမိ နှစ်ယောက်ရဲ့ မှီခို အားထားရာဟာလည်း အစအနမှ ရှာမရအောင် ဖြစ်ရတာပေါ့ဗျာ။

သက်ရှိ ရုပ်ဝတ္ထုတွေအတွက် အဓိက လိုအပ်ချက်ဆိုတာ စားရေး၊ နေရေး၊ ဝတ်ရေး ဆိုတဲ့ အရေးသုံးပါးပဲ မဟုတ်လားဗျာ။ ကျုပ်ရဲ့ အမေ

ဟာ ရတနာသုံးပါးကိုလည်း ကြည်ညို လေးစားတတ်ပါရဲ့။ သာယာတဲ့ ဂီတသံကိုလည်း နားသောတ ခံတတ်ပါရဲ့။ လူ့လောကရဲ့ ကျင့်ဝတ် သိက္ခာကိုလည်း အထိုက်အလျောက် ခေါက်မိပါရဲ့။ ဒါပေတဲ့ဗျာ ခုနက ကျုပ်ပြောတဲ့ စားရေး၊ နေရေး၊ ဝတ်ရေး ဆိုတဲ့ အရေးသုံးပါးက ပြည့်စုံမှု ရှိကြမှလည်း ကျန်တဲ့ ဗာဟီရကိစ္စတွေကို လိုက်နာမှုနဲ့ ခံစားနိုင်မှု ရှိကြမှာပဲ မဟုတ်ပါလားဗျာ။

ကျုပ်ကို ရွာဦးကျောင်းမှာ သင်္ကန်းဆီးပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာလည်း လူ့လောကက ပျောက်ကွယ်သွားတဲ့ ကျုပ်အဖေနဲ့အတူ ပျောက်ကွယ်သွားပါတော့တယ်။ အဲဒီလို ကိစ္စရပ်တွေထက် ကျုပ်တို့ သားအမိရဲ့ ရေ့အရှည် နေရေး စားရေးက ဒုက္ခတွေ တွေ့စ ပြုလာပြီ ပေါ့ဗျာ။

သူကြီး ဦးရွှေကြူးကတော့ ကျုပ်တို့ တဲကို နေ့စဉ်နှင့်အမျှပဲ ဝင်ထွက်သွားလာနေပါတယ်။ သူဟာ ကျုပ်အဖေ ရှိစဉ်တုန်းကထက် တောင် ကျုပ်တို့ တဲကို ဝင်ထွက်သွားလာတာတွေဟာ ပိုပြီး များပြားလာ တယ်။ နောက်တော့လည်း ည ညများဆိုရင် ဦးရွှေကြူးဟာ ဘယ်အချိန် ပြန်သွားတယ် ဆိုတာတောင် ကျုပ် မသိလိုက်ပါဘူး။ ကျုပ်က သိတတ် တဲ့ အရွယ် မဟုတ်လေတော့ ဆော့ဖို့ အိပ်ဖို့ စားဖို့လောက်ပဲ အာရုံရောက် နေမိတယ်။

အခုဆိုရင် ကျုပ်အဖေ ဆုံးတာဟာ တစ်လကျော်သွားပါပြီ။ ဒီအချိန်ထိ ကျုပ်အမေဟာ မျက်ရည်နဲ့ မျက်ခွက် မပြတ်မလပ်ပါပဲ။ ကျုပ်တို့ သားအမိ နှစ်ယောက်ရဲ့ စားရေး သောက်ရေးကိုတော့ သူကြီး ဦးရွှေကြူးကပဲ ထောက်ပံ့ထားတယ်ပေါ့ဗျာ။ ဦးရွှေကြူးဟာ ရပ်ရွာက

လူတွေအပေါ်မှာ ဘယ်အထိ ဆိုးတယ်ဆိုဆို၊ ကျုပ်တို့ သားအမိအပေါ်မှာ တော့ အတော့်ကို စေတနာ ကောင်းပါတယ်ဗျာ။ ကျုပ်ကိုလည်း နာမည် တောင် မခေါ်ဘူး။ ကလေး... ကလေးနဲ့ပါပဲ။ ဒါကြောင့်လည်း ဦးရွှေကြူး ကို ကျုပ်ဟာ တစ်စ တစ်စ ခင်မင်လာပါတယ်။ ကျုပ်အမေကတော့ ကျုပ်ကို မာန်ဟယ် မဲဟယ်လည်း မလုပ်ပါဘူး။ ဒါပေတဲ့ ဦးရွှေကြူး ပေါက်လာလို့ ကျုပ်က ခင်ခင်မင်မင် ပွတ်သီးပွတ်သပ်လုပ်တဲ့ အခါ ကျရင်တော့ ကျုပ်အမေဟာ သိပ်သဘောမကျတဲ့ အမူအရာမျိုးပဲဗျ။

ရွာထဲ ရပ်ထဲက လူတွေကလည်း ဘာတွေပြောကြသလဲ မသိဘူး ဗျ၊ ပြောတော့ ပြောကြတာပါပဲ။ တချို့စကားတွေက ကျုပ် နားမလည် ပါဘူးဗျာ။ ကျုပ်တို့ တဲရှေ့က လှည်းတိုက်စားရတဲ့ ဦးဘိုးဆောင်ကြီး တစ်ယောက်သာ ကျုပ်ကို နှစ်ယောက်ထဲ တွေ့ကြတဲ့အခါမယ် 'ဟေ့ ကောင်လေး၊ မင်းအဖေ သူကြီး မလာသေးဘူးလားကွယ့်။ မင်းအဖေ သူကြီးဆီမှာ လှည်းယဉ်ကလေး တစ်စီးနဲ့ နွားပေါက်ကလေး တစ်ရှဉ်း လောက် တောင်းလကွာ' လို့ ခဏ ခဏ ပြောတတ်တယ်။ အလကားပါ ဗျာ၊ ဒီလူကြီးက လူနောက် လူပြောင်ကြီးပါ။ ကျုပ်တို့ တစ်ရွာလုံးက သူ့ကို လူပြက်ကြီးလို့ ခေါ်နေကြတာပဲ။ ဒါကြောင့် သူ ပြောတာလောက် ကို ကျုပ်ကတော့ အရေးမထားပါဘူး။

တစ်နေ့လုံးလိုလို မိုးရွာထားလို့ ခပ်စိမ့်စိမ့် အေးနေတဲ့ ညနေခင်း အချိန်မှာတော့ ဦးရွှေကြူးဟာ ကျုပ်တို့ တဲကို ပေါက်လာတယ်။ ကျုပ် အမေဟာ အေးလွန်းတဲ့အတွက် ကျုပ်ကို ရင်ခွင်ထဲမှာ သွင်းပြီးထားတယ်။ အမေဟာ အညာစောင် တစ်ထည်ကို ခြုံထားပြီး ရွာလမ်းဆီကို ငေးကြည့် နေခိုက်မှာပေါ့။

ဦးရွှေကြူးဟာ အခါတိုင်းနေ့များကလို ကျုပ်တို့ တဲကလေးပေါ်ကို အထစ်အငေါ့ အနေးအကွေးမရှိ တက်လာတယ်။ နောက်ပြီးတော့ မတ်တတ်က မထိုင်သေးဘဲ ဦးရွှေကြူးက ကျုပ်အမေကို မေးလိုက်တယ်။

မင်းတို့ သားအမိ ထမင်းစားပြီးကြပလားဟေ့ တဲ့။ ဒီလို မေးလိုက်တဲ့ အမေးမျိုးဟာ ဟိုတုန်းအချိန်က ကျုပ်အဖေ မသေခင် ကျုပ်အဖေက ကျုပ်အမေကို မေးတတ်တဲ့ မေးပုံမျိုးပါပဲ။ နောက်ပြီးတော့ ကျုပ်စိတ်ထဲက ထင်မိတယ်။ ဦးရွှေကြူးရဲ့ အသံဟာ ငါ့အဖေရဲ့ အသံနဲ့ တယ်တူပါလားလို့။

ကျုပ်အမေက ရှိရှိသေသေနဲ့ပဲ၊ ဟုတ်ကဲ့ စားပြီးပါပြီလို့ ပြန်ပြောရင်းက ကျုပ်တို့ သားအမိ ထိုင်နေတဲ့ သင်ဖြူးဖျာကလေးကို ကျုပ်တို့ မထိုင်တော့ဘဲ ဦးရွှေကြူးကို ခင်းပေးလိုက်တယ်။

ဦးရွှေကြူးဟာ သင်ဖြူးပေါ်မှာ ထိုင်လိုက်တယ်။ အတော်ကြာကြာတော့ သူ ဘာမှမပြောသေးဘဲ ကျုပ်အမေရဲ့ မျက်နှာကို အသေအချာ စူးစူးစိုက်စိုက် ကြည့်နေတယ်။ ပြီးမှ ဦးရွှေကြူးက ကျုပ်အမေကို စကားတစ်ခါ ထပ်ပြောပြန်တယ်။

ကျုပ်ပြောတာ မင်း စဉ်းစားပြီးပလားတဲ့။ ကျုပ်အမေက သူ့ကို ဘာမှ ပြန်မပြောသေးပါဘူး။ ကျုပ်အမေဟာ ဦးရွှေကြူးကို မကြည့်ဘဲ သူ့ခေါင်းကို အောက်စိုက်ထားတယ်။

ကျုပ်က အမေ့ရင်ခွင်ထဲကနေပြီး မိုးကောင်းကင်ကို မော်ကြည့်နေမိတယ်။ သူတို့ပြောတဲ့ စကားတွေကို ကျုပ်အနေနဲ့ စိတ်မဝင်စားပါဘူး။ ကောင်းကင်ယံက အိပ်တန်းကို ပျံတက်လာကြတဲ့ ဗျိုင်းငှက်တွေ

ကိုပဲ ကျုပ်က အာရုံစိုက်နေမိတယ်။ ဖြူဖြူဖွေးဖွေးနဲ့ တအိအိကလေး ပျံလာတဲ့ ဗျိုင်းငှက်အုပ်တွေဟာ သိပ်ကြည့်လို့ကောင်းတာပဲ။ တစ်ခါ တစ်ခါ ကျုပ်ဟာ အမေ့ ရင်ခွင်ထဲကနေပြီး ကောင်းကင်ယံက ဗျိုင်းအုပ် တွေ ပျံတဲ့နောက်ကို လေဟုန်စီးရင်းက လိုက်ပါသွားနေတယ်။

မဖြစ်နိုင်ပါဘူး သူကြီးမင်းရယ် ဆိုတဲ့ အမေ့အသံဟာ ကျုပ် နားထဲကို ထွင်းဖောက်ပြီး ဝင်ရောက်လာပြန်တယ်။ အို ကျုပ် ဒီအတိုင်း စီမံပြီးပြီ။ မင်း ဘာမှပူမနေနဲ့တော့။ ကျုပ်အိမ်က မိန်းမကြီးဟာ ကျုပ် သဘောတစ်ခုပဲ။ မနက်ဖြန်တော့သာ မင်းတို့ သားအမိ ပြောင်းခဲ့ကြပေ တော့၊ အဲဒါပဲ။ ကျုပ် ညမှ တစ်ခေါက် ထပ်လာခဲ့ဦးမယ်။ ဟို မြောက် ပိုင်းက ရိုက်မှု ဖြစ်ကြတယ်ဆိုတဲ့ဆီကို ကျုပ် သွားလိုက်ဦးမယ် ဆိုပြီး ဦးရွှေကြူးဟာ တဲပေါ်က ဆင်းသွားတယ်။ ကျုပ်အမေဟာ ဘာမှလည်း ပြန်မပြောနိုင်ဘူး။ ကျုပ်ကို အရင်တစ်ခါတုန်းကလို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားရင်းက ငိုင်ပြီး ကျန်ရစ်ခဲ့တော့တာပါပဲ။

နောက်တစ်နေ့မှာတော့ ကျုပ်လည်း စောစော အိပ်ရာက နိုးခဲ့ ပါတယ်။ ကျုပ် နိုးတဲ့အချိန်မှာ အမေဟာ အိပ်ရာထဲမှာ မရှိတော့ပါဘူး။ အိပ်ခန်းရဲ့ အပြင်ဘက်မှာ တစ်စုံတစ်ရာ လုပ်နေတယ် ဆိုတာကိုတော့ အမေ့ခြေသံကို ကြားရတာကြောင့် ကျုပ် သိရပါတယ်။

ကျုပ်ဟာ အိပ်ရာထဲက လူးလဲ ထ ခဲ့တယ်။ ကျုပ် အပြင်ကို ရောက်တဲ့အခါမှာ အမေ့ကို ကြည့်လိုက်တော့ အမေဟာ တဲခေါင်းရင်း က ရွှေတိဂုံဘုရား ကားချပ်ကလေး ချိတ်ထားတဲ့ ရှေ့နားမှာ ပုဆစ်တုပ် ကလေး ထိုင်ပြီး ဘုရားရှိခိုးနေတာ တွေ့ရတယ်။ ကျုပ်ကတော့ အခါ

တိုင်း နေ့တွေကလိုပဲ နောက်ဖေး ရေစင်မှာ ထွက်ပြီး မျက်နှာသစ်တယ်။ ပြီးမှ အမေ့ဆီကို ပြန်လာခဲ့တယ်။

ကျုပ် အမေဟာ စောစောစီးစီးလည်း ငိုနေတာပါပဲဗျာ။ ကြာတော့ အမေ့ကို ကြည့်ရတာ ကျုပ်စိတ်ထဲမှာ သိပ်မကောင်းတော့ဘူးဗျ။

မကြာခင်အချိန်မှာပဲ သူကြီး ဦးရွှေကြူးဟာ ကျုပ်တို့ တဲကို ပေါက်လာတယ်။ မိုးအေးလို့ ထင်ပါရဲ့၊ သူ့ကိုယ်ပေါ်မှာ အနွေးထည်တွေ ဝတ်ထားတာ တွေ့ရတယ်။ နောက်ပြီးတော့ သူ့ လည်ပင်းမှာလည်း တဘက် တစ်ထည်ကို နားရွက်ဖုံးလုမတတ် ပတ်ထားတယ်။ သူ့ ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အနွေးထည်ဟာတော့ အနက်ရောင် အဆင်းရှိတဲ့ သက္ကလတ် အင်္ကျီရှည်ကြီးပဲ။ သူ့လက်ထဲမှာတော့ အခါတိုင်း နေ့တွေကလို တုတ်ကောက် တစ်ချောင်းကို ကိုင်ထားတယ်။ သူဟာ တဲပေါက်ဝကို ဝင်လိုက်တယ် ဆိုရင်ပဲ ကျုပ်အမေကို လှမ်းပြောလိုက်တယ်။ ကဲ... မင်းရဲ့ ပစ္စည်းကလေးများ ထုပ်ပိုးပြီးလို့ရှိရင် သွားကြစို့လား တဲ့။

ကျုပ်အမေဟာ အဲဒီအချိန်မှာတော့ ဦးရွှေကြူးကို ဘာမှ ထပ်မပြောတော့ပါဘူး။ သူဟာ ဆရာရဲ့စကားကို ကျိုးနွံ နာခံနေရတဲ့ တပည့် တစ်ယောက်လိုပါပဲ။ ကျုပ် စိတ်ထဲမှာတော့ ဘာလိုလိုနဲ့ပေါ့ဗျာ။ ပျော်သလိုလို ဝမ်းနည်းသလိုလိုပါပဲ။ ကျုပ် ငယ်စဉ်တောင်ကျေး ကလေးဘဝ ထဲက နေခဲ့ရတဲ့ ဒီတဲကလေးနဲ့ ဒီနေရာ ဒီသစ်ပင် ပန်းပင်တွေကို ခွဲသွားရမယ်ဆိုတော့ စိတ်မကောင်းလှဘူး။ နောက် ကျုပ်အဖေ စိုက်ပစ်ခဲ့တဲ့ စံပယ်ပင်တွေဟာဆိုရင် မစွန့်ပစ်ချင်လောက်အောင် အပွင့်တွေဟာ ဝေဝေဆာနေကြတယ် မဟုတ်လား။ နောက်တော့ ကျုပ်ဟာ ဟိုရောက် သွားရင် "ရွှေခင်" က အဖော်ရမယ် မဟုတ်လားဗျာ။ အို... ဒါပေမဲ့

ကျုပ်အမေရဲ့ မျက်နှာကို ကြည့်လိုက်မိပြန်တော့ တစ်မျိုးဆိုမှ တစ်မျိုးကြီးပါဗျာ။ အမေရဲ့ အမူအရာဟာ တကယ့်ကို မရွှင်မပျနဲ့၊ တစ်စုံတစ်ရာကို ကြိတ်မှိတ်ပြီး ခံစားနေရတဲ့ အမူအရာမျိုးပါပဲ။

မကြာခင်မှာ အမေဟာ နံနက် လင်းအားကြီးစလောက်က သိမ်းဆည်းထားပုံရတဲ့ ပစ္စည်းပစ္စယကလေးတွေကို တောင်းတစ်လုံးထဲ ထည့်ရွက်ပြီးတော့ ကျုပ်ကို လက်တစ်ဖက်က ဆွဲပြီး သူကြီး ဦးရွှေကြူးရဲ့ နောက်က ခပ်ကုပ်ကုပ် လိုက်လာခဲ့တယ်။ ကျုပ်တို့ တဲရှေ့က စံပယ်ရုံတွေနား အရောက်မှာ သင်းပျံ့တဲ့ စပယ်နံ့တွေဟာ ကျုပ် နှာခေါင်းကို ဝင်တိုးရင်းက "သွားတော့ကွယ်" လို့ နှုတ်ခွန်းဆက်လိုက်သလိုပါပဲ။ ခပ်လှမ်းလှမ်း ထန်းပင်ပေါ်က ချိုးငှက်မောင်နှံကတော့ ကျုပ်တို့ သားအမိကို ကြည့်ရင်းက ဆွဲဆွဲငင်ငင် ကူနေကြတော့တယ်။

## ကိုယ်လုပ်တော်

ဒီလိုနဲ့ နေ့တွေကုန်၊ ရက်တွေကုန်၊ လတွေ ကုန်လာတာဟာ သူကြီး ဦးရွှေကြူးရဲ့ အိမ်ကို ကျုပ်တို့ သားအမိ နှစ်ဦး ရောက်ရှိလာတာဟာဖြင့် မိုးကုန်လို့ ဆောင်းပေါက်ခဲ့ပါပြီ။

ဩော်... ဒါထက်ဗျာ၊ ကျုပ်တို့ သားအမိ နှစ်ဦးရဲ့ သူကြီး ဦးရွှေကြူး အိမ်ထက်မှာ နေရမှုကိုလည်း အတန်ငယ်တော့ ပြောရဦးမယ်။ ကျုပ်တို့ သားအမိ နှစ်ယောက်ဟာ ဦးရွှေကြူးအိမ် ရောက်တယ်ဆိုရင်ပဲ ကျုပ်တို့ သားအမိအတွက် နေစရာ အခန်းတစ်ခုကို ဦးရွှေကြူးက ပေး ထားတယ်။ အဲဒီ ကျုပ်တို့ကို ပေးထားတဲ့ အခန်းဟာတော့ အိမ်မကြီး ပေါ်မှာ မဟုတ်ပါဘူး။ အိမ်ကြီးနဲ့ တွဲထားတဲ့ ခြေရင်းဘက် အဆောင် တစ်ခုက မီးဖိုဆောင်နဲ့ ဆက်လျက်ပါပဲ။ အဲဒီအခန်းထဲမှာက တောင်းတို ပလုံးစတွေ၊ ကောက်ရိတ်တဲ့ တံစဉ်တွေ၊ လိုရင်သုံးဖို့ထားတဲ့ နှီးစည်းတွေ နဲ့ လယ်လုပ်ခွင်ရဲ့ ပစ္စည်းဖြစ်တဲ့ ကောက်ဆွတွေလည်း ရှိတယ်ပေါ့။ ဒါပေမဲ့ အခန်းဟာ အတော်ကလေး အလျားကျယ်တော့ ကျုပ်တို့ သားအမိ

နှစ်ယောက် အိပ်ဖို့တော့ ချောင်ချောင်ချိချိ ရှိတယ်ပေါ့ဗျာ။ ကျုပ်ကတော့ ဟိုဝါးအိမ် အစုတ်အပြတ်ကလေးပေါ်မှာ နေရတာထက် အခုလို ပျဉ်ခင်းထားတဲ့ ကျယ်ကျယ်ဝန်းဝန်း အိမ်မှာ နေရတာကိုတော့ အများကြီး ကျေနပ်မိတယ်ပေါ့။

ကျုပ်အမေဟာ ဒီအိမ်ပေါ်ကို ရောက်လာကတည်းက ပိုပြီးတော့ စိတ်နှလုံး ဆင်းရဲနေတော့တာပါပဲ။ ညညများဆိုရင် အမေဟာ တော်တော်နဲ့ မအိပ်ဘူးဗျ။ ရေနံမီးတိုင်ရှေ့မှာ ငုတ်တုတ်မဲ့တဲ ထိုင်ပြီး ပြောင်းဖက်ဆေးလိပ်ကို တွင်တွင်ကြီး ဖွာရင်းက အသံမထွက်တဲ့ ငိုကြွေးခြင်းနဲ့သာ အဖော်ဖွဲ့နေတော့တာပဲ။ ညညများမှာ အမေဟာ ဘယ်အချိန် ဘယ်အခါများမှ အိပ်တယ်တော့ မဆိုနိုင်ပါဘူး။ ကျုပ်အဖို့မှာသာ နေဝင်လို့ မိုးချုပ်စပြုလာရင် အင်း... ဒီညလည်း ငါ့အမေဟာ ငိုဦးတော့မှာပဲလို့ တွေးပြီး စိတ်မကောင်း ဖြစ်မိတယ်။ ဒါပေမဲ့ တစ်နေ့လုံးလုံး ကျုပ်မှာ ကလေးဘဝနဲ့ မမျှအောင် ဟိုဟာ လုပ်ပေးရ၊ ဒီဟာ လုပ်ပေးရ၊ နွားကျောင်းရ၊ ဘဲကျောင်းရနဲ့ ဆိုတော့ ပင်ပန်းလွန်းတဲ့အတွက် အိပ်ရာပေါ် ရောက်တယ် ဆိုရင်ပဲ အိပ်ပျော်သွားတော့တာပါပဲ။

ကျုပ်အမေဟာ မိုး ဆတ်ခနဲ လင်းပလားဆိုမှဖြင့် အိပ်ရာက အစောဆုံး ထပြီး ရေနွေးအိုး တည်ရတာတို့၊ ထမင်းအိုး ချက်ထားရတာတို့ ဆိုတာတွေကို လုပ်ရင်းက သူကြီး ဦးရွှေကြူးနဲ့ သူ့မိန်းမ အိပ်ရာက နိုးလာရင် အရန်သင့် ဖြစ်စေဖို့ ဘာမဆို လုပ်ထားရပါတယ်။ နောက်ပြီးတော့လည်း ဦးရွှေကြူးရဲ့အိမ်မှာ ဒိုင်အိပ် ဒိုင်စား လုပ်ကြတဲ့ ကိုဘိုးထော်တို့၊ ရွှေလှကြီးတို့၊ ကိုကြက်ရိုးတို့ ဆိုတဲ့ သူရင်းငှား သုံးယောက်ကလည်း ရှိပြန်တော့ သူတို့အတွက် လက်ဖက်ရည်ကြမ်းနဲ့ စားစရာ ကောက်ညှင်း

ပေါင်းကလေး အစ၊ ပဲပြုတ်ကလေးကအစကိုလည်း သူတို့ လယ်ထဲ မဆင်းခင် အချိန်မီ ထ လုပ်ပေးရပါသေးတယ်။

အဲဒီ သူရင်းငှား သုံးယောက်ထဲက ကိုကြက်ရိုးဆိုတဲ့ လူဟာတော့ လူသစ် တစ်ယောက်ပေါ့ဗျာ။ သူက ကျုပ်အဖေ နေရာမှာ ဝင်လုပ်တဲ့ လူငှားဆိုတော့ ကျုပ်အဖေ သေမှပဲ ဒီ သူကြီးအိမ်ကို သူ ရောက်လာတာ ပါ။ ဟိုအချိန်တုန်းကတော့ ကျုပ်အဖေ အပါအဝင်ဖြစ်တဲ့ ဒီလူငှားတွေ အတွက်ကော၊ သူကြီးမင်းရဲ့ အိမ်သားစုအတွက်ကော အိမ် ဗာဟီရနဲ့ စားမှု သောက်မှုအတွက် ချက်ရေးပြုတ်ရေး စီမံဖို့ဟာ ရွာထဲက မိန်းမ တစ်ယောက်ကို အခစားနားနဲ့ ငှားထားတယ် တဲ့။ ခုတော့ ကျုပ်တို့ သားအမိနှစ်ယောက် ရောက်လာတယ် ဆိုရင်ပဲ သူကြီးကတော်က ဟို ရွာထဲက မိန်းမကို မငှားတော့ဘူး။ ဒီနေရာမယ် ကျုပ်အမေကိုပဲ အစား ထိုးထားတယ်ပေါ့။

ကျုပ်တို့ သားအမိအပေါ်မှာ သူကြီးကတော်ရဲ့ ဆက်ဆံရေးဟာ သခင်နဲ့ ကျွန်လို ဘယ်တစ်ကွက်ကလေးမှ မကောင်းလှပါဘူး။ ကျောက် ပေါက်မ ပျစ်ထူနဲ့ အင်မတန် စစ်စီ စေးနဲ့တဲ့ သူကြီးကတော်ဟာ ပြောတဲ့ ဆိုတဲ့ နေရာမှာဆိုရင်လည်း သူမတူအောင်ကို ကြမ်းတမ်းလှတယ်ပေါ့ ဗျာ။

ဒိုင်အိပ် ဒိုင်စား လုပ်နေကြတဲ့ သူရင်းငှား သုံးယောက်ကိုဆိုရင် လည်း လယ်လုပ်ခွင်ထဲကများ အိမ်ပြန်တက်လာပြီလား ဆိုမှဖြင့် ကိုယ် ခါခါနဲ့ ဗလာသက်သက် ပြန်တက်လာကြတယ်ဆိုရင် နည်းနည်းလေး မှ မနစ်မြို့ဘူးဗျ။ ငါး သား အစ၊ ဟင်းရွက် ကန်းစွန်းအစ တစ်စုံတစ်ရာ ပစ္စည်းများ ပါလာမှ မျက်နှာကောင်း ရရှာကြတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ဟာ အကြောင်းတစ်ခုကို သွား သတိရမိတယ်။ ဘာလဲဆိုတော့ တစ်ခါတော့ လူငှား သုံးယောက်ဟာ နေ့စဉ်နှင့် နေ့တိုင်းလို ပဲနဲ့ ငါးပိသာ စားနေရတော့ အူခြောက်လှပါတယ် ဆိုပြီး တစ်နေ့ လယ်ထဲက ပြန်တက်အလာမယ် အိုင် တစ်အိုင်ထဲမှာ သုံးယောက်သား ငါး ဆင်းပက်လာတော့ ရလာလိုက်တဲ့ ငါးတွေဟာ မနည်းပါဘူး။ အဲဒီနေ့ကတော့ သူကြီးကတော်ဟာ မျက်နှာကို သကြား ပက်ထားသထက် ချိုပါသေး။ ပြောလိုက်တဲ့ စကားတွေဟာလည်း ရွှန်း ရွှန်းကို ဝေလို့ပေါ့ဗျာ။

ဟဲ့... ဟဲ့ နေကြဦးဟဲ့ နေကြဦး။ ရွာထဲက မိမြိုင်တို့ မိလှိုင်တို့ မိနှစ်တို့ မိချစ်တို့ကို သွားခေါ်လိုက်ဦးမယ်။

ဟဲ့ ကောင်လေး၊ သွားစမ်း မိမြိုင်တို့ လူသိုက်ကို သွားခေါ်စမ်း။ ခေါင်းတွေ ဖြတ်၊ ရင်ခွဲ၊ တချို့ကို ငါးပိလုပ်၊ တချို့ကို ငါးခြောက်လှန်း ရအောင်။

တစ်အိမ်လုံးဟာဗျာ သူကြီးကတော်ရဲ့ အသံနဲ့ ညံညံစာစာကို ဖြစ်နေတော့တာပဲ။ အင်မတန် ဆိုးရွားတဲ့ မိန်းမကြီးပါဗျာ။ အဲဒီလိုနဲ့ပဲ လူငှား သုံးယောက် ရှာရလာတဲ့ ငါးတွေကို တချို့လည်း ငါးပိသိပ်၊ တချို့ ကို ငါးခြောက်လှန်းနဲ့ပေါ့ဗျာ။ စာရင်းငှား သုံးယောက်ကိုတော့ အဲဒီ ညအဖို့ ငါးခေါင်းတွေကိုပဲ ချက်ကျွေးပြီး တချို့တစ်ဝက် ငါးခေါင်းတွေ ကိုတော့ ငါး လာခုတ်ပေးတဲ့ မိမြိုင်တို့ လူသိုက်ကို ဝေငှပေးလိုက်တယ်။

ဒီလိုနဲ့ လူငှား သုံးယောက်ဟာ သူတို့ ရှာဖွေလာတဲ့ ငါးခြောက် ကလေးများ စားရနိုးနိုး၊ ငါးပိကောင်ကလေးများ စားရနိုးနိုးနဲ့ဟာ တစ်လ ကုန်လို့ တစ်လ ကူးပါရော။ တစ်ကောင်တစ်မြီးမှ မစားကြရဘူးဗျာ။

ဘယ်လောက်ဆိုးတဲ့ မိန်းမကြီးလဲလို့။ လူငှား သုံးယောက် ရှာရလာတဲ့ ငါးပိကောင်တွေကိုရော၊ ငါးခြောက်တွေကိုရော မြို့ဈေးမှာ တက်ရောင်းပြီး ရတဲ့ပိုက်ဆံနဲ့ သူ့သမီး ရွှေခင်ကို လက်ကောက်လုပ်ပေးသတဲ့ဗျ။

အဲဒီစပ်ကြားမှာ ဖြစ်တဲ့ အဖြစ်ကိုလည်း ပြောရဦးမယ်ဗျ။ လူငှား သုံးယောက်က ငါးရှာလာတဲ့ နေ့မှာ သူကြီးကတော်ဟာ လူငှား သုံးယောက်ကို ဘာပြောသလဲဆိုတော့၊ ဟဲ့... ငါးခေါင်းဟင်း ဆိုပေမယ့် အင်မတန် ကောင်းတာပါပဲဟယ်။ ငါးခေါင်းဆိုတာ အသားထက် အဖိုးတန်သေး။ ဒါကြောင့် မြို့ကြီးပြကြီးက လူတွေတောင် ငါးခေါင်းကို ဈေးကြီးပေးဝယ် စားကြတာပေါ့၊ မကြားဖူးဘူးလား။ တချို့လူကြီးတွေ ပြောကြတာ ခေါင်းစားရင် ဘုရင်တောင် ဖြစ်သေးဆို မဟုတ်လားတဲ့လို့ ပြောသေးတယ်။ အင်မတန် တတ်နိုင်တဲ့ မိန်းမကြီးဗျ။

လူငှား သုံးယောက်ဟာ မကျေမချမ်းနဲ့ ကြိတ်မှိတ်ပြီး ခံကြရင်းက အင်း... ဒီ မိန်းမကြီးတော့ တစ်နေ့ အကြောင်းသိစေမယ်လို့ ဝမ်းတွင်းကျိတ် ကြိမ်းထားကြတာပေါ့။ ဒီလိုနဲ့ နေရင်း တစ်နေ့တော့ လက်စားချေဖို့ အခွင့်သင့်လာချင်တော့ သူကြီး ဦးရွှေကြူးရဲ့ မိတ်ဆွေ အင်းသူကြီး တစ်ယောက်ဟာ ရွာကို ရောက်လာတယ်။ အင်းသူကြီးက သူ အပြန်မှာ လူငှား နှစ်ယောက်လောက် ထည့်ပေးလိုက်ပါ၊ ငါးဟင်းစားအတွက် သူ့ အင်းထဲမှာ ရှာယူပြီး ပြန်ကြပေါ့ဆိုတော့ သူကြီးကတော်က ကိုကြက်ရိုးနဲ့ ရွှေလှကြီးကို အင်းထဲ ထည့်လိုက်ပါရော။

ကိုကြက်ရိုးနဲ့ ရွှေလှကြီးလည်း အင်းသူကြီးနောက် လိုက်သွားကြတာ ညနေခင်းလောက်တော့ ရွာ ပြန်ရောက်လာကြတယ်။ သူကြီးကတော်ကတော့ ကိုကြက်ရိုးနဲ့ ရွှေလှကြီး ပြန်လာရင် ငါးတွေ တစ်ထမ်း

တစ်ပိုး ရလာမှာပဲဆိုပြီး ရွာထဲက မိမြိုင်တို့၊ မိလှိုင်တို့ လူသိုက်ကို ငါး ခုတ်ဖို့ အရန်သင့် ခေါ်ထားတာပေါ့ဗျာ။

အဲဒီလို သူကြီးကတော်ဟာ အထင်ကြီးကြီးနဲ့ မျှော်လင့်ပြီး စောင့်နေတုန်း ဖြုန်းဆို ကိုကြက်ရိုးနဲ့ ကိုရွှေလှကြီးတို့ နှစ်ယောက်ဟာ ငါးတောင်းကိုယ်စီ ထမ်းပြီး အိမ်ပြန်ရောက်ကြတာပေါ့။ သူကြီးကတော် ကတော့ ကိုကြက်ရိုးနဲ့ ရွှေလှကြီးတို့ ထမ်းလာတဲ့ ပခုံးပေါ်က ငါးတောင်း တွေ ကြည့်ပြီး ဝမ်းသာအားရနဲ့ ဖြစ်နေတာပေါ့ဗျာ။

ဟဲ့… ဟဲ့ ငါးတောင်းတွေ တစ်လက်စာတည်း အိမ်နောက်ဖေး က ရေစင်ကို ထမ်းသွားဟဲ့။ မိမြိုင်တို့ မိလှိုင်တို့ ဓား အသင့်ယူခဲ့ကြ။ ငါးရံ့တွေ ပါလာရင် အရင်လိုပဲ ငါးခြောက်ခွဲ၊ ငါးခူနဲ့ ငါးကျည်းကိုတော့ ငါးပိ လုပ်မယ်ပေါ့ဗျာ။ ပျာလောင်ကို ခတ်နေတာပါပဲ။

အဲဒါနဲ့ နောက်တော့ ဖြစ်ရပုံ မပြောပါနဲ့တော့ဗျာ၊ ကိုကြက်ရိုး နဲ့ ကိုရွှေလှဟာ သူတို့ ပခုံးပေါ်က ငါးတောင်းလည်း ရေစင်ပေါ် ချလိုက် ပါရော သူကြီးကတော်ရော မိမြိုင်တို့ မိလှိုင်တို့ ငါးခုတ်တဲ့ ကောင်မ တွေကော ဟင်ခနဲ ပါးစပ်က အသံထွက်ပြီး အကုန်လုံး အံ့အားသင့် သွားကြတယ်။

သူကြီးကတော်ကတော့ မီးဝင်းဝင်းတောက် မျက်လုံးနဲ့ပေါ့ဗျာ။ ကိုကြက်ရိုးနဲ့ ကိုရွှေလှကြီးကို စားမတတ် ဝါးမတတ် ကြည့်ပြီး ဒါက ဘယ်လို လုပ်လာကြတာလဲဟင်လို့ မေးလိုက်တယ်ဗျ။

ဒီတော့ ကိုကြက်ရိုးက သူကြီးကတော် မျက်နှာကို ပြန်မော့ ကြည့်ပြီး ဘာလဲ ခင်ဗျာ၊ ဘာကို မေးတာပါလဲလို့ နားမလည်သလို ပြန်မေးတော့ သူကြီးကတော်ဟာ သူ့ကိုယ်ကို ရှေ့တိုးသွားပြီး ဒီငါးတွေ

က ကိုယ်ပိုင်းတွေ ဘယ်ရောက်သွားလို့ ခေါင်းတွေချည်း ပါလာရတာလဲလို့ တောင်းနှစ်လုံးထဲက ငါးခေါင်းတွေကို လက်ညှိုး တငေါက်ငေါက်ထိုးပြီး မေးတော့ ကိုရွှေလှကြီးနဲ့ ကိုကြက်ရိုးက ဘာပြန်ပြောကြတယ်မှတ်လဲ။

ငါးဟာ ခေါင်းပဲ ကောင်းတယ်၊ အသားတို့ ကိုယ်တို့ဟာ ခေါင်းလောက် မကောင်းဘူးဆိုလို့ တချို့လည်း အင်းသူကြီး အိမ်မှာပဲ ကိုယ်ပိုင်းတွေ ဖြတ်ထားပစ်ခဲ့တယ်။ တချို့လည်း ဒီရွာ အဝင်ပေါက်ဝ ရောက်မှ ရွာစွန်က လူတွေ ဝေငှပေးပစ်ခဲ့တယ်လို့ ပြန်ပြောတယ်ဗျ။

သူကြီးကတော်မှာတော့ မပြောပါနဲ့တော့ဗျာ။ ရွှေလှကြီးနဲ့ ကိုကြက်ရိုးကို ကိုက်မစားရုံတစ်မည်ပါပဲ။ ဒေါသကလည်း ခပ်ကြီးကြီးနဲ့၊ ဟဲ့... ဒီခေါင်းတွေက လူတော့ စားမှာ မဟုတ်ဘူး၊ နင်တို့လို ခွေးတွေမှ စားမှာဟဲ့၊ ဘာဟဲ့ ညာဟဲ့နဲ့ပေါ့ဗျာ။ တစ်အိမ်လုံးဟာ ကျွက်ကျွက်ညံသွားတာပါပဲ။

ဒီအချိန်က အိမ်မှာ သူကြီး ဦးရွှေကြူး မရှိဘူးဗျ။ အပြင်ကို ကိစ္စတစ်ခုနဲ့ သွားနေတယ်။ ဒါနဲ့ပဲ ကိစ္စဟာ မပြီးဘူးပေါ့ဗျာ။ ဦးရွှေကြူး ပြန်လာတော့ သူကြီးကတော်က သူ့လင်ကို ပြန်တိုင်တယ်။ ဦးရွှေကြူးက လူငှားနှစ်ယောက်ကို ခေါ်မေးတယ်။

ဟော့... ဘာဖြစ်ကြတာလဲကွလို့ မေးတော့ ကိုကြက်ရိုးနဲ့ ကိုရွှေလှကြီးတို့ နှစ်ယောက်က သူကြီးကတော်က ပြောဖူးတယ်၊ ငါး ဆိုတာ ခေါင်းပိုင်းပဲ ကောင်းတယ်။ ခေါင်းစားရင် ဘုရင်တောင် ဖြစ်နိုင်တယ်လို့ ပြောတာနဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ အင်းထဲက ရလာတဲ့ ငါးတွေကို ခေါင်းပိုင်းတွေချည်း ယူလာတယ်။ ကိုယ်ပိုင်းတွေ အကုန်

လွှင့်ပစ်ခဲ့တာပါပဲလို့ ပြန်ပြောတော့ သူကြီး ဦးရွှေကြူးလည်း ဘာမှ ပြန်မပြောနိုင်ဘဲ အောင့်သက်သက် ကြိတ်ခံလိုက်ရတာပေါ့ဗျာ။

ဒီညဟာ ဆောင်းလယ်ရဲ့ အင်မတန် ချမ်းအေးလှတဲ့ ည တစ်ည ပေါ့ဗျာ။ အဲဒီ ညကတော့ ကျုပ်ဟာ အခါတိုင်း ညတွေထက် စောပြီး အိပ်ရာထဲ ဝင်ခဲ့ပါတယ်။ အေးကလည်း အလွန် အေးလှတယ် မဟုတ်လား။ ကျုပ်အမေဟာ အခန်းထောင့် တစ်နေရာက မီးလင်းဖိုကလေး နားမှာ ထိုင်ပြီး သူ့လက်ဝါးနှစ်ဖက်ကို အပူရှိန်နဲ့ အနွေးဓာတ်ရအောင် မီးကင်နေတယ်ဗျ။

အမေဟာ သူ့လက်ကလေး နှစ်ဖက်ကို ဆုပ်ချည် ဖြန့်ချည်နဲ့ မီးကင်နေတယ်။ ကျုပ်က တစ်ဖက် အခန်းထဲ ဝင်သွားတော့ အမေဟာ ကျုပ် ဝင်လာမှန်း မသိဘူး။ အမေက ကျုပ်ကို ကျောခိုင်းနေလေတော့ ကျုပ် ဝင်လာမှန်း သူ ဘယ်သိပါ့မလဲ။ ကျုပ်ကလည်း အမေ ထိုင်နေတဲ့ နေရာကို ဆက်မသွားဘဲ ကျုပ် အိပ်ရာထဲကိုပဲ ကျုပ် ဝင်လှဲလိုက်တယ်။ ဒါပေမဲ့ ကျုပ်ဟာ ချက်ချင်း အိပ်မပျော်ပါဘူး။ ဖျာပေါ်မှာ တစောင်း လှဲပြီး ကျုပ် မျက်လုံးတွေက မီးလှုံနေတဲ့ အမေ့ နောက်ပိုင်းကို ကြည့် နေမိတယ်။

အမေဟာ တော်တော်ပဲ ပိန်နေပြီပေါ့ဗျာ။ အမေ့ကို နောက်ကနေ ကျုပ် ကြည့်ရတာ အရင်က အမေနဲ့ မတူတော့ပါဘူး။ ပိန်လှီ ခြောက် ကပ်ပြီး အရိုးပေါ်မှာ အရေတင်မတတ် ဖြစ်နေပါတယ်။

ကျုပ်ဟာ အမေ့ကို တစိမ့်စိမ့်ကြည့်ရင်း အတိတ်က အကြောင်း ရပ်တွေကို တစ်စစ တွေးနေမိပါတယ်။ နောက် တစ်ခုကလည်း အခု ဆိုရင် ကျုပ်မှာ တွေးစရာ အကြောင်းသစ် တစ်ခုက ထပ်ပြီးတော့

ပေါ်လာရပြန်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျုပ်နဲ့ သက်တူရွယ်မျှ ဖြစ်နေတဲ့ သူကြီးသမီး ရွှေခင်လို ကျုပ်ဟာလည်း နံနက်လင်းလာရင် လွယ်အိတ်ကလေး လွယ်ပြီး ကျောင်းသွားချင်လှပြီပေါ့။

ခုဆိုရင် ရွှေခင်ဟာ အတော်ပဲ ရေးတတ် ဖတ်တတ်ပြီပေါ့။ ကျုပ်မှာသာ ဘာ နကန်းတစ်လုံးမှ မတတ်သေးဘဲ ပေါသောကြီး ဖြစ်နေရတာ။ ရွှေခင်ဟာ ကျောင်းက ပြန်လာပြီး ထမင်းစားပြီးလို့ မီးရောင်အောက်မှာ တကြော်ကြော်နဲ့ စာကို ဖတ်နေရင် ကျုပ်လည်း ရွှေခင်ကို အားကျပြီး သူ့လိုပဲ ဖတ်ချင်လှပါတယ်။ ရွှေခင် စာဖတ်နေလို့ ရွှေခင်ရဲ့ အနီးအနားမှာ ကျုပ်ကများ သွားထိုင်နေမိရင် သူ့အမေ သူကြီးကတော်က မကြိုက်ဘူးဗျ။

ဟဲ့… ကျွန်မျိုး သဘောက်မျိုးလေး၊ နင် ဒီနားမှာ ဘာလာရှုပ်နေရတာလဲဟင်၊ နင့်နေရာ နင် သွားနေပါလား ဆိုပြီး ခေါင်းကို ဒေါင်ဒေါင်မြည်အောင် ခေါက်တတ်တယ်။ ဒါကြောင့် ကျုပ်လည်း ရွှေခင် စာဖတ်တဲ့အခါ အနားမှာ သွားမရပ်ဝံ့ပါဘူး။ ကျုပ်ဟာ အခုလည်း အခန်းပြင်က ရွှေခင် စာဖတ်နေသံကို ကြားရလျက်ပါပဲ။ ကျုပ်က တွေးချင်ရာတွေ တွေးနေပေမယ့် ရွှေခင်ရဲ့ စာဖတ်သံ၊ စာအံသံကိုတော့ ကျုပ်နားမှာ ကြားနေလျက်ပါပဲ။

ဒါကြောင့်လည်း အမေ့ကို ကျုပ်က ပြောထားတယ်။ အမေရယ် ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျုပ်ဟာ စာတတ်အောင်တော့ ရွှေခင်လို ကျောင်းထားပေးစမ်းပါဗျာလို့။ ဒီလိုပြောလိုက်တဲ့ အခါကျတော့လည်း အမေဟာ ကျုပ်ကို ဖက်ပြီး ငိုတော့တာပါပဲ။

အဲဒီလိုနဲ့ ကျုပ်လည်း ဟိုဟိုဒီဒီအကြောင်းတွေ စဉ်းစားရင်းက

အိပ်ပျော်သွားတယ်။ ဘယ်အထိ ကြာနေလို့ ဘယ်အထိ ကျုပ် အိပ်ပျော်သွားတယ် ဆိုတာတော့ မသိဘူး။ ကျုပ်ရဲ့ အနီးအနားမှာ ငိုသံလိုလို၊ စကားပြောသံလိုလို ကြားလို့ ကျုပ် လန့်နိုးပြီး နားထောင်မိတော့ ကျုပ်အမေရဲ့ စကားသံကို ကျုပ် ကြားလိုက်ရပါတယ်။

သူကြီးမင်းရယ်၊ ကျွန်မ သားကလေး သာလှကို ကျောင်းထားပေးပါ။ နို့မဟုတ်ရင် သူ့အနေနဲ့ သေစာ ရှင်စာကလေးမှ မတတ်လေတော့ နောင် ကြီးပြင်းလာတဲ့အခါကျတော့ ခက်လှပါတယ်လို့။ ကျုပ်အမေရဲ့ အသံကို ကြားရတယ်။ တစ်ခန်းလုံးဟာ မီးရောင်မရှိဘူး။ မှောင်နဲ့ မည်းမည်းပေါ့။ ကျုပ်အမေကိုကော သူကြီး ဦးရွှေကြူးကိုကော ကျုပ်မတွေ့ရပါဘူး။ ဒါပေမဲ့ သူတို့အသံကို ကြားရတာကြောင့်ပဲ။ ကျုပ်အမေနဲ့ ဦးရွှေကြူးဟာ ကျုပ် မနီးမဝေးမှာ ထိုင်ပြီး စကားပြောကြတယ်ဆိုတာတော့ ကျုပ် မှန်းဆမိပါတယ်။

ဒီလို ကျုပ်အမေရဲ့ အသနားခံမှု၊ တောင်းဆိုမှုကြောင့်ပဲ ကျုပ်ဟာ ဆောင်းကျွတ်လို့ နွေဦးပေါက်လောက်မှာ ရွာက ကျောင်းလေးမှာ ကျောင်းနေခွင့် ရခဲ့ပါတယ်။ အဲဒီလို ကျောင်းနေခွင့် ရပေမယ့် ကျုပ်ဟာ ရွှေခင်နဲ့တော့ လားလားမှ မတူပါဘူးဗျာ။ မနက်ဆိုရင် ကျုပ်ဟာ အိပ်ရာကအစောကြီး ထပြီး တင်းကုပ်ထဲက နွားတွေကို စားကျက်ရောက်အောင် မောင်းထုတ်ရတယ်။ နောက်ပြီးတော့ နွားတင်းကုပ်ထဲဝင်၊ တံမြက်စည်းလှည်း၊ နွားချေးတွေ ကျုံးပစ်။ သူကြီးကတော် မွေးထားတဲ့ ကြက်တွေ၊ ဘဲတွေကို ခြံဖွင့်ပြီး လွှတ်ပေးတန် ပေး၊ နွားနှစ်ကောင်ကို လှည်းထမ်းပိုးတပ်ပြီး မြစ်ဆိပ်ကို ရေခပ်ဆင်းရတယ်။

မြစ်နဲ့ ရွာနဲ့ဟာ သိပ်မဝေးဘူး ဆိုပေမယ့် အခုလို နွေရာသီတို့

ဆောင်းရာသီတို့မှာတော့ အိမ်တစ်အိမ်လုံး သုံးဖို့ စွဲဖို့ ရေအတွက် နေ့စဉ် နှင့်အမျှ လှည်းပေါ်မယ် စည်ကြီး စည်ငယ်တင်ပြီး ရေခပ်ဆင်းရတယ် ပေါ့။ သူကြီးမင်းနဲ့၊ သူကြီးကတော်နဲ့ ရွှေခင်ဟာ မြစ်ဆိပ်ကို ဆင်းပြီး ဘယ်တော့မှ ရေချိုးကြတာ မဟုတ်တော့ ကျုပ်ဟာ မနက်စောစောတို့ ညနေစောင်းတို့မှာ ရေခပ်၊ ထင်းခွဲ၊ နွားသွင်း၊ ဘဲလိုက် ဆိုတဲ့ အလုပ် တွေနဲ့ ဒေါင်စိုင်းအောင် လုပ်နေရပါတယ်။

ကျုပ်က အခုလို တစ်ဖက်မှာ ကျုံးရုန်းလုပ်ရသလို ကျုပ်အမေ မှာလည်း တစ်ဖက်က ချက်ဟယ်၊ ပြုတ်ဟယ်၊ ဖွပ်ဟယ်၊ လျှော်ဟယ်နဲ့ မနားတမ်းပဲ လုပ်နေရတယ်ပေါ့။ ကျုပ်တို့ သားအမိဟာ ဒီအိမ်မှာ ဝဋ္ဋရား ကျွေပွန်လှတဲ့ ကျေးကျွန်နှစ်ယောက်လို ဖြစ်နေတာပေါ့ဗျာ။

ကျုပ်အနေ ကျုပ်အတွက်က ဒီလိုလုပ်ရလို့ မထောင်းတာလှပါ ဘူး။ ဒါပေတဲ့ဗျာ အရိုးပေါ် အရေတင်နေတဲ့ ကျုပ်အမေအတွက်ကိုတော့ ကျုပ်ဟာ စိတ်မကောင်း ဖြစ်မိတယ်။

ဒါတွေတင် ဘယ်ကဦးမှာလဲ။ သူကြီးကတော်ဟာ ကျုပ်အမေ ကို ကြိမ်းလိုက်၊ မောင်းလိုက်၊ ဆဲလိုက်၊ ဆိုလိုက်တာများ မကြားဝံ့ မနာသာပါပဲ။ ကျုပ်အမေဟာ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီး တစ်နှစ်နဲ့ အချိန်ကာလတွေ ရင့်ညောင်းလာတာနဲ့အမျှ စိတ်ဆင်းရဲမှုဒဏ်ကို ခံရ ချက် ပြင်းလွန်းလို့ ပိန်သထက် ပိုပိန်ပြီး တစ်နေ့တခြား လူရုပ်မပေါ် ဖြစ်ခဲ့ရတယ်။

ဒီလိုနဲ့ပဲ နေလာကြလို့ နှစ်နှစ်ဆိုတဲ့ အချိန်ကာလပိုင်းတောင် ကျော်လွန်လာခဲ့တဲ့ အခါမှာတော့ ကျုပ်အမေဟာ စိတ်ထောင်းကိုယ်ကြေ ဖြစ်ပြီး အိပ်ရာထဲမှာ ဗုန်းဗုန်းကြီး လဲတဲ့အဖြစ် ရောက်လာပါတယ်။

ဒီအချိန်မှာဆိုရင်တော့ ကျုပ်ဟာ မတောက်တခေါက် စာကလေး ပေကလေး ရေးတတ်ရုံလောက်နဲ့ ကျောင်းက ထွက်ခဲ့ရပြီပေါ့လေ။ ကျုပ်က စာကို ဆက်သင်ဖို့ရာထက် သိတတ်လာတဲ့ အရွယ်ကလည်း ဖြစ်လာတော့ ကျုပ်အမေ မကျန်းမမာ ဖြစ်လာတဲ့ကိစ္စကိုပဲ ဂရုတစိုက်နဲ့ ပြုစု စောင့်ရှောက်ရမှာပါလား ဆိုတာကို သဘောပေါက်လာပါတယ်။

ကျုပ် အသက်ဟာ ဒီအချိန်မှာ ဆယ့်နှစ်နှစ်ကျော်လို့ ဆယ့်သုံးနှစ် ရောက်လာပါပြီ။ ဆယ့်သုံးနှစ် ဆိုတဲ့ အရွယ်ဟာ ကလေးသာသာ အရွယ်သာ ဖြစ်ပြီး ပျော်ဖို့ ပါးဖို့လောက်သာ အာရုံစိုက် နားလည်နေတဲ့ အရွယ်လို့ ခင်ဗျားတို့ ထင်ကြပါလိမ့်မယ်။

ဒီလို ဆယ့်သုံးနှစ်အရွယ်မို့ ခုနက ပြောခဲ့တဲ့ ပျော်မှုပါးမှု ဝတ်စားမှုလောက်သာ သဘောပေါက် နားလည်နေတဲ့ အရွယ်ပဲလို့ တထစ်ချ ယူဆလို့ ရအပ်တဲ့ သဘောမျိုး မဟုတ်ပါဘူး။ ကျုပ်ရဲ့အထင်ကတော့ လူတစ်ဦး တစ်ယောက်ဟာ သူ့ဘဝနဲ့ ပတ်သက်ပြီး ဘယ့်ကလောက် ကြုံတွေ့ ရင်ဆိုင်မှု၊ ခံစားရမှု နာကြည်းသလဲ။ အဲဒီ နာကြည်းတဲ့ သူ့ အဖြစ်နဲ့အမျှ ဘဝဟာလည်း လေးနက်မှု ရှိတယ်လို့ ယူဆမိတယ်။

ဒီတော့ ကျုပ်ဟာ ငယ်သေးတဲ့ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ် ဆိုပေမယ့် ကျုပ်ရဲ့ ကြုံတွေ့ ရင်ဆိုင်ရမှုတွေကလည်း ဒီ ဆယ့်သုံးနှစ် အရွယ်မှာပဲ အင်မတန် နာကြည်းရလေတော့ ဘဝ အသိတရားဟာလည်း သူတကာတွေလို ပြေးခုန် ကစားပြီး ပျော်ဖို့ပါးဖို့ အသိတရားတွေ မဟုတ်တော့ဘဲ ကျုပ်ဘဝနဲ့ ယှဉ်တွဲတဲ့ ပူရမှု ပင်ရမှု၊ ရှေ့ရေးကို တွေးတောမျှော်ခေါ်ရမှုတွေသာ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျုပ် ဖြစ်စေချင်သလိုတော့ မဖြစ်ခဲ့ဘူးပေါ့ဗျာ။

သူကြီးကတော်ဟာ ကျုပ်အမေ မကျန်းမာတာကိုပဲ တွေးပြီး ဝမ်းသာနေသလား မဆိုနိုင်ပါဘူး။ အညှော်အသင်းတွေ လုပ်လား လုပ်ရဲ့၊ တဒုန်းဒုန်း တဒိုင်းဒိုင်း လုပ်လား လုပ်ရဲ့၊ ဆူဆူပူပူ လုပ်လား လုပ်ရဲ့ ဆိုတာကတော့ ဟိုတုန်းကထက် ပိုကဲလာပါတယ်။

ကျုပ်က ဒီအဖြစ် ဒီအကြောင်းတွေကို ပြောလိုက်တိုင်း၊ တွေးလိုက်တိုင်း၊ သတိရလိုက်တိုင်း ကျုပ် အသည်းနှလုံးသားတွေဟာ ပြုတ်ကြွေ ထွက်လုမတတ် ဖြစ်ခဲ့ရတယ်။ ကျုပ်တို့ သားအမိနှစ်ယောက်ရဲ့ ဘဝအကျိုးပေး နုံချာမှုကို အော့နှလုံး နာမိတယ်။ ကျုပ်ရဲ့ ဘဝအဖြစ်ကိုလည်း ရွံရှာ မုန်းတီးမိတယ်။

ကျုပ်တို့ရဲ့ အဖြစ်နဲ့ ကျုပ်တို့ရဲ့ ဘဝက ဘယ့်လောက်များ ဆိုးဝါးသလဲလို့၊ ကျုပ်အမေဟာ ခုလို နာကောင်တုံးလုံးနဲ့ အိပ်ရာထက်မှာ ပက်လက်ကလေး ဖြစ်နေတာတောင် ဆေးသမားဆိုလို့ တစ်ယောက် မခေါ်ရ၊ ဆေးဝါးဆိုလို့ တစ်ခွက် မသောက်ရနဲ့ အသေခံသက်သက်လို ဖြစ်နေတော့တာပါပဲ။

အဲ... တစ်ခါ တစ်ခါတော့ သူကြီးသမီး ရွှေခင်ဟာ စိတ်ကောင်းကလေး ရှိပါရဲ့။ သူ့အမေ နေထိုင်မကောင်းရင် စားဖို့ဆိုပြီး ဖော်စပ်ထားတဲ့ ဆေးလေး ဝါးလေးအစ၊ ပိုက်ဆံ ကြေးငွေလေးအစ ဆိုသလို လူကြီးမိဘတွေ မသိရအောင် တိတ်တဆိတ် လာပေးလာတယ်။

သူ့အနေနဲ့ကလည်း ကျုပ်အမေမှာ ဖြစ်နေတာ ဘာရောဂါ ဝေဒနာ ရယ်လို့ သိလို့တော့ မဟုတ်ရှာပါဘူး။ ကျုပ်တို့ သားအမိအပေါ် သနားစိတ် ထားပြီး အခုလို လာပေးတာပါ။ ကျုပ်ဟာတော့ အမေ့ ဝေဒနာကြောင့် လူမမာအနားမှာ ရေတောင်းရင် ရေပေးရ၊ အပေါ့အပါး သွား

ချင်တယ်ဆိုရင် ထုတ္တဲပို့ရ၊ အိမ်မှုရေးရာဖြစ်တဲ့ ကျုပ်ရဲ့ "ကျွန်" တာဝန်တွေကိုလည်း မလစ်ဟင်းအောင် လုပ်ရကိုင်ရနဲ့ ဗျာများခဲ့ရတယ်ပေါ့ဗျာ။

သူကြီး ဦးရွှေကြူးဟာ ကျုပ်အမေ အိပ်ရာထဲမှာ ပက်လက်ကလေးဖြစ်တဲ့ အချိန်ကစပြီး ကျုပ်တို့ရဲ့ အခန်းကလေးထဲကို မလာတော့ပါဘူး။ ငါးရက် တစ်ခါ၊ ဆယ်ရက် တစ်ခေါက် ဆိုသလိုသာ အခန်းပေါက်ဝက ခေါင်းပြူပြီး 'ဟော့... ဘယ့်နှယ့်နေသေးလဲကွ' လို့ မေးရုံလောက်ပါပဲ။

အဲဒီလို ဖြစ်နေတဲ့ အချိန်မှာ ကျုပ်တို့ သားအမိ နှစ်ယောက်အတွက် အကူအညီရတဲ့ လူတွေကတော့ ဦးရွှေကြူးရဲ့ သူရင်းငှားကြီးတွေ ဖြစ်တဲ့ ကိုရွှေလှကြီးရယ်၊ ကိုကြက်ရိုးရယ်၊ ကိုဘိုးထော်ရယ်၊ သူကြီးသမီး ရွှေခင်ရယ်ပါပဲ။ အဲဒီ လူတွေထဲက ကိုဘိုးထော်ကတော့ ကျုပ်အမေကို သေတော့မယ့်ဆဲဆဲ တစ်လလောက် အလိုကျတော့ 'ဟေ့ ကောင်လေး၊ မင်းအမေကို ဒီတိုင်း ပစ်ထားလို့တော့ မဖြစ်ဘူးကွ၊ တို့ပဲ တတ်သရွေ့ မှတ်သရွေ့နဲ့ သူ့ကံ ကိုယ့်ကံလို့ သဘောထားပြီး ကုပေးမယ်။ မင်း သဘောတူရဲ့လား' ဆိုတော့ ပါးစပ်ကတော့ ဘာမှ မပြောတော့ဘူး။ ခေါင်းဆတ်ပြီးတော့သာ သဘောတူကြောင်း ပြောလိုက်ရတယ်။

ကိုဘိုးထော် ဆိုတာကလည်းဗျာ ဆေးကုစားနေတဲ့ ဆရာမှ မဟုတ်ပါပဲ။ သူကြီးအိမ်မှာ သူရင်းငှား လုပ်နေရတဲ့ လူဆိုတော့ ရွာဦးကျောင်းက ဘုန်းတော်ကြီးထံမှာ အဖြစ်အပျက်ကို လျှောက်ထားပြီး၊ ဆေးကလေး ဝါးကလေးများ တောင်းပြီး တစ်ဆင့် ပြန်ကုပေးရတာပေါ့။ သူ့ခမျာ ဒီလိုသာ ကုသပေးရပါတယ်။ သူကြီးနဲ့ သူကြီးကတော်တို့ မသိအောင် တိတ်တဆိတ်နဲ့ ခိုးကြောင်ခိုးဝှက် ကုပေးရတာဗျ။

ဒီလိုနဲ့သာ တစ်နေ့ဝင် တစ်နေ့ထွက်နဲ့ နာကောင်ပက်လက် ဖြစ်နေတဲ့ လူနာကို စိတ်မချမ်းမသာ ကြည့်နေခဲ့ရပြီး တစ်ခုသော ည မှာတော့ ကျုပ်အမေဟာ အမောဆိုက်တဲ့ အဖြစ်ကို ရောက်ခဲ့ပါတယ်။

ဒီအချိန်က ဆိုရင် အခန်းကလေးထဲမှာ ကျုပ်အမေနဲ့ ကျုပ်က လွဲပြီး ဘယ်သူမှ မရှိပါဘူး။ မှိတ်တုတ်မှိတ်တုတ်နဲ့ မီးခွက်အလင်းရောင် နည်းပါးလှတဲ့ အခန်းကလေးထဲမှာ ကျုပ်ဟာ အမေ့အနား ထိုင်ရင်းက အမေရဲ့ မျက်နှာကိုပဲ စိုက်ကြည့်နေမိတယ်။

အမေဟာ ဒီအချိန်မှာ အသံတောင် ကောင်းကောင်း မထွက်တော့ ပါဘူး။ အမေ့ အသက်ရှူမှုဟာလည်း အတော်ကြီး ကျဉ်းကျဉ်းကျပ်ကျပ် နဲ့ တစ်စ တစ်စ လေးလေးလာတယ်ဆိုတာ ကျုပ် သတိပြုလိုက်မိတယ်။ အချိန်ကလည်း ညဉ့်နက်လှပြီ။ သန်းခေါင်ကြက်များပဲ တွန်းပြီးခဲ့တာ အတော်ကြီး ကြာခဲ့ပြီပေါ့။

ကျုပ်ကတော့ အမေဟာ လူ့ပြည် လူ့ဘဝမှာ နေရတော့မှာ မဟုတ်တော့ဘူးဆိုတာ နားလည်လိုက်ပါပြီ။ ကိုရွှေလှကြီးတို့၊ ကိုဘိုးထော် တို့၊ ကိုကြက်ရိုးတို့တစ်တွေဟာ အိမ်ရှေ့က ကပြင်ပေါ်မှာ အိပ်မော ကျနေကြလိမ့်မယ်။ ကျုပ် သွားပြီး နှိုးဦးမလို့ပဲ။ ဒါပေမဲ့ နောက်တော့ ကျုပ်က စဉ်းစားမိတယ်။ မထူးတော့ပါဘူးလေ၊ ခများများဟာ တစ်နေ့ လုံး ပင်ပန်းထားလို့ အိပ်ပျော်နေကြတဲ့အခါ မနှိုးတော့ပါဘူးလို့ ကျုပ် တစ်ယောက်တည်းပဲ ဖွတ်ပေထိုင်နေမိပါတယ်။ နောက်တစ်ခုလည်း ကျုပ် က စဉ်းစားမိတယ်။ အဲဒါလောက်တောင် ဘဝအကျိုးပေး နုံချာလှတဲ့ ကျုပ်အမေရဲ့ အသက်ထွက်လုဆဲဆဲ အဖြစ်ကို ဘယ်သူ့ကိုမှ မတွေ့စေ ခြင်းဟာ အကောင်းဆုံးပဲလို့။

ဒီလိုနဲ့သာ ကျုပ် အမေဟာ တစ်စထက် တစ်စ အသက်ရှူ လေးလေးလာရာက နောက်ဆုံးမှာ မေးကလေး တစ်ချက်သာ ထိုးပြီး အသက်ရှူ ရပ်သွားတော့တာပါပဲ။ တစ်ခန်းလုံးဟာလည်း တိတ်ဆိတ်နေသမှ အပ်ကျသံတောင် ကြားလောက်ပါရဲ့။ ကျုပ်ဟာ အမေ့ အလောင်းကို ဖက်ပြီး ကျုပ် မျက်လုံးအိမ်ထဲက မျက်ရည်ပေါက်တွေကို အမေ့ ပါးပေါ်ကို အဆက်မပြတ် သွန်ချရင်းက အံကြိတ်ပြီး ထားလိုက်မိတယ်။ ခပ်စောစောက မှိတ်တုတ် မှိတ်တုတ် လင်းနေတဲ့ ရေနံမီးခွက်ဟာ ရေနံကုန်ပြီး ငြိမ်းသွားလို့ တစ်ခန်းလုံးဟာ မှောင်အတိ ကျသွားပါတယ်။

ကျုပ်ရဲ့ လူ့ဘဝ တိုက်ပွဲမှတ်တိုင်ဟာ အဲဒီအချိန်မှာပဲ စိုက်ထူခဲ့ရပြီပေါ့။ ဟုတ်တယ်လေ၊ လူ့လောကထဲမှာ ကျုပ်ဟာ တစ်ယောက်တည်း တစ်ကောင်ကြွက် ဖြစ်ခဲ့ပြီပေါ့။ ကျုပ်ရဲ့ ဆွေစဉ်မျိုးဆက် ဆိုတာလည်း ဒီအချိန် ဒီနေ့ ဒီရက်ကပဲ ပြတ်တောက်ခဲ့ပြီပေါ့။

ကျုပ်အမေရဲ့ မျက်နှာပန်းမလှတဲ့ အသုဘကိုတော့ နံနက်လင်းမှ တစ်အိမ်လုံး သိကြတော့တယ်။ အဖြစ်ကတော့ ဆိုးလှသပေါ့ဗျာ။ ကျုပ်ကို မွေးထုတ်တဲ့ အမေ တစ်ယောက်လုံး သေဆုံးသွားလို့မှ အကြောင်းရယ် အကျိုးရယ် အားကိုးအားထားအဖြစ်နဲ့ ပြောဖို့က ဘယ်ဆွေမျိုး ဘယ်ဉာတိမှ အရိပ်ကြည့်လို့ အကောင် မထင်ခဲ့ဘူး။

လူ့လောကမှာ ကျုပ်လို အဲဒီအချိန်က အားကိုးရာ အားကိုး ကြောင်း ကင်းမဲ့နေတဲ့ လူတစ်ယောက်ရဲ့ အသက်ရှင် နေထိုင်ရေးနဲ့ ဘဝလုံခြုံရေးကို ဘယ်သူတွေက အာမခံချက် ပေးမှာလဲဗျာ။ ဒီနေရာမှာ ကျုပ်အနေနဲ့က သူကြီး ဦးရွှေကြူးကိုပဲ ရှေ့ဆက်ပြီး အားကိုးရမှာလား၊ ဒါမှမဟုတ် သူကြီး ဦးရွှေကြူးထက် အဆင့်အတန်းမြင့်တဲ့ အစိုးရ ဆိုသူ

တွေကိုပဲ အားကိုးရမှာလား၊ ဘယ်သူ့ကို အားကိုးရမှာလဲ။ အဲဒါကိုလည်း ဒီက မိတ်ဆွေတွေ တွေးကြည့်ကြစမ်းပါဦး။

တိုင်းပြည်ကို အုပ်ချုပ်ပြီး မင်း လုပ်နေတဲ့ အစိုးရဆိုတာ ပြည်သူလူထုရဲ့ ဘဝ လုံခြုံရေး၊ ပြည်သူလူထုရဲ့ အသက်ရှင် နေထိုင်နိုင်ရေး၊ ပြည်သူလူထုရဲ့ ဘဝ သာယာရေးဆိုတာ သူတို့အနေနဲ့ကလည်း တာဝန်မကင်းဘူးလို့ ကျုပ်က ဆိုချင်ပါရဲ့။ ဒါပေမဲ့ အဲ... ဟိုအချိန်တုန်းကတော့ ကျုပ်က ဒီအထိ မတွေးတော မစဉ်းစားမိသေးပါဘူး။ အတန်ကလေး အသက်အရွယ် ရှိလာလို့ ကျွန် သံသရာအမျိုးမျိုး လည်ခဲ့ပြီးမှသာ ကျုပ်ဟာ ဒီအတွေးတွေကို တွေးမိတာပါ။

ကဲ... ကဲ ကျုပ်အမေရဲ့ အသုဘကိုလည်း ကြည့်ကြပါဦးဗျာ။ တကတဲ မိုးလင်းလို့ သူကြီး ဦးရွှေကြူးနဲ့ သူကြီးကတော် သိကြတယ်ဆိုရင်ပဲ အိမ်က သူရင်းငှားတွေကို ချက်ချင်းပဲ အမိန့်ပေးပြီး ကျုပ်အမေရဲ့ ရုပ်အလောင်းကို စီမံ စိုင်းပြင်းကြတာပါပဲ။

သူကြီး ဦးရွှေကြူးရဲ့ အိမ်ခေါင်ရင်း သစ်ပုံထဲက သစ်တို သစ်စလေးငါးပြားဟာ ကျုပ်အမေ အသုဘခေါင်းအဖြစ်နဲ့ အမြန်ဆုံး စပ်ခိုင်းပြီး၊ အိမ်ရှေ့က သရက်ပင်ပေါ် နွယ်တက်နေတဲ့ နွယ်ကြိုး သုံးလေးပင်ကို သွားဖြတ်ပြီး ခေါင်းကို နွယ်ကြိုးနဲ့ ပတ်ကြပြီးတဲ့နောက် ဝါးပိုးလုံးတစ်လုံး လျှိုသွင်းကြတယ်။

ကျုပ်အမေရဲ့ အဖြစ်ဆိုးပုံကို ကျုပ်က ဘယ်လိုများ ပြောနိုင်မှာလဲဗျာ။ အသက်ရှင်ပြီး နပျို လုပ်ရှားတုန်းက ကျုပ်အမေရဲ့ ကိုယ်ခန္ဓာကို အသုံးကျတယ်လို့ ထင်ခဲ့တဲ့ ဦးရွှေကြူးဟာ ခုတော့ အိမ်အပြင်တောင် ထွက်မကြည့်တော့ပါဘူး။

နောက်တော့ မကြာပါဘူး။ ကျုပ်အမေရဲ့ အလောင်းကို လျှို ထားတဲ့ ဝါးပိုးလုံးကနေပြီး ကိုရွှေလှကြီးနှင့် ကိုကြက်ရိုးတို့ဟာ ရှေ့က တစ်ယောက်၊ နောက်က တစ်ယောက် ထမ်းလို့ သင်္ချိုင်းကုန်းရှိရာကို သွားကြဖို့ စီမံကြတယ်။

ကိုကြက်ရိုးဟာ အလောင်းထမ်းရာက ကျုပ်ကို လှည့်ကြည့်ပြီး ကောင်ကလေး၊ အဲ ဟို သရက်ပင်အောက်က ပေါက်တူးကို ယူပြီး လိုက်ခဲ့၊ သွားကြစို့။ အကြာကြီး အချိန်ဆွဲမနေကြနဲ့လို့ သူကြီးမင်းက ပြောတယ်လို့ လှမ်းပြောလိုက်ပြီး သူတို့နှစ်ယောက်ဟာ သင်္ချိုင်းကုန်း ရှိရာကို သွားကြတော့ ကျုပ်လည်း ကမန်းကတန်းပဲ သစ်ပင်ခြေရင်းက ထောင်ထားတဲ့ ပေါက်တူးကို ပြေးယူပြီး သူတို့နောက်ကို လိုက်ခဲ့ရတယ်။

မိုးလင်းနေပေမယ့် အချိန်ဟာ အတော်ပဲ စောသေးတယ်။ ဝေလီ ဝေလင်း အချိန်ပဲ ဆိုကြပါစို့။ ရွာထဲက လူတွေဟာ အိပ်ရာက မထတဲ့ လူလည်း မထသေးပါဘူး။ တချို့ဟာ အိပ်ရာက ထ စ ရှိဦးမယ်။ တချို့ က အိမ်ပေါက်ဝကနေပြီး ကိုကြက်ရိုးနဲ့ ကိုရွှေလှကြီးကို လှမ်းမေးကြ တယ်။ ဟဲ့... ဘယ်သူလဲတဲ့၊ ဘယ်လိုဖြစ် သေတာလဲဟဲ့နဲ့ပေါ့ဗျာ။ ဒါပေမဲ့ ကိုရွှေလှကြီးနဲ့ ကိုကြက်ရိုးတို့ဟာ အလေးအပင် ထမ်းထားရတဲ့အတွက် မပြောနိုင်ကြပါဘူး။ ကျုပ်ကသာ ကျုပ်အမေဗျ၊ ကျုပ်အမေ၊ မမာနေတာ အခုတော့ သေပြီလေလို့ ပြန်ပြီး ပြောရပါတယ်။

မကြာခင်ပဲ ကျုပ်တို့ဟာ ရွာကို လွန်ခဲ့ပြီး သုသာန်တစပြင်ကို တဖြည်းဖြည်း နီးလာခဲ့ပါတယ်။ မနက်စောစော အချိန်ရဲ့ ကျေးငှက် သာရကာတွေဟာ သစ်ပင်ထက်က အော်ဟစ် မြူးထူးကြတာဖြင့် စီစီကို ညံနေတာပါပဲ။ မနက်ခင်း အချိန်ရဲ့ လေညင်းကလေးတွေဟာလည်း

တသုန်သုန် တဖြူးဖြူးနဲ့ ကျုပ် မျက်နှာပြင်ကို ဝင်ရောက်လို့ တိုးဝှေ့နေပါတယ်။

ကျုပ်လေ… ကျုပ်… ကျုပ်… ကျုပ်ရဲ့ အသည်းနှလုံးတွေဟာ အဲဒီအချိန်မှာတုန်းကဖြင့် တဖျပ်ဖျပ် လှုပ်ရှားပြီး ပြုတ်ကျတော့မှာလားလို့ ထင်မိပါရဲ့။ အမေ… အမေ… အမေလို့လည်း ကျုပ် ပါးစပ်က မရပ်မနား ခေါ်မိပါတယ်။ အဲဒီအချိန်နဲ့ အဲဒီ အဖြစ်ကိုတော့ ကျုပ် တစ်သက်မှာ ဘယ်တော့မှ မေ့ပျောက်ပစ်လို့ရမှာ မဟုတ်တော့ပါဘူးဗျာ။

ဒီလိုနဲ့ ကျုပ်အမေရဲ့ အလောင်းဟာ ကိုရွှေလှကြီး၊ ကိုကြက်ရိုး၊ ကျုပ်တို့ သုံးဦးသားနဲ့ပဲ သင်္ချိုင်းကုန်းကို ရောက်ခဲ့ရတာပါပဲ။ ကိုရွှေလှကြီးနဲ့ ကိုကြက်ရိုးတို့ နှစ်ယောက်ဟာဖြင့် အလောင်းကို ထမ်းလာရတဲ့အတွက် အတော်ပဲ မောနေကြပါတယ်။ သူတို့လည်း အခေါင်းကို ပခုံးပေါ်က ချပြီးတော့ ကိုရွှေလှကြီးက ကျုပ်ကို လှမ်းပြောတယ်။ ဟေ့ ကောင်လေး အဲဒီနေရာမှာ ကျင်းပေါက်ပေတော့။ အင်း… မင်းအမေအတွက် ဒါဟာ မင်းရဲ့ နောက်ဆုံး ပြုစုရခြင်းပေါ့ကွာ။ ဘုန်းကြီးလေး တစ်ပါးတလေတောင်မှလည်း မပါဘူးပေါ့လေ။

ကိုရွှေလှကြီးက အဲဒီ စကားကို ပြောရင်းက ညည်းလည်း ညည်းသေးတယ်ဗျ။ ကျုပ်ကဖြင့် ကိုရွှေလှကြီး ညည်းတော့မှ သတိရမိတယ်။ ဟုတ်ပါရဲ့၊ ငါ့အမေ သေတာမှာ ဘုန်းကြီး တစ်ပါးနဲ့တောင် သရဏဂုံ မတင်ရပါပဲကလားလို့။

မကြာခင်ပဲ ကျုပ်ဟာ အမေ့ အလောင်းကို မြှုပ်ဖို့ မြေကြီးကို ပေါက်တူးနဲ့ ပေါက်ရပါတယ်။ ဒါပေမဲ့ ကျုပ်တစ်ယောက်တည်း ပေါက်နေလို့ မပြီးတဲ့အတွက် ကိုကြက်ရိုး၊ ကိုရွှေလှကြီးတို့ပါ ကူပေါက်ပေးကြ

လို့ အတော်ကလေး ကြာတော့ ကျင်းတူးတဲ့ ကိစ္စဟာ ပြီးစီးသွားပါတယ်။ အဲဒီတော့မှပဲ ကိုရွှေလှကြီးနဲ့ ကိုကြက်ရိုးတို့ဟာ အမေ့ အလောင်းကို မြေကျင်းထဲ ချကြတယ်။ နောက်တော့ ကိုကြက်ရိုးက ပေါက်တူးကိုင်ပြီး အမေ့အလောင်းကို မြေကြီးဖို့မယ့် ဆဲဆဲမှာ–

'ကဲ… ကောင်လေး မင်းအမေကို ကန်တော့ပေတော့' ဆိုလို့ ကျုပ်လည်း အမေ့ အလောင်း ခြေရင်း မြေပြင်ပေါ်မှာ ဆောင့်ကြောင့် ထိုင်ချလိုက်ပြီး အမေ့ကို နောက်ဆုံးအနေနဲ့ ကန်တော့လိုက်ပါတယ်။

## သူကြီးမင်း လိမ်ပြန်ပြီ

ဒီလိုနဲ့သာ ကျုပ်အမေဟာ လူ့လောကကြီးနဲ့ ကျုပ်ကို ခွဲခွာသွားခဲ့တာ ဟာဖြင့် ရက်တွေ လတွေ နှစ်တွေ တဖြည်းဖြည်း ကုန်ဆုံးခဲ့လို့ အချိန်ကာလတွေ အတော်ကြီး ကြာညောင်းခဲ့ပြီပေါ့။ အမေ သေဆုံးပြီးတဲ့နောက်ပိုင်းမှာလည်း ကျုပ်ဟာ သူကြီး ဦးရွှေကြူးရဲ့ အိမ်ထက်မှာသာ ထမင်းစား ကျွန်ခံ ဘဝနဲ့ မှီခိုကပ်ရပ်ပြီး နေရမြဲပါပဲ။ အခုဆိုရင် ကျုပ်အသက်ဟာ ဆယ့်ခုနစ်နှစ် ကျော်လို့ ဆယ့်ရှစ်နှစ်ထဲတောင် ရောက်ခဲ့ပါပြီ။ အိမ်မှာ ယခင်တုန်းက လူငှား လုပ်နေကြတဲ့ ကိုရွှေလှကြီးတို့၊ ကိုဘိုးထော်တို့၊ ကိုကြက်ရိုးတို့ သုံးယောက်ရှိတဲ့အနက်ကတောင် ကိုရွှေလှကြီးနဲ့ ကိုဘိုးထော်တို့ဟာ အခုတော့ မရှိကြတော့ဘူးဗျ။ တခြား တစ်ရွာကို ပြောင်းသွားကြလို့ အခုဖြင့် ကိုကြက်ရိုး တစ်ယောက်နဲ့ တခြား လူငှားတစ်ယောက်သာ အိမ်မှာ ရှိကြတော့တယ်။

သူကြီး ဦးရွှေကြူးနဲ့ သူကြီးကတော်တို့ဟာ အရင်အထက်ကျော်ကာလတုန်းက အိမ်မှာ လူငှား သုံးယောက် အမြဲတမ်း ငှားကြပေမယ့်

အခုတော့ ကိုကြက်ရိုးနဲ့ တခြား တစ်ယောက်ကိုသာ ငှားပြီး လိုနေတဲ့ လူငှားတစ်ယောက်အတွက်ကိုတော့ ကျုပ်ကိုပဲ အစားထည့်ထားကြတယ်။

ကျုပ်ဟာ နေ့စဉ်နှင့်အမျှ ဆိုသလို အလုပ်နဲ့လက် ပြတ်ရတယ်ပဲ မရှိပါဘူးဗျာ။ အလုပ်ကလည်း များသမှ အလွန့် အလွန်ပါပဲ။ ဒီလို အလုပ်နဲ့လက် မပြတ်တမ်း ဂျင်ခြေလည်အောင် လုပ်ရလွန်းလို့ ကျုပ်အဖို့ ဆိုတာဟာ ဘယ်နေရာ ဘယ်ဌာနကိုမှ သွားရတယ်၊ ရောက်ရတယ် မရှိခဲ့ပါဘူး။

ကျုပ်တို့ ရွာကလေးဟာ လယ်သမား ကိုင်းသမားတွေ နေကြ ထိုင်ကြတဲ့ရွာ ဆိုပေမယ့် အလှူဒါနပြုကြတဲ့ နေရာမှာ ရက်ရောလှလွန်း လို့ ဘုရားပွဲ လမ်းပွဲဆိုတာ နှစ်စဉ် နှစ်တိုင်းပဲ ရှိခဲ့ပါရဲ့။ ဒါပေမဲ့ ဒီလို ဘုရားပွဲပဲဟဲ့၊ ကျောင်းပွဲပဲဟဲ့ ဆိုတဲ့ ပျော်ပါးမှုတွေဟာ ကျုပ်အတွက် မဟုတ်ပါဘူးဗျာ။

ကျုပ်အနေနဲ့ကလည်း ဒီလို ပျော်မှုရွှင်မှုတွေကို အာရုံစိုက်မှု မရှိခဲ့ပါဘူး။ ကျုပ်အနေနဲ့က ဘုရားပွဲ ကျောင်းပွဲကို သွားလာနိုင်ရေးထက် သူကြီးမင်းနဲ့ သူကြီးကတော်တို့ ကျေနပ် သဘောကျလောက်အောင် အိမ်က ရှိတဲ့ အလုပ်ဝတ္တရားတွေကို မနားတမ်း လုပ်နေရတာကိုပဲ နှစ်သိမ့် မိပါတယ်။

နောက်ပြီးတော့ ကျုပ်ဟာ အခုဆိုရင် အရင်ကနဲ့ မတူတော့ဘူး ပေါ့ဗျာ။ အလုပ်ကို ကြိုးစားလုပ်ချင်တယ်။ သူကြီးမင်းနဲ့ သူကြီးကတော် ရဲ့ မျက်နှာသာ ပေးတာကို ခံချင်တယ်။ ဘယ်လိုပဲ နေရနေရ၊ မောင်သာလှ က သိပ်အလုပ်ကြိုးစားလှသကိုးကွ လို့ သူကြီး ဦးရွှေကြူးနဲ့ သူကြီး ကတော်ရဲ့ ချီးကျူးမှုကို အလွန်ပဲ ခံချင်လှတာပေါ့ဗျာ။

ကျုပ်ဖြင့် အခုလို သူကြီး ဦးရွှေကြူးရဲ့ အိမ်ထက်မှာ ငါးနှစ်ကျော် ခြောက်နှစ်အထိ နေမြဲတိုင်း နေနိုင်ခဲ့တာကိုပဲ ကျုပ်ကိုယ်ကျုပ် ကျေနပ်မိတယ်ဗျ။ နောင်အခါများတော့ အခုထက် ပိုပြီး ကျုပ်ဟာ ဒီအိမ်ပေါ်မှာ ဆက်လက်ပြီး နေထိုင်သွားနိုင်ရုံမကဘဲ ခုထက်တိုးပြီး သူကြီး ဦးရွှေကြူးနဲ့ သူကြီးကတော်တို့ရဲ့ အားကိုးအားထားမှုကို ခံရမှာပဲလို့ ကျုပ် ထင်ထားတယ်ပေါ့။

ကျုပ်ဟာ မျှော်လင့်ချက် တစ်ခုတော့ ရှိနေပြီပေါ့ဗျာ။ ကျုပ်နဲ့ သက်တူရွယ်တူဖြစ်တဲ့ ရွှေခင်ဟာ ဆိုရင်လည်း ခုတော့ တကယ့်ကို လုံးကြီးပေါက်လှနဲ့ ချစ်စရာကြီးပေါ့။ နောက်ပြီးတော့ ရွှေခင်ဟာ ကျုပ်အပေါ်မှာ သက်ညှာတဲ့ အမူအရာမျိုးတွေနဲ့ တစ်စစ ရင်းနှီးမှု ရှိလာခဲ့တယ်။

ဒါကြောင့်လည်း ကျုပ်က တစ်နေ့တုန်းကတော့ လယ်ထဲက ပြန်တက်အလာမှာ အခွင့်အရေးသာတုန်း ဖြုန်းဆို ရွှေခင်ကို သွေးတိုးစမ်းလိုက်မိတယ်။

ရွှေခင်ရယ်၊ နင့်ကြည့်ရတာ တစ်နေ့တခြားပဲ လှလှလာတာကိုးတဲ့။ ငါ့မျက်စိထဲမှာ နင်ဟာတော့ မိုးပေါ်က ကျလာတဲ့ နတ်သမီးလေးလား လို့တောင် ထင်မိပါရဲ့လို့ ကျုပ်က ပြောလိုက်တော့။

ရွှေခင်ဟာ ကျုပ်ကို သွားတက်ကလေးတွေ ပေါ်အောင် ပြုံးရင်းက ဒါလောက်တောင်လည်း မမြှောက်ပါနဲ့ ကိုသာလှရယ်၊ ကိုသာလှက ဒါလောက်မြှောက်တော့ ရွှေခင့် ခြေထောက်ဟာ မြေကြီးနဲ့ မထိဘဲ နေပါ့မယ်လို့ ပြန်ပြောတယ်ဗျ။

ကျုပ်ကတော့ ရွှေခင်ကို မြှောက်ပြော၊ ပင့်ပြောတာ မဟုတ်ပါ

ဘူး။ တကယ်ဆိုမှ တကယ်ပါပဲ။ ရွှေခင်ဟာ ကျုပ် မျက်စိထဲမှာတော့ မိုးပေါ်က ဘုံကြိုးပြတ်ကျလာတဲ့ နတ်သမီးလေးလို့ ထင်ပါတယ်။ ရွှေခင်ရဲ့ သွားပုံလာပုံ၊ ဝတ်စားပုံတွေ၊ ပြောပုံ ဆိုပုံတွေဟာဖြင့် ကျုပ် အသည်းနှလုံးကို သိမ်းကျုံးပြီး ရစ်ပတ်ထားသလိုပါပဲ။ ဒါကြောင့်လည်း နေရာခပ်သိမ်း၊ အစစ ခပ်သိမ်းမှာ ကျုပ်ဟာ အမြဲတမ်းလိုပဲ ပျော်မြူး ရွှင်ပျပြီး စိတ်နှလုံး တက်ကြွနေတော့တာပေါ့ဗျာ။

ကျုပ်က စကားကို အဆုံးမသတ်ပါဘူး။ အခွင့်ရတုန်း အချိန်မှာ ထိုက်သလောက်တော့ ပြောမှပဲ ဆိုပြီး ကျုပ် ပခုံးပေါ်မှာ ထမ်းထားရတဲ့ နွားစာ ကောက်ရိုးထုံးကို မြေကြီးပေါ် ပစ်ချလိုက်ပြီး ရွှေခင်ကို စကားဆက်လိုက်တယ်။

ရွှေခင်ကိုတော့ ကိုသာလှ မျက်စိထဲမှာ ကြည့်လို့ကို မဝနိုင်ဘူး။

ဟင်... ကိုသာလှက ညာလိုက်တာ။ ဒီစကားမျိုးတော့ ရွှေခင် မယုံပါဘူးလို့ ခပ်ပြုံးပြုံး ပြန်ပြောရင်းက သူ့လက်ထဲမှာရှိတဲ့ သစ်ကိုင်းခြောက်ကလေးကို လက်နှစ်ဖက်နဲ့ တဆတ်ဆတ် ချိုးနေတယ်။

ကျုပ်ဟာ ရွှေခင်ကို ဒီစကား စ ပြောတုန်းကတော့ ကျုပ်ကိုပဲ ဆူဟယ် ပူဟယ် လုပ်မလား၊ ကြိမ်းဟယ် မောင်းဟယ် လုပ်မလားလို့ စိတ်ထဲမှာ တဒိတ်ဒိတ် တွေးကြောက်မိပေမယ့် အခုလို ကျုပ်အနားက မခွာဘဲ လိုက်လိုက်ရောရော ရှိနေတဲ့ အမူအရာကို မြင်ရတော့ အားတက်မိတယ်ပေါ့။ ဒါကြောင့်လည်း ကျုပ်ဟာ အစွမ်းအစရှိသမျှ အရဲစွန့်ပြီး ရွှေခင်ကို စကားတစ်ခွန်း ထပ်ပြောလိုက်တယ်။

ရွှေခင်ကို ကိုသာလှ သိပ်ချစ်တာပဲလို့။

ရွှေခင်က ဒီတော့ ဘာပြန်ပြောတယ်မှတ်လဲ။ အို... အဲ ဒီအချိန်

တုန်းက ရွှေခင် ပြောတဲ့ စကားတစ်ခွန်းကိုတော့ အခုအထိ ကျုပ် နားထဲက မထွက်ပါဘူးဗျာ။

ရွှေခင်ကလည်း မောင်ကြီးကို ချစ်ပါတယ်တဲ့။ ဒါပေတဲ့ မောင်ကြီး ရွှေခင်ကို ချစ်ရင် အဘတို့ အမေတို့ သဘောကျအောင် လုပ်ပေါ့လို့ နောက်ထပ် စကားတစ်ခါ ဆက်ပြောပြီး အိမ်ဘက်ကို ခပ်သွက်သွက် ထွက်သွားတယ်။

အဲဒီလို ရွှေခင်ကို ချစ်တဲ့ အကြောင်းတွေကြောင့် ကျုပ်ဟာ အလုပ်ကို အမြဲ ကြိုးစားလုပ်ခဲ့တယ်။ ရွှေခင်... ရွှေခင်၊ ကျုပ် မျက်စိထဲမှာ အမြဲတမ်းလို တရစ်ဝဲဝဲနဲ့ အသည်းစွဲအောင် ချစ်နေတဲ့ ရွှေခင်လေ။

လယ်လုပ်ခွင်မှာလည်း ကျုပ်ဟာ ရွှေခင်ကိုသာ မျက်စိထဲမှာ တရစ်ဝဲဝဲ မြင်နေသလို၊ နွားစာ ရိတ်ရတဲ့အခါတို့၊ ကောက်ရိုးစဉ်းရတဲ့ အခါတို့မှာလည်း ကျုပ်ရဲ့ မျက်စိထဲမှာ ရွှေခင်ကိုသာ ထပ်တလဲလဲ မြင်ယောင်နေတော့တာပဲ။ ကျုပ်က သူ့အပေါ်မှာ အချစ် မေတ္တာတွေ အနန္တနဲ့ မိုးမဆုံး မြေမဆုံး ချစ်နေသလို၊ သူဟာလည်း ကျုပ်အပေါ်မှာ မေတ္တာစိတ် ထားရှာပါတယ်။ ဒါပေမဲ့ ကျုပ်တို့နှစ်ဦးဟာတော့ တစ်ဦးနဲ့ တစ်ဦး၊ တစ်ယောက်နဲ့ တစ်ယောက် အချစ်မေတ္တာတွေ ဖွဲ့နှောင်ရစ်ပတ်နေတယ် ဆိုတဲ့အကြောင်းကို ရွှေခင်ရဲ့ အဖေကော ရွှေခင်ရဲ့ အမေကော နည်းနည်းလေးမှ မသိရှိ မရိပ်မိကြရလေအောင် သိုသိုသိပ်သိပ်နဲ့ ဖုံးဖုံးဖိဖိ နေကြရပါတယ်။

အခုဆိုရင် ကျုပ်အဖို့ စိတ်ဓာတ်တွေ ရွှင်ပျပြီး တကယ့်ကို လန်းလန်းဆန်းဆန်း ဖြစ်နေတော့တာပါပဲ။ နေ့စဉ်နဲ့အမျှ နေထွက်က နေဝင်အထိ ကျုပ် လုပ်ရ ကိုင်ရတဲ့ အလုပ်တာဝန်တွေကို မောရမှန်း ပန်းရမှန်း မသိအောင် အားတက်သရော ဖြစ်မိတာပါပဲ။

## အသားညိုချော

လုံးကြီးပေါက်လုနဲ့ အသားညိုချော ချောနေတဲ့ ရွှေခင်ဟာ ကျုပ်ရဲ့ အမောပြေ အပန်းဖြေ ဆေးတစ်ခွက်ပေါ့ဗျာ။ ကျုပ်ဟာ လယ်လုပ်ချိန် ကျလို့ နွားနှစ်ကောင်နဲ့ ထွန်ရေး ငင်ရပြီးတဲ့နောက် လယ်လုပ်ခွင်က အချိန်ကုန်လို့ တက်လာတဲ့အခါများအထိ ရွှေခင်ကို မြင်လိုက်ရရင် နွားနဲ့ ကျွဲနဲ့ ဖက်ရှန်းထားရလည်း ကျုပ် ပင်ပန်းမှုဟာ အမောကို ပြေသွားတာပါပဲ။

ဘယ့်နှယ့် အမောမပြေဘဲ နေပါ့မလဲဗျာ။ ဖောင်းဖောင်းကြွကြွ ဖြစ်နေတဲ့ ရွှေခင်ရဲ့ ပါးအို့ကလေးတွေ၊ နက်မှောင်ပြီး တစ်ဆုပ်တစ်ခဲကြီး ဖြစ်နေတဲ့ ရွှေခင်ရဲ့ ဆံပင်တွေ၊ ဝိုင်းစက်ပြီး ကြည်လင်နေတဲ့ မျက်လုံးကလေးတွေဟာ ဘယ်အချိန် ဘယ်အခါမှာပဲကြည့်ကြည့် ကျုပ်ရဲ့ စိတ်နှလုံးကို ထာဝစဉ် ထာဝရ ရွှင်ပြုံးစေတာပါပဲ။

ဒီလိုအထဲကမှ သူဟာ မောမောပန်းပန်းနဲ့ ကျုပ် ပြန်လာတဲ့အခါများမှာ သူ့ သွားကလေးတွေကို မပေါ်တပေါ်ဖြစ်အောင် ပြုံးပြပြီး ဆီးကြို

လိုက်ပြီလား ဆိုမှဖြင့် ကျုပ်ရဲ့ နှလုံးသားထဲမှာ တကယ့်ကို အေးမြကြည်နူးသွားတာပါပဲ။

သူဟာ ကျုပ်အပေါ်မှာ သူကြီးသမီး တစ်ယောက်ဆိုတဲ့ အနေမျိုးနဲ့ ဘယ်တုန်းအခါကမှ မဆက်ဆံခဲ့ပါဘူး။ သူ့အမေ သူကြီးကတော်က အာပေါင်အာရင်းသန်သန်နဲ့ ဆက်ဆံမှု ဆိုးခဲ့သလောက် ကျုပ်အပေါ်မှာ ရွှေခင်ရဲ့ ဆက်ဆံမှုဟာ တကယ်ပဲ နူးညံ့ သိမ်မွေ့လှပါတယ်။

ဒါကြောင့်လည်း ကျုပ်က ကျုပ်ရဲ့ ပင်ပန်းမှုတွေ၊ အဆင်းရဲခံရမှုတွေ၊ အလုပ်ကို မနားမနေ ကြိုးစား လုပ်ကိုင်ရမှုတွေကို ဘယ်လိုမှ သဘောမထားဘဲ အကျေနပ်ကြီး ကျေနပ်နေတယ်ပေါ့။ ဒါကြောင့်လည်း ကျုပ်ဟာ ကျုပ် ချစ်သူရဲ့ စိတ်ချမ်းသာရေးနဲ့ အမြဲတမ်း ရွှင်ပျနေရေးလောက်ကိုပဲ လိုလိုလားလား ရှိခဲ့တယ်ပေါ့။

နောက်တော့လည်း ခင်ဗျားတို့ တစ်ခု စဉ်းစားကြည့်လေ။ အခုလိုမျှော်လင့်ချက် ရှိနေတဲ့ ကျုပ်လို လူတစ်ယောက်ဟာ လူ့လောကမှာတော့ နေသင့် နေထိုက်သေးတယ် မဟုတ်လားဗျာ။ ကျုပ်ဟာ ရွှေခင်ရဲ့ အချစ်မေတ္တာ တုံ့ပြန်မှုကို ခံယူရရှိထားသူ တစ်ယောက် ဖြစ်လေတော့ အခုနေအခါမှာ ဘယ်အထိ ဆင်းရဲ ပင်ပန်းနေနေ နောင်တစ်နေ့တော့ ငါ့အလိုပြည့်ရမှာပဲဆိုတဲ့ အတွေးနဲ့ အမြဲတမ်း နှစ်သိမ့်မှု ရှိနေနိုင်ခဲ့တာပေါ့။

အခု ကျုပ်နဲ့ ရွှေခင်ဟာ တစ်ယောက်အပေါ် တစ်ယောက် မေတ္တာစိတ်တွေ ဆက်စပ်နေကြပေမယ့် သူ့အဖေကော၊ သူ့အမေကော မသိရအောင်တော့ အတော်ကြီး ဂရုစိုက်ရတယ်ဗျ။ ဒါပေမဲ့ သူကြီးဦးရွှေကြူးရဲ့ အခုတလော ပြောပုံ ဆိုပုံ၊ ဆက်ဆံပုံတွေကတော့ ကျုပ်အဖို့ စဉ်းစားစရာ ဖြစ်လာခဲ့တယ်။

မောင်သာလှက အလုပ်တွေ တယ် ကြိုးစားတာကိုးကွ။ အေး... အေး ကြိုးစားပေါ့ကွာ။ ဒီလိုမှလည်း မင်းရဲ့ နောင်ရေးအတွက် စိတ်အေး ရမှာကိုးကွလို့ လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်လောက်ကပဲ ပြောသေးတယ်ဗျ။

အဲဒီအချိန်က ကျုပ်ဟာ အိမ်နောက်က နွားတဲကို ရှင်းပြီး နွားတဲရဲ့ တစ်ဖက်မှာ ပုံနေတဲ့ နွားချေးတွေကို တောင်းတစ်လုံးနဲ့ သယ်နေတဲ့ အခါပေါ့။

ဟုတ်တယ်ဗျာ၊ နွားတင်းကုပ်ရဲ့ တစ်ဖက်ဘေးမှာ အနှစ်နှစ် အလလက ပုံနေတဲ့ နွားချေးပုံကြီးဟာ ဟိုခြံထောင့် တစ်နေရာမှာ ပုံထားရင် ကောင်းမယ်ဗျ။ နို့မဟုတ်ရင် နွားတဲနားမှာ တော်တော်ကြာ ခြင်တွေ ယင်တွေ သိပ်များလာပြီး နွားတွေပါ အန္တရာယ်ဖြစ်မှာ စိုးရတယ်။

ကျုပ်တော့ သူကြီး ဦးရွှေကြူး ပြောနေတာကို နားထောင်မိပေမယ့် ကျုပ်ရဲ့ လုပ်ငန်းကိုတော့ ကျုပ် မရပ်နားပါဘူး။ ပုံနေတဲ့ နွားချေးတွေကိုသာ ပေါက်တူးနဲ့ ဆွ ပြီး အနားက တောင်းထဲကို ကျုံးမြဲတိုင်း ကျုံးထည့်နေတာပဲ။

ကဲ... ခဏတစ်ဖြုတ် နားဦးလကွယ်။ ကြာရှည် ဝါးရမယ့် သွားဟာ အရိုးကြည့်ရှောင် ဆိုသလို ကြာရှည် လုပ်ကိုင်ရမယ့် အလုပ်ဆိုတာ မှန်မှန်ပေါ့ကွယ့်။ ကဲ... ကဲ နားဦး နားဦး၊ အိမ်ထဲမှာ ငှက်ပျောသီးလေး များ ရှိပါလိမ့်မယ်။ မင့်း နမဆီ သွားတောင်းစားချည်ကွယ့်လို့ ထပ်ပြော တယ်ဗျ။

ကျုပ်ကလည်း သူ့ဩဇာကို မလွန်ဆန်ပါဘူး။ သူက ပြောလွန်း တော့ ကျုပ် လက်ထဲက ပေါက်တူးကို အသာ ဘေးထောင်ထားလိုက် တယ်။

နောက်တော့ ဦးရွှေကြူးဟာ အိမ်ဆီကို လှမ်းကြည့်လိုက်တယ်။ အခန့်သင့် ဆိုသလိုပါပဲ၊ အဲဒီအချိန်က ရွှေခင်ဟာ နောက်ဖေး ရေစင်မှာ ရပ်ပြီး သူ့အဖေနဲ့ ကျုပ်ကို လှမ်းကြည့်နေတော့ ဦးရွှေကြူးက သူ့သမီးကို လှမ်းပြီး ပြောလိုက်တယ်။

ဟဲ့… သမီး၊ မောင်သာလှကို ငှက်ပျောသီးလေးများ ကျွေးလိုက်ပါဦးကွယ်တဲ့။ နောက်တော့ ကျုပ်ဘက်ကို တစ်ခါ လှည့်ကြည့်ပြီး ကဲ… သွား… သွား အမောပြေ ငှက်ပျောသီးလေးများ စားချည်ဦးကွယ့်တဲ့။

နောက်ဖေး ရေစင်မှာ ရပ်နေတဲ့ ရွှေခင်ဟာ သူ့အဖေ မမြင်အောင် ကျုပ်ကို တစ်ချက် ပြုံးပြပြီး အိမ်ထဲကို ကမန်းကတန်း ဝင်သွားတယ်။ ကျုပ်ကတော့ နောက်ဖေးပေါက်ကပဲ ရပ်စောင့်နေသပေါ့။ အိမ်ထဲကို ခပ်သုတ်သုတ်ဝင်သွားတဲ့ ရွှေခင်ရဲ့ နောက်ပိုင်းကို ကျုပ်ဟာ စူးစူးစိုက်စိုက်ပဲ ကြည့်လိုက်မိတယ်။ ဒီအချိန်က ရွှေခင်ဟာ အနီပေါ်မှာ အဖြူပွင့် ပန်းခက် လုံချည်ကို ဝတ်ပြီး ပိတ်ချောအဖြူ အင်္ကျီလက်ကျပ်ကို ဝတ်ထားတယ်။ နေ့လယ်ခင်း မတိုင်မီလောက်က ခေါင်းလျှော်ထားလို့ မခြောက်သေးတဲ့ သူ့ဆံပင်ကို ဖားလျားချထားတာဟာ သူ့နောက်ကျော တစ်ပြင်လုံးမှာ နက်မှောင်တဲ့ ဆံပင်တွေက တစ်ဆုပ် တစ်ခဲကြီး လွှမ်းခြုံနေသပေါ့။

ကျုပ်အဖို့တော့ ရွှေခင်ကို ဒီနေ့ ကြည့်ရတာ အခါတိုင်းထက် ကျက်သရေ ရှိလှသဗျာ။ ရွှေခင်… ရွှေခင် အင်မတန်ကို ချစ်စရာကောင်းလှတဲ့ ရွှေခင်ပါလားလို့ ကျုပ်စိတ်ထဲက အောက်မေ့မိတယ်။

မကြာခင်ပဲ ရွှေခင်ဟာ ငှက်ပျောသီး လေးငါးလုံးကို ကိုင်ပြီး အိမ်နောက်ကို ပြန်ထွက်လာတယ်။ သူဟာ ကျုပ်အနား ရောက်တော့

သူ့လက်ထဲ ပါလာတဲ့ ငှက်ပျောသီးကို ကျုပ်ကို လှမ်းပေးရင်းက မောသလား မောင်ကြီးလို့ ကျုပ်ကို ခပ်တိုးတိုး မေးလိုက်တယ်။

ကျုပ်လည်း သူ လှမ်းပေးတဲ့ ငှက်ပျောသီးကို ယူရင်းက မမောပါဘူးကွယ်လို့ သူ့လေသံအတိုင်းပဲ ပြန်ပြောလိုက်တယ်။

ဒီအချိန်က ကျုပ်ရဲ့ စိတ်ခံစားတွေဟာ တကကြွ လှုပ်ရှားပြီး ကျုပ် တစ်ကိုယ်လုံးမှာ ရှိတဲ့ သွေးကြောတွေဟာလည်း ပူတက်လာသလိုလို တဖိန်းဖိန်း တရှိန်းရှိန်း ဖြစ်လာသလိုပါပဲဗျာ။ ကျုပ် တစ်ကိုယ်လုံးက ပြန်ထွက်လာတဲ့ ချွေးတွေဟာလည်း တစ်ခဏချင်း ခြောက်ခန်းသွားသလားလို့ ထင်လိုက်မိပါရဲ့။

သည်လိုနဲ့ ကျုပ်ဟာ ရွှေခင် ပေးတဲ့ ငှက်ပျောသီးကို စားပြီးလို့ ရေတစ်ခွက် တောင်းသောက်ပြီး ကျုပ်ရဲ့ မပြီးပြတ်သေးတဲ့ လုပ်ခွင်ကို ပြန်ဝင်လာခဲ့တယ်။ အဲဒီအချိန်အထိလည်း သူကြီး ဦးရွှေကြူးဟာ မူလက နေရာကို ပြန်ရောက်လာတယ်။

ကျုပ်ဟာတော့ မပြီးပြတ်သေးတဲ့ ကျုပ် အလုပ်ကိုပဲ ဆက်လုပ်ဖို့ ပေါက်တူးကို ကောက်ကိုင်လိုက်တဲ့အခါမှာ ဦးရွှေကြူးက ကျုပ်ကို စကားတစ်ခွန်း ထပ်ပြောပြန်တယ်။

ကဲ... လုပ်လုပ်၊ မင်း အလုပ်ရှိတာကိုပဲ ဆက်လုပ်ပေါ့ကွာ။ အေး ဘာမဆို အခုလို မောင်သာလှက အလုပ်ကို လာဘ်မြင်ပြီးလုပ်တော့ နေရာတိုင်းမှာ မင်းကို ငါ မျက်နှာလွှဲရမှာပေါ့ကွ။ ဒီလိုမှလည်း အရှည်သဖြင့် ဖြစ်တော့မယ်ပေါ့။ နောင်ခါမှလည်း ဒီအတိုင်းသာ စိတ်ချသွားရမယ် ဆိုရင် မင်းဟာ ငါ မျက်နှာလွှဲနိုင်တဲ့ သားတစ်ယောက်ပေါ့ကွာလို့ ပြောပြီး ထွက်သွားတယ်ဗျ။

ကျုပ်ကတော့ ရွှေခင်နဲ့ ကျုပ်နဲ့ တစ်ယောက်ကို တစ်ယောက် ရည်ငံနေကြတာကို ရွှေခင့် အဖေဟာ အတော်အတန် ရိပ်မိသွားပြီလို့ ယူဆမိတယ်။ အခုလို သူ ပြောသွားတဲ့ စကား အသွားအလာကို စဉ်းစားလိုက်မိတော့ အင်း... ငါ့ကိုတော့ ရွှေခင့် အဖေဟာ သူ့သမီးနဲ့ ပေးစားဖို့ သဘောကျနေပါပြီ။ ဒါကြောင့်သာ ဒီစကားမျိုး ပြောတာ ဖြစ်ရမယ်လို့ တထစ်ချ တွေးလိုက်တာပေါ့ဗျာ။

ဘာပဲပြောနေနေလေ ကျုပ်ဟာ ခုဆိုရင်လည်း သူ အားကိုးလောက်တဲ့ လူတစ်ယောက်ပါ။ ကျုပ်ဟာ ကိုယ့်ကိုယ်ကို လူငှား တစ်ယောက် ဆိုတဲ့ သဘောမျိုး မထားဘဲနဲ့ ကိုယ်ပိုင် ကိုယ်ဆိုင် ကိုယ့်အကျိုး ကိုယ့်စီးပွားကို ကိုယ်တိုင်ကိုယ်ကျ လုပ်သလို အားတိုက်ခွန်စိုက် လုပ်တဲ့ အတွက် နှစ်စဉ်နဲ့အမျှကို ဦးရွှေကြူးရဲ့ လယ်က စပါးအထွက် ပိုလာတော့တာပါပဲ။

ဒီနှစ် ဆိုရင်လည်း ကျုပ်ဟာဖြင့် လယ်လုပ်ခွင်ကို နှစ်တိုင်းထက် ပိုပြီးတော့ ကြိုးစားပမ်းစား လုပ်ရဦးမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်လောက်တုန်းက သူကြီးကတော်က ကျုပ်ကို ခေါ်ပြောတယ်ဗျ။

မောင်သာလှရယ် ဒီနှစ်တော့ မင်း လယ်လုပ်ခွင်ကို ဖိဖိစီးစီး ကြိုးစားပြီး လုပ်လိုက်စမ်းပါဦးကွယ်။ စပါးဈေးကလေးများ အတော်အသင့် ကောင်းလာရင် မင်းနမ ရွှေခင့်အတွက် ခြေကျင်းကလေးများ တစ်ရန်လောက် ရိုက်ပေးချင်တယ်ကွယ့်။ မင်း နမကလည်း မင်းကိုတော့ အတော်ပဲ အားကိုးရှာပါတယ်လို့ ပြောသဗျ။

နောက်ပြီးတော့လည်း တစ်နေ့က ညဘက်မှာတော့ ရွှေခင်ဟာ ကျုပ်ကို ဒီအကြောင်း တစ်ခါ ထပ်ပြောသေးတယ်။ အဲဒီညတုန်းကတော့

သူကြီး ဦးရွှေကြူးကော သူကြီးကတော်ကော အိပ်နေကြတဲ့ အချိန်မှာ ရွှေခင်ဟာ ကျုပ် အိပ်တဲ့ အခန်းပြင်ဘက်ကနေပြီး တံခါးကို အသာ တွန်းဖွင့် ဝင်လာတယ်။ တံခါးမင်းတုပ်ကို ကျုပ်က ဘယ်တော့မှ ထိုး ထားတာမှ မဟုတ်ပါပဲ၊ သူ အလွယ်နဲ့ လာနိုင်တာပေါ့။ အမှန်ကတော့ ကျုပ်ရဲ့ ရည်ရွယ်ချက်က ဒီလို သူ လာနိုင် သွားနိုင်အောင် ဆိုတဲ့ ရည်ရွယ် ချက် မဟုတ်ပါဘူး။ ဆယ်ရေးတစ်ရေး ဆိုတာလို အရေးရယ် အကြောင်း ရယ် ရှိလာရင် မြန်မြန်ဆန်ဆန် ထွက်နိုင် ဝင်နိုင်အောင် ဆိုပြီး တံခါးကို မင်းတုပ် မထိုးဘဲ ထားတာပါ။ နောက်တစ်ခုကလည်း ကျုပ်ဟာ တစ်ည ကို သုံးလေးခေါက်ထက်မနည်း အပြင်ကို ထွက်ပြီး နွားတင်းကုပ်ထဲက နွားတွေကို ခြင်ပဲ ကိုက်သလား၊ အပြင်ပဲ ခုန်ထွက်ကုန်ကြသလား ဆိုတာ လည်း ကြည့်ရသေးတယ်ဗျ။

အိမ်အပြင်မှာ ကိုကြက်ရိုးနဲ့ လူငှားတစ်ယောက် အိပ်ကြတယ် ဆိုပေမယ့် နွားကိစ္စ၊ ကျွဲကိစ္စကိုတော့ သူတို့က သိပ်ဂရုမစိုက်ကြပါဘူး။ အိပ်ပြီလား ဆိုမှဖြင့် ဒီလူတွေဟာ အသေလိုပါပဲ။ ရွာထဲက လူတွေဟာ တော့ အလုည့်ကျနဲ့ သူကြီးအိမ်မှာ ကင်းလာစောင့်ပေးရတယ် ဆိုပေမယ့် သူတို့ကလည်း ခြံအပြင် ကင်းတဲကလေးပေါ်ကသာ စောင့်ရတော့ အိမ် နောက်ဘက်က နွားတင်းကုပ်ကို ဝင်မကြည့်နိုင်ဘူးပေါ့။

တံခါးက ကျွီခနဲဆို အသံမြည်ပြီး ကျုပ် အခန်းထဲကို ခြေဖျား ထောက် ဝင်လာတဲ့ အသံကို ကြားရတော့ ကျုပ်က စိတ်ယန မကောင်း တာနဲ့ ဘယ်သူလဲလို့ မတိုးမကျယ် မေးလိုက်မိတယ်။ ကျုပ်က ဒီအချိန် မှာ အိပ်လို့ မပျော်သေးပါဘူး။ နဖူးပေါ် လက်တင်ပြီး ရွှေခင်အကြောင်း ကိုပဲ စဉ်းစားနေတဲ့အခါပေါ့။

ရွှေခင်လေ မောင်ကြီးလို့ လေသံနဲ့ပဲ ရွှေခင်က ပြန်ပြောတယ်ဗျ။

ကျုပ်ဟာ သူ့အသံကို ကြားလိုက်တယ် ဆိုရင်ပဲ အိပ်ရာထဲက လူးလဲ ထလိုက်မိတယ်။ ဒီအချိန်က တစ်ခန်းလုံးဟာ မီးရောင် မရှိဘဲ မှောင်အတိ ဖြစ်နေတယ်ပေါ့။

ဘာ... ဘာကိစ္စလဲ ရွှေခင်၊ ဘာပြောမလို့လဲလို့ ကျုပ်က ခပ်တိုးတိုး မေးလိုက်တယ်။ ကျုပ်ဟာ ဒီစကားကို မေးတဲ့အချိန်မှာ သူနဲ့ ကျုပ်ဟာ ယှဉ်ရပ်မိပြီးသား ဖြစ်နေတယ်။ တစ်ခန်းလုံးဟာ မှောင်လို့ မည်းနေပေမယ့် ရွှေခင်ရဲ့ ကိုယ်က သင်းပျံ့တဲ့ သနပ်ခါးနံ့တွေဟာ အမှောင်ထဲကပဲ ကျုပ် နှာခေါင်းပေါက်တည့်တည့်ကို ဝင်တိုးနေတော့တယ်။

ဘာကိစ္စမှ မဟုတ်ပါဘူး မောင်ကြီးရဲ့၊ မောင်ကြီးကို ရွှေခင် စကားနည်းနည်း ပြောချင်လို့ပါလို့ သူက ပြန်ပြောတယ်။

ကျုပ်တော့ဗျာ တစ်ကိုယ်လုံးဟာ နတ်ကျသလို တဆတ်ဆတ် တုန်နေတော့တယ်။ နောက်ပြီးတော့ ကျုပ် စိတ်ထဲမှာ ဘယ်လိုကြီး ဖြစ်နေမှန်း မသိပါဘူး။ ကျုပ်ရဲ့ အာခေါင်တွေဟာ ခြောက်ကပ်ကပ်နဲ့၊ ဘာစကားပြောရမှန်း တွေးလို့ မရပါဘူး။

နောက်ပြီးတော့လေ၊ အဲဒီအချိန်က သူ့ ခါးအထက် နောက်ကျော ဘက် တစ်ပြင်လုံးဟာ ကျုပ်ရဲ့ ရင်ခွင်ထဲ ရောက်နေတယ်ပေါ့။ သူက လုံးကြီးပေါက်လှနဲ့ ထွားကျိုင်းလှပေမယ့် ကျုပ်ထက်တော့ အရပ် အတန် ငယ် နိမ့်လို့ သူ့ ခေါင်းက ဆံပင်တွေဟာ ကျုပ် နှာခေါင်းဖျားကို မထိ တထိ ကလိနေတယ်။ သူ့ခေါင်းမှာ ပန်ထားတဲ့ ဆောင်တော်ကူး ပန်းရနံ့ ကပါ သင်းပျံ့ပျံ့ ဖြစ်နေတာပေါ့ဗျာ။

ဘာပြောမှာလဲ ရွှေခင်၊ တော်တော်ကြာ မင်းအဖေနဲ့ မင်းအမေ

သိရင် ကိုသာလှကို အိမ်ပေါ်က မောင်းချနေပါ့မယ်လို့ ကျုပ်က အသံတုန်တုန်ယင်ယင် ပြောလိုက်မိတယ်။

အို… မောင်ကြီးကလည်း ကြောက်ရန်ကော။ အိပ်ကုန်ကြပါပြီ၊ ရွှေခင် ပြောချင်တာက မောင်ကြီး ဒီနှစ် လယ်ကို ကြိုးစားလုပ်ပါဦး။ ဒီနှစ် လယ်က စပါးပိုထွက်ရင် အမေက ပြောတယ်၊ ရွှေခင်ကို ခြေကျင်းတစ်ရန် ရိုက်ပေးမယ်တဲ့လို့ ကျုပ်ကို သူက ပြောတယ်။

အဲဒီလို ပြောနေတဲ့ အချိန်ကဆိုရင် မှောင်မည်းနေတဲ့အထဲကပဲ ကျုပ်ဟာ ရွှေခင်ရဲ့ မျက်နှာကလေးကို ကွက်ခနဲ မြင်မိတယ်။ ကျုပ်ကို အခုလို ကန္တဲ့ကလျနဲ့ ပူပူဆာဆာ ပြောနေတဲ့ သူ့မျက်နှာ အမူအရာကလေးဟာ ဘယ့်လောက်များ ချစ်စရာ ကောင်းလိုက်မလဲ လို့။

အေးပါ ရွှေခင်ရယ်၊ မောင်ကြီး ချစ်တဲ့ ရွှေခင့်အတွက် မောင်ကြီး လယ်လုပ်ခွင်ကို ကြိုးစားပြီး လုပ်မှာပေါ့။ အခုလည်း မောင်ကြီး ကြိုးစားပြီး လုပ်နေပါတယ်။ နောင်ကိုလည်း ကြိုးစားပြီး လုပ်မှာပါပဲကွယ်လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ နောက်ပြီးတော့ ကျုပ်က ဒီစကားကို ပြောမိရုံတွင် မဟုတ်ဘူး၊ ရွှေခင်ရဲ့ ပခုံးကလေးကိုလည်း ကျုပ် လက်နှစ်ဖက်နဲ့ ခပ်ဖိဖိ ညှစ်ထားလိုက်တယ်။

ကျုပ်ဟာဖြင့် ကျုပ်ကိုယ်ကျုပ် အကျေနပ်ကြီး ကျေနပ်မိတယ်။ အနှစ်သိမ့်ကြီး နှစ်သိမ့်မိပြီပေါ့ဗျာ။ ဟိုအရင် အချိန်ကာလတွေတုန်းက ကျုပ်ဟာ လူ့ဘဝ လူ့လောကမှာ မျှော်လင့်စရာ အကြောင်းရပ်တွေ ကင်းမဲ့ပြီး လူ့လောကကြီးထဲမှာ ကျုပ်ဟာ လူပိုသက်သက် တစ်ယောက်အနေနဲ့ ကျုပ် ဘဝ တစ်ခုလုံးဟာလည်း ဘာကမှ အသုံးမကျဘူးလို့ အထင်ရှိခဲ့ပေမယ့် အခုတော့ ကျုပ် ထင်သလို မဟုတ်တော့ဘူး။ ကျုပ်

ဘဝဟာ တော်တော်ကို သာယာစိုပြည်ပြီး မျှော်လင့်စရာတွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ပါလားလို့ တွေးပြီး ကျေနပ်မိတယ်။

ဒါကြောင့်လည်း ကျုပ် ဘဝရဲ့ မျှော်လင့်ချက်နဲ့၊ ကျုပ်ရဲ့ ချစ်သူ ရွှေခင့်အတွက် ဒီနှစ်အဖို့မှာတော့ လယ်လုပ်ခွင်ကို ခါတိုင်းထက် ကြိုးစားပြီး လုပ်ရဦးမှာပေါ့ဗျာ။

ဒီလိုနဲ့ အချိန်ကာလတွေဟာ တဖြည်းဖြည်း ကုန်လာလိုက်တာ မကြာခင်မှာပဲ ကျုပ်တို့ဟာ မိုးရာသီရဲ့ လယ်လုပ်ခွင်ကို ဆင်းကြဖို့ နီးလာတော့တယ်။

အခုလို လယ်လုပ်ခွင် ဆင်းကြဖို့ နီးလာတဲ့ အတွက်ကြောင့် နေ့တစ်နေ့ရဲ့ နေ့လယ်ခင်း အချိန်တစ်ခုမှာ ကျုပ်ရယ်၊ ကိုကြက်ရိုးရယ်၊ တခြား လူငှား တစ်ယောက်ရယ်ဟာ အိမ်မှာ ရှိနေတဲ့ လယ်လုပ်ခွင်ရဲ့ ကိရိယာပစ္စည်းတွေကို ကြိုကြိုတင်တင် ပြင်ဆင်နေကြပါတယ်။ ကျုပ်ကတော့ ဒီအချိန်မှာ နေအိမ် ခေါင်းရင်းဘက် သရက်ပင်အောက်မှာ ထိုင်ပြီး “ထွန်သွား” နဲ့ “ထွန်တံ” တွေကို “သပ်” ရိုက်တန်တာ ရိုက်၊ ဆောက်နဲ့ ထွင်းတန်တာ ထွင်းနဲ့ လုပ်နေတဲ့အခါပေါ့။

ကိုကြက်ရိုးဟာ ကျုပ်နဲ့ မလှမ်းမကမ်း တစ်နေရာမှာ ထိုင်ပြီး နွားနဖားကြိုးတွေကို ကျစ်နေတာပေါ့ဗျာ။ ဒီလူကြီးက လူအေးကြီးပဲ။ သူ့အဖို့မှာ ဘယ်တော့ပဲဖြစ်ဖြစ် ဘာကိုပဲ လုပ်နေနေ အမြဲတမ်းလိုလို သီချင်းကလေး တအေးအေးနဲ့ပဲပေါ့။ အခုလည်း သူဟာ ဗုံကြီးသံ သီချင်းတစ်ပုဒ်ကို ဆိုရင်းက ခပ်အေးအေး အလုပ်လုပ်နေတယ်။

ကျန်တဲ့ လူငှား တစ်ယောက်ကတော့ ကျုပ်တို့နဲ့ တော်တော်လှမ်းပါတယ်။ သူကတော့ ဝါးကွပ်ပျစ်ပေါ်မှာ ထိုင်ပြီးတော့ တောင်းရက်ဖို့နဲ့ နွားတင်းကုပ်ရယ်၊ အိမ်ရယ် မိုးဖို့အတွက် နီးဖြာနေတယ်ဗျ။

အဲဒီလို ကျုပ်တို့ သုံးယောက်စလုံး အလုပ်ကိုယ်စီ လုပ်နေရင်းကပဲ အတန်ကလေးကြာတော့ ကိုကြက်ရိုးဟာ သူ ထိုင်နေတဲ့ နေရာကနေပြီး ကျုပ် အလုပ်လုပ်နေတဲ့ သရက်ပင်အောက်ကို လျှောက်လာတယ်။ အဲဒီအချိန်ထိအောင် သူ ပါးစပ်က မပြီးမပြတ်သေးတဲ့ ဗုံကြီးသံ သီချင်းကို ဆိုတုန်းပေါ့။

ကျုပ်က သူ့ကို တစ်ချက် မော်ကြည့်လိုက်တော့ သူဟာ ကျုပ်ကို ပြုံးဖြီးဖြီးကြီး လုပ်ပြပြီး ကျုပ်အနားကို ထိုင်ချလိုက်တယ်။ ဒီလူကြီး သူ့မျက်နှာ ကြည့်ရတာ အခါတိုင်းနဲ့ မတူပါဘူး၊ တစ်မျိုးကြီးပါလို့ ကျုပ် စိတ်က ထင်မိတယ်ဗျ။

ဒါပေမဲ့ ကျုပ်က သူ့ကို ဘာမှတော့ မပြောပါဘူး။ ကျုပ်အလုပ်ကိုပဲ ကျုပ် ခေါင်းငုံ့ပြီး လုပ်နေတာပါပဲ။ သူဟာ ကျုပ်အနားမှာ ထိုင်နေရာက သူ့ပါးစပ်က သီချင်းသံ ပြတ်သွားတဲ့နောက်မှာ၊ ဟေ့ကောင်လေးရ မင်း အခုတလော အရင်ကထက်တောင် ပိုပြီး အလုပ်ကို ကြိုးစားလုပ်လုပါလားကွလို့ မေးတယ်ဗျ။

ဟာ... ကိုကြက်ရိုး ထင်လို့ပါ၊ အလုပ်ကတော့ အခါတိုင်းကလိုလုပ်ရိုးလုပ်စဉ်ပါပဲဗျာ။ သူ့ဆန်စား ရဲမှုဆို မဟုတ်လားဗျ။ သူ့ထမင်းစားပြီး သူ့အိမ်မှာ နေတဲ့နောက် သူ့အလုပ်တာဝန်ကိုတော့ ကျေပွန်အောင် လုပ်ပေးရမယ်ပေါ့ဗျာ လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ ကျုပ်က ဒီလိုပြောတာတောင် သူဟာ စကားရပ် မသွားဘူးဗျ။ ကျုပ်ကို ခနဲ့သလိုလိုသရော်သလိုလိုနဲ့ ကြည့်နေပြီး၊ ဟုတ်သေးပါဘူးကွာ မင်း ပြောတာလဲ၊ မင်းကြည့်ရတာ ခုတလော တစ်မျိုးကို ဖြစ်နေပါတယ်။ ငါ့ကို မင်း မှန်မှန်ပြောစမ်းပါကွ။ မင်း ဟိုကောင်မလေးနဲ့ ဘာလိုလို ဖြစ်နေတယ် မဟုတ်လား လို့ သူက ထပ်ပြောနေပြန်တယ်ဗျ။

ကျုပ် စိတ်ထဲမှာတော့ သူ ပြောလိုက်တဲ့ စကားကြောင့် အတော် ထိတ်သွားမိတယ်။ ကျုပ် ထိုင်နေတဲ့ သရက်ပင်အောက်ကနေပြီးတော့လည်း အိမ်ဆီကို လှမ်းကြည့်လိုက်မိတယ်။ ဒါပေမဲ့ အိမ်ဆီက ဘယ်သူ့ကိုမှတော့ အရိပ်အယောင် မမြင်ရပါဘူး။ ဒီအချိန်ဟာ သူကြီးမင်းနဲ့ သူကြီးကတော်တို့ အိပ်နေတဲ့အချိန်ပဲ ဖြစ်တယ်ပေါ့။ ရွှေခင်ဟာ အတန်ငယ် စောစောကပဲ ရွာရဲ့ အနောင်းပိုင်းဘက်ကို အကြွေးတောင်းရအောင် ထွက်သွားတယ်ဆိုတာ ကျုပ် သိပါတယ်။

သူကြီးမင်းနဲ့ သူကြီးကတော်ဟာဆိုရင် အမြဲ ထာဝစဉ် အကျင့်တစ်ခု ရှိကြတယ်။ အဲဒီအကျင့်က ဘာလဲဆိုတော့ နေ့စဉ်နဲ့ နေ့တိုင်း သူတို့ဟာ မနက်စာ ထမင်းစားပြီးလို့ တစ်အောင့်တနား နေကြပြီးရင် အိပ်တတ်တဲ့ အလေ့အကျင့် ရှိပါတယ်။ ဒါဟာလည်း တစ်နေ့မှတော့ မဟုတ်ဘူးပေါ့ဗျာ။ ထာဝစဉ် ထာဝရ နေ့စဉ်နဲ့အမျှဆိုသမှ နေ့စဉ်နဲ့အမျှပါပဲ။

ကျုပ်ဟာ ကိုကြက်ရိုးကို ဘယ်လိုပြန်ပြောရမယ် ဆိုတာတောင် မတွေးတတ်ပါဘူး။ သူဟာ ကျုပ်နဲ့ ရွှေခင်နဲ့ တစ်ယောက်ကို တစ်ယောက် ချစ်ကြိုက်နေကြတာများ သိသွားလေရော့လား၊ ဒါမှမဟုတ် ကျုပ်ကို တမင်သက်သက်မဲ့ ပြောင်တဲ့ လှောင်တဲ့ သဘောများ လုပ်နေသလားတော့ မဆိုနိုင်ပါဘူးဗျာ။

ဟော့... ပြောစမ်းပါကွ၊ ငါ မေးနေတာကိုများ။ မင်း ဟိုကောင်မလေးနဲ့ ကြိုက်နေကြတာ ငါ မသိဘူးမှတ်လို့လားလို့ သူက တစ်ခါ ထပ်ဆိုပြန်တယ်။

ဘာလဲဗျ၊ ဘယ်ကောင်မလေးကို ခင်ဗျား ပြောနေတာလဲ။ ကျုပ်

ဖြင့် တစ်နေ့ တစ်နေ့မှာ အလုပ်ကို လက်နဲ့ မပြတ်တမ်း လုပ်နေရလို့ ဘယ်သူ့ကိုများမှ မကြိုက်အား မချစ်အားပါဘူးဗျာလို့ ကျုပ်က ပြန်ပြောလိုက်တယ်။

ဒီလို ပြောလိုက်တယ် ဆိုရင်ပဲ၊ မပြောပါနဲ့တော့ဗျာ။ ကိုကြက်ရိုးဟာ တဝါးဝါး တဟားဟားနဲ့ အားပါးတရ ရယ်လိုက်မောလိုက်တာ ကျုပ်ဖြင့် လန့်များ လန့်မိပါရဲ့။ နောက်ပြီးတော့ သူ့အသံဟာ ဟိုအိမ်ပေါ်မှာ အိပ်နေတဲ့ သူကြီးမင်းနဲ့ သူကြီးကတော်တောင် ကြားလောက်ပါရဲ့။

ဟေ့ကောင်လေးရ၊ မင်း ငါ့ကို ညာမနေပါနဲ့ကွာ။ ရွှေခင်နဲ့ ကြိုက်နေကြတယ် မဟုတ်လားလို့ သူက တစ်ခါ ထပ်ပြောပြန်တယ်။

ကျုပ်တော့ အဲဒီအခါမှာ ဘာစကားမှ ပြန်မပြောတတ်ဘူး။ သူ့မျက်နှာကို ပြန်မော့ကြည့်ရင်းကသာ ပါးစပ်အဟောင်းသား ဖြစ်နေမိတယ်။

အေးပေါ့ကွာ၊ တစ်ခုတော့ မင်းကို ငါ ပြောထားလိုက်ပါရဲ့။ သူကြီး ဦးရွှေကြူးဟာ အတော် ကြောက်စရာကောင်းတဲ့ လူကွနော်။ သူက မင်းပေါက်စိုးပေါက်၊ ရုံးပြင်ကနားအထိ ပေါက်ရောက်တဲ့ သူကြီးကွ။ အေးပါလေ၊ မင်းလည်း ငယ်စဉ်တောင်ကျေး ကလေးဘဝထဲက ဦးရွှေကြူးအကြောင်း သိပြီးဟာပဲ။ ငါ ပြောနေဖို့တောင် မလိုပါဘူး။ ကြပ်ကြပ် သတိထားပြီး ကြပ်ကြပ် စဉ်းစားကွနော် ကြားလား။ ငါတို့ အနေနဲ့ကတော့ မင်း ကောင်းစားတာလည်း မြင်ချင်ပါရဲ့။ ဒါပေမဲ့ ဟော့ ဦးရွှေကြူးရဲ့ စက်ကွင်းထဲ ကျမသွားအောင်လည်း သတိထားကွနော် လို့ ပြောပြီး နေရာက ထ သွားတယ်ဗျ။

ကျုပ်တော့ဗျာ၊ အဲဒီနေ့ တစ်နေ့လုံးပဲ ကိုကြက်ရိုးရဲ့ စကားသံကို နားထဲမှာ ကြားနေပြီး စိတ်မကောင်း ဖြစ်နေပါတယ်။ ဦးရွှေကြူးဟာ တကယ်ပဲ ကြောက်စရာကောင်းတဲ့ လူကြီး တစ်ယောက်လား၊ သူ့သမီး အတွက်နဲ့ ကျုပ်ကိုများ အန္တရာယ်တစ်ခုခု ပေးမှာလားလို့လည်း စဉ်းစား လိုက်မိတယ်။ နောက်တော့လည်း ကျုပ် တစ်ခု စဉ်းစားသေးတယ်။ ဒီအချိန် ဒီနေ့ ဒီရက်အထိ ဆိုရင်တော့ ဦးရွှေကြူးဟာ ကျုပ်အပေါ်မှာ အရင်အခါများနဲ့ မတူဘဲ အစစအရာရာ လိုက်လျောလာတာတို့၊ စကား ကို ချေချေငံငံ ပြောလာတာတို့၊ စားကောင်း သောက်ဖွယ်လေးများ ရှိရင်တောင် ကိုကြက်ရိုးနဲ့ လူငှားတစ်ယောက် မသိရအောင် ကျုပ်ကိုသာ ကျွေးမွေးခဲ့တာတို့၊ အဲဒါလို အကြောင်းတွေကို တစ်ဖက်က ပြန်တွေးမိ တယ်။

ဒီလိုတင်လည်း မဟုတ်သေးဘူးပေါ့ဗျာ။ အင်မတန် ဆိုးလှပါ တယ်ဆိုတဲ့ သူကြီးကတော်ကတောင် အခုနေအခါမှာ ကျုပ်ကို နေရာ တကာမှာ အခွင့်အရေး ပေးလာတာကိုလည်း ကျုပ်က တွေ့လာ သိလာ ရတယ်ပေါ့။

သူကြီးကတော်က ကျုပ်ကို ပြောဖူးတယ်ဗျ၊ မောင်သာလှ၊ မင်း ဟာ ဒီအိမ်မှာဆိုရင်တော့ သူရင်းငှားလည်း မဟုတ်ဘူးကွယ့်။ မင်းက ကိုယ့်ထဲ ကိုယ့်လူတစ်ယောက်ပဲ။ သူတကာတွေလို ရှေ့တွင် တစ်မျိုး ကွယ်ရာ တစ်မျိုးတော့ မဖြစ်စေနဲ့။ ကုန်သင့်တာမှ ကုန်ပေ့စေ၊ ခန်းသင့် တာမှ ခန်းပေ့စေ၊ ဘာပဲဖြစ်ဖြစ် မင်းက ဒီအိမ်က ပစ္စည်းရှင် တစ်ယောက် ပဲကွယ့်လို့ ပြောထားဖူးတယ်ဗျ။

ဒီလို စကားမျိုးနဲ့ ဒီလိုပြောတဲ့ အကြိမ်ပေါင်း၊ အခါပေါင်းဟာလည်း မရေတွက်နိုင်တော့ပါဘူးဗျာ။ အဲဒီတော့ ကျုပ်လည်း စဉ်းစားမိပါတယ်။

ကိုကြက်ရိုး ပြောသလို မဟုတ်နိုင်ပါဘူး လို့။

## ဟာ့တ်မှလုပ်ပါ သူကြီးမင်းရယ်

ဒီလိုနဲ့သာ ကျုပ်ဟာ အဲဒီနှစ် တစ်နှစ်လုံးက လယ်လုပ်ခွင်ကို အခါတိုင်း နှစ်တွေကထက် ပိုပြီးတော့ ကြိုးစားလုပ်ကိုင်ခဲ့ရတာပါပဲ။ တစ်မိုးလုံးလုံး ဆိုသလို ကျုပ်ဟာ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ အဆက်မပြတ် ရွာသွန်းချတဲ့ မိုးရေ မိုးထဲမှာ ဒူးဆစ် ပေါင်လယ်အထိ ရွံ့တွေ ဗွက်တွေကို ကျွဲနဲ့ နွားနဲ့ ဖက်ပြီး ရုန်းလုပ်ရပေမယ့် ပင်ပန်းလှတယ်လို့ မအောက်မေ့ခဲ့ပါဘူး။ ရွှေခင်… ရွှေခင်… ရွှေခင့်အတွက်ဖြင့် ကျုပ်ဟာ ဘယ်လောက်ပဲ မောရ မောရ၊ ဘယ်လောက်ပဲ ပန်းရ ပန်းရ အမောခံ အပင်ပန်းခံနိုင်တဲ့ စိတ်ဓာတ်တွေ ရှိခဲ့ပါတယ်။

အခုတော့ လယ်လုပ်ငန်းဟာလည်း အတော်အတန်ကြီး ပြီးခဲ့ပြီ ပေါ့ဗျာ။ တစ်မျှော်တစ်ခေါ်ကြီး ဖြစ်ပြီး အပြောကျယ်လှတဲ့ ကျုပ်တို့ လယ်ကွက်ကြီးတွေထဲမှာဆိုရင် စိမ်းစို နုဖပ်တဲ့ စပါးပင်တွေဟာဖြင့် လေ လာတိုင်း လှုပ်ရှား ယိမ်းနွဲ့ပြီး တကယ့်ကို ကြည့်လို့မဆုံးနိုင်အောင် ရှိခဲ့တော့တာပါပဲ။

သူကြီးဦးရွှေကြူးက စပြီး အားလုံးကလည်း ဒီနှစ် လယ်ကဖြင့် အခါတိုင်း နှစ်တွေကထက် စပါး ပိုထွက်လိမ့်မယ်လို့ အကြမ်းဖျင်း ခန့်မှန်းထားကြပါတယ်။ အဲဒီလို စပါးပိုထွက်မယ် ဆိုလေ ကျုပ်အဖို့ မျက်နှာပွင့်လန်းလေပေါ့ဗျာ။ ကျုပ်ရဲ့ ကြိုးစား လုပ်ကိုင်ချက်ကြောင့် အခုလို စပါးပိုထွက်တာ ဖြစ်ရမယ်ဆိုတဲ့ အကြောင်းကိုတော့ အားလုံး က သိနေကြတာပါပဲ။

သူကြီး ဦးရွှေကြူးကော၊ သူကြီးကတော်ကော တရွှင်ရွှင်တပျပျ နဲ့ အလွန့် အလွန် ဝမ်းသာနေကြတယ်ပေါ့။ အဲဒီလို ဝမ်းသာရွှင်ပျ နေ ကြတဲ့ အထဲမှာ ကျုပ်နဲ့ရွှေခင်ဟာလည်း အပါအဝင်ပေါ့ဗျာ။ အဲဒီလို ဝမ်းသာနိုင်ရုံ မကသေးဘူးဗျ။ ဦးရွှေကြူးဟာ ကျုပ်ကို အလုပ်ခွင်မှာ ကြိုးစားပမ်းစားနဲ့ လုပ်တဲ့အတွက်ဆိုပြီးတော့ ဆုအဖြစ်နဲ့ပေါ့ဗျာ၊ သူ ဝတ်တဲ့ ပုဆိုးတစ်ထည်နဲ့ အင်္ကျီတစ်ထည် ကျုပ်ကို ပေးသေးတယ်ဗျ။ လုံချည်ကတော့ ကျုပ်က ထသွား လာသွား ဆိုသလို အကြောင်းကိစ္စရှိတဲ့ အခါနဲ့ မြို့များဘာများ သွားလာကြတဲ့ အခါကျတော့ ဝတ်ကွလို့ ပြော ထားတယ်။ သူ ပေးတဲ့ လုံချည်က ယောပုဆိုး အဟောင်းတစ်ထည်ပါပဲ။ အနက်ထဲမှာ အဖြူကွက် ဖောက်ထားတဲ့ လုံချည်ပေါ့ဗျာ။ အရောင် အဆင်းတော့ အတော်လေး ရှိသေးပေမယ့် အတန်ငယ်တော့ ဟောင်းနေ ပါပြီ။ ကိစ္စမရှိပါဘူးလေ၊ ဒီ လုံချည်မျိုးဟာ တစ်ခါတစ်ရံ အကြောင်း ကိစ္စရှိမှ ဝတ်ရတာဆိုတော့ တော်တော်နဲ့ ကုန်မသွားနိုင်ပါဘူး။

အင်္ကျီကတော့ လှည်းယဉ်လေး ပိတ်ချောအင်္ကျီပါပဲ။ မဝတ်ဘဲ ထားတာ ကြာလို့ အင်္ကျီဟာ ခေါက်ရိုးအတိုင်း အဝါစင်းကြောင်းတွေ တောင် ပေါ်နေပါပြီ။ နောက်တော့ ပခုံးနှစ်ဖက်စလုံး ကုပ်ပိုးက ရိနေလို့

ရွှေခင် ကိုယ်တိုင်ပဲ ချုပ်ပေးထားတဲ့ အင်္ကျီပေါ့။ နောက်ပြီးတော့ လည်ပင်းက ဖွာထွက်နေတဲ့ အစအနတွေကိုလည်း ကတ်ကြေးနဲ့ ညှပ်ထားရတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေ။ ဒီလို အဝတ်မျိုးဆိုတာက တစ်ခါတစ်ရံ အပြင်အပကို အကြောင်းကိစ္စ ရှိလို့ သွားမယ် လာမယ် လုပ်မှ ဝတ်ရပြုရတာပဲ။

ခုဆိုရင် ဦးရွှေကြူးဟာ မြို့ကို ရုံးပြင်ကနားကိစ္စနဲ့ ပတ်သက်လို့ သွားရတဲ့အခါပဲ ဖြစ်ဖြစ်၊ လယ်ခွန် လယ်ခနဲ့ ပတ်သက်လို့ သွားရတဲ့ အခါပဲ ဖြစ်ဖြစ် ကျုပ်ကိုတော့ နောက်တော်ပါးအဖြစ်နဲ့ အမြဲတမ်း ခေါ်သွားတာပါပဲ။ ဒီလိုခေါ်သွားတဲ့ သဘောကတော့ နောင်အခါ ဘယ်ကိစ္စ ဘယ်နေရာမျိုးမှာမဆို ကျုပ်ကို မျက်နှာလွှဲရအောင် ဆိုတဲ့ သဘောမျိုးပဲ ဖြစ်ရမယ်လို့ ကျုပ်က အောက်မေ့မိတယ်ဗျ။

ဒီနှစ် စပါးဆန်ရေ ပေါ်ချိန်ကျရင်တော့ ဦးရွှေကြူးအဖို့ အတော်ပဲ အကျိုးရှိလိမ့်မယ်ပေါ့ဗျာ။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ သူပိုင် သူဆိုင် ဖြစ်တဲ့ လယ်မြေကလည်း အခါတိုင်း နှစ်များထက် စပါးပိုထွက်မှာက တစ်ကြောင်း၊ မြို့ပေါ်က မြေပိုင်ရှင်ကြီး တစ်ဦးထံက သူ ငှားရမ်းလုပ်ကိုင်နေရတဲ့ လယ်မြေကကလည်း စပါးပိုထွက်တာက တစ်ကြောင်း ကြောင့် ပေါ့ဗျာ။ အင်းလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်အနေနဲ့ကတော့ ကျုပ်ချစ်သူ ရွှေခင်အတွက် ခြေကျင်းတစ်ရန် ရိက်ပေးမယ် ဆိုတာကိုပဲ အကျေနပ်ကြီး ကျေနပ်မိပါတယ်။

ဒီလိုနဲ့ အချိန်တွေဟာ နှောင်းလာလိုက်တာ ကျုပ်တို့ စပါး ရိတ်သိမ်းရတော့မယ့် အချိန်ပိုင်းတောင် တဖြည်းဖြည်း နီးကပ်လာပြီပေါ့။ ကျုပ်တို့တစ်တွေလည်း ယခုလို အခါများမှာဆိုရင် တံစဉ်ကို တမြမြ

သ နေရတဲ့ အချိန်ပေါ့ဗျာ။ ကျုပ်ကတော့ ရွာရဲ့ တောင်ပိုင်းက ကိုဘိုးလုံးတို့၊ ကိုသံချောင်းတို့ ဆိုတဲ့ လူသိုက်ဆီကို သူကြီးဦးရွှေကြူးက လွှတ်လို့ သွားရသေးတယ်ဗျ။ ကျုပ်တို့ရဲ့ လယ်တွေက ရိတ်သိမ်းချိန် နီးလာပြီ မဟုတ်လားဗျ။ ဒီတော့ ကောက်လှိုင်းစားနဲ့ ရိတ်ကြတဲ့ ကိုသံချောင်းတို့၊ ကိုဘိုးလုံးတို့ လူသိုက်ကို အခုကတည်းက ကြိုတင် အကြောင်းကြားထားပါလို့ သူကြီးမင်းက ခိုင်းလိုက်လို့ သွားရတာပါပဲ။

ဒီလူတွေဟာ ကျုပ်က သူကြီး ဦးရွှေကြူး လွှတ်လိုက်တဲ့ အကြောင်းနဲ့ ဘယ်နေ့ ဘယ်ရက်မှာ ဘယ်လယ်ကွက်ကို စပြီး ရိတ်ကြသိမ်းကြမယ်၊ အဲဒါ အရန်သင့် ပြင်ဆင်ပြီး ချိန်းတဲ့ ရက်မှာ လာကြဖို့ ပြောတာတောင် အေးတိအေးစက်နဲ့ ကောင်းကောင်းလည်း စကားပြန်မပြောချင်ဘူးဗျ။ နောက်တော့မှ ထပ်တလဲလဲ ကျုပ်က ပြောတော့၊ 'အေးပါကွာ၊ လာခဲ့မှာပေါ့လို့' မပြောချင် ပြောချင်နဲ့ ကိုဘိုးလုံးက ပြန်ပြောတယ်။

ကဲ... ဒီလိုဆိုရင် ကျုပ် ပြန်မယ်ဗျို့လို့ ကျုပ်က နှုတ်ဆက်ပြီး ပြန်လှည့်ထွက်လာတော့မှ ကိုသံချောင်းက ကျုပ်ကို လှမ်းပြောတယ်။ ဟေ့ကောင်ရာ မင်းတို့ဆီမှာ လှိုင်းစားနဲ့ ရိတ်ရတာ သိပ်နာတာပဲကွ။ တို့ကလည်း မရိတ်ရင် မကောင်းလို့သာ လိုက်ရိတ်ရမှာ၊ ဟိုအရှေ့ဘက်ကွင်းတွေမှာ သွားရိတ်ရင် လယ်ရှင်က ထမင်းလည်း မနက်စာ ကျွေးသေးတယ်။ ဆေးလိပ် ၂ လိပ်နဲ့ ကွမ်းသုံးယာစီလည်း ပေးသေးတယ်ကွ။ အစစ သိပ်နစ်နာတာပဲကွလို့ ပြောတော့ ကျုပ်လည်း လှည့်ထွက်သွားရာက ခြေလှမ်းကို ရပ်လိုက်ပြီး သူတို့ဘက်ကို ပြန်လှည့်လိုက်တယ်။

ကိုသံချောင်း ပြောစကားကြောင့် ကျုပ်ဟာ ပထမတော့ တော်တော်ပဲ စိတ်ဆိုးမိတယ်ဗျ။ ဒါကြောင့် ကျုပ်က ပြန်ပြောလိုက်တယ်။

ခင်ဗျားဗျာ၊ ကိုယ့်ရွာက ကိုယ့်သူကြီးမင်းရဲ့ လယ်ကို အိမ်မကျွာ ကြမ်းမကျွာ လုပ်ရမှာကိုတော့ မလုပ်ချင် မရိတ်ချင်ဘူး၊ သူများ ရွာက သူများ လယ်ကိုတော့ သွားလုပ်ချင် သွားရိတ်ချင်သလားဗျ။ နောက်တစ်ခု လည်း စဉ်းစားကြည့်ဗျာ။ ဟိုကိစ္စ သည်ကိစ္စ ရှိလာတော့ ကိုယ့်ရွာက ကိုယ့်သူကြီးကသာ ခင်ဗျားတို့ကို ကာကွယ်ပေးမှာပေါ့ဗျာ။ ဒီအခါကျ တော့ တခြား ရွာက သူကြီးဟာ ခင်ဗျားတို့ကို ခြေဖျားနဲ့တောင် လာ မတို့ပါဘူးဗျာလို့ ပြောလိုက်တယ်။

'အေးကွာ၊ မင်း ပြောတာကလည်း ဟုတ်သင့်သလောက်တော့ မင့်အနေနဲ့ ဟုတ်မှာပေါ့။ တို့များတော့ မင်း သူကြီးကို ဘယ်နေရာမှ အားကိုးရတာ မဟုတ်ပါဘူး။ မင်း တစ်ခု စဉ်းစားကြည့်ပါကွ။ လှေငှားခ ဆိုရင်လည်း မင်းတို့ သူကြီးအိမ်က အမြဲတမ်း သူများတကာတွေထက် နှိမ့်ပေးတာပဲ။ ကောက်ရိတ်ခ ဆိုရင်လည်း ဒီပြင်မှာ ဆယ်လှိုင်း တစ် လှိုင်း ပေးတာတောင် သူက ဆယ့်သုံးလှိုင်း တစ်လှိုင်း ပေးတယ်။ ထမင်း ကျွေးဖို့ဆိုတာကတော့ ဝေးရော။ သူ့အိမ် ကွမ်းအစ်ထဲက ဆေးကလေး များ တစ်ငုံစာလောက် ယူငုံမိရင် သူ့မိန်းမက ပြောလိုက်တာများ အပင်း အဆိပ် ကျနေတာပဲ' လို့ ပြန်ပြောတယ်ဗျ။

ဒီတော့မှ ကျုပ်က စဉ်းစားမိတယ်ဗျာ။ အင်း... ဒင်းတို့ ပြောတာ တွေဟာ ဟုတ်ပေသားပဲ။ ငါ့အဖေဟာ သူ့အိမ်မှာ ကျွန်တစ်ပိုင်း ဖြစ်ခဲ့ရုံ မကဘူး။ နောက်ဆုံး ငါ့အမေဟာ သူ့ရဲ့ အခြယ်အလှယ်ကို ခံရပြီး သေဆုံးသွားရရှာပါကလား။ အဲဒီတော့မှ ကျုပ်ဟာ သူတို့နှစ်ယောက်ကို ကျေနပ်လောက်အောင် ချော့မော့ပြောပြီး အိမ်ကို ပြန်လာခဲ့တယ်ဗျ။

*

ဒါနဲ့ ကျုပ် အိမ်ပြန်ရောက်တော့ အိမ်နောက်ဘက် ပိတောက်ပင် အောက်မှာ ထင်းပေါက်နေတဲ့ ကိုကြက်ရိုးကို တွေ့လို့ ကိုကြက်ရိုး ရှိရာကို ကျုပ် လျှောက်လာခဲ့တယ်။

ကိုကြက်ရိုးဟာ ထင်းပေါက်နေတာ လေးငါးတုံးလောက်ပဲ ပြီးပါဦးမယ်ဗျာ။ သူဟာ အတော် မောနေပုံ ရတယ်ဗျ။ နောက်ပြီးတော့ ချောင်းကလည်း တဟွပ်ဟွပ် ဆိုးနေတယ်။ သူဟာ ကျုပ် သူ့အနား ရောက်သွားတော့ ပုဆိန်ကို မြေကြီးပေါ် ချပြီး အနားက ရှိတဲ့ ထင်းတုံး ခပ်ကြီးကြီး တစ်တုံးပေါ်ကို ဟင်းခနဲ ထိုင်ချလိုက်တယ်။

ခုဆိုရင် သူဟာ အသက်အရွယ်ကလည်း အတော်ထောက်လာပြီဗျာ။ နောက်ပြီးတော့ ဒီနှစ်ထဲမှာ သူ့ ကြည့်ရတာ ကောင်းကောင်းပဲ ကျန်းမာပုံ မရဘူးဗျ။ ချောင်း ခဏခဏ ဆိုးလား ဆိုးရဲ့၊ ခဏ ခဏ အဖျားတက်လား တက်ရဲ့နဲ့ပေါ့။ နောက်ပြီး မိုးလယ် အချိန်လောက်တုန်းက သူ အတော်ပဲ ဖျားပြီး အိပ်ရာထဲမှာ ဆယ့်ငါးရက် အရက် နှစ်ဆယ်လောက် လဲခဲ့သေးတယ်။ ဒီနှစ် စပါးသိမ်းပြီးလို့ လူငှားခ ရှင်းပေးတဲ့ အခါကျရင် သူ့အလုပ် ရက်ပျက်ကို စပါးလျှော့ပေးရမယ်လို့ သူကြီးမင်းနဲ့ သူကြီးကတော်က ကျုပ်ကို ပြောတယ်ဗျ။ ကျုပ်ကတော့ အဲ့ဒီအကြောင်း သူ့ ပြန်မပြောပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီအကြောင်း သိသွားတော့ ခမျာ စိတ်မကောင်းဖြစ်နေရှာမယ် မဟုတ်လားဗျာ။

ခက်တယ်ဗျ၊ တစ်ခါ တစ်ခါကျတော့လည်း ကျုပ်ဟာ ဘယ် ဥစ္စာကို "အမှန်တရား" လို့ ဆုံးဖြတ်ရမှန်း မသိဘူး။ ကိုကြက်ရိုးဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ်မို့ အင်မတန် ပင်ပန်းတဲ့အခါမှာ ဖျားမယ် နာမယ်ဆိုတာလည်း ဟုတ်တာပဲဗျ။ သူ ဒီလို ဖျားလို့ အလုပ်ပျက်တဲ့

အတွက် သူကြီးမင်းနဲ့ သူကြီးကတော်တို့က လူငှားခ လျှော့ချမယ် ဆိုတာလည်း ဟုတ်တာပဲဗျ။ အဲ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ကိုကြက်ရိုး အတွက် သူတို့က စပါး ဆယ်တင်းလောက် လျှော့ပေးရင် ကိုကြက်ရိုး အဖို့တော့ အတော့်ကို နစ်နာမှာ သေချာလှပေါ့ဗျာ။

သူတို့အနေနဲ့ကတော့ စပါး ဆယ်တောင်းဆိုတာ မဖြစ်လောက် ပါဘူး။ နောက်တစ်ခုကလည်း အခုဆိုရင် တစ်နှစ် တစ်နှစ် စပါးတစ်ရာ ကျော် တစ်ရာ ပိုပိုထွက်နေတာပဲဟာ။ ဒီအဖြစ်မျိုး ကျုပ်က ကြုံခဲ့ဖူးပြီ ပေါ့ဗျာ။ ကျုပ်အဖေ လူငှားလုပ်နေတုန်းက အခုလိုပဲ ဆယ်ရက်လောက် မမာမကျန်း ဖြစ်မိတာနဲ့ အလုပ်သိမ်းတဲ့ အခါကျတော့ စပါးဆယ်တောင်း လျှော့ပြီး အချေခံရလို့ ကျုပ်အမေဟာ ငိုရသေးတာပေါ့။ အေးဗျာ၊ သူ့ဘက် ကနေ ကြည့်တော့လည်း ဟုတ်သလိုလို ရှိပါရဲ့။

ဘိုးလုံးတို့ လူသိုက်ကို ပြောခဲ့ပြီလားကွလို့ မောင်သံကြီးနဲ့ ကိုကြက်ရိုး က ကျုပ်ကို မေးလိုက်တယ်ဗျ။

အေးဗျာ ပြောပြီးခဲ့ပါပြီ။ ဒါတောင်ဗျာ စကားကြောရှည်နေလို့ မနည်းချည်းပဲ ထပ်ပြောရသေးတယ်ဗျ။ သူတို့လည်း ဒီလယ်ကို ရိတ်ရ မှာ စိတ်မပါ့တပါ ဖြစ်နေကြတယ်ဗျ။ သူတို့က အရှေ့ဘက် ကွင်းက လယ်တွေကို သွားရိတ်ချင်ကြတယ်။ လှိုင်းစားအနေနဲ့ ကြည့်ကြည့်၊ သူရင်းတိုင်အနေနဲ့ ကြည့်ကြည့်၊ ဟိုမှာက ဒီထက် ပိုပြီး သာတယ်လို့ ပြောတာပဲဗျာလို့ ကျုပ်က ပြန်ပြောတော့ ကိုကြက်ရိုးဟာ ခေါင်းတဆတ် ဆတ် လုပ်ရင်းက အင်း ဒါလည်း ဟုတ်တာပဲကွ၊ အချိန်ကာလနဲ့ ရတုန်း ရကာ လုပ်ရတဲ့ အလုပ်မျိုးဆိုတာ ဒီလိုပဲ သာတဲ့နေရာ ပိုရတဲ့နေရာမှာ လုပ်ကြရတာကိုးကွလို့ ပြောတယ်ဗျ။

ကျုပ်ကတော့ ဘာမှပြန်မပြောပါဘူး။ သူ ပြောတာကိုပဲ နားထောင်ရင်းက အဆက်အစပ် မရှိ လျှောက်တွေးနေမိတယ်။ နောက်တော့ ကိုကြက်ရိုးက ကျုပ်ကို စကားတစ်ခွန်း ထပ်ပြောတယ်ဗျ။

ငါဟာ ဒီနှစ် အလုပ်သိမ်းလို့ စာရင်းရှင်းပြီးရင် လူငှားအလုပ်က အပြီးအပိုင်ပဲ ထွက်တော့မယ်ကွာ တဲ့။

ဟင်... ဘာဖြစ်လို့လဲဗျာ။

ငါ ကောင်းကောင်း မမာတော့ဘူးကွ၊ ရှေ့ကို ဆက်ပြီး အခုလို အပင်ပန်းခံနေရရင် ငါ အသက်တိုမှာပဲကွာ တဲ့။

ကျုပ်ဗျာ၊ တော်တော်ကို စိတ်မချမ်းမသာ ဖြစ်မိတယ်။ သူ့မျက်နှာကို ကျုပ် မော့်ကြည့်လိုက်မိတယ်။ အင်း... ကိုကြက်ရိုးဟာဖြင့် အတော်ကို ပင်ပန်းလှပြီပေါ့ဗျာ။ သူ့အခြေအနေဟာ သူ ပြောတဲ့အတိုင်း ဟုတ်မှာပါပဲ။ အခုဆိုရင် သူဟာ ထင်းတုံးကလေး လေးငါးတုံးလား ပေါက်ရသေးတယ်။ မောနေသမှ ဟောဟဲကို လိုက်နေတာပဲ။

ဆင်းရဲတဲ့ ကျုပ်တို့ လယ်ကူလီတွေဟာ ဒီလိုပဲပေါ့ဗျာ၊ ကျွဲလိုလုပ်၊ နွားလို ရုန်းပြီး ခွေးလို သေကြရမှာပဲပေါ့လေ။ ကျွဲတွေဟာ နေပူမှန်း မသိ၊ မိုးရွာမှန်း မသိသလို ကျုပ်တို့ လယ်ကူလီတွေဟာလည်း နေပူမှန်း မသိ၊ မိုးရွာမှန်း မသိပါဘူး။ နွားတွေဟာ လှည်းထမ်းပိုးနဲ့ ထွန်ထမ်းပိုးမှာ မရပ်မနား ကုန်းရုန်းနေရတာလို ကျုပ်တို့ဟာလည်း နေထွက်က နေဝင်အထိ လယ်လုပ်ခွင်နဲ့ သူရင်းတိုင်အိမ်မှာ ကုန်းရုန်းနေရတာပါပဲ။ အဲ... နောက်ဆုံးမှာ ခွေးများဟာ ဟိုအိမ်ဝင် ဒီအိမ်ရောက်နဲ့ သူတကာရဲ့ နောက်ဖေးပေါက်မှာ သေရသလို ကျုပ်တို့ လယ်ကူလီတွေဟာလည်း ဟိုသူရင်းတိုင်အိမ်ရောက်၊ ဒီသူရင်းတိုင်အိမ် ရောက်နဲ့ နောက်ဆုံး

တော့ သူတကာအိမ်နောက်က ကောက်ရိုးပုံပေါ်မှာ ခွေးသေသလို သေရတာပါပဲ။

အေး... မင်း တစ်ခုတော့ သတိထားပေါ့ကွာ။ ဦးရွှေကြူးက တယ်ပြီး ကြောက်စရာကောင်းတဲ့ လူကွ။ သူက ဘယ်ကိစ္စမျိုးမှာမဆို ပါးပါးနပ်နပ်နဲ့ အလိမ္မာသုံးတတ်တယ်ကွယ့်၊ ကြားလားကွ။ နောက်ပြီး တော့လည်း သတိဆိုတာ ပိုတယ်လို့ မရှိဘူး။ လိုရင်သာ လိုတတ်တာ မျိုးကလား။ မင်း ကောင်မကလေးဟာ မင်းကို တကယ် ချစ်တာမှ ဟုတ်ရဲ့လားကွာလို့ ကိုကြက်ရိုးက ကျုပ်ကို အဆက်အစပ်မရှိတဲ့ စကား ပြောတယ်ဗျ။

ကျုပ်ဟာ တောင်တောင်မြောက်မြောက်တွေ ကရွတ်ကင်း လျှောက်တွေးနေရာက ဒီစကားကို သူက ပြောလိုက်တော့ အတော်ပဲ အထိတ်တလန့် ဖြစ်သွားမိတယ်ဗျာ။ အင်း... ဒီလူကြီး ငါ့ကိုပဲ ဒီအကြောင်း ခဏခဏ ပြောနေပြန်ပါပြီ။ သူကြီး ဦးရွှေကြူးနဲ့ သူကြီးကတော်တို့က ငါ့ကို အခွင့်အရေးတွေ ပေးပြီး လိုက်လိုက်လျောလျော နေတာကိုများ သူ့အနေနဲ့က မလိုလား မရှုဆိတ်ဖြစ်နေ ထင်ပါရဲ့လို့ ကျုပ် စိတ်ထဲက တွေးလိုက်မိတယ်။

ဒါပေမဲ့ဗျာ၊ ကိုကြက်ရိုးဟာ တကယ့်ကို လူရိုး လူကောင်း တစ်ယောက် ဖြစ်ရုံတင်မကဘူး၊ ကျုပ်အပေါ်မှာဆိုရင် တူသားနောင်မယ် တစ်ယောက်လို အစစအရာရာမှာ ခင်မင် သနားတဲ့စိတ် ရှိနေတာကိုတော့ ကျုပ်က ကိုယ်တွေ့ကြုံခဲ့ သိခဲ့ရတာပဲ။ ဒါကြောင့်လည်း သူ ပြောတဲ့ စကားကို ကျုပ်အနေနဲ့ ဆင်ခြေကန်မနေဘဲ ခေါင်းညိတ်ပြီး နားစိုက် နေမိတယ်။

နောက်ပြီးတော့ မင်း တစ်ခု စဉ်းစားပေါ့ကွ။ ဒီလို အာဏာရှိတဲ့ မြေရှင် လယ်ရှင်တွေဟာ တို့လို မင်းတို့လို သူရင်းငှား လယ်ကူလီတွေ အပေါ်မှာ သနားပါတယ်၊ ကြင်နာပါတယ် ဆိုတဲ့ စကားက နွားအပေါ်မှာ ကျားက သနားတဲ့ သနားနည်းမျိုးပါကွာလို့ သူက စကားဆက်ပြန်တယ်။

ခက်သားပဲဗျာ။ အဲဒီလို ကိုကြက်ရိုးက ပြောနေတဲ့အခါ ကျုပ်အနေနဲ့က ကိုကြက်ရိုးကို ဘယ်လိုမှ ပြန်မပြောတတ်သလောက်ပါပဲဗျာ။ ဘာဖြစ်လို့လဲဆိုတော့ သူ ပြောတဲ့ စကားတွေဟာ မဟုတ်ပါဘူး၊ မမှန်ပါဘူးလို့ ကျုပ်အနေနဲ့က ငြင်းချက်ထုတ်နိုင်စရာ အကြောင်းတစ်ခုမှ မရှိဘဲကိုဗျ။

ဒီလိုပဲပေါ့ကွာ။ မင်းအဖေ ရှိစဉ်ကာလတုန်းကလည်း ဦးရွှေကြူးကဖြင့် မင်းတို့အပေါ်မှာ သနားပါတယ်၊ ကြင်နာပါတယ်လို့ တွင်တွင်ချည်း ပြောတာပဲကွ။ နောက်တော့သာ ဘာတွေ ဖြစ်ကုန်ကြတယ်ဆိုတာ မင်းအသိပဲ မဟုတ်လား သာလှရယ်လို့ တစ်ခါ ထပ်ပြောပြန်တယ်ဗျာ။

ကျုပ်တော့ အခုလို ကိုကြက်ရိုး ပြောတာ ဆိုတာတွေကို နားထောင်ရတော့ စိတ်ထဲက သိပ်မကောင်းတော့ပါဘူးဗျာ။ အင်း... ငါ့အဖြစ် ငါ့ဘဝဟာဖြင့် တယ်လို့မို့ အစဉ်းစားရ ကျပ်လှပါကလား လို့လည်း တွေးလိုက်မိပါရဲ့။

ဒါပေမဲ့ ဒီလို အတွေးအဆမျိုးဟာလည်း တစ်ခဏပဲဗျ။ ကျုပ်သူကြီး ဦးရွှေကြူးနဲ့ သူကြီးကတော်ရဲ့ ပြုမူပုံတွေကို တွေးပြီး စိတ်နာရမလိုလို ဖြစ်မိတိုင်း တစ်ဖက်က စိတ်နာလို့ မရနိုင်အောင် ကာဆီးကာဆီး ဖြစ်နေတဲ့ အကြောင်းကလည်း ရှိသပေါ့ဗျာ။

မင်းဟာမလေးကကော မင်းအပေါ်မှာ တကယ်ပဲ မေတ္တာရှိတာ ဟုတ်ရဲ့လားကွလို့ ကိုကြက်ရိုးဟာ ကျုပ်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ရင်းက မေးလိုက်သေးတယ်ဗျ။

အင်း... သူ့အနေနဲ့ကတော့ တကယ်ပဲ မေတ္တာရှိတာပါဗျာ။

အေးပေါ့ကွာ၊ မေတ္တာရှိတာ အမှန်ဆိုရင်လည်း ကောင်းပါလေရဲ့ လို့ သူက ပြန်ပြောတော့–

သူ့အနေနဲ့တော့ မိန်းကလေးတန်ပဲနဲ့ ဘယ်နည်းနဲ့မှ လိမ်မယ် ညာမယ်တော့ မဟုတ်ပါဘူး။ သူ့သဘောကိုလည်း ကျုပ် သိသင့် သလောက်တော့ သိနေပါတယ်ဗျာလို့ ကျုပ်က ပြန်ပြောလိုက်တယ်။

ဒီလိုဆို ကောင်းပါရဲ့ကွာ။ ငါကတော့ မင်းအတွက် ပူပန်လို့ ပြောတာကွ။ တော်တော်ကြာတော့ အရေးရယ် အကြောင်းရယ် ဖြစ်လာ ရင် တကယ် ချစ်တာ မဟုတ်ဘဲ မင်းကို ခိုင်းကောင်းကောင်း ရှိတာနဲ့ ညာခိုင်းနေတာလည်း ဖြစ်နေဦးမယ်။ သတိထားပေါ့ကွာလို့ ပြောတယ်ဗျ။

အို... ဘယ်နည်းနဲ့မှ ရွှေခင်ဟာ ဒီလိုအစားထဲက မဟုတ်ပါဘူး ဗျာ၊ ကိုကြက်ရိုးအနေနဲ့ သူ့အပေါ်မှာတော့ အထင်အမြင် သိပ်မသေး ပါနဲ့လို့ ပြောရင်းက ကျုပ်လည်း နောက်ထပ် စိတ်မချမ်းသာစရာ စကား တွေကို ဆက်မကြားချင်တာနဲ့ အိမ်ဘက်ကို ခပ်သွက်သွက် လှည့်ထွက် ခဲ့ပါတယ်။

## အချစ်လွှင့်ပွဲ

ခုအချိန်ဟာဆိုရင်ဖြင့် ကျုပ်တို့တစ်တွေဟာ ကောက်ရိတ် ကောက်သိမ်းရတဲ့ အချိန်ကို ရောက်ခဲ့ပြီပေါ့ဗျာ။ ရွှေအဆင်းလို တဝင်းဝင်းနေတဲ့ ကျုပ်တို့ရဲ့ လယ်ကွက်တွေထဲမှာ နတ်တော် ပြာသိုမို့ နှင်းပေါက် နှင်းရည်တွေဟာလည်း စိုစို့ရွှဲနေပါပြီ။ ကျုပ်တို့ဟာ နံနက် ဝေလီဝေလင်း အချိန်လောက်ကတည်းက သီချင်းသံတွေ တညံညံနဲ့၊ အားပေးသံတွေ တဆူဆူနဲ့ သူ့ထက် ငါကောင်း ကောက်ရိတ်သိမ်းနေကြတဲ့အခါပေါ့ဗျာ။ ဒီလိုအချိန်မှာ ဒိပြင် တခြားလူတွေအဖို့တော့ မပြောတတ်ပါဘူး။ ကျုပ်အဖို့မှာ ဆိုရင်တော့ ကိုယ်နဲ့ ယှဉ်ပြီး အတူတူရိတ်နေတဲ့ လူဟာ ကိုယ့်ထက် "ငန်း" ကျောသွားမှာစိုးလို့ ခေါင်းတောင်မှ မဖော်နိုင်ဘဲ ရိတ်နေရတဲ့ အခါပေါ့။

ကျုပ်က လူချင်း ယှဉ်လိုက်ရင် ဘယ်သူ့မှ အကျောမပေးချင်ဘူး။ သူများ တစ်ကွက်ဆိုရင် ကျုပ်က နှစ်ကွက်လောက်ကျအောင် ရိတ်နေတော့တာပါပဲ။ ကျုပ်အဖို့မှာက ဒီလို အားတိုက် ခွန်စိုက်နဲ့ အပြိုင်အဆိုင်

လုပ်ရတာကိုပဲ သဘောကျလှသပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါ တစ်ခါမှာ ကျုပ်ရဲ့ ချစ်သူ ရွှေခင်နဲ့ သူ့အဖေ ဦးရွှေကြူးတို့ဟာ ကျုပ်တို့ လယ်ရိတ်ခွင်ကို လာကြည့်ပြီလားဆိုမှဖြင့် ကျုပ်ဟာ သူတကာတွေရဲ့ ရှေ့ကချည်း အမြဲတမ်း ကျောနေတာကို မြင်ကြရင်ပဲ သားအဖ နှစ်ယောက် စလုံးဟာ တပြုံးပြုံးနဲ့ ပီတိဖြစ်နေကြတာကိုး။

တစ်ညနေခင်းမှာတော့ ဦးရွှေကြူးဟာ ကျုပ်တို့ စပါးရိတ်နေတဲ့ လယ်ကွင်းထဲကို ဆင်းလာတယ်။ ကျုပ်ကို လက်တို့ပြီး ကျုပ်တို့ လယ်ကွက်နဲ့ မနီးမဝေးမှာ ရှိတဲ့ "ညောင်ချဉ်" ပင်အောက်ကို ခေါ်သွားတယ်ဗျ။ အဲဒါနဲ့ ညောင်ပင်အောက် ရောက်တော့ ဦးရွှေကြူးက ကျုပ်ကို စကားတစ်ခွန်း ပြောတယ်ဗျာ။

မောင်သာလှ လှိုင်းကောက်အနေနဲ့ ရိတ်တဲ့ သံချောင်းတို့ ဘိုးလုံးတို့ လူစုဟာ သူတို့အနေနဲ့ ကောက်လှိုင်းကျရင် ပြီးရော၊ ကိုယ်တွက် စီတာပဲ ဆိုပြီး စေ့စေ့စပ်စပ် မရိတ်ဘူးကွ။ ဒီတော့ ကောက်သင်းတွေ သိပ်ကျန်တယ်။ အဲဒါကို မင်းက တစ်ဆိတ် စစ်စစ်ဖာဖာ ရိတ်သိမ်းနိုင်မှ ဖြစ်မယ်။ ကြက်ရိုးနဲ့ ကျန်တဲ့ လူငှားတစ်ယောက်ကလည်း သိပ်ဂရုမစိုက် ကြဘူး။ သူတို့ နှစ်ယောက်စလုံးကိုလည်း ဒီနှစ် လယ်သိမ်းပြီးရင် ထပ် မငှားတော့ဘူးကွလို့ ပြောတယ်ဗျ။

ကျုပ်က ရုတ်တရက် ဘာမှ ပြန်မပြောဘူး။ သူ့စကားကိုပဲ နားထောင်နေပါတယ်။ အဲဒါနဲ့ သူက နောက်ထပ် စကားပြောမယ် လုပ်ပြီးမှ စကားမဆက်သေးဘဲ သူ့အိတ်ထဲက ဆေးပြင်းလိပ် နှစ်လိပ်ကို ထုတ်ပြီး သူက တစ်လိပ် မီးညှိသောက်တယ်။ ကျုပ်ကို တစ်လိပ်ပေးတယ်။ ကဲ... မင်းလည်း ဆေးလိပ်ကလေး ဘာလေး သောက်ပြီး အမောအပန်း

ဖြေဦးကွာဆိုလို့ ကျုပ်က သူ လှမ်းပေးတဲ့ ဆေးလိပ်နဲ့ မီးခြစ်ကို ယူပြီး မီးညှိသောက်တယ်။

အမှန်ကတော့ ဒီဆေးလိပ်ဟာ အတော်ကောင်းတဲ့ ဆေးလိပ်ပေါ့ဗျာ။ ကျုပ်ဟာ ဆေးပြင်းလိပ် သောက်တယ် ဆိုပေမယ့် အခုလို အနံ့အသက် ကောင်းလှတဲ့ ဗကာကြီး ဆေးလိပ်ကို ဒီတစ်ကြိမ်ပဲ သောက်ဖူးသေးတာပေါ့ဗျာ။ ဦးရွှေကြူးအနေနဲ့ ကျုပ်ကို သူကိုယ်တိုင် အမြတ်တနိုး ထားသောက်တဲ့ ဆေးပြင်းလိပ်ကို ပေးတာဟာ တော်ရုံတန်ရုံ စေတနာ မဟုတ်ဘူးဗျနော်၊ အတော့်ကို ချစ်ခင် ကြင်နာလွန်းလို့ အခုလို တမင် သက်သက် အိမ်က ယူလာပြီး ပေးတာပဲလို့ ကျုပ်က ထင်လိုက်မိတယ်။

ကောက်သင်းကောက်တဲ့ လူတွေကိုလည်း အခုနေတော့ လယ်ကွက်ထဲကို မဝင်စေနဲ့ဦးကွ။ နောက်မှ ကောက်သင်းအကျန်ကို ကြည့်ပြီး ဝင်ကြပေ့စေ။ ဒီနေ့တော့ ကြက်ရိုးနဲ့ ဟို လူငှား တစ်ယောက်ကို ကောက်လှိုင်းပုံမှာ ညအစောင့် ထားခဲ့ပြီး မင်းတော့ ခပ်စောစောပဲ ပြန်တက်လာပေါ့ကွာ။ အိမ်မှာ လှည်းကိစ္စ နွားကိစ္စနဲ့ ဗာဟီရက ရှိသေးတယ် မဟုတ်လားလို့ သူက တစ်ခါ ထပ်ပြောတော့ ကျုပ်က ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် မှောင်တဲ့တိုင်အောင် မနေဘဲ နွားသွင်းချိန်အမီ အိမ်အရောက် ပြန်ခဲ့ပါမယ်လို့ ပြောရတယ်။

ဦးရွှေကြူးဟာ သူ့ ဆေးပြင်းလိပ်ကို ခပ်ပြင်းပြင်းလေး ဖွာရင်းက တလင်းထဲမယ် တောင်ပုံကဖင်း ဖြစ်နေတဲ့ ရိတ်ပြီးသား ကောက်လှိုင်းပုံကို ကြည့်လိုက်၊ ရိတ်လို့ မပြီးပြတ်သေးတဲ့ လယ်ကွက်တွေကို မျှော်ကြည့်လိုက်နဲ့ ကျုပ်ကို စကားဆက်မပြောသေးဘူးပေါ့ဗျာ။ ကျုပ်စိတ်အထင်ကတော့ သူက လယ်ကထွက်မယ့် စပါးကို ခန့်မှန်းနေတာရင်

လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်ရင် နောက်ထပ် ဘယ်နှရက် ဘယ်အချိန် ထိအောင် ရိတ်လိုက်ရင် ပြီးပြတ်သွားမယ် ဆိုတာကို တွေးတော ချိန်ဆနေတယ်လို့ ထင်တာပါပဲ။

ဒီလိုနဲ့ အတော်ကလေး ကြာသွားတော့မှ သူဟာ ကျုပ်ကို စကားတစ်ခါ ထပ်ပြောပြန်တယ်။

ဘယ့်နှယ်လဲဟေ့၊ ဒီနှစ် စပါးအထွက် နှစ်တိုင်းထက် ပိုပါ့မလားတဲ့။

ဟာ... ဒီနှစ်တော့ မနှစ်ကထက် ပိုထွက်မှာပေါ့ခင်ဗျာ။ အခု ရိတ်ပြီးသွားတဲ့အတိုင်းဆိုရင် "ငါးလှိုင်း တစ်တင်းကျ" ထား တွက်တောင် ပြီးသွားတဲ့ လယ်ကွက်နဲ့ဆိုရင် မနှစ်ကထက် အများကြီး သာနေတာပေါ့ လို့ ကျုပ်က အားတက်သရော ဖြေလိုက်တယ်။

ဒီလို ကျုပ်က ပြောလိုက်တယ် ဆိုရင်ပဲ ဦးရွှေကြူးရဲ့ မျက်နှာဟာ အတော်ကြီး ကျေနပ်သွားပုံနဲ့ တပြုံးပြုံး ဖြစ်သွားတာပဲဗျ။ နောက်တော့မှ သူက ကျုပ်ကို ပြောလိုက်သေးတယ်။

ငါ ခုနက ပြောတဲ့အတိုင်း ကောက်သင်းကိုတော့ သိပ်မကျစေနဲ့ကွ။ အဲဒါကိုလည်း မင်း တစ်ပတ်ကျော့ကြည့်ဦးနော်။ ကဲ... ကဲ ငါ သွားမယ်၊ မင်းလည်း ခပ်စောစောလေးသာ အိမ်ပြန်တက်ခဲ့ပေတော့ဟေ့ လို့ ပြောပြီး သစ်ပင်အောက်က ထွက်သွားတယ်ဗျ။

*

ဒီလိုနဲ့ပဲ ကျုပ်တို့ လုပ်ငန်းတွေဟာဖြင့် တဖြည်းဖြည်း တစ်စစနဲ့ ပြီးစီးလာလိုက်တာ ရေ့ တပေါင်းလ ကုန်လောက်မှာ ဆိုရင်တော့ တလင်းသိမ်းပြီး ဖြစ်ရတော့မယ်ပေါ့ဗျာ။

ခုလို အလုပ်တွေ ပြီးစီးခါနီးလို့ တလင်းသိမ်းမယ့်ဆဲဆဲ အချိန်မှာတော့ ကျုပ်ဟာ မမျှော်လင့်ဘဲ ဂြိုဟ်ဆိုးဝင်ခဲ့ရတာပါပဲ။

အဲဒီလို ကျုပ် ဖြစ်ရတဲ့အချိန်နဲ့ ဒီလိုအဖြစ်မျိုး ကြုံရတော့မယ့်ဆဲဆဲ ဖြစ်တဲ့ ညတစ်ညရဲ့ အချိန်ကိုလည်း ကျုပ် အမှတ်ထားမိသလောက် ပြန်ပြောရဦးမှာပေါ့ဗျာ။

ဟုတ်ကဲ့၊ သည်ညဟာတော့ အတော်ပဲ အေးမြလှတဲ့ ဆောင်းလရဲ့ ညတစ်ညပေပေါ့။ ကျုပ်ဟာ ကုန်ဆုံး လွန်မြောက်ခဲ့တဲ့ ရက်တွေလတွေက အတော့်ကို ပင်ပန်းခဲ့တာနဲ့ အခုလို အလုပ်အကိုင်ပါးစပြုလာတဲ့ အချိန်တွေ ညတွေမှာဆိုရင်တော့ ရွာထဲကိုတောင် ဟိုသွားဒီသွား မလုပ်တော့ဘဲ ခပ်စောစောပဲ အိပ်ရာထဲကို ဝင်ခဲ့တယ်။

ကျုပ် အိပ်ရတာက အရင်က အခန်းကလေးထဲမှာပဲပေါ့ဗျာ။ လယ်လုပ်ခွင်က အလုပ်တွေ ပါးသွားပြီ ဆိုပေမယ့် တလင်းထဲမှာတော့ တချို့တစ်ဝက် မသိမ်းရသေးတဲ့ စပါးတွေဟာဖြင့် ရှိနေသေးလို့ ကိုကြက်ရိုးနဲ့ လူငှားတစ်ယောက်ဟာ လယ်ထဲမှာပဲ စောင့်အိပ်ကြရတုန်းပေါ့။

ဆောင်းလရဲ့ ညဟာ တော်တော်ပဲ အေးလှတယ်ဗျာ။ သူကြီးဦးရွှေကြူးနဲ့ သူကြီးကတော်တို့ဟာ ခပ်စောစောပဲ အိပ်ရာဝင်ကုန်ကြပြီပေါ့။ ရွှေခင်ကိုသာ စောစောတုန်းက အိမ်ရှေ့ခန်း မီးရောင်အောက်မှာ ရိပ်ခနဲ တွေ့လိုက်ရတယ်။

ကျုပ်က စောစော အိပ်ခန်းထဲကို ဝင်လာပေမယ့် အိပ်လို့တော့ မပျော်သေးပါဘူး။ အိပ်ချင်တဲ့ စိတ်လည်း မရှိသေးပါဘူး။ နေ့လယ်ခင်းလောက်ကတည်းက ရွှေခင်ဟာ ကျုပ်ကို ဒီည ပြောစရာရှိတယ်၊ သူ့အဖေနဲ့ သူ့အမေ အိပ်ပျော်လောက်မှ သူ လာခဲ့မယ်ဆိုလို့ ကျုပ်ဟာ ရွှေခင် လာချိန်ကို စောင့်မျှော်ပြီး နေမိခဲ့ပါတယ်။

အဲဒီလိုနဲ့ အချိန် အတော်ညဥ့်နက်လာလို့ တစ်အိမ်လုံး လူသံသူသံ တိတ်ဆိတ်နေတဲ့ အခါမှာပဲ ကျုပ်ရဲ့ အခန်းရှိရာကို ခပ်ဖြည်းဖြည်း လျှောက်လာတဲ့ ရွှေခင် ခြေသံကို ကြားလိုက်ရတယ်။ ကျုပ်က ကျုပ်အိပ်တဲ့ အခန်းတံခါးကို ဟိုအရင်တုန်း အချိန်များကလို စေ့ရုံပဲ စေ့ထားတာပေါ့ဗျာ။ ရွှေခင်ဟာ အိပ်ခန်းအပြင်ကနေ တံခါးကို အသာအရာဖွင့်ပြီး ဝင်လာတဲ့ အချိန်မှာ ကျုပ်ဟာလည်း အိပ်ရာပေါ်မှာ လှဲနေရာက ဆတ်ခနဲ ထ ထိုင်လိုက်မိတယ်။

ကျုပ်အဖို့ အဲဒီ ညဟာတော့ ဟိုစဉ် ဟိုညတွေထက် ပိုပြီးတော့ ထူးခြားနေတဲ့ အကြောင်းတစ်ခု ရှိတယ်ပေါ့ဗျာ။ ကျုပ်ရဲ့ မျက်ခုံး လက်ရုံးတွေဟာ မရပ်မနားနဲ့ တဆတ်ဆတ် လှုပ်နေတယ်ဗျ။ နောက်ပြီးတော့လည်း ကျုပ်စိတ်တွေဟာ လွန်ခဲ့တဲ့ လေးငါးရက်လောက်ကတည်းက အင်မတန် လေးလံ ထိုင်းမှိုင်းပြီး အို... တစ်မျိုးကြီးဆိုမှ တစ်မျိုးကြီးကို ဖြစ်နေတာပါပဲဗျာ။

ဒီလိုနဲ့သာ မကြာခင် ရွှေခင်ဟာ ကျုပ်အခန်းထဲကို ရောက်လာခဲ့ပါတယ်။ တစ်အိမ်လုံးနဲ့ တစ်ခန်းလုံးဟာ ဒီအချိန်က မီးရောင် လုံးဝမရှိဘဲ မှောင်အတိ ပိန်းနေပါတယ်။ ကျုပ်ဟာ ကျုပ်အနား ရောက်လာတဲ့ ရွှေခင့် လက်ဖျားကလေး တစ်ဖက်ကို အသာလှမ်းဆွဲလိုက်ပြီး ကျုပ်အနီး ကျုပ် အိပ်ရာပေါ်မှာပဲ သူ့ကို ဆွဲထိုင်လိုက်မိတယ်။

ကျုပ်နဲ့ ရွှေခင်နဲ့သာ အခုလို တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်နေကြတယ် ဆိုပေမယ့် ကျုပ်ဟာ ရွှေခင်နဲ့ အခုလို မကြာခဏ တွေ့ရတဲ့ အချိန်မျိုးပဲ ဖြစ်ဖြစ်၊ ရွာတစ်ဖက်က တောတန်းထဲမှာ နှစ်ယောက်သား တွေ့ကြရတဲ့ အခါမှာပဲ ဖြစ်ဖြစ်၊ နုနယ်ပျော့ပျောင်းလှတဲ့ ရွှေခင့်

လက်ဖျားကလေးတွေကို ဆွဲရုံ ကိုင်ရုံနဲ့ အရေးကုန် သူ့နဖူးဆံစကလေး တွေကို နမ်းရုံရှုပ်ရုံလောက်ကလွဲလို့ ဘာကိုမှ ကျုပ် တစ်စွန်းတစ်စ မပြုရက်ခဲ့ပါဘူး။

ကျုပ်ကတော့ တစ်မျိုးတစ်နည်း တွေးဆထားမိပါတယ်။ ငါ ချစ်ရတဲ့ ရွှေခင်ဟာ နောက်ဆုံး တစ်နေ့မှာ ငါ့ ရင်ခွင်မှာ အိပ်စက်ရမှာပဲ လို့ ပေါ့ဗျာ။

ခုလို ကျုပ်နဲ့ သူနဲ့ဟာ တစ်ယောက်နဲ့ တစ်ယောက် နီးနီးစပ်စပ် ပူးပူးကပ်ကပ် နေမိကြတဲ့အခါမှာတော့ သူ့ကိုယ်က သင်းပျံ့တဲ့ သနပ်ခါး နံ့တွေဟာ ကျုပ်ရဲ့ လယ်လုပ်ခွင်က ပင်ပန်းလာခဲ့ရမှုတွေကို တစ်ခဏချင်း ပဲ မေ့ပျောက်သွားစေတော့တာပဲဗျာ။

ပြောစမ်းပါဦး ရွှေခင်၊ ကိုသာလှကို ဘာပြောမလို့တုံး။ ရွှေခင့် ကိုယ်ကလေးကို ကျုပ် ရင်ခွင်ထဲ ဆွဲသွင်းထားရာက ဒီလိုလည်း မေးလိုက် မိတယ်လေ။

ဒါပေမဲ့ ရွှေခင်ဟာ ကျုပ် မေးတာကို ရုတ်တရက် ဘာမှ ပြန် မပြောသေးဘူးပေါ့ဗျာ။ သူဟာ ကျုပ်ရဲ့ ကျယ်ပြန့်တဲ့ ရင်ခွင်ထဲမှာ ငြိမ်ငြိမ် သက်သက်နဲ့ ကလေးတစ်ယောက်ရဲ့ အသွင်လို ရှိနေပါရဲ့။

ပြောပါ ရွှေခင်ရဲ့၊ ကိုသာလှကို ပြောစရာရှိတယ်ဆိုလို့ ကျုပ်က တစ်ခါ ထပ်မေးလိုက်တယ်။

သူဟာ ထူးထူးထွေထွေရယ်လို့တော့ ကျုပ်ကို ဘာမှမပြောပါဘူး ဗျာ။ အခါတိုင်း ညများမှာ တွေ့ကြတုန်းအခါကလို တစ်ယောက်အပေါ် တစ်ယောက် ဘယ့်ကလောက် ချစ်ပါတယ်၊ ဘယ့်ကလောက် ကြင်နာပါ တယ်၊ ဘယ်လို စိတ်နေစိတ်ထားမျိုးနဲ့ မမြင်ရ မတွေ့ရရင် မနေနိုင်

သလောက် ဖြစ်ခဲ့မိတယ် ဆိုတာတွေလောက်ပဲ အားမရနိုင်တမ်း ပြောနေပါတယ်။

အဲဒီလို ပြောနေရင်းကမှ သူဟာ ထူးထူးခြားခြား စကားတစ်ခွန်းတော့ ကျုပ်ကို မေးလိုက်တယ်ဗျ။

မောင်ကြီးရယ် တကယ်လို့များ အဘတို့ အမေတို့အနေနဲ့က မောင်ကြီးနဲ့ ရွှေခင်ကို သဘောမတူဘူးဆိုပြီး ကန့်ကွက်ကြ ဖျက်ဆီးကြရင် ဘယ်လိုများ လုပ်ကြပါ့မလဲဟင် တဲ့။

အဲဒီ စကားကို ရွှေခင်က မေးလိုက်တော့မှ ကျုပ် စိတ်ထဲမှာ တစ်မျိုးကြီး ပူပြီး တစ်မျိုးကြီး ဖြစ်မိတယ်ဗျာ။ ဟုတ်တယ်လေ၊ အခုနေအခါများ သူ့အဖေ သူ့အမေက သူနဲ့ ကျုပ်ကို သဘောမတူပါဘူးဆိုရင် ကျုပ်အနေနဲ့က ဘယ်လိုများ ကြံရဖန်ရပါမလဲလို့။

ခက်တယ် ခက်တယ်၊ ကျုပ်အနေနဲ့ကလည်း ရွှေခင်ကို အသည်းထဲ နစ်နေအောင် တကယ်ပဲ ချစ်မိနေပါပြီ။ အဲဒီလို ချစ်မိလို့ သူ့မိဘ သဘောမတူရင် ခိုးပြီး ထွက်ပြေးကြဖို့ဆိုတာက ကျုပ်အနေနဲ့ အတော့်ကို မလွယ်လှဘူးပေါ့ဗျာ။

ဘယ်မလဲ ကျုပ်အတွက် အားကိုးရမယ့်လူ၊ ဘယ်အရပ်၊ ဘယ်ဒေသမှာလဲ ကျုပ်အတွက် နေစရာ ထိုင်စရာ အိမ်၊ အားကိုးရာ အားကိုးကြောင်းဆိုလို့ ဒီကမ္ဘာမြေကြီးပေါ်မှာ ကျုပ်ဖြင့် လုံးလုံး မမြင်မိပါဘူး။ ကျုပ် ဘဝဟာ တစ်ကောင်ကြွက်၊ လူ့သစ်ငုတ် ဖြစ်နေပြီ မဟုတ်လားဗျာ။

ကျုပ်ဟာ ရွှေခင် အမေးကို ဘယ်လို ပြန်အဖြေပေးရမယ် စဉ်းစားလို့ မရတော့ဘူး။ အဲဒီလို ကျုပ်က ဘာအဖြေမှ မပေးနိုင်ဘဲ အ အ

ကြီးလို ဖြစ်နေမှပဲ ရွှေခင်က စိုးရိမ် ကြောင့်ကြသံကလေးနဲ့ ခုနက အမေးကို ထပ်တလဲလဲ မေးတော့တာပါပဲ။

ရွှေခင်ကို ပြောစမ်းပါ မောင်ကြီးရဲ့၊ အဘတို့ အမေတို့အနေနဲ့က သဘောမတူဘူးဆိုရင် မောင်ကြီးနဲ့ ရွှေခင် ပေါင်းရအောင် ဘယ်လိုများ ကြံကြမလဲဟင် တဲ့။

ကျုပ်ဟာဖြင့်ဗျာ ချွေးဒီးဒီးကျမတတ်ကို အဖြေရ ကျပ်လှပါတယ်။ ကျုပ်ကိုယ်ကျုပ်လည်း ပြန်စဉ်းစားမိပါရဲ့။ ငါဟာ ရွှေခင်ကို အသက်ပေး ချစ်တယ်ဆိုရင် ရွှေခင့်အတွက် အားကိုးရာ အားကိုးကြောင်း အနေနဲ့ ငါ့အခြေ ငါ့အနေနဲ့ ငါ့အစွမ်း ငါ့အစဟာ ဘယ်အထိ ရှိနေသလဲ လို့။

ပြောစမ်းပါဦး မောင်ကြီးရဲ့၊ မောင်ကြီး ကြိုတင်ပြီး ကြံစည်ထားတာ ဘယ်လိုများ ရှိလဲလို့။ ရွှေခင်ကတော့ ကျုပ်ကို အခုလိုပဲ ထပ်ချည်းတလဲလဲ မေးနေတော့ ကျုပ်ဟာ ပါးစပ်က ထွက်မိထွက်ရာ အဖြေပေးလိုက်မိတယ်။

အိုကွယ်၊ ဒီအခါကျတော့လည်း မောင်ကြီး တာဝန်ပေါ့လို့။

ကျုပ် ပါးစပ်က အဲဒီလို ဖြေပြီးလို့ နောက်ထပ် ဆက်ပြောရမယ့် စကားကို နှုတ်က မထွက်ရသေးဘူးဗျာ။ ဦးရွှေကြူး ခြေသံနဲ့ ချောင်းဟန့်သံကို အပြင်ဘက်က ကြားလိုက်ရပြီး ကျုပ် အခန်းထဲကို ဦးရွှေကြူး ဝင်လာရုံတင်မကပါဘူး၊ သူ့လက်ထဲက သုံးထောင့်ထိုး လက်နှိပ်ဓာတ်မီး ရောင်ဟာ ကျုပ်နဲ့ ရွှေခင် နှစ်ဦးစလုံး မျက်နှာပေါ်ကို တဝင်းဝင်းနဲ့ ထိုးထားတော့တာပါပဲ။

ရုတ်တရက် ဖြစ်ရတဲ့အကြောင်းမို့ ကျုပ်တို့ နှစ်ယောက်စလုံး

ဘယ်လိုမှ မကြံတတ်တော့ဘူး။ ခိုးထုပ် ခိုးထည်နဲ့ လူမိခံရတဲ့ သူခိုးတွေလို ပြူးတူးကြောင်တောင်နဲ့ ဟင်ခနဲသာ ပါးစပ်က အသံထွက်နိုင်ကြတော့တာပေါ့။

ဦးရွှေကြူးဟာ ကျုပ်တို့အနားကို ရောက်အောင် တိုးလာတဲ့ပြီး သူ့ လက်တစ်ဖက်မှာ ကိုင်ထားတဲ့ တုတ်ကောက်နဲ့ ရွှေခင့် ကျောကို တဗုန်းဗုန်းနေအောင် ရိုက်ရင်း ပါးစပ်ကလည်း ခွေးတိရစ္ဆာန်မ၊ နင်ဟာ မိဘ အမွှန်းတင်ထားလို့မှ လူလိုသူလို မဖြစ်ချင်ဘူး၊ မိပဋ္ဌာဇာတ် ခင်းချင်လှတဲ့ သတ္တဝါမ သေပေတော့ ဆိုပြီး အော်ကြီးဟစ်ကျယ် ကြိမ်းဝါးတော့တာပါပဲ။

ကျုပ်ဟာ ဘာပြောလို့ ဘာဆိုရမှန်း မသိဘူးပေါ့။ ရွှေခင်ကို အဆက်မပြတ် တဗုန်းဗုန်း ရိုက်နေတာ၊ ကြာတော့ မကြည့်နိုင်လွန်းလို့ အကာအကွယ်ပြုတဲ့ သဘောနဲ့ စပ်ကြားကလည်း ဝင်ခံလိုက်ပါရော၊ ဦးရွှေကြူးဟာ ခွေးမျိုး၊ ကျွန်မျိုး၊ မင်းကလား ငါ့သမီးနဲ့ ရာရာစစကွာ ဆိုပြီး ကျုပ်ကို တစ်ချက်တည်း ဆောင့်ကန်လိုက်တာ ကျုပ်ဟာ အခန်းထောင့် တစ်နေရာမှာ ပုံလျက်သား လဲကျသွားတယ်။

ကျုပ်က ဦးရွှေကြူးဟာ ရွှေခင်ကို ရိုက်တာရော ကျုပ်ကို ရိုက်တာပါ တော်ရုံသဖြင့်နဲ့ ရပ်လိမ့်မယ်လို့ အစက ထင်မိတယ်ဗျ။ ကျုပ်ကို ကန်လိုက်လို့ အခန်းထောင့်မှာ ပုံလဲသွားတယ် ဆိုရင်ပဲ ဦးရွှေကြူးဟာ မာန်ဖီတဲ့ ကျားကြီးလို ကျုပ်ရှိရာကို တစ်ရှိန်ထိုး ပြေးလာတဲ့ပြီး အတော့်ကို လေးလံ မာကျောလှတဲ့ အရာဝတ္ထုတစ်ခုနဲ့ ကျုပ်ခေါင်းတည့်တည့်ကို တအားလွှဲလွှဲပြီး ရိုက်လိုက်တာမှ မပြောပါနဲ့တော့ဗျာ၊ ကျုပ်ဦးခေါင်းတစ်ခုလုံးဟာ အစိတ်စိတ်အမြွာမြွာ ကွဲသွားတယ်လို့သာ ထင်လိုက်ရပြီး

ကျုပ် မျက်စိထဲမှာလည်း ဝင်းခနဲသာ လက်သွားတယ်။ ကျုပ်ဟာ ရှေ့ကို ငိုက်စိုက်ကျသွားတာပါပဲ။

*

အဲဒီအဖြစ်ရဲ့ နောက်ပိုင်းမှာတော့ ကျုပ်ဟာ ဦးရွှေကြူးရဲ့ သူမတူအောင် ရက်စက်မှု၊ လူမဆန်တဲ့ ပြုကျင့်မှုတွေကို အံ့သြလို့ မဆုံးနိုင်အောင်ပဲ တွေ့ကြုံ ခံစားရပါတယ်။

ကျုပ်ဟာ သူကြီး ဦးရွှေကြူးရဲ့ ရက်ရက်စက်စက် ရိုက်နှက်တဲ့ ဒဏ်ချက်ကြောင့် ညတုန်းထဲက သတိမေ့နေလိုက်တာဟာ မနက် မိုးစင်စင် လင်းတဲ့ အခါကျမှ သတိပြန်ရတော့တာပါပဲ။

အဲဒီလို သတိပြန်ရတယ်ဆိုပေမယ့် ဘာတစ်ခုမှ သက်သာခံသာ ရှိရမယ့်အဖြစ်ကို မမြင်မတွေ့ရပါဘူးဗျာ။ ငါ့ဘဝရဲ့ ရှေ့ရေးဟာ ဘယ်လို အရေးအခင်းတွေနဲ့ ဘယ်ထိ ကြမ်းကြုတ် ရက်စက်မယ့် မှောင်မိုက်ထဲကို တိုးဝင်ရတော့မှာလဲ ဆိုတာကိုသာ ငံ့လင့်နေရပြီပေါ့ဗျာ။

ကျုပ်ဟာ ခုဆိုရင် သူကြီး ဦးရွှေကြူးရဲ့ အိမ်အောက်မှာရှိတဲ့ ထိတ်တုံးထဲ ရောက်နေပြီပေါ့ဗျာ။ ကျုပ် တစ်ကိုယ်လုံးဟာ ကျိန်းစပ်နာကျင်ပြီး အတော်ပဲ ခံရချက်ဆိုးတဲ့ ဝေဒနာတစ်ခုကို အလူးအလိမ့် ခံစားနေရတာပါပဲ။ ကျုပ် ခေါင်းထဲကလည်း မူးခနဲ မိုက်ခနဲနဲ့ ကိုက်ခဲတဲ့ ဒဏ်ကို ခံစားနေရတယ်ပေါ့။ ကျုပ်ရဲ့ ကိုယ် အထက်ပိုင်း တစ်ခုလုံးက အင်္ကျီနဲ့ လုံချည်မှာ ဆိုရင်တော့ သွေးအလိမ်းလိမ်း ပေကျံနေတော့တယ်။

ဒီလို ဝေဒနာခံရချက် ပြင်းလှပေမယ့် ကျုပ်အနေနဲ့ကတော့

ဘယ်လိုမှ ဒီအဖြစ် ဒီအခြေအနေက လွတ်မြောက်အောင် ကြံဆောင်လို့ မဖြစ်နိုင်တော့ပါဘူး။ ကျုပ်ရဲ့ လက်နှစ်ဖက်ကို ခိုင်ခိုင်မြဲမြဲပဲ လက်ပြန် ကြိုးတုပ်ထားပြီး ကျုပ် အောက်ပိုင်း ခြေထောက်ဟာ မာကျော ကျစ်လျစ်တဲ့ ထိတ်တုံးရဲ့ကြားထဲမှာ သွင်းလျှို ဖိညှပ်ထားခြင်း ခံနေရတော့တာပါပဲ။

ကျုပ်ဟာ အနည်းအကျဉ်း ဆိုသလို တွန့်လိမ် လှုပ်ရှားရုံကလွဲပြီး ဘယ်လိုမှ မပြုနိုင်ဘူးပေါ့ဗျာ။ ကျုပ် အာခေါင်အာရင်းတွေဆိုရင် ခြောက်ကပ် ပူရှိန်းပြီး လည်ချောင်းတွင်းက ဆိုရင်ဖြင့် ရေလေး တစ်စက် တစ်ပေါက် သောက်ချင်လွန်းလို့ ပူပူပြင်းပြင်းကြီး ဖြစ်နေတာပါပဲ။

ကျုပ်က ရွှေခင်ကို ဖြစ်ဖြစ်၊ ကိုကြက်ရိုးနဲ့ အိမ်က လူငှား တစ်ယောက်ယောက်ကို ဖြစ်ဖြစ် တွေ့ရလို တွေ့ရငြား ဟိုဟိုဒီဒီ ဦးခေါင်း လှည့်ပြီး ကြည့်လိုက်မိပါတယ်။

လူရိပ်လူခြည်ဆိုလို့ တစ်ယောက်မှ မတွေ့ရတဲ့အပြင် အခါတိုင်း နေ့တွေကထက် လွန်ကဲပြီး ဦးရွှေကြူးရဲ့ တစ်အိမ်လုံးဟာ တိတ်ဆိတ် ခြောက်ကပ်နေတာကို တွေ့ရပါတယ်။

ကျုပ်ဟာ ဒီလို မခံမရပ်နိုင်တဲ့ ဒုက္ခကြီးကို ခံစားနေရရင်းကပဲ ကျုပ်ရဲ့ ချစ်သူ ရွှေခင်ကို ပြေးသတိရလိုက်မိတယ်။ တွေးပြီးတော့ ပူလိုက်မိတယ်။

ရွှေခင်... ရွှေခင် ညတုန်းက သူ့အဘ ရိုက်တဲ့ ဒဏ်ရာကြောင့် ဘယ်လိုများ ဖြစ်နေပြီလဲ၊ အိပ်ရာထဲမှာ ငါ့လို မထနိုင်အောင် လဲနေလေ ရော့သလား။ ဒါမှမဟုတ်ရင် တငိုငို တရှိုက်ရှိုက်နဲ့ ငါ့အဖြစ်ကို မကြည့် နိုင် မကြည့်ရက်လို့ပဲ အပြင်ကို မထွက်လေရော့သလားလို့ အမျိုးမျိုးအဖုံဖုံ တွေးပြီးတော့ ပူလိုက်မိတယ်။

ဒီလိုနဲ့သာ အတော်ကလေး နေပွင့်လာတဲ့ အချိန်ကျတော့ အိမ်ရှေ့ဘက်က လူသံတွေကို ကြားလိုက်ရပြီး သူကြီး ဦးရွှေကြူးနဲ့ သူကြီးကတော် အပါအဝင် လူပေါင်း နှစ်ဆယ်လောက်ဟာ ကျုပ်ကို ထိတ်တုံးခတ်ထားတဲ့ဆီ ရောက်လာကြပါတယ်။

သူကြီးကတော်ဟာ ကျုပ်နဲ့ အတော်ကလေး နီးလာတဲ့အခါမှာ ဟဲ့… ခွေးသား ခွေးတိရစ္ဆာန်၊ သားရေပေါ် အိပ်၊ သားရေနား စားတဲ့ အကောင်။ ဟင်… ကျွန်မျိုး၊ သဘောက်မျိုး၊ နင်ဟာ ကျေးဇူးတရားက နည်းနည်းမှ မစောင့်စည်း မထိန်းသိမ်းတတ်တဲ့ အကောင်ပါလား။ သူပုန် ဓားပြသား၊ ဒင်းအဖေလို ဒင်းလည်း တစ်နေ့မှာ သူပုန် ဓားပြ ဖြစ်ပြီး သေခြင်းဆိုးနဲ့ သေမယ့် အကောင်လို့ ဆဲဆို ရေရွတ်ရင်းက ကျုပ် ရှိရာကို ပြေးလာတဲ့ပြီး ကျုပ် ခေါင်းက ဆံပင်ကို ဆွဲဆောင့်လား ဆောင့်ရဲ့၊ ကျုပ် ပါးနှစ်ဖက်ကို တဖြန်းဖြန်း မြည်အောင် ရိုက်လား ရိုက်ရဲ့ပေါ့ဗျာ။ ကျုပ်ကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် နှိပ်စက်တော့ တာပါပဲ။

အတူပါလာတဲ့ ရွာသူ ရွာသားတွေ ဆိုတာကလည်း ဘာတစ်ခွန်း တစ်ပါဒမှ ဝင်ပြီး မစွက်ဖက် မပြောကြားဝံ့ကြဘူးပေါ့ဗျာ။ သူတို့အနေနဲ့ က ဘယ်လိုလုပ် ပြောဝံ့ကြပါ့မလဲ။ သူတို့ကိုယ်၌က သူကြီးနဲ့ သူကြီး ကတော်ကို ကြောက်လိုက်ကြရတာမှ ခေါင်းမဖော်ဝံ့ကြတဲ့ လူတွေချည်း ပဲကိုး ဗျ။

ဒီအချိန်မှာ ကျုပ်ဟာ မျက်လုံးကို မဖွင့်နိုင်တော့ဘူးပေါ့ဗျာ။ ကျုပ် ခေါင်းထဲကလည်း ကွဲထွက်မတတ် ကိုက်လာတယ်။ နောက်ပြီး ကျုပ် ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာပြီး ကျုပ်အဖြစ်နဲ့ ကျုပ် ဘဝကို ဝမ်းနည်းလို့မဆုံး ဖြစ်မိတယ်။ မျက်ရည်တွေတွေ ကျမိပါတယ်။

ကျုပ်ဟာ မျက်လုံးကို အစွမ်းကုန် အားယူဖွင့်ရင်းက ကျုပ်အနား မှာ ဝိုင်းနေတဲ့ လူတွေထဲက ရွှေခင်ကိုများ တွေ့ရမလားလို့ စိတ်တင်းပြီး ကြည့်မိပါသေးရဲ့။ ဒါပေမဲ့ဗျာ ရွှေခင်ကို အရိပ်အယောင်တောင် ကျုပ် မတွေ့ရ မမြင်ရပါကလား။

သူကြီးကတော်ဟာ ဒီအချိန်ထိအောင်ပဲ ကျုပ် ပါးနှစ်ဖက်ကို တဖြန်းဖြန်းမြည်အောင် ရိုက်တုန်းပဲ။ ပါးစပ်က ဆိုတာလည်း ဆဲလိုက် ဆိုလိုက်တာဟာ ကြားဝံ့စရာများတောင် မရှိပါဘူးဗျာ။

သူကြီးကတော်ဟာ ကျုပ်အပေါ်မှာ နှစ်ရှည်လများ မုန်းတီးရွံရှာ လာခဲ့သမျှ သဲကြီးမဲကြီးနဲ့ အတိုးချ ရိုက်နေတော့တာပါပဲ။ အဲဒီလိုနဲ့ နောက်ဆုံးမှာတော့ ကျုပ်ဟာ တမူးမူး တဝေဝေ ဖြစ်လာရာက တစ်ခါ ထပ်ပြီး သတိလစ်သွားပြန်ပါတယ်။

*

ကျုပ် တစ်ခါပြန်ပြီး သတိရလာတဲ့အချိန်မှာ ကျုပ်ဟာ သူကြီး ဦးရွှေကြူး ရဲ့ နေအိမ်အောက်က ထိတ်တုံး အခတ်ခံထားရတဲ့ နေရာမှာ မဟုတ် တော့ဘူး။ မြို့က ဆေးရုံ ခုတင်ပေါ် ရောက်နေပါပြီ။

ကျုပ်ဟာ ကျုပ်အဖြစ်ကို မယုံကြည်နိုင်သလို ငါ ဒီရောက်နေ တာ ဟုတ်များမှ ဟုတ်ရဲ့လားလို့ အသေအချာ မျက်လုံးကို ပွတ်သပ် ကြည့်မယ်ဆိုပြီး လက်နှစ်ဖက်ကို မြှောက်လိုက်တဲ့အခါကျမှ ကျုပ်ဟာ တကယ်ပဲ ဆေးရုံ ခုတင်ပေါ်ကို ရောက်နေရုံတင်မကပါဘူး၊ ကျုပ်ရဲ့ လက်တစ်ဖက်ကို လက်ထိတ်နဲ့ ခတ်ထားပြီး လက်ထိတ် သံကြိုးကွင်းကို ခုတင်တိုင်နဲ့ တွဲပြီး ချည်နှောင်ထားတာ တွေ့လိုက်ရတယ်။

ကျုပ်တော့ ကျုပ် မျက်လုံးကို လက်တစ်ဖက်နဲ့ ပွတ်သပ်ကြည့်ရင်း အနီးအနား သံခုတင်တွေပေါ်ကို ခေါင်းငဲ့ပြီး စောင်းကြည့်လိုက်မိတယ်။ ကျုပ်နဲ့ မလှမ်းမကမ်း သံခုတင် ၂ လုံးကျော်မှာ လူတစ်ယောက်ကို တွေ့ရပါတယ်။ သူဟာ ဆေးရုံတက်နေရတဲ့သူနဲ့ တူပါရဲ့။ ကျုပ်ဘက်ကို ကျောခိုင်းထားလို့ မျက်နှာကို မမြင်ရပါဘူး။

နောက်ပြီးတော့ ကျုပ် ခြေရင်းဘက်ဖြစ်တဲ့ ခုတင် သုံးလေးလုံးပေါ်မှာလည်း လူနာတွေကို တွေ့ရပါတယ်။ သူတို့အားလုံးဟာ ခုတင်အသီးသီးပေါ်မှာ ငြိမ်ငြိမ်သက်သက်ပဲ ရှိနေကြပါတယ်။

ကျုပ်ဟာ ရေကလည်း ငတ်၊ ရင်ထဲကလည်း ပူလောင်လှတဲ့အတွက် ထထိုင်ဖို့ ကြိုးစားလိုက်တဲ့အခါကျတော့မှပဲ ခပ်စောစော အချိန်တုန်းက ကျုပ် မမြင်မိတဲ့ ကျုပ် ခုတင် ဘေးတစ်ဖက်က ပုလိပ် တစ်ယောက် ပေါ်လာပြီး ဘာလဲဟေ့၊ ဘာလိုချင်လို့လဲကွ၊ မင်း လိုချင်တာရှိရင် ငါ့ကိုပြော၊ ရေသောက်ချင်လို့လားလို့ တစ်ဆက် တစ်စပ်တည်းမေးလိုက်တော့မှ ကျုပ်က ခေါင်းညိတ်ပြလိုက်ရတယ်။

ကျုပ်ဟာ ရင်ထဲက ပူလွန်းလို့ ရေကို နှစ်ခွက်ဆက်တိုက် တောင်းသောက်လိုက်မိတယ်။ ဒီအချိန်ထိအောင် ကျုပ် ဦးခေါင်းဟာ ခပ်အုံအုံခပ်ကိုက်ကိုက် ဖြစ်နေခိုက်ပါပဲ။ ဒါကြောင့် ကျုပ်ဟာ ကျုပ် ခေါင်းကိုလက်တစ်ဖက်နဲ့ စမ်းကြည့်လိုက်တော့ အဝတ်နဲ့ ပတ်ထားတယ်ဆိုတာသိရတော့တယ်ဗျ။

ကျုပ်အနေနဲ့တော့ ခုချိန်ရောက်မှပဲ ငါဟာ သူကြီး ဦးရွှေကြူးနှိပ်စက်သမျှကို မလွှဲမသွေ ခံရတော့မှာပါကလားလို့ ရိပ်စားမိတယ်ပေါ့ဗျာ။ ကျုပ်ဟာ ရေသောက်ပြီးလို့ ပြန်လှဲနေတဲ့ အချိန်ထိအောင်ပဲ အတော်

ကလေး မှူးနောက်နောက်ရှိလို့ မျက်လုံးတွေကို ပြန်မှိတ်ထားရတယ်။ ဒီအထဲကမှ အင်း... ငါဟာ ကိုကြက်ရိုး ပြောစကားကို နားမထောင်မိလေခြင်းလို့ နောင်တ ရမိပေသပေါ့။

ဒီလိုနဲ့ တစ်နာရီကျော်ကျော်၊ နှစ်နာရီနီးနီးလောက် ကြာသွားလို့ ရှိတော့မှ သမံတလင်းပေါ်မှာ တရှပ်ရှပ် လျှောက်လာတဲ့ ခြေသံလိုလို ကြားလိုက်ရတယ်။ ကျုပ်လည်း မျက်စိကို အသာဖွင့်ကြည့်လိုက်တယ်။

ဆေးရုံက ကုလား တစ်ယောက်ဟာ ကျုပ်တို့ လူနာတွေ ခုတင်ခေါင်းရင်းမှာရှိတဲ့ သစ်သား ဗီရိုလေးတွေပေါ်ကို စားစရာ သောက်စရာနဲ့ တူတဲ့ ခွက်ကလေးတွေ တစ်လုံးကျ လိုက်ချနေတာကို တွေ့ရတော့ ကျုပ်ဟာ ခံစားနေရတဲ့ ဝေဒနာကြားထဲကပဲ အတော့်ကို အားတက်သွားမိတယ်ဗျ။

ကျုပ်ဟာ ဝေဒနာ ခံစားနေရပြီး ဘယ်နှရက် အစာအာဟာရနဲ့ ကင်းဝေးနေရတယ်တော့ မသိပါဘူးဗျာ၊ ဝမ်းထဲက တကြုတ်ကြုတ်နဲ့ အတော့်ကို ဆာလောင် မွတ်သိပ်နေတော့တာပါပဲ။

ဟော့ကောင်၊ ဟော့ မင်း ဆာနေရင် ဟောဒီမှာ သာဂူ သောက်။

အနားက စောင့်နေတဲ့ ပုလိပ်က ကျုပ်ကို အဲဒီလို ပြောရင်း စောစောက ကုလား ပေးသွားတဲ့ သာဂူခွက်ကို လှမ်းပေးတော့ ကျုပ်ဟာ ဆာလောင်လှတဲ့အတွက် ကျုပ် ကိုယ်အထက်ပိုင်းကို ခုတင် ခေါင်းရင်းသံတိုင်နဲ့ မှေးကပ်လိုက်ပြီး အသာအယာ ထောင်ထလိုက်ရတယ်။

နောက်တော့မှ ကျုပ်ဟာ ပုလိပ် လှမ်းပေးတဲ့ သာဂူခွက်ကို ယူပြီး သူ့ကိုတောင် သောက်ပါဦးလားဗျာလို့ ပြောမနေနိုင်တော့ဘဲ ဆာဆာလောင်လောင်နဲ့ သောက်လိုက်မိတယ်။

တအောင့်လောက် ကြာတော့ ဆေးရုံခန်းထဲကို ပုလိပ် တစ်ယောက် ထပ်ရောက်လာတယ်ဗျ။ အချိန်ဟာ အတော်ကလေး မှောင်လာလို့ ဆေးရုံခန်းထဲက ဓာတ်မီးတွေတောင် လင်းကုန်ပြီပေါ့ဗျာ။ ဒါပေမဲ့ မီးရောင်ဟာ ကြည်ကြည်လင်လင်နဲ့ စိတ်အေးစေမယ့် အရောင် မဟုတ်ပါဘူး။ အင်မတန် အားနည်းလှတဲ့ နီကြင့်ကြင့် မီးရောင်ပါ။

မကြာခင် ပုလိပ် နှစ်ယောက်ဟာ သူတို့ချင်း တာဝန် လဲလှယ်ပြီးကြလို့ ပထမ ကျုပ်ကို စောင့်နေတဲ့ ပုလိပ်ဟာ ထွက်သွားတယ်ဗျ။ နောက်လာတဲ့ ပုလိပ်ကတော့ အိပ်ရာလိပ် တစ်ခုပါ အရန်သင့် ယူလာပြီး ကျုပ် ဘေးတစ်ဖက်က လွတ်နေတဲ့ သံခုတင်ပေါ်မှာ သူ့ အိပ်ရာလိပ်ကို တင်ထားလိုက်တယ်။ နောက်တော့ သူဟာ အဲဒီ ခုတင်ကို ကျုပ် ခုတင်နား ရွှေ့လာပြီး ခုတင်ပေါ်မှာ ထိုင်ချလိုက်တယ်။

နောက်ရောက်လာတဲ့ ပုလိပ်ဟာ သဘောသကာယ ကောင်းလှတယ်ပေါ့ဗျာ။ သူဟာ ကျုပ်နဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီးနောက် ဟေ့... မင်း ဆေးလိပ် သောက်တတ်သလားကွ၊ ရော့... ရော့ ဆေးလိပ် သောက်ချင်ရင် သောက်ကွာ ဆိုပြီး ဆေးလိပ်တစ်လိပ် မီးညှိပေးတယ်ဗျ။

ငါကတော့ အေးအေးပဲဟေ့၊ ဆယ့်နှစ်နာရီထိအောင်တော့ မင်းကို ငါ စောင့်ရမှာပေါ့ကွာ။ ဆယ့်နှစ်နာရီ ကျော်ရင်တော့ ငါ့ "ဂျူတီ" ကုန်ရောပေါ့။ မင်း ငါနဲ့ နေတုန်းတော့ ဆေးလိပ်အစ ကွမ်းအစ သောက်ချင်စားချင် ပြောပေါ့ကွာ။ ငါ တတ်နိုင်တာက ဒါပဲကွ။ အေး... မုန့်ပဲသရေစာ ဆိုတာကတော့ ငါရတဲ့ လခနဲ့ ငါ့အိမ်က ကလေးတွေတောင် နေ့တိုင်း မစားရပါဘူးကွာလို့ ပြောတယ်ဗျ။

ဒီလူကတော့ အတော့်ကို သဘောကောင်းတဲ့ ပုလိပ်တစ်ယောက်

ပေါ့ဗျ။ ကျုပ်ကတော့ သူ ပြောတာတွေကို အာရုံစိုက် နားထောင်နေမိတယ်။ သူ ဒီလို စကားပြောနေတော့ ကျုပ် ခံစားနေရတဲ့ ဝေဒနာဟာ သက်သာသယောင်ယောင် ရှိပါတယ်။ ကျုပ်က ဟိုစဉ် ရွာမှာ နေတုန်းကတည်းက ပုလိပ်ဆိုရင် တွေ့ဖူး ကြုံဖူး ဆက်ဆံခဲ့ဖူးတယ်ပေါ့ဗျာ။ ကျုပ် နေခဲ့ရတဲ့ ဦးရွှေကြူးအိမ် ဆိုတာကလည်း တစ်နည်းတစ်ဖုံအားဖြင့်တော့ တောရွာရဲ့ ပုလိပ်အရာရှိများ တည်းခိုစခန်းလို့ ဆိုလောက်ပါရဲ့။

တို့ အလုပ်က ခက်တယ်ကွ။ ဓားပြဆိုလည်း ဖမ်း၊ သူခိုးဆိုလည်း ဖမ်း၊ တစ်ခါတစ်ခါ ကျပြန်တော့လည်း ဟုတ်တယ်လို့၊ မဟုတ်တော့ပါဘူးကွာ။ အမှုနဲ့ ပတ်သက်တယ်လို့ အနံ့အသက်ကလေးရရုံနဲ့ မသင်္ကာရုံနဲ့ ဖမ်းပြီး "ပုလိပ်ကြမ်းတိုက်" ပြီး မေးရတော့ စစ်ရတော့တာပါကွာလို့ ထပ်ပြောတယ်ဗျ။

ကျုပ်က ဘာမှ မမေးမြန်းပါဘူး။ သူ ပြောတာတွေကိုပဲ နားထောင်နေလျက်ပါ။ အဲဒီအတွင်းကပဲ အတန်ကလေး ကြာတော့ ကရင် ဆရာမကြီး တစ်ယောက်နဲ့ သူ့နောက်က ဆရာမကလေး တစ်ယောက် ဝင်လာပြီး ခုတင်ပေါ်မှာ ရှိတဲ့ လူနာတွေကို ဆေးလိုက်တိုက်တယ်ဗျ။

နောက်တော့ ဆရာမ နှစ်ယောက်ဟာ ကျုပ် ခုတင်ရှိရာကိုလည်း ရောက်လာပြီး–

ဩော်... မင်း သတိရပြီကိုးလို့ ဆရာမကြီးက မေးပါတယ်။ ကျုပ်ကလည်း ဟုတ်ကဲ့ သတိရပါပြီ၊ ခေါင်းထဲကတော့ မူးနေတုန်းပါပဲလို့ ပြောလိုက်တယ်။ ဆရာမကြီးဟာ ကျုပ်ကို ဆေးတစ်ခွက် တိုက်ပြီးတော့ မင်း အိပ်ပျော်အောင် အိပ်လိုက်ပေါ့၊ မနက်ကျရင် သက်သာသွားမှာပဲလို့ ပြောပြီး ကျုပ်အနားက ထွက်သွားကြတယ်ဗျ။

ဒါပေမဲ့ သူတို့ ပြောသွားသလိုတော့ ကျုပ်ဟာ မအိပ်နိုင်ပါဘူး။ ကျုပ်အနေနဲ့က ကျုပ်အနားမှာ ဝတ္တရားကျနေတဲ့ ပုလိပ်ကြီးကို မေးစရာကိစ္စ ရှိနေသေးတယ်ဗျ။ သူ ပြောချင်တဲ့ စကားတွေကို ကုန်အောင်အားရအောင်ပဲ ပြောပါစေဦး ဆိုပြီး ကျုပ်က ကျုပ် သိချင်တဲ့အကြောင်းကို မမေးသေးဘဲ ဆိုင်းနေတာပါ။

ဆရာမ နှစ်ယောက် ထွက်သွားတယ် ဆိုရင်ပဲ ကျုပ်ကို စောင့်နေတဲ့ ပုလိပ်ကြီးဟာ စကား တစ်ခါဆက်ပြန်တော့တယ်။ ကျုပ် စိတ်ထဲကတော့ စဉ်းစားလိုက်မိတယ်။ အင်း... ဒီပုလိပ်ကြီးဟာ သူ ပြောချင်တဲ့စကားမှန်သမျှကို တခြား ပြောစရာလူ မရှိလို့ ငါနဲ့ကျမှပဲ ပြောရတယ်ထင်ပါရဲ့လို့။

နောက်ပြီးတော့ မင်း တစ်ခု စဉ်းစားကြည့်စမ်းကွာ၊ ငါ ပုလိပ်အမှုထမ်း လုပ်လာတာ အနှစ် သုံးဆယ်ကျော်လို့ ကလေးပဲ ငါးယောက်ရနေပြီကွ၊ ဒါပေမဲ့ကွာ ငါ့လက်ထဲမှာ စုပြီး ဆောင်းပြီး ပိုက်ဆံဆိုလို့တစ်ပြားတစ်ချပ်တောင် မရှိတဲ့အပြင် လစဉ်နဲ့အမျှ ငွေတစ်ဆယ်ကိုနှစ်ကျပ်တိုးနဲ့ ဌာနာအုပ်ရဲ့ ယောက္ခမကြီးဆီက ပြန်ပြန်ချေးနေရတယ်ကွ။

အဲဒါလည်း ငါ တစ်ယောက်တည်း မဟုတ်ပါဘူးကွာ၊ ပုလိပ်တိုင်းပါပဲ။ အဲဒီလို ငွေတစ်ဆယ်ကို နှစ်ကျပ်တိုး ပေးပြီး ချေးရတာတောင် တခြား အပြင်လူဟာ ဆုံးမှာစိုးလို့ မချေးရဲဘူးကွ။ ဌာနာအုပ်ရဲ့ ယောက္ခမတွေ မိဘတွေမို့လို့ ချေးရဲတာပေါ့ကွာ။ နောက်ပြီး ပုလိပ် မယားတွေ၊ ပုလိပ် သားသမီးတွေဟာ အစုတ်စုတ် အပြတ်ပြတ် အတော်တော် အမွဲမွဲနဲ့ပါကွာ။ ဒီမိန်းမတွေဟာလည်း ဈေးထဲသွား၊ ဈေးထဲက အကြွေးယူတာပဲကွ။ ပုလိပ်တန်းလျားထဲ လာရောင်းတဲ့ ဈေးသည်ဆီကလည်း အကြွေး

ယူတာပဲကွ။ ဟာ... အကြွေးပတ်ချာကို ဝိုင်းလို့ပါကွာ။ တစ်ခါတစ်ခါ တော့ပေ့ ဆတ်ဆတ်ကြဲ အကြွေးရှင်တွေဟာ ပုလိပ်တန်းလျား လိုက်လာပြီး အကြွေးတောင်းရင်း ရန်အကြီးအကျယ် ဖြစ်ကုန်ကြတာပါပဲကွာ။

နောက်တော့လည်းပေ့ တစ်ခု ရှိသေးတယ်။ ရယ်စရာလည်း ကောင်းရဲ့၊ စိတ်ပျက်စရာလည်း ကောင်းရဲ့ပေါ့ကွာ။ တို့ ဌာနာမှာ အရင်က "ဘတင်" ဆိုတဲ့ ပုလိပ်ကြီးတစ်ယောက် ရှိတယ်ကွ။ သူ့မှာ သားသမီးတွေကလည်း တစ်ပြုံတစ်မကြီးနဲ့ပေါ့ကွာ။ တစ်ယောက်မှ လက်လွတ်တဲ့ အရွယ် မရှိကြသေးတော့ လင်မယား နှစ်ယောက်ထဲတောင် မသေရုံတမယ် စားရတဲ့ သူ့လခနဲ့ ခများမှာ အတော်ပဲ ဒုက္ခတွေ့ရတာပေါ့ကွာ။ အကြွေးတွေက ဝိုင်းဝိုင်းလည်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေတာပေါ့လေ။ ဒီလိုနဲ့ ခများလည်း နောက်ဆုံးတော့ ကြံရာမရ ဖြစ်ပြီး လုပ်မိလုပ်ရာဆိုတဲ့ သဘောမျိုးပေါ့ကွာ။ မြို့စွန်အပိုင်း ရပ်ကွက်တစ်ခုမှာ မိန်းကလေး သုံးလေးယောက်လောက် မွေးထားပြီး တစ်ဖက်တစ်လမ်း ဝင်ငွေရအောင် ရှာတော့တာပါပဲ။

ဒါပေမဲ့ သူကိုယ်တိုင်က ပုလိပ်တစ်ယောက် ဖြစ်နေတော့ ဖမ်းမယ့် ဆီးမယ့် လူလည်း မရှိဘူးပေါ့ကွာ။ တချို့မိန်းမထိန်းတွေကလည်း သူနဲ့ သင့်တင့်အောင် ပေါင်းပြီး သူ့အိမ်နားမှာပဲ မိန်းကလေးတွေ မွေး၊ ပိုက်ဆံရှာတဲ့ အလုပ် လုပ်ကြတာပေါ့။ ဒါနဲ့ပဲ နောက်ဆုံးတော့ ဒီနေရာဟာ နာမည်ကြီးပြီး မြို့က လူတွေက ရာဇဝတ်ဝန်ဆီ စာပစ်တော့ ရာဇဝတ်ဝန်ဟာ အလစ်လာပြီး သူကိုယ်တိုင် ဖမ်းတော့တာပါပဲ။

အဲဒါလည်း ဘတင်က မသိဘူးပေါ့။ ဒီအချိန်က သူကိုယ်တိုင်ဟာ အဲဒီ အိမ်ပေါ်မှာကွ။ ရာဇဝတ်ဝန်ဟာ ဒီအိမ်ကိုပဲ ပထမ စ ဖမ်းတာ

ပါပဲ။ နောက်ဆုံး မိန်းကလေးတွေကော သူ့ကိုပါ လက်ပူးလက်ကြပ်မိလာလို့ ဂတ်ကို ခေါ်လာပြီး စစ်တော့ မိန်းကလေးတွေက သူတို့ရဲ့ "ခေါင်း" ဟာ ဒီလူပါပဲဆိုပြီး ဘတင်ကြီးကို ဝိုင်းလက်ညှိုးထိုးပြကြတယ်။

ရာဇဝတ်ဝန်ဟာလည်း ဘတင်ကြီးကို ပုလိပ်မှန်း မသိဘူးပေါ့ကွ။ ဌာနာအုပ်ကလည်း မပြောရဲဘူးကွ။ နောက်ဆုံးမှ စစ်ရင်းဆေးရင်းက ပုလိပ် ဖြစ်နေမှန်း သိတော့ ရာဇဝတ်ဝန်က မေးတယ်။

ဟော့ကောင် မင်းဟာ ပုလိပ် တစ်ယောက် လုပ်နေပြီး ဘာဖြစ်လို့ ဒီလို အလုပ်မျိုး လုပ်ရသလဲတဲ့။ ဒီတော့ သူကလည်း ခပ်ရှင်းရှင်းပဲပေါ့ကွာ။ ကျွန်တော်ဟာ ရတဲ့ လခနဲ့ မလောက်တဲ့အပြင် သားသမီးတွေက များလို့ တစ်ခါ တစ်ခါ ငတ်နေပါတယ်။ အဲဒါကြောင့် အငတ်မခံနိုင်တာနဲ့ လုပ်မိတာပါလို့ ပြောတယ်ကွ။

သူ့အဖြစ်နဲ့ သူ ပြောတာတွေကလည်း ဟုတ်နေတယ်မို့လားကွာ၊ အဲဒါနဲ့ နောက်ဆုံး ရာဇဝတ်ဝန်ဟာ သူ့အိမ်သွားပြီး သူ့ကလေးတွေနဲ့ သူ့မိန်းမကို ကြည့်သေးတယ်။ သူ ပြောသမျှ အကုန်မှန်နေတော့ ရာဇဝတ်ဝန်ဟာ ကလေးတွေနဲ့ သူ့မိန်းမကို ငွေ ငါးဆယ် ပေးခဲ့ပြီး ဘတင်ကြီးကိုတော့ ပုလိပ် အလုပ်က တစ်ခါတည်း ဖြုတ်ပစ်လိုက်တယ်ကွလို့ စီကာပတ်ကုံး လျှောက်ပြောနေတော့တာပါပဲဗျာ။

အဲဒီတော့ မခက်ဘူးလားကွ။ လူ ဆိုတဲ့ သတ္တဝါဟာ စားရသောက်ရမှ အသက်ရှင် နေထိုင်နိုင်တော့ မစားရပါဘူး၊ ငတ်နေပါပြီ ဆိုရင်တော့ ဘယ်သူဖြစ်ဖြစ် စားရအောင် သူ့နည်းနဲ့ သူ ကြံမှာပေါ့ကွာ။ ငုတ်တုတ်ထိုင် အငတ်ခံပြီး သေမယ် ဆိုတာကတော့ မဖြစ်နိုင်ဘူးကွလို့ ပြောပြီးမှ စကားပြတ်သွားတော့တယ်ဗျာ။ အဲဒီနောက်တော့ သူဟာ ဆေးလိပ် တစ်လိပ်ကို အိတ်ထဲက ထုတ်ပြီး မီးညှိသောက်နေတယ်။

ဒီလိုနဲ့ အတော်ကြီး ကြာလို့ သူ စကားပြော ရပ်သွားပြီး ဆေးလိပ်ပါ သောက်ပြီးလို့ သူ့ခုတင်မှာ တုံးလုံးလှဲလိုက်တဲ့ အခါကျတော့မှ ကျုပ်ဟာ အချိန်အတော်ကြာအောင် စောင့်ဆိုင်းလာရတဲ့ ကျုပ် သိလိုမှုကို မေးရတော့တာပါပဲ။

ကဲဗျာ... နောင်ကြီး ပြောတာတွေကိုလည်း ကျွန်တော် နားထောင်လို့ ပြီးပါပြီ။ နောင်ကြီးတို့ ဘဝရဲ့ ဆိုးဝါးမှုတွေ၊ မဝရေဆာနိုင်မှုတွေကို ကြားရတာလည်း ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော် သိချင်တာ တစ်ခုတော့ မေးပါရစေဗျာလို့ ကျုပ်က စကားပျိုးလိုက်မိတယ်။

မေးပေါ့ကွ၊ မင်း ဘာသိချင်လို့လဲ။ ငါ သိသလောက်တော့ ငါ ပြောပါ့မယ်ကွာလို့ ကောင်းကောင်းမွန်မွန်ပဲ ပြန်ပြောတယ်ဗျ။

ကျွန်တော့်ကိုဗျာ အခုလို လက်ထိတ်ခတ်ပြီး ဆေးရုံပေါ်မှာ တင်ထားတာက ဘယ်လိုကြောင့်ပါလဲဗျာလို့ ကျုပ်က မေးလိုက်မိတယ်။

ဟင်... မင်းအဖြစ်ကို မင်း မသိဘဲကိုးကွ။ မင်းတို့ ရွာက သူကြီးက မင်းဟာ ညအချိန်မတော်မှာ သူ့သမီး ရွှေခင်ကို အတင်းဗလက္ကာရ ပြုလုပ်ဖို့ ကြံစည်ရုံမကဘူး၊ ရွှေခင်က အော်လို့ သူကြီး ဦးရွှေကြူးက အိပ်ရာက လန့်နိုးပြီး ပြေးလာတော့ မင်းဟာ သူကြီး ဦးရွှေကြူးကိုတောင် ဓားနဲ့ ခုတ်မယ် လုပ်တဲ့အတွက် အိမ်ရှေ့က ကင်းသမား နှစ်ယောက်ကို အကူအညီခေါ်ပြီး မင်းကို ရိုက်နှက် ဖမ်းလာရတယ်လို့ ဂတ်မှာ တိုင်ချက်ဖွင့်ထားတယ်။

နောက်ပြီးတော့ အဲဒီ ညက မင်း ကိုင်တဲ့ ဓားပါ သက်သေခံပစ္စည်းအဖြစ် ဂတ်တဲမှာ တင်ပြထားတယ်ကွလို့ ပြောလိုက်တော့၊ ကျုပ်ဟာဖြင့် အင်း... သူကြီး ဦးရွှေကြူးဟာတော့ ငါ့ကို ထောင်ထဲ အရောက်

တွန်းပို့တော့မှာပဲ ဆိုတာ စဉ်းစားလိုက်မိရာက ကိုကြက်ရိုးရဲ့ ဟိုတုန်းက ပြောစကားတွေကို သတိပြန်ရမိတယ်။

ကျုပ်ဖြင့် ဒီအချိန်ကျတော့မှပဲ ဦးရွှေကြူးဟာ ဘယ်အထိ ရက်စက်မယ့် လူတစ်ယောက် ဖြစ်တယ်ဆိုတာကို နားလည်လိုက်မိတယ်။ နောက်ပြီးတော့ ကြားရတဲ့ စကားကိုလည်း ဟုတ်များမှ ဟုတ်ပါလေစ၊ ငါနားကြားများ လွဲနေသလားလို့လည်း ထင်လိုက်မိပါရဲ့။ အဲဒီအထဲကပဲ ပုလိပ်ကြီးဟာ ကျုပ်ကို တစ်ခါ ထပ်ပြောပြန်တယ်။

မင်းတို့ ရွာက သူကြီး ဦးရွှေကြူးဟာ အတော့်ကို မင်းပေါက်စိုးပေါက် ရှိတယ်ကွ။ သူ့အနေနဲ့က အရာရှိ အရာခံတွေနဲ့ ဆက်ဆံတဲ့နေရာမှာ မင်းမြှောင်စိုးကပ် ကောင်းတဲ့ လူတစ်ယောက်ပေါ့ကွာ။ တို့ပုလိပ်ဌာနအနေနဲ့ သူကြီးလေးဆယ့်ကိုးပိုင်ရှိတဲ့ အနက်က သူ့ သူကြီးပိုင်ဟာဖြင့် အရေးပိုင်နား ရောက်အောင်ကို နာမည်ကောင်းရတဲ့ သူကြီးကွလို့ ထပ်ပြောပြန်တယ်ဗျ။

အဲဒီလို ပြောပြီးတော့မှ သူဟာ ကျုပ်အမှုနဲ့ ပတ်သက်ပြီး ကျုပ်ကို ဟုတ် မဟုတ် မေးတယ်ဗျ။

အဲဒီကိစ္စကကော ဟုတ်သလားကွ၊ အမှန်ပဲလားဟင်လို့ မေးတယ်ဗျ။

ကျုပ်ကလည်း မဟုတ်ရပါဘူးဆိုတဲ့ အကြောင်းနဲ့ ရွှေခင်နဲ့ ကျုပ်နဲ့တော့ တစ်ယောက်ကို တစ်ယောက် ချစ်မိ ကြိုက်မိတဲ့ အကြောင်းကို ပြောပြလိုက်ပါတယ်။

အေး... ဒီအတိုင်း မှန်လို့ သူ့သမီးက မင်းအပေါ်မှာ သက်ညှာပြီး ရုံးမှာ မှန်ရာ မှန်ကြောင်း ပြောရင်တော့ မင်း သက်သာမှာပေါ့ကွာ။

အဲဒီလိုမှ မဟုတ်ရင်တော့ မင်းအမှုက သိပ်မသေးလှဘူးဟေ့လို့ ပြော တာပါပဲ။

*

ဒီလိုနဲ့သာ ကျုပ်ဟာ ဆေးရုံပေါ်မှာ ရက်နှစ်ဆယ်ကျော် တစ်လလောက် နေခဲ့ရပြီးတဲ့နောက် အချုပ်ထဲ အကျဉ်းထဲကို ရောက်ခဲ့ရတာပါပဲဗျာ။

ကျုပ်ကတော့ ကျုပ် အမှုကို မြန်မြန် ရုံးတင် စစ်ဆေးပါစေလို့ ဆုတောင်းမိတာပါပဲ။ ရွှေခင့်အနေနဲ့တော့ ကျုပ်အပေါ်မှာ တောက်တောက် ခါးခါးနဲ့ ရက်ရက်စက်စက် လုပ်လိမ့်မယ်တော့ ကျုပ်က မထင်ခဲ့မိဘူးဗျ။

ကျုပ်နဲ့ ရွှေခင်ဟာ တစ်ယောက်အပေါ် တစ်ယောက် အူလိုက် သည်းလှိုက် ချစ်ကြိုက်လာခဲ့ကြတယ် မဟုတ်လားဗျာ။ ဘယ်နည်းနဲ့မဆို သူဟာဖြင့် ရုံးမင်းရှေ့က တရားခံ ဝက်ခြံကလေးထဲမှာ ပုလိပ်စောင့်ကြပ် ပြီး လက်ထိတ်နှစ်ဖက် အခတ်ခံနေရတဲ့ ကျုပ်မျက်နှာနဲ့ ကျုပ်အဖြစ်ကို မြင်ရ တွေ့ရရင် သူ့ မျက်လုံးက မျက်ရည်ဖြိုင်ဖြိုင်ကျပြီး မှန်တဲ့အတိုင်း တော့ ပြောမှာပါပဲ။

သူဟာ ကျုပ်ကို တကယ်တမ်း ချစ်တဲ့အတွက် နောက်ဆုံး တွေ့ ရတဲ့ ညကပဲ သူ့အဘနဲ့ သူ့အမေ သဘောမတူရင် ဘယ်လိုများ ကြံပါ့ မလဲလို့တောင် မေးသေးတယ် မဟုတ်လားဗျာ။ တကယ်ဆိုတော့ သူက ဒီစကား မေးတာဟာ ဟိုစဉ်အခါတည်းက ဒီအရေးကို ကြိုတင်ပြီး တွေး မိခဲ့လို့ ကျုပ်ကို ဒီလို မေးတာ ဖြစ်ရမှာပေါ့။ နောက်ပြီး ခုအချိန် ခုရက် အထိ ကျုပ်ဟာ လေးဖက်လေးတန် အုတ်နံရံနဲ့ သံတိုင်ကာထားတဲ့ အချုပ်ထဲကနေပြီး မနက်တိုင်း ညနေတိုင်း သူ့ကို သတိတရရနဲ့ မျက်ရည်

ကျမိသေးရင် သူဟာလည်း အားငယ်တတ်တဲ့ မိန်းကလေး တစ်ယောက်ပဲ ဟာ၊ ကျုပ်ကို အမြဲတမ်း သတိတရရနဲ့ နေ့ရှိသရွေ့ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရှာမှာပေါ့ဗျာ။

ကျုပ်ဟာ ဒီလို ထင်မြင်ယူဆချက်တွေနဲ့ ကိုယ့်ကိုယ်ကို အားပေး နှစ်သိမ့်ရင်းက ရုံးက အမှုတင်မယ့် ရက်ကို စောင့်ဆိုင်းလာလိုက်ရတာ ဟာ နှစ်လလောက် ရှိတော့မှ ကျုပ်အမှုကို ရုံးတင် စစ်ဆေးတော့တာပါပဲ ဗျာ။

အဲဒီတုန်းက ကျုပ်ရဲ့ အမှုမှာ အရေးအကြီးဆုံး လူတစ်ယောက် အနေနဲ့ကတော့ သူပဲပေါ့ဗျာ။ ရွှေခင်လေ… ရွှေခင်။

ကျုပ်ကို ထောင်ကျအောင်လည်း သူပဲ ပြောနိုင်သလို ကျုပ်ကို လုံးလုံး လွတ်မြောက်သွားအောင်လည်း သူပဲ တတ်နိုင်တယ်လို့ ဆိုရမှာ ပေါ့။

သူကြီး ဦးရွှေကြူးက သက်သေပြထားတဲ့ ကင်းသမား နှစ်ယောက် နဲ့ ရွာက ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲတို့ဟာတော့ သူကြီး ဦးရွှေကြူး စိတ်ကြိုက်ကိုပဲ ရုံးပေါ်မှာ ကျမ်းစူးခံ ထွက်ကြမှာပဲ ဆိုတာကတော့ ကျုပ် အနေနဲ့ တပ်အပ်သေချာ သိပါတယ်လေ။

အဲဗျာ အဲဒါနဲ့ ပတ်သက်လို့ ကျုပ် မိတ်ဆွေတွေကို တစ်ခုတော့ ကျုပ်က ပြောချင်ပါရဲ့။ ရုံးပေါ်မှာ မတရားသဖြင့် လူတစ်ဦး တစ်ယောက် ကို ထောင်ထဲ မကျ ကျအောင် မဟုတ်တာတွေ မမှန်တာတွေ ပြောပြီး လိမ်ညာ အစစ်ခံတဲ့ လူတွေလည်း ရှိသေးတယ်ဗျ။ တရားရုံးများမှာ တရားသူကြီး ဆိုတဲ့ ပုဂ္ဂိုလ်တွေက အမှုသွား အမှုလာကို စစ်ဆေး ကြား နာမယ်။ တရားခံ တရားလို တို့ရဲ့ နှစ်ဦးနှစ်ဝ တင်ပြတဲ့ သက်သေတွေကို

မေးမြန်း စစ်ဆေးပြီး ကြားနာ ဆင်ခြင်မယ်။ နောက်တော့မှ တရားခံ အပေါ်မှာ အပြစ်ရှိ မရှိ စဉ်းစား ဆုံးဖြတ်မယ်။ အဲဒီလိုပေါ့ဗျာ၊ ဟုတ်လား။ နောက်တော့လည်း တတ်နိုင်တဲ့ လူတွေအဖို့ကတော့ ရှေ့နေတို့၊ ဝတ်လုံတို့ ငှားရမ်း ထုချေမှာပေါ့ဗျာ။

ဒါပေတဲ့ ကျုပ် စဉ်းစားမိသလောက်ကတော့ အမှုအခင်းနဲ့ ပတ်သက်ပြီး အရေးကြီးဆုံးဟာ မျက်မြင်သက်သေလို့ ဆိုတယ် မဟုတ်လားဗျ။ အဲဒီ မျက်မြင်သက်သေ ဆိုတဲ့ လူတွေကို "ဤအမှုမှာ အမှန် အစစ်ခံပါ့မယ်။ မုသား အစစ်ခံရင် ကျမ်းစူးပါစေသား" လို့ ကျမ်းကိုင်ပြီး နှုတ်က ဆိုစေတယ်ပေါ့။

ကျုပ်က တစ်ခုတော့ ပြောချင်ပါရဲ့။ အဲဒီလို တစ်ဖက်က သက်သေ ဆိုတဲ့ လူတွေကို ကျမ်းကိုင်ပြီး အစစ်ခံစေတာနဲ့ ကျုပ်တို့ တရားခံတွေ အတွက် လုံလောက်တဲ့ ထွက်ချက်အမှန်ပဲလို့ ဆိုရမှာလားဗျာ။ ခပ်ရှင်းရှင်း ကတော့ ဒီလူတွေဟာ ကျမ်းကိုင်ပြီး ပြောတာနဲ့ မလိမ်တော့ မညာတော့ဘူး၊ လူတစ်ဦးတစ်ယောက် နစ်နာအောင် မပြောရဲတော့ဘူးလို့များ ထင်ကြသလားဗျာ။ အဲဒီလို ထင်မြင် ယူဆရင်တော့ မိတ်ဆွေတို့ဟာ အတော့်ကို ဟောင်းနွမ်း ဆွေးမြည့်တဲ့ ရှေးကျကျ အယူအဆကို တကယ် အရေးကြီးတဲ့ ပြဿနာရပ်တွေမှာ အသုံးချ ယုံကြည်နေပြီး လူ့လောကနဲ့ လူတွေအတွက် ကြီးမားတဲ့ မှားယွင်းချက်ကြီးကို ကျူးလွန်နေခြင်းပဲလို့ ဆိုရမှာပဲ။

ကျုပ်ကတော့ ကိုယ်တွေ့သမားပါဗျာ။ ကျုပ်အမှုနဲ့ ပတ်သက်ပြီး တရားရုံးပေါ်မှာ ဆယ်အိမ်ခေါင်း ကိုဘိုးကျဲကိုရော၊ ကင်းသမား နှစ်ယောက်ကိုကော၊ ရွှေခင်နဲ့ သူ့အဖေ သူကြီး ဦးရွှေကြူးကိုကော

တိုက်လိုက်တဲ့ ကျမ်းဆိုတာ မိုးကို မွှန်သွားတာပေါ့ဗျာ။ ဒါပေမဲ့ နောက်ဆုံး မှာတော့ ကျုပ်အတွက် အမှန်တရားဆိုတာဟာ ဒီနေရာမှာပဲ ဆိတ်သုဉ်း သွားတော့တာပါပဲ။

ဒီ့ပြင် လူ၊ ဒီ့ပြင် လူတွေအနေနဲ့ထက် ရွှေခင့်အနေနဲ့ ရုံးပေါ် မှာ ကျမ်းကိုင်ပြီး အစစ်ခံသွားချက်ကတော့ ကျုပ်ဟာ လူဆိုး လူမိုက် လူရမ်းကား တစ်ယောက်ရဲ့အနေကလွဲပြီး ဘယ်လိုမှ တွေးတောစရာ မရှိပါဘူး။ အင်မတန် မှောင်မည်းပြီး တိတ်ဆိတ်ငြိမ်သက်နေတဲ့ အကာလ ညအခါမှာ ကျုပ်ဟာ ဆောင်ဓား တစ်လက်ကို ကိုင်လို့ သူ့အိပ်ခန်းထဲ ကို ဝင်ရောက်ပြီး သူ့ကို နိုင်ထက်ကလူ ပြုမူဖို့ ကြိုးစား အားထုတ်တယ် တဲ့ ဗျ။

အဲဒီအခါမှာ ကြောက်ကြောက်လန့်လန့်နဲ့ သူက အော်ဟစ်လို့ သူ့အဖေ ဦးရွှေကြူး အိပ်ရာက နိုးပြီး သူ့အခန်းထဲ အပြေးဝင်လာတယ်။ ဒါပေမဲ့ ကျုပ်က ဓားနဲ့ ခုတ်မယ်လုပ်လို့ အထဲမဝင်ရဲဘူးပေါ့ဗျာ။ ဒီလိုနဲ့ သာ နောက်ဆုံး အိမ်ရှေ့က ကင်းသမား နှစ်ယောက်ကို အိမ်တံခါးဖွင့်၊ အကူအညီခေါ်ပြီး ကျုပ်ကို ရိုက်နှက် ဖမ်းရတော့တာပဲတဲ့။

အဲ... အဲ နောက်ပြီးတော့ ကျုပ်ဟာ ဒီအိမ်မှာ သူရင်းငှား တစ် ယောက် ဖြစ်တယ်ဆိုတဲ့ အကြောင်းနဲ့ ရုံးတော်မှာ တင်ပြထားတဲ့ ဆောင်ဓားဟာ ကျုပ် အဲဒီညက ကိုင်ဆောင်လာတဲ့ ကျုပ်ရဲ့ ဆောင်ဓား ပါပဲလို့ ပြောတယ်ဗျ။

ရုံးပေါ်မှာ တင်ပြထားတဲ့ ဆောင်ဓားဟာ ကျုပ်ဓား ဟုတ် မဟုတ် တရားသူကြီးက ကျုပ်ကို မေးသေးတယ်ဗျ။ ကျုပ် ဘာပြောရမလဲ။ ကျုပ် တစ်ကိုယ်လုံးနဲ့ ကျုပ် အသားတွေဟာ တဆတ်ဆတ် တုန်နေ

သပေါ့။ ဒီ ဆောင်ဓားဟာ ကျုပ်အဖေရဲ့ ဆောင်ဓားပဲလို့ ကျုပ်က ပြော လိုက်တယ်ဗျ။

ကျုပ် ခပ်ငယ်ငယ်၊ ကျုပ်အဖေ သေတော့မယ့်ဆဲဆဲ ညမှာ ငါး ရှာ ထွက်သွားတဲ့ညက ကျုပ်အဖေ ကိုင်သွားတာ ဒီဆောင်ဓားပေါ့ဗျာ။ အင်မတန် "သံ" ကောင်းလှတဲ့ ကျုပ်အဖေရဲ့ ဆောင်ဓားကို ဒီအချိန်အထိ ကျုပ် မှတ်မိနေပါတယ်။

ကျုပ်ကို တရားခွင်က တရားသူကြီးဟာ ရွှေခင့် ထွက်ဆိုချက် အရ ဘာကို မေးမလဲ။ လူသတ်သလားလို့ မေးတောင် ရွှေခင်က ကျုပ် လူသတ်ပါတယ်လို့ ထွက်ဆိုထားရင် ကျုပ်ကလည်း သတ်ပါတယ်လို့ပဲ ပြောကောင်း ပြောလိုက်မိမှာပါပဲ။ ကျုပ်... ကျုပ်... ကျုပ်ဟာ ရွှေခင်ကို အချစ်ကြီးချစ်ပြီး တော်လိမ့်မယ် ထင်ခဲ့တာ အခုမှ သူ့ရဲ့ အတွင်းစိတ်ဓာတ် ဟာ တကယ့်ကို ကြောက်စရာ၊ ရွံစရာ ကောင်းလှပါကလားလို့ သိရတော့ တာပဲ။

သူကြီး ဦးရွှေကြူးကလည်း ရွှေခင်ရဲ့ ထွက်ဆိုချက်နဲ့ ကိုက်ညီ အောင် ထွက်သွားတော့တာပါပဲ။ အဲ... တစ်ခုတော့ သူက ရွှေခင်တဲ့ ပိုသေးတာပေါ့ဗျာ။ ကျုပ်ရဲ့ မျိုးရိုးဇီဇကိုပါ သူက ဖော်ထုတ်သွားနိုင်တာ ကလား။

ကျုပ်အဖေ ကိုရင်မောင် ဆိုသူဟာ သာယာဝတီ လယ်သမား သူပုန်ကြီးထဲမှာ ပါခဲ့တဲ့ သူပုန်တစ်ယောက် ဖြစ်တဲ့အကြောင်း၊ နောက် ဆုံး ဝက်ထီးကန် ရွာမှာ မနေနိုင်လို့ ဒီမြစ်ဝကျွန်းပေါ်အရပ် ဖြစ်တဲ့ သူကြီး ဦးရွှေကြူးတို့ ရွာကလေးကို ရောက်လာတဲ့ အကြောင်းပေါ့ဗျာ။ သူ ပြောလိုတာကတော့ ကျုပ်ဟာ သူပုန်ကြီးက မွေးတဲ့ သူပုန်ကလေး

တစ်ယောက် ဖြစ်လို့ ဒီအပြုအမူကို ပြုမူ ကျင့်ကြံဖို့ဟာ မခက်ခဲဘူး၊ ဝန်မလေးဘူး ဆိုတဲ့ အကြောင်းပါပဲ။

အဲသလို ရုံးတော်ပေါ်မှာ သူကြီး ဦးရွှေကြူး ပြောတဲ့ စကားတွေကို ကြားရတော့မှပဲ ကျုပ်ဟာ တစ်စ တစ်စနဲ့ ဇာတ်ရည်လည်စ ပြုလာတယ်ပေါ့ဗျာ။ ကျုပ်အဖေ ရှိစဉ်တုန်းက ကျုပ်အဖေဟာ သူကြီး ဦးရွှေကြူးကို ပုလိပ်နဲ့ တရားခံလို အင်မတန်မှ ကြောက်ရွံ့ ရိုသေခဲ့ရတယ် မဟုတ်လားဗျ။ အဲဒီလို ကျုပ်အဖေက ဦးရွှေကြူးကို အင်မတန် ရိုသေ ကြောက်ရွံ့ရတဲ့ အကြောင်း ဟိုတုန်းက မရိပ်မိ မသိခဲ့ပေမယ့် အခုတော့ ဒီအဖြစ်ဟာ ဒါကြောင့်ကိုး ဆိုတာ ကျုပ် သိရပြီပေါ့ဗျာ။

ဒီလိုနဲ့ သူကြီး ဦးရွှေကြူးဟာ သူကိုယ်တိုင် အကွက်ကျကျ ကြိုတင် စဉ်းစားထားတဲ့အတိုင်း ကျုပ်ကို ထောင် မကျ ကျအောင် ချတော့တာပါပဲ။

ကျုပ် ပြောပြီးခဲ့ပြီ မဟုတ်လားဗျ။ ကျုပ်အမှုရဲ့ အရေးအကြီးဆုံး သက်သေဟာ ရွှေခင် ပါပဲလို့။ ဒီလို အရေးအကြီးဆုံး ဖြစ်တဲ့ ရွှေခင်ကိုယ်တိုင်ကပဲ ကျုပ်ကို ချစ်လှချည်ရဲ့လို့ ကရားရေလွှတ်သလို တတွတ်တွတ် တဖွဖွပြောပြီး မောင်ကြီး… မောင်ကြီးနဲ့ ခေါ်ခဲ့တဲ့သူ တစ်ယောက်လုံး ကိုယ်တိုင်က ကျုပ်ဟာ သူ့ကို နိုင်ထက်စီးနင်း ပြုမူ ကျင့်ကြံဖို့ ကြံစည် အားထုတ်ပါတယ်လို့ ကျမ်းရွက်ပြီး အစစ်ခံနေမှတော့ တရားခွင်ပေါ်က တရားသူကြီးဟာ ကျုပ်အမှုကို ခပ်လွယ်လွယ်နဲ့ပဲ စီရင်ချက် ချနိုင်တော့တာပါပဲဗျာ။

ပြစ်မှု ထင်ရှားလို့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် နှစ်နှစ်တဲ့။

## ထောင် ဆိုသည်ကား

ကျုပ်အနေနဲ့ ထောင် ဆိုတဲ့ လောက ငရဲကို ရောက်ခဲ့တာဟာ ဒီအချိန်ဟာ ပထမဦးဆုံးပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားတို့ အခု သိနေ ကြားနေကြရတဲ့ စံပြထောင် ဆိုတာမျိုးတော့ မဟုတ်ပါဘူးဗျ။ ပုံစံဆိုတဲ့ စကားကို နေရာတကာတိုင်းမှာ အသုံးပြုနေတဲ့ "ပုံစံထောင်" ပေါ့ဗျာ။

အဲဒီအချိန် အဲဒီအခါကသာ လူတစ်ဦး တစ်ယောက်ဟာ လောကမှာ အရက်စက်ဆုံး၊ အကြမ်းတမ်းဆုံး၊ အဆိုးဝါးဆုံး နေရာဟာ ဘာလဲလို့ မေးရင်ဖြင့် ထောင် လို့ပဲ ကျုပ်က လက်ညှိုးထိုးပြရမှာပဲ။

ထောင် ဒါမှမဟုတ် လူတွေကို ကျွဲ နွား တိရစ္ဆာန်များလို ညှဉ်းပန်းနှိပ်စက်တဲ့ ငရဲခန်းမှာ ကျုပ်ဟာဖြင့် သူကြီး ဦးရွှေကြူ စနက်ကြောင့် ဒုက္ခအမျိုးမျိုးကို ခံစားရပြီပေါ့ဗျာ။

လေးဖက်လေးတန် အုတ်နံရံ အုတ်တံတိုင်း ကာရံပြီး သွင်းလှောင်ထည့်သိုထားတဲ့ ထောင် အတွင်းမှာ ထောင်မှူးတို့၊ ထောင်အာဏာပိုင်တို့ ဆိုတာတွေက ငရဲခန်းကို အုပ်ချုပ်ရတဲ့ ငရဲမင်းကြီးတွေလိုပေါ့ဗျာ။

အဲဒီနောက်မှာလည်း ကျုပ်တို့ကို အမြဲမပြတ် တုတ်မိုးပြီး အုပ်ချုပ်နေတဲ့ “ဝါဒါ” ဆိုတဲ့ ထောင်စောင့် ပုလိပ်တွေ၊ ဗာရာတို့ ၈ မှတ်တို့ ၁၂ မှတ်တို့ သံတေတို့ ဆိုတဲ့ ထောင်ကျ အကျဉ်းသားတွေထဲက ထောင်သက် အနုအရင့်အလိုက် ခန့်ထားအုပ်ချုပ်စေတဲ့ လူတွေကလည်း ရှိသေးသဗျ။

အဲဒီလို လောက ငရဲထဲမှာ ကျုပ်ဟာ ရှစ်ယောက်တစ်တွဲ၊ ဆယ် ယောက် တစ်တွဲ အစရှိတဲ့ ကိုယ့်အတွဲ ကိုယ့်အုပ်စုနဲ့ အလုပ်တာဝန်တွေ ကိုလည်း လုပ်ရသေးတယ်ဗျ။ အဲဒီလို အတွဲအစု တစ်ခု တစ်ခုကိုတော့ ထောင်အခေါ်နဲ့ ခေါ်ရင် “ဘုတ်” လို့ ခေါ်တာပေါ့လေ။

ဆိုကြပါစို့ဗျာ။ ရေထမ်းတဲ့ အဖွဲ့ဆိုရင် ရေထမ်းဘုတ်လို့ ခေါ်ပြီး ချေးကျုံးရတဲ့ အဖွဲ့ကိုဆိုရင် မိလ္လာဘုတ်၊ တောင်ယာ လုပ်ရတဲ့ အဖွဲ့ဆို ရင် တောင်ယာဘုတ်၊ ထောင်ရဲ့ အပြင်မှာ ထွက်ပြီး လုပ်ရတဲ့ အဖွဲ့အစု ဆိုရင် အပြင်ဘုတ်လို့ အားလုံး ခြုံပြီး ခေါ်ကြတာပေါ့ဗျာ။

ကျုပ်ဟာ ရှစ်လ ကိုးလ ဆိုတဲ့ အချိန်အတွင်းမှာ တောင်ယာ ဘုတ်ထဲ ရောက်လိုရောက်၊ ရေထမ်းဘုတ်ထဲ ရောက်လိုရောက်၊ အပြင် အပ ဘုတ်ထဲ ပါလိုပါနဲ့ ဘုတ်သံသရာ လည်နေတော့တာပေါ့။ အဲ... အပြင်အပကို ထွက်လုပ်ရတဲ့ ဘုတ်ထဲကို ရောက်နေတုန်းအခါကဆိုရင် တော့ ကျုပ်ဟာ ထောင်မှူး ထောင်ပိုင်တွေရဲ့ အိမ်မှာ ရေထမ်းပေးရတာ တို့၊ အဝတ်လျှော်ပေးရတာတို့၊ ချေးအိုး သေးအိုး သွန်ပေးရတာတို့ အစရှိတဲ့ ကျွန်အောက်သပေါက် လုပ်ရတဲ့ အလုပ်မျိုးကို လုပ်ရတာပေါ့ ဗျာ။

ကျုပ်တို့အပေါ်မှာ ကူလီခေါင်းလို အုပ်ချုပ်နေတဲ့ လူကိုတော့ ဘုတ်ကိုင်လို့ ခေါ်တာပေါ့။ သူဟာလည်း ကျုပ်တို့လို ထောင်ကျတဲ့

အကျဉ်းသမား တစ်ယောက်ပါပဲ။ အိုဗျာ... ကျုပ်တို့အခေါ်မှာ တစ်ဆင့်ပြီး တစ်ဆင့် တုတ်ကိုင်ပြီး အုပ်ချုပ် ကွပ်ညှပ်လိုက်ကြတာမှ တကယ့်ကို မလှုပ်သာ မလွန့်သာပါပဲ။ ထောင်ဝါဒါ ဆိုတာတွေဟာလည်း ခုနက ပြောတဲ့ ဘုတ်ကိုင်တွေလို တုတ်ကိုင်ပြီး ကျုပ်တို့အပေါ်မှာ အုပ်ချုပ် ကွပ်ညှပ်ကြတာပေါ့။

ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်အလုပ်ကို ခိုင်းစေတဲ့ အခါမှာပဲ ဖြစ်ဖြစ် တုတ်တဝင့်ဝင့်နဲ့ပေါ့ဗျာ။ နှုတ်ထွက်ကလည်း ကြမ်းလိုက်ကြ တာမှ မအေ နှမချင်းကို မိုးမွှန်နေတာပါပဲ။ အဲဒီအထဲမှာ ပုံစံထောင် ဆိုတဲ့အတိုင်း ပုံစံကျအောင်ပဲ နေကြ သွားကြ၊ လုပ်ကြ ကိုင်ကြ၊ စားကြ ရတယ်ပေါ့ဗျာ။

ထိုင်တဲ့နေရာမှာ ဖြစ်ဖြစ်၊ သွားတဲ့နေရာမှာ ဖြစ်ဖြစ် ကျုပ်ဟာ တော့ ပုံစံကျကျ ရှိခဲ့ရ နေခဲ့ရတာပါပဲ။

ကျုပ်ဟာ ထောင်ထဲကို ရောက်စက ဘာ နားမလည် ညာ နားမလည်နဲ့ပေါ့ဗျာ။ သူများတွေ ဘယ်လို စားလဲ၊ ဘယ်လို သွားလဲ၊ အဲဒီလို သူများတွေ အတုကိုယူပြီး သူများ အနေအစားကို ကြည့်နေရ တော့ တစ်ခါ တစ်ခါ ပုံစံကျပြီလား ဆိုမှဖြင့် ဘေးကျိုးအောင်ကို အရိုက် အနက် ခံရတော့တာပါပဲ။

လမ်းလျှောက်တဲ့အခါမှာလည်း နှစ်ယောက်စီ လက်တွဲပြီး လျှောက် ရတယ်ဗျ။ ထိုင် ဆိုလို့ ထိုင်ရတဲ့အခါမှာလည်း ဆောင့်ကြောင့် ထိုင်။ ဒူးနှစ်လုံးပေါ်မှာ တံတောင်ဆစ် တင်ပြီး လက်နှစ်ဖက်ဟာ ဇက်ပိုးပေါ် မှာ ယှက်ထားပြီး ခေါင်းငုံ့ထားရတယ်ဗျ။ အမှန်ကတော့ နေရာတကာ တိုင်းမှာ ပုံစံကျအောင် နေရ ထိုင်ရတယ်ပေါ့ဗျာ။

အဲဒီထဲကမှ ကျုပ် စားရတဲ့ ထောင်ပုံစံ ထမင်းကို ပြောရဦးမယ်။ ထောင်ကိုက ပုံစံထောင် ဆိုတော့ အင်္ကျီကို ပုံစံအင်္ကျီ၊ လုံချည်ကို ပုံစံလုံချည်၊ ထမင်းဟင်းကိုလည်း ပုံစံ ထမင်းဟင်းပေါ့ဗျာ။ အိုဗျာ နေရာတကာတိုင်းမှာ ချေးယို သေးပေါက်တာက အစ ပုံစံဆိုတဲ့ အသုံးအနှုန်းဟာ မပါမဖြစ် ပါရတော့တာပါပဲ။

ကျုပ်တို့ ထောင်ကျ တစ်ယောက်ရဲ့ တစ်နပ်စာ ပုံစံ ထမင်းဟာတော့ ဆန် ၁ ပေါင်နဲ့ ၈ အောင်စ ရပါတယ်။ နံနက် အချိန်တိုင်းမှာ ဆန်ပြုတ် ပြုတ်တိုက်တော့ အဲဒီ ဆန်ပြုတ်အတွက်ဆိုပြီး ၂ အောင်စကို နုတ်ယူတော့ ထမင်းမှာ ၁ ပေါင်နဲ့ ၆ အောင်စပဲ ရတာပေါ့ဗျာ။ ဆန်ဆိုတာမှာလည်း အခုလို အပြင်လောကမှာ စားနေကြတဲ့ ဆန်ဖြူ ဆန်ကောင်း မဟုတ်ပါဘူး။ သဲအရောရော ခဲအရောရော ဖွဲအရောရော ဖြစ်နေတဲ့ လုံးတီး ဆန်ကြမ်းပါပဲ။ အဲဒီအထဲမှာ ပြောရစေတော့ဗျာ။ စပါးလုံးနဲ့ ကျောက်ခဲ သလဲ ဆိုတာကတော့ တစ်ဝက်နီးနီးလောက် ပါတာပဲဗျ။

နောက်ပြီး ဟင်း ဆိုတာက ပဲကြားတို့ ပဲကြီးတို့ ကုလားပဲအလုံးလိုက်တို့နဲ့ မုန်လာတို့ ချဉ်ပေါင်တို့ ကန်စွန်းတို့ ဆိုတဲ့ အရွက်တွေကို အမြစ်ရော အရိုးရော စဉ်းပြီး ရောကျိုထားတာပါပဲ။ ဒီအထဲကမှ ငါးပိ အရိုးအရင်းတွေကို အကုန် စုထောင်းပြီး ငရုတ်သီးလေး ပါလေဟန်ထည့်လို့ နံနံစေ့တွေ ကဲထားတဲ့ ငါးပိကြော်ဆိုတာကလေးကို လက်ညှိုးလက်မလောက် ရပါသေးရဲ့။ ဒါပေမဲ့ဗျာ ကျုပ်အထင် ပြောရရင်တော့ ခင်ဗျားတို့ အပြင်အပက ခွေးတစ်ကောင်ကောင်ကို ဒီ ပုံစံထမင်းနဲ့ ပုံစံဟင်း ကျွေးရင်တောင် ခွေးကတော့ စားလိမ့်မယ် မထင်ပါဘူး။

ပြောရဦးမယ်ဗျ၊ သောကြာနေ့များမှာဆိုရင် ကျုပ်တို့ကို ဝက်သား ကျွေးတဲ့ နေ့ပေါ့ဗျာ။ အဲ... ဝက်သား မစားလိုတဲ့ လူများကတော့ ငါး ရပါတယ်။ တစ်ယောက်အတွက် ဝက်သား ဆိုရင် ၄ အောင်စ၊ ငါးကို တော့ ၅ အောင်စ ရတယ်ပေါ့ဗျာ။ ကျုပ်တော့ ထောင်ကို အကြိမ်ပေါင်း အမြောက်အမြား ကျခဲ့ဖူးလို့ ထောင်ရဲ့ သဘာဝတွေကို အတော်ကို လိပ်ပတ်လည်အောင် သိနေရပြီပေါ့ဗျာ။ ကျုပ်အနေနဲ့ အံ့သြမဆုံးအောင် ဖြစ်ရတာကတော့ ကျုပ်လို ထောင်ကျတဲ့ အကျဉ်းသမားတချို့ကိုပါပဲ။

ကျုပ် ခုနက ပြောတဲ့ အစားအသောက်ဟာဆိုရင် ကျုပ်အဖို့ အမှန်အတိုင်းကို မစားရပါဘူး။ ကျုပ်လို တောသား လယ်သမား အင်မတန် အစားကြီးတဲ့ လူတစ်ယောက်ဟာ အလိုလိုကမှ ဟိုက ပေးတဲ့ ပုံစံအတိုင်း မလောက်မင မဝတဝ ဖြစ်ရတဲ့အထဲ ကျုပ်တို့ရဲ့အပေါ်မှာ ကြီးကဲ အုပ်ချုပ်ပြီး အခွင့်အရေးသာနေတဲ့ ဘုတ်ကိုင်တို့၊ ၈ မှတ်တို့၊ ၁၂ မှတ်တို့၊ သံတေတို့က ဆိုရင် သူတို့ ဆိုင်ရာ နိုင်ရာ ပိုင်ရာကနေပြီး ခေါင်းပုံဖြတ်ကြတဲ့ နည်းတွေကလည်း ရှိသေးသဗျ။

ကျုပ် ပြောခဲ့သလို ချဉ်ပေါင်ရွက်တို့ မုန်လာရွက်တို့ ကန်စွန်း ရွက်တို့ ဆိုတဲ့ အပင်ရော အမြစ်ပါ ရောချက်ထားတဲ့ ပုံစံ ဟင်းအိုးထဲမှာ ဆီလေးပြားလေးကို အပေါ်ကနေ ရေပေါ်ဆီ ခပ်တယ်ဆိုပြီး သူတို့ စားဖို့ ခပ်ကြတော့တာပါပဲဗျ။ အဲဒီလို ခပ်ရာက နောက်ဆုံးလူရဲ့ အဆင့် ရောက်လာရင် သိပ်ပြီး ဆီ ခပ်ယူလောက်အောင် မရှိတော့ သူကလည်း တစ်နည်း ကြံတော့တာပေါ့ဗျာ။ အဲ... သူ့ကျမှ ကြံပုံဖန်ပုံက ပိုဆိုးလှပေါ့။ သူ့ရဲ့ လုပ်ပုံလုပ်နည်းကတော့ ဟင်းပေါ်မှာ ဟိုတစ်ကွက် ဒီတစ်ကွက် ပေါ်နေတဲ့ ရေပေါ်ဆီ အကွက်ကလေးတွေပေါ်ကို ပိတ်စိမ်းပါးနဲ့ လိုက်

အုပ်ပြီး အဲဒီလို လိုက်အုပ်လို့ ရတဲ့ အနည်းအကျဉ်း ဆီကလေးတွေကိုပဲ သူ့ရဲ့ခွက်ထဲ ညှစ်ထည့်ပြီး သူ စားဖို့ ယူတော့တာပါပဲ။

ကျုပ်ဟာ လူ့လောကမှာ ဒီလို လူမဆန်လှတဲ့ တိရစ္ဆာန်ကျင့် တိရစ္ဆာန်ကြံမျိုးကို ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးပါဘူးဗျာ။ ဒီလူတွေဟာ ကျုပ်တို့လို ကတုံးခေါ်တဲ့ နင်းပြား အကျဉ်းသမားတွေအပေါ်မှာ မပြု ထိုက်တဲ့ အကြောင်းတွေကို ရက်ရက်စက်စက် ယုတ်ယုတ်မာမာ ပြုကျင့် ကြတော့တာပါပဲ။

အဲဒါနဲ့ ခင်ဗျားတို့ကို ကျုပ် တစ်ခု မေးလိုက်ချင်ပါရဲ့။ လူတွေ ဟာ ပြင်ပ လောကမှာ ရာဇဝတ်မှု တစ်ခုခုကို ကျူးလွန် ပြစ်မှားလို့ ဒီလူကို နောင်ကြဉ်အောင်၊ ဒါမှမဟုတ်လည်း အကျင့်သိက္ခာ ကောင်းလာ အောင် ထောင်ထဲမှာ ထည့်ထားတာလားဗျာ။ အဲဒီလိုသာ ဆိုရင်တော့ ကျုပ် တွေ့ခဲ့ရတဲ့ အဖြစ်ကို ကျုပ် ပြောတာတွေ နားထောင်ပြီး စဉ်းစား ဆုံးဖြတ်ကြစမ်းပါဗျာ။ ဒီလို အကျင့်တွေ ပျက်ပြားချင်တိုင်း ပျက်ပြားပြီး နိုင်ရာစား လုပ်နေနိုင်အောင် ဖန်တီးထားတဲ့ နေရာတစ်ခုက ထွက်လာတဲ့ လူတွေဟာ ဘယ်လိုနည်းနဲ့များ ယဉ်ကျေးမှုတွေ တိုးပွားပြီး ဘယ်လိုများ ကောင်းလာနိုင်ကြပါဦးမလဲလို့။

ခု ကျုပ်အဖြစ်နဲ့ ကျုပ် ဘဝကိုပဲ ကြည့်စမ်းပါဦး။ အပြင်အပမှာ စားစရာ မရှိ၊ အလုပ်အကိုင် မရှိနဲ့ အငတ်အပြတ် မခံနိုင်လို့ ခိုးမှုပဲဟဲ့၊ တိုက်မှုပဲဟဲ့နဲ့ တစ်ကြိမ်တစ်ခါ ပြစ်မှု ကျူးလွန်လာခဲ့တဲ့ လူတစ်ယောက် ဟာ ဟိုရောက်ပြီလားဆိုမှဖြင့် လူမျိုးစုံနဲ့ တွေ့၊ လူမျိုးစုံနဲ့ ပေါင်း၊ ခုနက ပြောခဲ့တဲ့ ကတုံးပေါ် ထိပ်ကွက်တဲ့ နည်းမျိုးစုံတွေ တတ်လာပြီး သူခိုး လေးဟာ သူခိုးကြီးဖြစ်၊ ဓားပြလေးဟာ ဓားပြကြီးဖြစ်၊ လူလိမ်လေးဟာ

လူလိမ်ကြီး ဖြစ်လာတော့တာပါပဲ။ ခင်ဗျားတို့လည်း ကြားဖူးကြတယ် မဟုတ်လားဗျာ။ တချို့မျာ း ထောင်ကို ခြင်ထောင် အောက်မေ့တယ်ကွ ဆိုတဲ့ လူစားမျိုးတွေကို။

အဲဒီလို လူစားတွေဟာတော့ ဟုတ်လည်း ဟုတ်သပေါ့ဗျာ။ သူတို့အနေနဲ့က ထောင်ကို ခြင်ထောင်လို့ အောက်မေ့မှာပေါ့။ ထောင်ထဲမှာ လူအမျိုးမျိုး အဖြစ်အမျိုးမျိုးနဲ့ ကျလာတဲ့ လူတွေသာ ဖြစ်လေတော့ တချို့ဟာဆိုရင် အပြင်အပမှာထက် ထောင်ထဲက သူတို့အဖို့ အဆင်ပြေမှု ရှိပေတာကိုး။ ထောင် စနစ်အရ ဆိုရင်လည်း ထောင်မှူး ထောင်ပိုင်တွေဟာ နှစ်ကြီးသမားဆိုတဲ့ အပြစ်ဒဏ် အများဆုံး ခံရသူတွေထဲက သူတို့နဲ့ လက်သင့်ရာ ရွေးထုတ်ပြီး ထောင် ဘာရာလေး၊ ဆယ့်နှစ်မှတ်လေး၊ ရှစ်မှတ်လေး ဆိုတဲ့ အဆင့်အတန်းတွေ ပေးထားပြီး အိမ်ကြက်ချင်း အိုးမဲသုတ် အခွပ်ခိုင်းသလို ထောင်ကျ အချင်းချင်းကို အခွင့်အရေးပေးပြီး အညှဉ်းဆဲ အနှိပ်စက် ခိုင်းတော့တာပါပဲ။

ဒီလူတွေဟာ ညဘက်မှာ ကင်းစောင့်ရသဗျ။ အဲ ၁၂ မှတ်ဆိုတဲ့ လူကတော့ ကင်းစောင့်ရတယ် ဆိုပေမယ့် သူက ကင်းမှူးပေါ့ဗျာ။ နောက်တော့လည်း သူတို့မှာ ကွဲလွဲချက် တစ်ခုက ရှိသေးတယ်ဗျ။ ဘာလဲဆိုတော့ ရှစ်မှတ်ဟာ ဦးထုပ်အဖြူကို ဆောင်းပြီး၊ ဆယ့်နှစ်မှတ်ကတော့ ဦးထုပ်အပြာကို ဆောင်းရတယ်ပေါ့။ ဒီ့အပြင်လည်း ထောင်မှူးကြီးအနားမှာ အမြဲတမ်း တုတ်တစ်ချောင်း လက်က ကိုင်ပြီး ထောင်မှူးကြီး ရှေ့က သွားရင် သူက နောက်က တုတ်ထမ်းလိုက်နေရတဲ့ သက်တော်စောင့်လို လူတွေဟာလည်း ရှိကြသေးတယ်ဗျ။ အဲဒီ လူတွေကျတော့ ထောင်ရဲ့ ဝေါဟာရနဲ့ဆိုရင် ထောင်ပိုင်ကြီး ဘာယာတို့၊ ထောင်မှူးကြီး ဘာယာ

တို့၊ ထောင်မှူးကလေး ဘာယာတို့ပေါ့ဗျာ။ အဲဒီအထဲကမှ ပုလိပ် ဆိုတာတွေကလည်း ရှိသေးသဗျ။ ဘူးပုလိပ်တို့၊ မိန်းဂျေးပုလိပ်တို့ ဆိုတာတွေပေါ့ဗျာ။ ဒီလူတွေ ဒီလူတွေဟာဖြင့် အသီးသီးအသက တုတ်ကိုယ်စီနဲ့ တုတ်မိုးပြီး ကြီးစိုးနေကြတာပါပဲ။

အကြောင်းကလေးတစ်ခု ဖြစ်လာရင် ထောင် ဝါဒါဆိုတဲ့ လခစား ထောင်အမှုထမ်းတွေနဲ့ အဲ... ခုန ကျုပ် ပြောခဲ့တဲ့ ဘာယာတို့၊ ရှစ်မှတ်တို့၊ ဆယ့်နှစ်မှတ်တို့ဟာ ဘေးကျိုး နံကျိုးအောင် ရိုက်တတ်တာကလား။ အဲဒီလိုအခါများမှာဆိုရင် အကျဉ်းသမားတွေအဖို့က ကံဆိုးမိုးမှောင်ကျပြီး အထုအထောင်း အရိုက်အနှက်လည်း ခံကြရသေးရဲ့။ တိုက်ပိတ်လည်း ခံကြရသေးရဲ့။ ပုံစံ လုံးတီး ထမင်းတောင် မကျွေးတော့ဘဲ ကော်တိုက်တယ် ဆိုတာတွေလည်း ခံရသေးရဲ့ပေါ့ဗျာ။

အဲဒါတွေဟာဖြင့် အလွန့်အလွန် ဆိုးသွမ်းတဲ့ လောက ငရဲခန်းရဲ့ အကြောင်းရပ် တချို့တလေပါပဲ။

နောက်တော့လည်း တချို့ တချို့ ကိစ္စတွေမှာတော့ လူကြားကောင်းအောင် အဆောင်အယောင် လုပ်ထားတဲ့ အချက်အလက်တွေလည်း ရှိသေးတယ်ပေါ့ဗျာ။ အဲဒါက ဘာလဲဆိုတော့ ထောင်များမှာ ထောင် အုပ်ချုပ်ရေးဆိုင်ရာတွေနဲ့ မပတ်သက်တဲ့ ထောင် ကော်မတီဆိုပြီး ဖွဲ့ထားတဲ့အပြင် အ ပ က လူကြီး လူကောင်းများ ပါဝင်တဲ့ အဖွဲ့မျိုးပေါ့ဗျာ။ အဲဒီလို ထောင် ကော်မတီဆိုတဲ့ လူတွေကို ထောင်ထဲကို ဝင်ရောက်ပြီး လှည့်လည် ကြည့်ရှုစေတယ်ပေါ့ဗျာ။ သဘောကတော့ ထောင်အတွင်းမှာရှိတဲ့ ထောင်သားတွေရဲ့ နေရေး စားရေးနဲ့ ပတ်သက်ပြီး ချွတ်ယွင်းချက်များ ရှိခဲ့လို့ ဒီကော်မတီက တွေ့ခဲ့ သိခဲ့ရင် အစိုးရ

ကို အကြောင်းကြားပြီး ထောင်ထဲက မသင့်တော်လွန်းတဲ့ အချက်အလက်တွေကို ပြင်ဆင် ပြုပြင်ပေးဖို့ပေါ့ဗျာ။

အဲဒီ အစီအစဉ်နဲ့ အဲဒီ အချက်ဟာတော့ အတော်ပဲ သင့်မြတ်ကောင်းမွန်လှတယ်ပေါ့ဗျာ။ ဒါပေမဲ့ ကျုပ် တွေ့ရသလောက်ကတော့ ဒီကိစ္စဟာလည်း အပိုသက်သက်လို ဖြစ်နေတော့တာပဲဗျ။ ဘာပြုလို့လဲဆိုရင် ခုနက ကျုပ် ပြောတဲ့ ထောင်ကော်မတီ အဖွဲ့ဝင်တွေဟာ ဘယ်နေ့ထောင်ထဲကို လာပြီး လှည့်လည် ကြည့်ရှုမလဲ။ အဲဒီလို ကြည့်ရှုမယ့်အခါကျရင် သူတို့ မလာခင်က ကြိုတင်ပြီး အသွင်အမျိုးမျိုး ပြောင်းထားတော့တာကိုးဗျ။

ဒီလိုအခါမျိုးဆိုရင် ကျုပ်တို့ ခေါင်းက ဆံပင်တွေ စုတ်ဖွား ဖြစ်နေတာကို အုန်းဆီတွေ လျှောက်ပေးပြီး အလိမ်းခိုင်းလား ခိုင်းရဲ့ဗျ။ အမှိုက်သရိုက်တွေ ရှင်းထားလား ရှင်းရဲ့ပေါ့ဗျာ။ အင်မတန်ကို ကြည့်ပျော်ရှုပျော်နဲ့ နေချင့်စဖွယ် ကောင်းလောက်အောင် ဖန်တီးထားတော့တာပါပဲ။

ကျုပ်အနေနဲ့ကလည်း ပညာမဲ့တဲ့ နလပိန်းတုံး တောသား တစ်ယောက်ပါပဲဗျာ။ ဒါပေမဲ့ တစ်ခုတော့ ကျုပ်က ပြောချင်ပါရဲ့။ သူခိုးကို အလစ်မှာ စောင့်ဖမ်းရမယ့်လူဟာ သီချင်းတွေ တကြော်ကြော် ဆိုပြီး စကားသံတွေ တဖောင်ဖောင် ပြောနေမှဖြင့် ဒီသူခိုးကို ဘယ်မိနိုင်ပါ့မလဲဗျာ။ သူခိုးကိုဖမ်းမယ့် လူကိုယ်နှိုက်က သူခိုးမသိအောင် သိုသိုသိပ်သိပ်နဲ့ အလစ်ချောင်းဖမ်းမှ ဒီသူခိုးကို မိနိုင်မယ် မဟုတ်လားဗျ။ ဒီလိုမှ မဟုတ်ရင်တော့ သူခိုးကို စောင့်ဖမ်းတဲ့ လူဟာ အချိန်ကုန်ရုံ မောရုံပဲ ရှိပါလိမ့်မယ်။ ဒီလို အပိုသက်သက် အလုပ်ကိုတော့ အပင်ပန်းခံပြီး လုပ်မနေကြရင် ကောင်းပါတယ်။

ဒီအပြင် ထောင်ထဲမှာလည်း ထောင် ဆေးရုံဆိုတာက ရှိသေးတယ်ဗျ။ အဲဒီ ဆေးရုံဟာတော့ ထောင်ကျ လူမမာတွေအတွက်ပေါ့ဗျာ။ အင်း... ဆေးရုံက လူမမာတွေဆိုရင်တော့ ဆရာဝန်ရဲ့ ထောက်ခံချက်နဲ့ ထမင်းဖြူလေး အစ၊ ငါးကြော်လေး အစ၊ နွားနို့လေး အစ ရကြပါရဲ့။ ဒီအထဲကပဲ ကျုပ်တော့ တစ်ခု သတိထားမိပါရဲ့ဗျာ။ ဆေးရုံမှာလည်း ဆေးရုံအလျောက် ကြီးစိုးနေတဲ့ လူတွေ ရှိလေတော့ ကျုပ် တွေ့ဖူးတဲ့ ကုလားမ ခြင်းတောင်းဆွဲ နို့ဆီဘူး ကြော်ငြာလိုပေါ့ဗျာ။ "ဤ နို့တစ်ဆကို ရေနှစ်ဆ ရောပါ" ဆိုသလို နေရာတကာမှာ ရေနှစ်ဆ မကပါဘူး၊ သုံးလေးဆ ရောနေတော့တာပါပဲ။

ခက်တယ်ဗျ။ ထောင် အကြောင်းကို ပြောလက်စ စကားရှိလို့လည်း ကျုပ်က ဆက်ပြောနေရတာပါ။ ကျုပ်အနေနဲ့ကလည်း သိပ်တော့ မပြောချင်လှပါဘူး။ ကျုပ်ဟာ ထောင်ထဲကို ရောက်သွားပြီး ထောင်ကျစ အခါကသာ ဘေးကျပ်နံကျပ် ဖြစ်ရတာ မဟုတ်ပါဘူး။ လွတ်တော့မယ့်ဆဲဆဲမှာလည်း ဘေးကျပ်နံကျပ်နဲ့ အညှဉ်းဆဲခံရသေးသပေါ့ဗျာ။

ကျုပ်ဟာ ထောင်ကို နှစ်နှစ်တိတိ အလုပ်ကြမ်းနဲ့ ကျလာသူဖြစ်လေတော့ ဘယ်နေ့မှာ ထောင်က လွတ်မှာပဲလို့ တထစ်ချ မှတ်နေနိုင်တာ မဟုတ်တော့ ကိုယ်လွတ်မယ့်နေ့ကို အနီးကပ်ဆုံး မှန်းပြီး နောက်ဆုံးမှာ အတိအကျ သိရအောင် စုံစမ်း မေးမြန်းရသေးတယ်ဗျ။ ဒီလို ကိုယ့်ကိုယ်ကို ဘယ်နေ့ ဘယ်ရက်မှာ ကျွန်တော်ဟာ လွတ်ပါ့မလဲလို့ မေးရ ချွတ်ရတဲ့ အလုပ်ကိုတော့ ထောင်စကားနဲ့ ပြောရရင် "ဘုတ်တိုက်" တယ်လို့ ခေါ်တာပေါ့ဗျာ။

အဲဒီလို ဘုတ်တိုက်ရတာလည်း မလွယ်ဘူးပေါ့ဗျာ။ တစ်ခါ

တစ်ခါ ဘုတ်တိုက်ချင်မှဖြင့် သက်ဆိုင်ရာ ထောင်မှူးရဲ့ ရုံးခန်းမှာ သွားပြီး ထောင်မှူးရဲ့ ဘာယာကို လွတ်ရက်ကလေးများ သိပါရစေ ခင်ဗျာ၊ ကျွန်တော့်ကို ဘုတ်တိုက်ပေးပါလို့ ရှိခိုးဦးတင် ပြောရတော့တာပဲ။ အဲဒီအခါကျရင် ထောင်မှူးရဲ့ ဘာယာက ပိုက်ဆံ ဘယ်လောက် ပေးမလဲကွလို့ ခပ်ရှင်းရှင်း မေးတော့တာပါပဲ။ အေး ပေးနိုင်ရင် လာခဲ့ပေါ့ကွာ၊ မပေးနိုင်ရင်တော့ နေပေဦးတော့လို့ ပြောင်ပြောင်ပဲ ပြောတော့တာပါပဲ။

အဲဒီလို လူ့လောကထဲမှာ အပါအဝင် ဖြစ်နေပေမယ့် လူမဆန်လှတဲ့ ငရဲခန်းမှာ ကျုပ်ဟာ တစ်နေ့လာလည်း ဆင်းရဲဒုက္ခ၊ တစ်ည လာလည်း ဆင်းရဲဒုက္ခ ဆိုတာတွေနဲ့သာ အချိန်တွေ ရက်တွေ လတွေကို ကုန်ဆုံးမှု ရှိစေခဲ့ရတာပါပဲ။

ညဆိုလည်း ကောင်းကောင်း မအိပ်ရပါဘူးဗျာ။ ကြမ်းပိုးက ကိုက်လား ကိုက်ရဲ့၊ "အားလုံး ကောင်းပါတယ် ခင်ဗျား" လို့ ထ ထ အော်ရလား အော်ရရဲ့၊ ဒုက္ခဆင်းရဲရဲ့ ဝဲဂယက်မှာ တဝဲဝဲ တလည်လည် ခံစားနေရပြီးတဲ့နောက် လွတ်မြောက်တဲ့ အချိန်ရဲ့ နေ့တစ်နေ့ကို ရောက်ခဲ့ရပါတယ်။

## ပြေးစရာ မြေမရှိ

အဲဒီလို ကျုပ်ဟာ သူကြီး ဦးရွှေကြူးရဲ့ နှိပ်စက်မှုနဲ့ ရွှေခင်ရဲ့ ရက်စက်မှုကို ခံရပြီးလို့ ထွက်ခဲ့ရပြီးတဲ့နောက် ကျုပ်အနေနဲ့ဖြင့် ဘယ်ကို သွားရမှန်း မသိအောင် ဖြစ်ခဲ့ရပါတယ်။ ကျုပ်ဟာ ရွာကိုပဲ ခြေဦး ပြန်လှည့်ရမလား၊ ဒါမှမဟုတ်ရင် လွတ်ရာလွတ်ကြောင်း အနေနဲ့ တစ်ရွာ တစ်မြေကိုပဲ သွားရ ကောင်းလေမလားလို့ ထောင်အပြင် သရက်ပင် တစ်ပင်အောက်မှာ ထိုင်ပြီး အတော်ကြီး ကြာအောင် တွေးနေမိတယ်။

ကျုပ် ဘဝဟာဖြင့် အငိုလွယ် အရှိုက်ခက် ဆိုတာလို အတော့်ကို အတွေးရ ကျပ်လှတယ်ပေါ့ဗျာ။ တစ်ရွာ တစ်မြေကို သွားဖို့ဆိုတဲ့ ကိစ္စဟာလည်း ကျုပ်အနေနဲ့ အသိရယ် အကျွမ်းရယ်လို့ ဘယ်မှာမှ မရှိဘူးပေါ့ဗျာ။ ဆွေရယ် မျိုးရယ်လို့ အားကိုးရမယ့် လူဟာလည်း ကျုပ်အတွက် အစတုံးခဲ့ပြီပေါ့။ တကယ့် တကယ် အရေးဆိုတော့ ကျုပ် အခုလို တွေ့ကြုံနေရတဲ့ အဖြစ်ဟာ မသေးငယ်လှဘူးဆိုတာ ကျုပ် စဉ်းစားမိပါတယ်။

ထောင်ပြင်ကို ရောက်လာတဲ့အခါမှာ ကျုပ်ဟာ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ရွာပြန်ရင် သဘော်စီးနိုင်ဖို့ လက်မှတ် တစ်စောင်ရယ်၊

မနက်စာနဲ့ ညစာ ထမင်းစားဖို့အတွက် ထမင်းစရိတ် ပိုက်ဆံ သုံးမတ်ရယ်၊ ထောင်က လွှတ်လိုက်ပြီဆိုတဲ့ စာတစ်စောင်ရယ်ကလွဲလို့ တခြားဘာမှ မရှိပါဘူး။

ကျုပ်ဟာ ဘယ်ကိုသွားလို့ ဘာလုပ်ရမှန်း မသိတော့ပါဘူး။ ရွာကိုပဲ ပြန်ပြီး သူကြီး ဦးရွှေကြူးကိုပဲ မျက်နှာချင်းဆိုင်ရမှာလား၊ ဒီလိုမှ မဟုတ်ရင် ဒီမြို့ပေါ်မှာပဲ ခြေဦးတည့်ရာ လျှောက်သွားရမှာလား၊ ဒီလိုမှ မဟုတ်လည်း တစ်နယ်တစ်ကျေးကို ထွက်သွားရမှာလား စဉ်းစားလို့ မရအောင် ဖြစ်ရပါတယ်။

ဒီလိုနဲ့ ကျုပ်ဟာ စဉ်းစားနေလိုက်တာ အချိန်တွေ တစ်စစ ကုန်ပြီး အမှောင်ရိပ်များ သမ်းလာခဲ့ပြီပေါ့။ လမ်းမီးတိုင်တွေက နီကြင့်ကြင့် မီးရောင်တွေလည်း ယှက်သန်းလာပြီ။ လမ်းမပေါ်ကို ရှည်လျားတဲ့ သစ်ရိပ်တွေလည်း ယှက်သန်းလာပြီ။ လမ်းမပေါ်ကို ရှည်လျားတဲ့ သစ်ရိပ်တွေလည်း ကျရောက်လာပြီ။ ထောင်ဘူးပေါ်က စူးရှတဲ့ နာရီ သံချောင်းခေါက်သံဟာ ငြိမ်ဆိတ်နေတဲ့ ထောင်အပြင်ဘက် တစ်ဝိုက်ကို ထွင်းဖောက်ပြီး ကျုပ်ရဲ့ တစ်ကိုယ်လုံးကို ကိုင်လှုပ်လိုက်သလိုပါပဲ။

ကျုပ်ဟာ ယောကျ်ား ရင့်မကြီး တစ်ယောက် ဖြစ်ပါလျက်နဲ့ အတော်ကြီး စိတ်အားငယ်မိတယ်။ အဲဒီအချိန်မှာပဲ သေရွာကို ရောက်နေကြတဲ့ အဖေနဲ့ အမေကို သတိအရကြီး ရလိုက်မိတယ်။ မိဘများရဲ့ အရိပ်အာဝါသနဲ့ ကြီးမားတဲ့ အမိအဖ ကျေးဇူးဂုဏ်ကို အဲဒီအခါကျမှ ကျုပ်ဟာ ကောင်းကောင်းကြီး သဘောပေါက်မိတယ်။

ကျုပ်ဟာ ထောင်ထဲက ကျုပ်ကို လွှတ်လိုက်တဲ့ ထောင်အာဏာပိုင်တွေကို အတော်ကြီးကို ဒေါသ ဖြစ်မိတယ်ဗျ။ ကျုပ်လို အခြေမဲ့

အနေမဲ့နဲ့ စားရမဲ့မဲ့ သွားရာမဲ့မဲ့ ဖြစ်ပြီး လူ့လောကထဲမှာ အကျိုးမဝင်တော့တဲ့ လူတစ်ယောက်ကို ဘာကြောင့်များ ထောင်ထဲက လွှတ်လိုက်ကြတာတုံး။ ကျုပ်ဟာ ဟိုစဉ်အခါတုန်းကလို ထောင်ထဲမှာပဲ ပြန်ဝင်နေရရင်ကောင်းမှာပဲလို့လည်း တွေးလိုက်မိပါတယ်။

ဒီအချိန်အခါမှာ ကျုပ် စိတ်တွေဟာ အတိုင်းအတာ အနိုင်းအဆမရှိတဲ့ ကမ္ဘာလောကကြီးထဲကို ကဆုန်ပေါက်ပြီး ပြေးလွှားနေသလိုပါပဲ။ ကျုပ် တစ်ကိုယ်လုံးဟာ စေးထန်းထန်းနဲ့ ချွေးနံ့တွေ နံစော်နေပါတယ်။ ကျုပ်ကိုယ်ကြီးဟာလည်း ရပ်တည်ရာ ကင်းမဲ့လှတဲ့ လဟာပြင်မှာ မုန်တိုင်းနဲ့ ရင်ဆိုင်တွေ့နေရသလိုပါပဲ။

ကြာရှည် လေးမြင့်စွာ ကျုပ်ဟာ ဒီအနားမှာ မနေဖို့ ကျုပ်စိတ်ကို ကျုပ် ဆုံးဖြတ်မိပါတယ်။ အဲဒီ ဆုံးဖြတ်ချက်ရဲ့ နောက်ပိုင်းမှာတော့ ကျုပ်ဟာ ထိုင်ရာက ထပြီး ခြေဦးတည့်ရာကို တအားကုန် စွတ်ပြေးမိတာပါပဲ။

ဘယ်မလဲဗျာ၊ ကျုပ်ရဲ့ ရပ်တည်ရာနဲ့ ကျုပ်ရဲ့ လဲလျောင်းရာ။

ကျုပ်ဟာ မတရားမှုနဲ့ အဓမ္မမှုတွေကို ပြုမယ် ကျင့်ကြံမယ်ဆိုရင် ဖမ်းမယ်ဆီးမယ် ထောင်သွင်း အကျဉ်းချထားမယ်ဆိုတဲ့ လူတွေဟာ အခုလို လူ့လောကထဲမှာ ရပ်တည်ရာ အားထားရာ ကင်းမဲ့နေတဲ့အခါကျတော့ သူတို့အနေနဲ့က အထောက်အကူ မပေးကြတော့ဘူးတဲ့လား။ ဒါကိုလည်း သူတို့အနေနဲ့က သဘောမပေါက် နားမလည်ကြလို့ပဲလားဗျာ။ ဒါမှမဟုတ်ရင်လည်း ဒီလူတွေဟာ မကောင်းကျိုးကိုသာ ပေးမယ်၊ ကောင်းကျိုး ဘယ်တော့မှ မပေးဘူး ဆိုတဲ့ လူ့နတ်ဆိုးတွေလားဗျာ။

အမှောင်ထုဟာ တစ်စစနဲ့ နက်ရှိုင်းလာပါပြီ။ ကျုပ်ဟာ မြို့တွင်း

လေးရပ်က ရှိရှိသမျှ လမ်းတွေပေါ်မှာ မရပ်မနား လျှောက်သွားရင်းက တစ်ညတာအဖို့ ခဏတစ်ဖြုတ် ရပ်တည် နားခိုရမယ့် နေရာကလေးများကို လှည့်ပတ် ပြေးလွှားရင်းပဲ မနေမနား ရှာမိပါတယ်။

အင်မတန် ကျယ်ဝန်း ကြီးမားလှတဲ့ တိုက်တာ အိမ်ခြေတွေနဲ့ ခြံဝင်းကြီးတွေနားကို တစ်ညအတွက် ကျုပ် အိပ်ဖို့ နေရာကလေးများ ရလိုရငြားနဲ့ ချဉ်းကပ်သွားမိတယ်ဆိုရင်ပဲ အစောင့်အရှောက် အစေအပါးတွေဟာ ကျုပ်ကို ထိုးတော့မတတ် ကြိတ်တော့မတတ်၊ စားမတတ် ဝါးမတတ် ငေါက်ငမ်း ရေရွတ်ပြီး အတင်းပဲ နှင်လွှတ်ကြတော့တာပါပဲ။ အလွန့်အလွန် ကျယ်ဝန်းလှတဲ့ ဗိမာန်ဥယျာဉ်ကြီးများထဲမှာ တစ်ညလေး အဖို့ ခဏတစ်ဖြုတ်မှ ကျုပ်အတွက် အိပ်စရာ နေရာကလေး မပေးနိုင်ကြဘူးပေါ့ဗျာ။

ကျုပ်ဟာ အတော့်ကို ပင်ပန်းပြီး အတော်ကြီး နွမ်းနယ်ခဲ့ပါပြီ။ ကျုပ်ရဲ့ ခြေထောက်တွေဟာ ရှေ့ခရီးကို ဘယ်နည်းနဲ့မှ ဆက်လက်ပြီး မလျှောက်ချင် မသွားချင်သလောက်ပါပဲ။ ကျုပ်ဟာ ရှေ့မလှမ်းမကမ်းက အတော် ကျယ်ဝန်းကြီးမားလှတဲ့ အဆောက်အအုံ တစ်ခုနဲ့ အရိပ်အာဝါသတွေ ပိတ်ဖုံးနေတဲ့ နေရာတစ်ခုမှာ ဒီညအဖို့ ခဏတစ်ဖြုတ် နေစရာ နားစရာကလေး ရလိုရငြား သဘောနဲ့ အဲဒီနေရာအရောက် လျှောက်သွားပြီး မေးမြန်း စုံစမ်းရမှာပဲလို့ စိတ်ကူးပေါက်မိတဲ့အတွက် အဲဒီနေရာကိုပဲ အားတင်းပြီး လျှောက်ခဲ့ပါတယ်။

မကြာခင် ကျုပ်ဟာ ခြံပေါက်ဝကို ရောက်သွားလို့ ခြံဝင်းတံခါးနားကို အသာအယာ တိုးကပ်သွားပါတယ်။ နောက်တော့ ကျုပ်ဟာ အင်အား ကုန်ခန်းလှတဲ့အတွက် ခြံဝင်းတံခါးကို လက်တစ်ဖက်နဲ့

အားပြုပြီး ထောက်လိုက်မိတယ်။ အဲဒီလို ကျုပ်ရဲ့ အပြုအမူနဲ့ မရှေး မနှောင်းမှာပဲ ကျုပ် အင်္ကျီကုပ်ပိုးကို တအား ဖိဆွဲတာကို ခံလိုက်ရပြီး–

ဟေ့ကောင် ဘာလဲဟင်၊ ဘာကိစ္စလဲ၊ သူခိုးလား။ မင်း ဒီတိုက်ထဲကို ဘာဝင်ခိုးမလို့လဲ ဆိုတဲ့ အသံကို ကြားလိုက်ရပြီး ကျုပ်ရဲ့ ဇက်ပိုးကို သုံးလေးချက် ဆက်ရိုက်လိုက်တာကို ကျုပ် ခံလိုက်ရပါတယ်။

ကျွန်တော် သူခိုး မဟုတ်ပါဘူးဗျာ။ ဒီည တစ်ညလောက် အိပ်ဖို့ နေရာ ရှာမရတဲ့အတွက် ဒီလိုနေရာမှာများ တစ်ညလောက် အိပ်ခွင့်ရမလားလို့ နေရာ လာရှာတာပါဗျာ။ ကျွန်တော်ဟာ လူကောင်းသူကောင်း တစ်ယောက်ပါ။ ကျွန်တော့် ရပ်ရွာ၊ ကျွန်တော့် ဒေသကို ပြန်ဖို့ဟာ အချိန်မလှ ဖြစ်နေလို့ပါလို့ ကျုပ်က အသနားခံပြီး ပြောရတော့တာပေါ့ဗျာ။

အဲဒီတော့မှပဲ ကျုပ် ကုပ်ပိုးကို နောက်ကနေ ဆွဲပြီး ကျုပ်ကို ရိုက်တဲ့လူဟာ ခြံထောင့်မှာ ချိတ်ထားတဲ့ လက်ဆွဲမှန်အိမ်ကို ဖြုတ်ပြီး ကျုပ် မျက်နှာကို အသေအချာ ကြည့်တော့တာပါပဲဗျာ။ လူကြီးက အသက် လေးဆယ်ကျော်လောက် ရှိပါပြီ။ သူ့ကို ကြည့်ရတာ ကြင်နာသနားတတ်တဲ့ အသွင်အပြင်မျိုးပါပဲ။ သူဟာ ကျုပ်ကို အတော်ကြာအောင် ခြေဆုံး ခေါင်းဖျား မီးရောင်နဲ့ ကြည့်ပြီးတော့မှ–

အင်း... မင်း ကြည့်ရတာကတော့ ဒုက္ခသည် တစ်ယောက်လိုပါပဲကွာ။ ဒါပေမဲ့ ငါဟာ မင်းကို တစ်ည အိပ်ဖို့ နေရာပေးရမယ်ဆိုတာကတော့ သိပ်မလွယ်လှဘူးပေါ့ကွာ။ အခုလို အဆောက်အအုံ ကောင်းကောင်းနဲ့ ခြံအကျယ်ကြီးတွေမှာ နေကြတဲ့ ငါ့သခင်တွေဟာတော့ လူစိမ်း ဒုက္ခသည်တွေကို သူ့ခြံထဲ မပြောနဲ့၊ အရိပ်တောင် အဝင်မခံချင်ဘူးကွ လို့ ပြောတယ်ဗျ။

ကျုပ်ကတော့ ဘာပဲဖြစ်နေနေ ကြင်နာ သနားပုံရတဲ့ ဒီလူကြီးကိုပဲ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီနေရာမှာ တစ်ညတာ ကျုပ်ကို အိပ်ခွင့်ပြုပါလို့ မရမက ပြောရမှာပဲလို့ စဉ်းစားမိတယ်ဗျာ။

ဘယ့်နှယ့်လုပ်မလဲဗျာ၊ ဒီလောက် ကျယ်ဝန်းလှတဲ့ မြို့ကြီးပြကြီးမှာ ကျုပ် တစ်ယောက်အတွက် ဒီတစ်ည အိပ်ဖို့ နေရာဟာ အတော်ကြီးခဲယဉ်းနေပြီ မဟုတ်လားဗျ။ ရှေ့ခရီးကို ဆက်ပြီး ကျုပ် အိပ်ဖို့နေရာရှာဖို့ဟာ အချိန်ကလည်း မရှိတော့ဘူး မဟုတ်လားဗျာ။

ဒီကြားထဲကပဲ ကျုပ်ဟာ လမ်းမပေါ်က လျှောက်လာတဲ့ ပုလိပ်ဖိနပ်သံ တဒေါက်ဒေါက်ကိုလည်း ကြားမိသေးတယ်။

ကျွန်တော့်အတွက် အိပ်စရာ တစ်နေရာတော့ ဒီညအဖို့ သနားပါခင်ဗျာ။ ဦးကြီးမှ မသနားရင်တော့ ကျွန်တော်ဟာ ဒီည ဘယ်မှာမှ အိပ်စရာနေရာ ရှိတော့မှာ မဟုတ်ပါဘူး လို့ ကျုပ်က အသနားခံရပြန်တာပေါ့။

အေး... ခက်တယ်ကွ။ မြို့ကြီးပြကြီးဆိုတာလည်း လူတစ်ယောက်အတွက် အိပ်ဖို့ စားဖို့ နေရာဟာ အရှာရ မလွယ်ကူဘူးပေါ့ကွာ။ အင်း... မင်း ဒီလိုသာ တစ်ညအတွက် အိပ်ဖို့ နေရာကို လိုက်ရှာနေမယ် ဆိုရင်တော့ မကြာဘူးဟေ့ မင်းဟာ ပုလိပ်တွေရဲ့ လက်ထဲကို ရောက်သွားမှာပဲကွ လို့ ပြောရင်းက လမ်းမပေါ်မှာ လျှောက်လာတဲ့ ပုလိပ်တွေကို လှမ်းကြည့်တယ်ဗျ။

ဒီလိုနဲ့သာ လမ်းမပေါ်က ပုလိပ် လေးငါးယောက်ဟာ သူနဲ့ကျုပ်နဲ့ စကားပြောနေတဲ့ ခြံပေါက်ဝထိအောင် လျှောက်လာတယ်။

ပုလိပ် တစ်ယောက်ကတော့ သူ့ လက်ထဲက ဓာတ်မီးနဲ့ ကျုပ်

တို့ နှစ်ဦးရဲ့ မျက်နှာပေါ်ကို ထိုးထားတယ်။ အနား ရောက်လာတော့ ပုလိပ် တစ်ယောက်ဟာ ကျုပ်မျက်နှာကို သေသေချာချာ စူးစူးစိုက်စိုက် ကြည့်ပြီး ဟော့ကောင် မင်း ဒီနေ့မှ ထောင်ထဲက လွတ်လာတဲ့ အကောင် မဟုတ်လားကွလို့ မေးတော့တာပါပဲ။

ဟုတ်ပါတယ် ခင်ဗျာ လို့ ကျုပ်ကလည်း ဟုတ်တိုင်းမှန်ရာပဲ ပြန်ဖြေရတယ်ပေါ့။

မင်း ဘာကြောင့် မင်းရွာကို မပြန်သေးသလဲ။ မင်း ဒီမြို့ပေါ်မှာ ဘာအကြံရှိလို့ အခုလို ချောင်ခိုနေသလဲလို့ သူက တစ်ခါ ထပ်မေးပြန် တယ်ဗျ။

ကျွန်တော် ဒီနေ့ အချိန်မရှိလို့ မပြန်ရတာပါဗျာ။ မနက်ဖြန် တော့ ကျွန်တော် ပြန်မှာပါပဲလို့ ကျုပ်က တစ်ခါ ထပ်ပြောတယ်ဗျ။ အဲဒီလို ကျုပ်က ထပ်ပြောတာတောင် မောင်မင်းကြီးသားဟာ စကားဆုံး အောင် နားမထောင်ဘူးပေါ့ဗျာ။ သူ့နောက်က ပါလာတဲ့ ပုလိပ် သုံးလေး ယောက်ကို လှမ်းပြောလိုက်တယ်ဗျ။

ဟော့... ဒီကောင်ဟာ ဒီနေ့မှ ထောင်ထဲက လွတ်လာတာကွ။ ဒီကောင်ကို ဂတ်တဲ ခေါ်သွားကြစမ်း။ ဒီည အချုပ်ထဲမှာပဲ အိပ်ပေ့စေ၊ မနက်တော့ မင်းရွာကို မင်း ပြန်ပေါ့ကွာ။ အဲဒီလိုမှ ရွာကို မပြန်ဘူးဆိုရင် မင်းကို ဖမ်းချုပ်ထားရလိမ့်မယ်လို့လည်း ကျုပ်ဘက်ကို တစ်ခါ လှည့် ပြောပြန်တော့တာပါပဲ။

သူ ပြောစကားကြောင့်ပဲ ပုလိပ် နှစ်ယောက်ဟာ ကျုပ် လက် နှစ်ဖက်ကို တစ်ယောက်တစ်ဖက် လာဆွဲကြတော့တာပါပဲ။ ခြံစောင့် လူကြီးကတော့ ဘာမှလည်း မပြောတော့ဘူးပေါ့ဗျာ။ မီးအိမ်ကို ကိုင်

ထားရင်း တွေတွေချည်း ရပ်ကြည့်နေတာပါပဲ။ ဒါနဲ့ ကျုပ်ဟာ ခြံစောင့် အဘိုးကြီးရဲ့ အကူအညီကို ရလိုရငြားဆိုပြီး အဘိုးကြီးကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ ခြံစောင့်ကြီးဟာ ကျုပ်ရဲ့ ဝမ်းတွင်းသဘောနဲ့ အမူအရာကို အတော်ပဲ သဘောပေါက်သွားတယ် ထင်ပါရဲ့၊ ကျုပ်ကို တစ်ချက် စိုက်ကြည့်ပြီးတဲ့နောက် ပုလိပ်အရာရှိ အကြီးအကဲ ဖြစ်တဲ့ လူကို စကားတစ်ခွန်း ဝင်ပြောလိုက်ပါတယ်။

ဖြစ်နိုင်ရင် ဒီညအဖို့ ကျုပ် တဲကလေးထဲမှာပဲ သိပ်လိုက်ပါ့မယ်။

ဟာ... ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီကောင် ဟာ ထောင်ထွက်၊ တော်တော်ကြာလို့ တိုက်ပေါ်က သူဌေးမင်း သိသွားရင် ကျုပ်တို့ ဂတ်က လူတွေကို ဆူလား ပူလား လုပ်နေပါ့မယ်။ သူဌေးမင်း အကြောင်းလည်း ခင်ဗျား သိတယ် မဟုတ်လားဗျ။ သူက အရေးပိုင်နဲ့ ခမည်းခမက်တော်တာ၊ နောက်ပြီးတော့ ကျုပ်တို့ ဝတ္တရားက ပစ္စည်းဥစ္စာ ပြည့်စုံနေတဲ့ လူတွေကို ဓားပြရန် သူခိုးရန်က ကြိုတင် ကာကွယ်ပေး ရမယ့် ဝတ္တရား ရှိတယ်ဗျလို့ ပြောတယ်ဗျ။

အဲဒါပဲ ချင့်ကြည့်ပါဗျာ။ ကျုပ်လို အညတရ တစ်ယောက်ဟာ လူရင့်မကြီးပဲ မဟုတ်လားဗျာ။ ကျုပ်လို လူတစ်ယောက်အတွက်တော့ အိပ်စရာ နေရာကလေး တစ်ကွက်တောင် မပေးချင်၊ မကူညီချင်၊ မစောင့်ရှောက်ချင်ကြဘူး။ အင်မတိ အင်မတန် ပစ္စည်းဥစ္စာနဲ့ ပြည့်စုံပြီး ကုံလုံကြွယ်ဝနေတဲ့ တိုက်ကြီးပေါ်က လူတွေအတွက်တော့ သူတို့က ကြိုတင် ကြောင့်ကြပြီး ကြိုတင် ပူပန်နေကြသတဲ့။

ဟား... ဟား... ဟား... ဟား ကျုပ်အနေနဲ့ကတော့ဗျာ ဒါလောက် တောင် အဆင်မပြေ မညီမျှလှတဲ့ ကျုပ်တို့ ခင်ဗျားတို့ နေကြ ထိုင်ကြရ

တဲ့ လူ့လောကရဲ့ ဖြစ်ရပ်တွေကို တစိမ့်စိမ့် တွေးရင်းက အခုလို ဟားတိုက်ပြီး ရယ်ပစ်လိုက်ချင်တာပါပဲ။

နောက်ဆုံးမှာတော့ဗျာ၊ ကျုပ်ဟာ ပုလိပ်တွေ ခေါ်တဲ့နောက်ကို လိုက်ခဲ့ရပြီး ဂတ်တဲက သမံတလင်းပေါ်မှာပဲ လက်ကို ခေါင်းအုံးလုပ်ပြီး တစ်ညလုံး အိပ်ခဲ့ရတော့တာပါပဲ။

*

အဲဒီလိုနဲ့ မနက် မိုးလင်းတော့ ညတုန်းက ဖမ်းလာတဲ့ ပုလိပ်အရာရှိက ကျုပ်ကို စစ်ဆေး မေးမြန်းသေးသဗျ။

မင်း ဘယ်ကိုသွားမလဲ၊ ဒီမြို့ပေါ်မှာပဲ အခြေအနေမရှိ လျှောက်သွားနေမှာလား။ မင်းရဲ့ ဇာတိ တောရွာကိုပဲ ပြန်မလား ဆိုတဲ့အကြောင်းပေါ့ဗျ။

တကယ်ဆိုတော့ ကျုပ်ဟာ သူကြီး ဦးရွှေကြူးနဲ့ မျက်နှာချင်းဆိုင်တွေ့ကြုံရမယ့် ကျုပ်ရဲ့ ဇာတိရပ်ရွာကို ကျုပ် ခြေဦးတောင် ပြန်မလှည့်ချင်တော့ပါဘူး။ ကျုပ်အနေနဲ့က ဆွေရယ် မျိုးရယ်လို့ တစ်ကောင်တစ်မြီးမှ မရှိတဲ့အပြင် ကျုပ်ကို ထောင်ထဲ မရောက် ရောက်အောင် တွန်းပို့လိုက်တဲ့ သူကြီး ဦးရွှေကြူး ပိုင်ဆိုင်ရာ နယ်ပယ်ကို ဘယ်လိုနည်းနဲ့ ပြန်ချင်ပါ့မလဲဗျာ။

နောက်တစ်ခုကလည်း ပုလိပ် အရာရှိ လုပ်တဲ့လူက ကျုပ်ကို မေးတဲ့ စကားထဲမှာ မင်းဟာ အခြေအနေမရှိ လျှောက်နေမှာလားတဲ့။

ကျုပ်လား၊ ကျုပ်ဟာ အခြေနဲ့ အနေနဲ့ သူတကာတွေလို အိမ်ကြီးခြံကြီးနဲ့ နေချင်လှပေပေါ့ဗျာ။ ဒါပေမဲ့ အဲဒီ ကျုပ် နေချင်တဲ့ အခြေအနေ

အဆင့်အတန်းမျိုး ရောက်အောင် ကျုပ်ကို ဘယ်သူတွေက လမ်းညွှန် ဖန်တီးပေးမှာတဲ့လဲ။

ကျုပ်ဟာ လူရယ်လို့ ဖြစ်လာပြီး လူမှန်းသူမှန်း သိတတ်တဲ့ အရွယ် ထဲက လူလို ပညာသင်ချင်တယ်၊ လူလို အလုပ် လုပ်ချင်တယ်၊ လူလို ဝတ်ချင်တယ်၊ လူချင်းတူတူ သူချင်းမျှမျှ နေချင်တယ်ဆိုတဲ့ စိတ်ဟာ လူဆန်ဆန်ပဲ ရှိခဲ့တာပေါ့။ ဒါပေမဲ့ အဲဒီလို ကျုပ် နေနိုင်အောင် ဘယ်သူ တွေကများ လုပ်ပေးလို့ ဘယ်သူ့ကို အားထားရမှာလဲ။

ဟော့... ပြောလေကွာ၊ မင်းရွာကို မင်း ပြန်ရလိမ့်မယ်။ မင်းကို နောက်ထပ်ပြီး ဒီမြို့ပေါ်မှာ တွေ့ရရင်တော့ အချိန်မရွေး ဖမ်းရလိမ့်မယ်။ ကဲ... ဒီကောင့်ကို မင်းတို့ထဲက တစ်ယောက် လိုက်ပြီး သင်္ဘောပေါ် အရောက် တင်ပေးခဲ့။ နောက်ပြီးတော့ သင်္ဘောထွက်တဲ့တိုင်အောင် စောင့် ကြည့်နေ၊ ကြားလားဟေ့။ သင်္ဘောထွက်လို့ ရေလယ်ရောက်မှ ပြန်လာ ခဲ့လို့ ပုလိပ်တစ်ယောက်ကို ပြောပြီး ကျုပ်ကို သင်္ဘောဆိပ် အရောက် လိုက်ပို့တော့တာပါပဲ။

အဲဒါပဲ၊ ခင်ဗျားတို့ စဉ်းစားကြည့်ကြပါဗျာ။ ဒီကမ္ဘာမြေကြီးဟာ လူတွေအတွက် ပေါ်ပေါက်လာပြီး လူတိုင်း လူတိုင်းဟာ တရားသော နည်းလမ်းနဲ့ပေါ့ဗျာ။ ဒီကမ္ဘာမြေပေါ်မှာ လွတ်လွတ်လပ်လပ် နေနိုင် ထိုင်နိုင်ခွင့် ရှိပါလျက်ကနဲ့ ကျုပ်အဖို့ကတော့ သွားချင်တဲ့နေရာကို မသွားရ၊ မသွားချင်တဲ့ နေရာကို သွားရ။ ကိုယ်ကြိုက်တာ မလုပ်ရ၊ ကိုယ် မကြိုက် ပေမယ့် သူတို့ လုပ်စေချင်ရာ လုပ်ရ ဆိုတဲ့ သဘောမျိုး သက်ရောက်နေ တော့တာပါပဲဗျာ။ ကျွန်တော့်အတွက် ဘယ်မလဲဗျ "လွတ်လပ်ရေး"။

မကြာခင် ကျုပ်ဟာ သင်္ဘောပေါ်ကို ရောက်ခဲ့တယ်။ ပုလိပ်

ကလည်း သူ့ဆရာ မှာလိုက်တဲ့ အတိုင်းပါပဲ။ သဘော်၊ မထွက်မချင်းကို ကျုပ်အနားက မခွာဘူးဗျ။ ဒီလိုနဲ့ပဲ သဘော်ဟာ ကမ်းက ခွာလို့ ရေလယ်ကို ရောက်မှပဲ ခုနက ပြောတဲ့ ပုလိပ်ဟာ ပြန်သွားတော့တာပါပဲ။

အဲဒီလိုနဲ့ ကျုပ်ဟာ သူကြီး ဦးရွှေကြူး ပိုင်ဆိုင်တဲ့၊ သူကြီးဦးရွှေကြူး ဩဇာအာဏာ လွှမ်းမိုးတဲ့ ကျုပ်ရဲ့ မွေးရာ ဇာတိရွာကို ပြန်ရောက်ခဲ့ရတော့တာပါပဲ။ ရွာက လူတွေဟာ ကျုပ်ကို တွေ့ကြတယ် ဆိုရင်လည်း တချို့လည်း ဝမ်းနည်းလို့ပေါ့ဗျာ။ တချို့ကလည်း ဝမ်းသာအယ်လဲပေါ့။ အားလုံးလိုလို လူတွေဟာတော့ ကျုပ်အပေါ်မှာ သနားကြင်နာ စိတ်ကလေးများတော့ ရှိကြပေသေးသကိုးလို့ ကျုပ်က အောက်မေ့လိုက်မိတယ်။

ရွာဟာ အရင်အခါတုန်းကလိုပါပဲဗျာ၊ ဘာမှ ပြောင်းလဲမှု မရှိဘူးပေါ့။ အရင်ကလို ဦးရွှေကြူးရဲ့ ဩဇာအာဏာရိပ်ဟာ ဂူတွင်းမှာ အမှောင်ထု ပိတ်ဖုံးနေသလို လွှမ်းမိုးမြဲ လွှမ်းမိုးပြီး ကြီးစိုးမြဲ ကြီးစိုးနေလျက်ပါပဲ။

ဒီတစ်ကြိမ် ကျုပ်ရဲ့ ရွာမှာ နေရမှုဟာ ခွေးတိုးဝက်ဝင် ဆိုတဲ့ စကားမျိုးအတိုင်းပါပဲဗျာ။ ကျုပ်ဟာ ဦးရွှေကြူးရဲ့ အိမ်မှာလည်း ပြန်မနေနိုင်တော့ဘူးပေါ့။ ကျုပ်ကလည်း ဦးရွှေကြူး အိမ်မှာ နေလိုစိတ် မရှိတော့ပါဘူး။ ရွာမှာ ကျုပ်ကို ကြင်နာ ခင်မင်ကြတဲ့ လူတွေအိမ်မှာပဲ ကျုပ်ဟာ ဟိုနေ ဒီနေ လျှောက်နေပြီး ဟိုစား ဒီစား လျှောက်စားတော့တာပါပဲ။ အဲ... တစ်ခုတော့ ရှိသပေါ့။ ကျုပ်နေတဲ့ အိမ်က ဘယ်သူကပဲဖြစ်ဖြစ် လုပ်စရာရှိ၊ ခိုင်းစရာလေးရှိလို့ လုပ်ပေးပါ၊ ကိုင်ပေးပါ ဆိုရင်လည်း ကျုပ်ကတော့ ဦးမလေးပဲ လုပ်ကိုင်ပေးခဲ့တာပါပဲ။ ဒါကြောင့်မို့လည်း ဒီတစ်ကြိမ်တော့ ဦးရွှေကြူးရဲ့ အိမ်မှာ မနေရတဲ့တိုင် သိပ်အရေး မကောင်း

လှဘူးပေါ့ဗျာ။ ရွာတစ်ရွာလုံးမှာ အိမ်ခြေ တစ်ရာကျော် နှစ်ရာနီးနီးရှိတဲ့ အနက်က အိမ်ပေါင်း ကိုးဆယ် တစ်ရာလောက်ကတော့ ကျုပ်ရဲ့ စားအိမ်နေအိမ်လို့ပဲ ဆိုရမှာပေါ့။

ကျုပ်ဟာ အခုတော့ ရွှေခင့်ကို မတွေ့ရတော့ပါဘူး။ ဦးရွှေကြူးကိုတော့ ကျုပ် သုံးလေးကြိမ် တွေ့ရသေးတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်ကတော့ သူ့ကို ကောင်းကောင်းမွန်မွန် ချေချေငံငံနဲ့ ရိုသေ ကိုင်းရှိုင်းစွာ ဆက်ဆံလျက်ပါပဲ။ အဲဒီအခါမှာ ဦးရွှေကြူးဟာ ကျုပ်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတာပါပဲ။ အဲ... တစ်ကြိမ်မှာတော့ သူဟာ ကျုပ်ကို ဆုံးမတဲ့ စကားများတောင် ပြောလိုက်ပါသေးတယ်။

အေး... အေး မင်း အရင်ကလိုတော့ မမိုက်နဲ့ပေါ့ကွာ။ လိမ်လိမ်မာမာနဲ့ ကောင်းကောင်းမွန်မွန် နေကွ၊ ကြားရဲ့လား။ ဖြစ်ပြီးတဲ့ ကိစ္စတွေကို ငါ့စိတ်ထဲက မေ့ပျောက်ထားပါပြီကွာလို့ ပြောသွားသေးတယ်ဗျ။

ကျုပ်အနေနဲ့ကတော့ အောင့်သက်သက်ပဲ ခံလိုက်ရတာပေါ့ဗျာ။ ကျုပ်အပေါ်မှာပဲ သူက သည်းခံပြီး ကျုပ်နဲ့ ဖြစ်ပျက်တာတွေကို မေ့ပျောက်လိုက်ပါပြီဆိုတော့ ကျုပ်ကပဲ သူ့အပေါ်မှာ ဆိုးဆိုးဝါးဝါး ပြုခဲ့မိလို့လား ဗျာ။

ဒါပေမဲ့ ကျုပ်က ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် အမြဲတမ်း ကောင်းကောင်းမွန်မွန် နေမှာပါလို့ ပြန်ပြောလိုက်ရတယ်ဗျ။ ကျုပ်ဟာ ဦးရွှေကြူးရဲ့ မျက်နှာကို မကြည့်ချင်ပါဘူး။ ဦးရွှေကြူးရဲ့ အိမ်ဆီကိုလည်း ကျုပ် မသွားပါဘူး။ ကျုပ်က ဦးရွှေကြူးနဲ့ သူ့မိန်းမကို ဆိုရင်တော့ တော်တော်ပဲ စိတ်နာမိပါရဲ့။

*

အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျုပ်ဟာ ရွှေခင့်အပေါ်မှာတော့ တော်တော်လေး စွဲလမ်းနေလျက်ပါပဲ။ ဒင်းကလေးဟာကတော့ သူ့မိ သူ့ဖရဲ့ ဩဇာအာဏာကို မလွန်ဆန်နိုင်လွန်းလို့သာ ငါ့ကို ဒီလို ဒီကဲ့သို့ ပြောတာပါပဲလေလို့ ကျုပ် စိတ်က ဖြေမိပါတယ်။

ကျုပ် ရွာပြန်ရောက်တယ် ဆိုရင်ပဲ ရွှေခင့် အကြောင်းတွေကို ကြားရသေးတယ်ပေါ့ဗျာ။ ရွှေခင်ကို ကျုပ် မတွေ့ရပေမယ့် သူ့သတင်း သူ့အကြောင်းကတော့ တစ်ယောက်တစ်ပေါက်ဆိုသလိုပဲ ပြောလို့ ဆိုလို့ ကြားရတာပါပဲ။ အဲဒီ ကြားရတဲ့ သတင်းအတိုင်း ဆိုရင်တော့ သူဟာ ကျုပ်အတွက် စိတ်မကောင်းရှာပါဘူး ဆိုတဲ့ စကားပါပဲ။

ကျုပ်ကလည်း စဉ်းစားမိတယ်လေ။ ကျုပ်ကို ရုံးပေါ်မှာတုန်းက ပြောခဲ့ ဆိုခဲ့တဲ့ စကားတွေဟာဖြင့် သူ့ စိတ်ဆန္ဒအရတော့ မဟုတ်နိုင်ပါဘူးလို့။ ဘယ်နည်းနဲ့မဆို သူ့မိ သူ့ဖရဲ့ သင်ကြားပေးချက်အရသာ ပြောရတဲ့စကား ဖြစ်မှာပဲလို့။ ဒီလို ကြားရပေမယ့် ကျုပ်ကတော့ သူရှိတဲ့ နေရာကို နည်းနည်းလေးမှ မသွားဝံ့ မလာဝံ့တော့ပါဘူး။ ဒီတစ်ကြိမ်သာ ကျုပ်ဟာ ထောင်ထဲ ပြန်ရောက်ရမယ် ဆိုရင်တော့ ဘယ်နည်းနဲ့မှ မကောင်းတော့ပါဘူးဗျာ။ အဲ... တစ်ခုတော့ ရှိပါရဲ့၊ ဒင်းအဖေ ဦးရွှေကြူးနဲ့ ဒင်း အမေ သေသွားရင်တော့ နေ့ချင်း ညချင်း ဆိုသလို ကျုပ်နဲ့ ရွှေခင်ဟာ ညားကြမှာတော့ မလွဲတမ်းပေါ့ဗျာ။ ဒီလိုများ စဉ်းစားလိုက်မိရင် ကျုပ်က ဒင်းကလေး အဖေ၊ ဒင်းကလေး အမေတွေ မြန်မြန်ပဲ သေကုန်ရင် အေးမှာပဲလို့တောင် ဆုတောင်းလိုက်မိတယ်။

ကျုပ်ဟာ ရွာပြန်ရောက်လို့ အတော်ကြီး အချိန်ကြာခဲ့ပေမယ့် ...ူရင်းငှား အဖြစ်နဲ့ လယ်လုပ်ခွင်ကိုတော့ မဝင်သေးပါဘူး။ ဟိုအိမ်

ဒီအိမ်မှာပဲ လျှောက်နေ လျှောက်စားပြီး ဟိုလူ ဒီလူရဲ့ အလုပ်တာဝန်ကိုပဲ ဝိုင်းကူ လုပ်ပေးနေတာပါပဲ။ ကျုပ်အဖို့က ရွာမှာ နေရတာ အရင်ကထက် တောင် ကောင်းနေသပေါ့ဗျာ။ ရွာက ရှိတဲ့သူတွေဟာဆိုရင် ဘယ်သူက ပဲ ဖြစ်ဖြစ် ကျုပ်ကို တို့အိမ်မှာ လာစားပါဟဲ့၊ တို့အိမ်မှာ လာနေပါဟဲ့၊ မောင်သာလှများ တို့အိမ်ကို တစ်ခေါက်မှ မလာဘဲကိုးကွယ့်နဲ့ အင်မတန် ခေါ်ချင် ပြောချင်တဲ့ လူတွေ များလှသပေါ့။

ဒါကိုတော့ ကျုပ်ကလည်း နားလည်ပါတယ်လေ။ ခုလို ကျုပ်ရဲ့ နေထိုင်မှုဟာ ရွာလုံးကျွတ် ကျွန်ခံပေးတဲ့ သဘောမျိုးလို ဖြစ်နေတော့ ဘယ်သူက ဖြစ်ဖြစ် ကျုပ်ကို သူတို့ရဲ့ အိမ်များမှာ နေစေချင် စားစေချင် ပေမပေါ့။ အင်း... ဟိုတုန်းကတော့ ငါဟာ သူကြီး ဦးရွှေကြူးရဲ့ တစ်ဦး တည်းပိုင် ကျွန်၊ အခုတော့ တစ်ရွာလုံးလိုလိုက ပိုင်ဆိုင်တဲ့ ဘုံကျွန်၊ ရွာကျွန် တစ်ယောက်ပါလားလို့ ကျုပ်ကိုယ်ကျုပ် နားလည်လိုက်မိပါ တယ်။

အဲဒီ နေရာမှာတော့ ခင်ဗျားတို့ အနေနဲ့က ထင်ပေမပေါ့ဗျာ။ သာလှရာ မင်း မိုက်လို့ မင်းဟာမင်း ဘုံကျွန် လျှောက်ခံနေတာကိုကွ လို့။ အဲဒီလိုတော့ မဟုတ်သေးဘူးပေါ့ဗျာ။ ကျုပ်မှာ တစ်ဖက်က သူကြီး ဦးရွှေကြူးရဲ့ ရန်က ရှိနေလေတော့ တစ်ဖက်မှာလည်း ကျုပ်ကို လိုလား ချစ်ခင်တဲ့ လူတွေ ရှိအောင် တစ်ရွာလုံးလိုလို တစ်အိမ်တက်ဆင်း ကျွန်ခံခြင်း ပြုနေရတာပေါ့လေ။ နောင်အခါ အတော်ကလေးကြာလို့ လပိုင်း ကူးသွားရင်တော့ ကျုပ်ဟာကျုပ် တစ်နေရာရာမှာ သူရင်းတိုင် တစ်ဦးဦး အိမ်ကို ဝင်ရောက်ပြီး သူရင်းငှား လုပ်မယ်လို့ စိတ်ကူးထား လျက်ပါပဲ။

ဒါထက်ဗျာ ကျုပ် ရွာကို ပြန်ရောက်သွားပြီးတဲ့ နောက်မှာပဲ အင်မတန် စိတ်မကောင်း ဖြစ်စရာ အကြောင်းတစ်ခုကို တွေ့ရပါသေးတယ်။ အဲဒီ အကြောင်းကတော့...

ကိုကြက်ရိုးလေ ကိုကြက်ရိုး၊ ကိုကြက်ရိုးဟာဖြင့် ကျုပ် ထောင်ထဲက ပြန်လွတ်မလာခင်ကပဲ သူကြီး ဦးရွှေကြူးရဲ့ အိမ်မှာ သူရင်းငှားမလုပ်တော့ဘူးပေါ့ဗျာ။ အဲ... ကျုပ် ရွာကို ပြန်ရောက်တဲ့ အချိန်ကျတော့ သူကလည်း သူ့အဖြစ် သူ့သနစ်တွေကို ပြောပြသေးတယ်ဗျ။ အဲဒီလို သူ့အဖြစ်တွေကို ပြောပြတဲ့ အချိန်က ကိုကြက်ရိုးဟာ အိပ်ရာထဲမှာ လဲစပြုနေတဲ့ အချိန်ပဲပေါ့ဗျာ။ သူ့ကို ကြည့်ရတာ အားရစရာ မရှိတော့ပါဘူး။ တောစကားဆန်ဆန် တောအလေ့အထနဲ့သာ ပြောရမယ် ဆိုရင်တော့ ကိုကြက်ရိုးဟာ နွားသတ်ရုံကို ပို့ရမယ့်ဆဲဆဲ နွားနာ နွားအိုကြီး ဖြစ်နေပြီပေါ့ဗျာ။

နွေမရှောင် မိုးမရှောင် ပင်ပန်း ဆင်းရဲခံပြီး ကုန်းရုန်းလာရတဲ့ နွားများဟာ တစ်နေ့မှာ "လေးဖက်ပစ်ကျ" သလို ကိုကြက်ရိုးဟာလည်း လေးဖက်နာ ကျတော့တာပါပဲ။

ဆရာသမားနဲ့ ဆေးဝါးဆိုတာကလည်း ကျုပ်အမေ မမာတုန်းက အတိုင်းလိုပေါ့ဗျာ။ အဲ... သူကတော့ ကျုပ်အမေလို အစားပစ် အသောက်ပစ် မဟုတ်တော့ ပိုဆိုး ပိုခက်တာပေါ့ဗျာ။ ကလေးတွေ သုံးလေးယောက်နဲ့ သူ့ကို မှီခို အားထားနေရတဲ့ မိန်းမဟာ သူက ဟိုဟာ စားချင်၊ ဒီဟာ စားချင် ပြောမှဖြင့် အိမ်နောက်ဘက် မန်ကျည်းပင်အောက် သွားပြီး ချုံးပွဲချ ငိုတော့တာပါပဲ။

သူ့အနေနဲ့က မြို့ပေါ်က တရုတ်ခေါက်ဆွဲကြော်လည်း စားချင်

သတဲ့ဗျ။ ငါးကြော်လေး အစ၊ ငါးမြင်းရင်း အချဉ်ဟင်းလေး အစလည်း စားချင်သတဲ့ဗျ၊ တောင်းလိုက်တဲ့ ခါတ်စာတွေကဖြင့် သူ့ဘွေးစာချည်း ပါပဲ။

အဲဒီတော့ မခက်ဘူးလားဗျ။ ထမင်းကို ငါးပိရည်ဖျော်နဲ့တောင် မနည်း စားရအောင် ရှာနေရတဲ့ မိန်းမဟာ ငိုရုံကလွဲပြီး ဘယ်လိုများ လုပ်တတ်ဦးမှာလဲလို့။ သူ့လုပ်စာတွေက အနင့်သား ရှိရင်လည်း အကောင်း သားပေါ့ဗျာ၊ အချိုဆို အချို၊ အချဉ်ဆို အချဉ် ရနိုင်ပါရဲ့။ အခုတော့ မိန်းမ လုပ်သူဟာ သူ့ကလေးတွေကိုတောင် ထမင်းနပ်မှန်အောင် မနည်း ချည်း ရှာကြံကျွေးနေရတော့ သူ တောင်းတဲ့ ခါတ်စာကို ဘယ်ဝယ်ပေး နိုင်ပါ့မလဲ။

ကျုပ်ဟာ တတ်နိုင်သလောက် သူ့မိန်းမကို အကူအညီ ပေးခဲ့ပါ ရဲ့ဗျာ၊ ထင်းလေး ဝါးလေး အစလည်း ကျုပ် ရှာပေးခဲ့ပါတယ်။ ဆန် လေး စပါးလေး အစလည်း ရှာပေးခဲ့ပါတယ်။ ရေ မရှိဘူး ဆိုပြန်လည်း မြစ်ဆိပ် ဆင်းပြီး ရေ သုံးလေးထမ်းတော့ ခပ်ပေးခဲ့တာပါပဲ။ အဲ... တစ်ခါတလေ ကျုပ်နေတဲ့ တစ်အိမ်အိမ်က ငါးကြော်ကလေး ငါးခြောက် ကလေးများ ကျုပ် စားဖို့ရတဲ့ အခါဆိုရင် ကျုပ်က မစားရက်ပါဘူး၊ သူ့ဆီကိုသာ အရောက် ပြေးပို့တာပါပဲ။

အဲဒီအခါမျိုးဆိုရင်တော့ ကိုကြက်ရိုးဟာ ကျုပ်ကို ကျေးဇူးတင် လို့ မဆုံး ဖြစ်ပြီး စားသောက်နေရင်းကပဲ မျက်ရည်ပေါက်ပေါက်ကျလို့ ပေါ့ဗျာ။ ဒါတောင်မှဗျို့ တစ်ခါ တစ်ခါတော့ ကျုပ်က ငါးကြော်လေး ငါးခြောက်လေး သွားပေးတဲ့တိုင်အောင် ဆန် မရှိသေးလို့ ထမင်း မချက် ရသေးတဲ့ အပတ်ကလည်း ကြုံသေးသဗျ။

တောရွာ တောနယ်တွေမှာလည်း ကိုကြက်ရိုးတို့လို သူတကာ့ လယ်မြေတွေမှာ ကြုံရာကျပန်း ဆိုသလို နှစ်စဉ်နဲ့အမျှ အငှားလိုက် လုပ်ကိုင် စားသောက်နေရတဲ့ လယ်ကူလီ လယ်သူရင်းငှားတွေ အဖို့ ကလည်း အတော့်ကို စားရေးနေရေး အဆင်မပြေကြတာပါပဲဗျာ။

မိုးတွင်း မိုးခါမှာ သူတို့တစ်တွေက ပင်ပန်းကြီးစွာ လုပ်ကိုင်လို့ စပါးဆန်ရေစတွေဟာ အချိန်အခါကျလာရင် တောင်ပုံကဇင်း ရလာတယ် ဆိုတာကတော့ ဟုတ်ပါရဲ့ဗျာ၊ ဒါပေမဲ့ အခုလို တောင်ပုံကဇင်း ပေါ်ပေါက် လာတဲ့ စပါးဆန်ရေစတွေဟာ အချိန်အခါကျလာလျှင် ဆိုင်သူ ပိုင်သူ လယ်ရှင် မြေရှင်တွေ အသီးသီးက လှည်းကြီး လှည်းငယ်နဲ့ သယ်ယူသွား ကြလို့ တလင်းပြောင်ထီးတည်းပဲ ကျန်တော့တာပါပဲ။

လယ်ကူလီ သူရင်းငှားတွေရတဲ့ လုပ်ငှားခ ဆိုတာကလည်း ဘာမှ ဖြစ်လောက်တာ မဟုတ်ပါဘူးဗျာ၊ စပါးလေး လေးငါးဆယ်လောက်ပေါ့၊ အဲဒီလိုရတဲ့ စပါး လေးငါးဆယ် ဆိုတာကလည်း ကိုကြက်ရိုးတို့လို အိမ်မှာရှိနေတဲ့ သားကလေး သမီးကလေးတွေရဲ့ ထမင်း တစ်ဝမ်း စားလောက်ရုံကလေးပါပဲ။ အဲ... တော်တော်လေး ကြာလို့ လယ်လုပ်ခွင် လည်း သိမ်းရော စပါး မပေါ်ခင်က ယူစားထားတဲ့ ကြွေးဟောင်းကို ဆပ်ပေးရတာနဲ့ မလောက်ငတဲ့အပြင် နောင် တစ်နှစ်မရသေးတဲ့ လုပ်ငှားခ ထဲကတောင် ဖြည့်ထည့်ပြီး ပေးဆပ်ရသေးတာပဲဗျ။

အဲဒီလိုဆိုတော့ သူတို့မှာလည်း လုပ်ငှားခအတွက် အင်မတန် နည်းပါးပြီး အလွန့်အလွန် နစ်နာကြတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အချိန်အခါမှ မကျသေးဘဲ ကိုယ့်ကို ငှားရမ်းဖို့အတွက် လယ်ရှင် သူရင်း တိုင်တွေထံမှာ ကျွန်တော့်ကိုတော့ နောင်နှစ် ခင်ဗျားရဲ့ လယ်မှာ ငှားပါ

ဗျာ၊ ခင်ဗျား လယ်မှာ ကျွန်တော်ဖြင့် လုပ်ပါရစေဗျာ၊ အဲဒါ အခုကတည်းက တင်ကြိုပြီး စပါး ဆယ့်လေးငါးတင်းကို စရန် အဖြစ်နဲ့ ပေးထားပါဗျာနဲ့ လိုက်ပြီး ပြောနေရတာကိုက ဘယ်မှာ လူငှားခ ဆိုတာ ဈေးကောင်းဈေးမှန် ရနိုင်ပါ့မလဲဗျ။

သူတို့ နှိမ်ချင်သလို နှိမ်ပြီး သူတို့ ဆစ်ချင်သလို ဆစ်ကြတော့တာပါပဲဗျာ။ အင်း... ကိုကြက်ရိုးဟာလည်း ဒီအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရင်ဆိုင်ခဲ့ရတဲ့သူပဲပေါ့ဗျာ။ ကျုပ်က ကျုပ်အသက် ကျုပ်အရွယ်နဲ့ ဉာဏ်မီသလောက်ပဲ ကိုကြက်ရိုးအကြောင်း စဉ်းစားကြည့်လိုက်မိပါတယ်။

ကိုကြက်ရိုး ဘဝဟာတော့ ဒီလိုအတိုင်း သွားမယ်ဆိုရင် သေတဲ့အချိန်ထိပဲ လယ်ကူလီ ဘဝနဲ့ အရိုးထုတ်သွားရမယ့် လူတစ်ယောက်ကလွဲလို့ ဘာမှလည်း ထူးထူးခြားခြား ဖြစ်လာမယ့် အရိပ်အယောင်တောင်မတွေ့ရပါကလားလို့။

နောက်တစ်ခုလည်း ရှိသေးတယ်ဗျို့။ ကိုကြက်ရိုးသာ ဒီလိုအနေမျိုး၊ ဒီဘဝမျိုးနဲ့ အရိုးထုတ်သွားရမှာ မဟုတ်ပါဘူး။ ကိုကြက်ရိုးမွေးထားတဲ့ သားကလေးတွေဟာလည်း လယ်ကူလီ သူရင်းငှားကလေးတွေ ဘဝနဲ့ သူတကာ့ အိမ်ပေါက်စေ့မှာ မျက်နှာမွဲနဲ့ ကျွန်ခံကြရမှာတွေချည်းပါပဲဗျာ။

ကြည့်ပါလားဗျ၊ ကိုကြက်ရိုး သားအကြီး ကောင်လေးဟာ သူကြီးအိမ်က နွားတွေကို ငှားကျောင်းပေးနေရတယ်ပေါ့။ ကလေးတွေဟာလည်း အရွယ်နဲ့ မမျှတတဲ့ လုပ်ခင်းဆောင်တာကို အခုလိုပဲ သူတကာအိမ်ပေါက်မှာ နေ့စဉ်နဲ့အမျှ လုပ်ရ ကိုင်ရရင်းက နောက်တော့လည်း အသက်အရွယ် အတော်ကလေး ကြီးလာတဲ့တိုင် စာတစ်လုံး ပေတစ်လုံး

မတတ် ဖြစ်ပြီး သူတို့လည်း သူ့အဖေ ကိုကြက်ရိုးလို သူရင်းငှား လယ်ကူလီ ဘဝနဲ့ သူတို့ရဲ့ သက်တမ်း တစ်လျှောက်လုံး နေသွားကြရမယ့် အဖြစ် ပါပဲဗျာ။

တစ်ညနေပဟာဖြင့် ကိုကြက်ရိုး အိမ်ကို ကျုပ် ရောက်သွားတဲ့ နေ့ပေါ့ဗျာ။ ကျုပ်ဟာ အတော်လေးကြာကြာပဲ မအားလပ်တာနဲ့ သူ့အိမ်ကို မရောက်ခဲ့တာ ဆယ်ရက်ကျော်ကျော်လောက် ရှိသွားပြီပေါ့။ ကျုပ်လည်း ကိုကြက်ရိုး အိမ်ဘက် သွားဦးမှပဲ၊ ခမျာ ဘယ်လိုများ နေရှာသလဲလို့ သိရအောင် သူ့အိမ်ဘက်ကို ထွက်လာခဲ့တာပါပဲ။ ဒီလိုနဲ့ သူ့အိမ် ကျုပ် ရောက်သွားတော့ သူ့မိန်းမဟာ အိမ်ပေါက်ဝ ထွက်ပြီး မျက်ရည် စက်လက်နဲ့ ငိုနေတာ တွေ့ရတာပါပဲဗျာ။ ကျုပ် ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားပြီး ဘာဖြစ်လို့လဲ၊ ကိုကြက်ရိုး တစ်ယောက် ဘယ့်နှယ့် နေသေးလဲလို့ မေးရင်းက ကိုကြက်ရိုး အိပ်နေတဲ့ အိပ်ရာဆီကို လှမ်းကြည့်လိုက်မိတယ်။

ကျုပ်ဟာ အဲဒီအခါကျတော့ ပိုပြီးတော့ စိတ်မကောင်း ဖြစ်မိတယ်ဗျာ။ ကိုကြက်ရိုးဟာ အိပ်ရာထဲမှာ မျက်တွင်းဟောက်ပက်နဲ့ ဖြစ်နေရာက သူ့ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဘာတွေ ပြောနေမှန်း မသိပါဘူး။ ကျုပ်လည်း သူ့မိန်းမက ဘာတွေ ပြောတယ် ဆိုတာတောင် နားမလည်လိုက်ပါဘူး။ ကိုကြက်ရိုး ရှိနေတဲ့ အိပ်ရာဆီကိုသာ ကမန်းကတန်း တက်သွားပြီး သူ့အနား ထိုင်လိုက်မိတယ်။

ကိုကြက်ရိုးဟာ ကျုပ် သူ့အနား ရောက်သွားတဲ့ အချိန်အထိပဲ ကျုပ်မှန်း သူ မသိတော့ပါဘူး။ ကျုပ်က သူ့ကို ကိုကြက်ရိုး ကိုကြက်ရိုးနဲ့ နှစ်ခွန်း သုံးခွန်း ခေါ်တာလည်း မထူးတော့ပါဘူး။ သူ့ ပါးစပ်ကသာ

မရပ်မနားနဲ့ တတွတ်တွတ် တဖွဖွ ပြောနေတဲ့ စကားတွေကို ကျုပ် နားထောင်ရင်း စိတ်မကောင်း ဖြစ်ရတာပါပဲ။

သူ့ ပါးစပ်က ဗျာ၊ နွားတွေ ငေါက်လိုငေါက်၊ စပါးပုံတွေ ကြွက်တွေ ဖောက်လို့ ကြွက်တွေကို မီးခိုးငွေ့နဲ့ တိုက်သတ်ပြီး ကြွက် တွင်းတွေ ပိတ်မှ ဖြစ်မှာပဲလို့ ပြောလိုပြော။ ဒီနှစ် စပါးအထွက် အတော် ကောင်းပါလိမ့်မယ်ဗျာလို့ ပြောလို ပြောနဲ့၊ မျက်လုံးကို အကြောင်သား ဖွင့်ထားရင်းက စကားပေါက်ကရတွေ လျှောက်ပြောနေတော့တာပါပဲ။

အဲဒီအထဲက ကျုပ် စိတ်မကောင်း ဖြစ်မိတာကတော့ သူ့သား အကြီးလေး "ခွေးပု" ကို ယောင်ယမ်းခေါ်ပြီး သူ ပြောလိုက်တဲ့ စကား တစ်ခွန်းပဲဗျ။ နွေပေါက်ရင် အဘ မင်းကို ရွာဦးကျောင်းမှာ ထားပေးပါ့ မယ်ကွာ တဲ့။

ဒီလိုနဲ့သာ ကိုကြက်ရိုးဟာ သေမှာပါပဲဗျာ။ ကျုပ်မလဲ သူ့အဖြစ် နဲ့ သူ့သားသမီး သူ့သားမယားတွေရဲ့ အဖြစ်ကို ကြည့်ပြီးတော့ စိတ် မကောင်း ဖြစ်မိတာပါပဲ။ အဲဒီလို ကျုပ်အဖို့က စိတ်မကောင်း ဖြစ်မိတော့ သူကြီး ဦးရွှေကြူးကို တွေးရင်းက အတော်ပဲ ဒေါသထွက်မိတယ်ဗျ။ တကယ်ဆိုရင်ဗျာ ကိုကြက်ရိုးလို သူ့အိမ်မှာ နှစ်ရှည် လရှည် သူရင်းငှား လုပ်လာတဲ့ လူတစ်ယောက်ကိုများ တစ်ဆိတ်ကလေးတော့ အခုလို မကျန်းမမာ ဖြစ်နေတဲ့အခါ နည်းနည်းပါးပါး အကူအညီလေးများ ပေးဖို့ ကောင်းပါတယ်ဗျာ။ ခုတော့ ကိုကြက်ရိုး နေထိုင်မကောင်းတဲ့ အချိန်က စပြီး သေခါနီး အချိန်အထိပေါ့ဗျာ။ တစ်ခေါက်ကလေးမှ လာတာ မေး တာ မတွေ့မိ မမြင်မိပါဘူး။

ဒီလိုနဲ့သာ နောက် လေးငါးရက် ကြာသွားတဲ့အခါတော့ ကိုကြက်ရိုး

တစ်ယောက် သေပြီဆိုတဲ့ သတင်းကို ကျုပ် ကြားရတာပါပဲဗျာ။ ကျုပ်ကတော့ အောက်မေ့လိုက်ပါရဲ့၊ အင်း… ခပ်မြန်မြန် သေသွားတာပဲ ကောင်းပါတယ်။ ဒါမှပဲ ဒီဘဝက ကင်းသွားတော့မှာပဲလို့။ အေးပေါ့ဗျာ၊ သူ့ဘဝက ရှေ့လျှောက်ပြီး ဘာမှ ထူးတော့မှာမှ မဟုတ်ပါပဲ။ မြန်မြန်သေ၊ မြန်မြန် အေးတာပဲ မဟုတ်လားဗျ။

ဒါနဲ့သာ ကျုပ်လည်း သူ့အိမ်သွားပြီး အိမ်နီးနားချင်းတွေရဲ့ အကူအညီနဲ့ ကိုကြက်ရိုးရဲ့ အသုဘ ကိစ္စကို ဝိုင်းဝန်း လုပ်ကိုင်ရသေးတယ်ဗျ။ ကျုပ်အမေ သေတာနဲ့ ဘာမှလည်း မထူးလှပါဘူး။ သူလည်း ခွေးသေသလို သေရတာပါပဲဗျာ။ အဲ တစ်ခုဖြင့် ကိုကြက်ရိုးက ကျုပ်အမေထက် သာပါရဲ့။ ဘုန်းကြီးတစ်ပါး ပင့်ပြီး သရဏဂုံ တင်ရသေးလို့ပေါ့ဗျာ။

ဒါဟာလည်း ရွာထဲက လူတွေရဲ့ မူးအစ ပဲအစ၊ ဆန်တစ်ပြည်အစ နှစ်ပြည်အစ ဝိုင်းဝန်း ကူညီကြလို့ အခုလို ဘုန်းကြီးတစ်ပါး ပင့်ပြီး သက်ပျောက်ဆွမ်းလေး ကပ်လို့ သရဏဂုံ တင်ရတာပါဗျာ။ ကိုကြက်ရိုးရဲ့ လုပ်စာနဲ့ ကိုကြက်ရိုး အစွမ်းအစနဲ့ဆိုရင်တော့ အတော်ကို ခဲယဉ်းလှပါသေးတယ်။

အခုလို ကိုကြက်ရိုး သေလို့ ကိုကြက်ရိုး အသုဘကို သင်္ချိုင်းကို ရောက်အောင် လိုက်ပို့တဲ့အခါကျတော့မှပဲ ကျုပ်ဟာ ရွှေခင် မျက်နှာကို မြင်ရတော့တာပါပဲ။ ရွှေခင်နဲ့ သူတို့အိမ်က ထမင်းချက်တဲ့ မိမြိုင်ဟာလည်း ကိုကြက်ရိုး အသုဘကို လိုက်ပို့ကြတယ်ပေါ့ဗျာ။

ကျုပ်ကတော့ ရွှေခင့် မျက်နှာကို မြင်လိုက်လို့ တစ်ချက် စိုက်

ကြည့်လိုက်မိရင်ကိုပဲ ကျုပ် ရင်ထဲမှာ တဒိတ်ဒိတ် ဖြစ်ရင်းက ကျုပ် တစ်ကိုယ်လုံးဟာလည်း ထူပူ ရှိန်းဖိန်းသွားပါတယ်။

အဲဒီအချိန်က သူဟာလည်း ကျုပ်ကို စူးစူးစိုက်စိုက် ကြည့်နေတာပေါ့ဗျာ။ သူ့အမူအရာနဲ့ သူ့မျက်လုံးတွေဟာဖြင့် သူ့အမှားကို သူ နောင်တရပြီး ကျုပ်ကို တောင်းပန်တဲ့ အသွင်မျိုးပေါ့။

## လူတွေမှ ပာုတ်ပါလေစ

ဒီလိုနဲ့ ကိုကြက်ရိုးရဲ့ အသုဘကိစ္စ ပြီးလို့ ရွာထဲကို ပြန်ကြတဲ့အခါကျ တော့ မိမြိုင်ဟာ ကျုပ်နောက်က ခပ်သုတ်သုတ် လာပြီး သာလှ... သာလှ နဲ့ ကျုပ်နာမည်ကို နှစ်ခွန်းဆင့် ခေါ်လိုက်လို့ ကျုပ်ဟာ နောက်ကို လှည့် ကြည့်လိုက်ရင်း ကျုပ်ရဲ့ခြေလှမ်းကို ခပ်ဆိုင်းဆိုင်း လျှော့နေမိတယ်။

အတော်ကလေးကြာတော့ သူဟာ ကျုပ်ကို မီလာပြီး ဒီမယ် သာလှ၊ နင့်ကို ပြောစရာ စကားတစ်ခွန်းရှိလို့ လို့ သူက ကျုပ်ကို ပြော တယ်ဗျ။

ဒီအချိန်မှာ ကိုကြက်ရိုးရဲ့ အသုဘကို လိုက်ပို့ကြတဲ့ လူတွေကော ရွှေခင်ကိုပါ ကျုပ် မတွေ့ရတော့ပါဘူး။ ရွှေခင်နဲ့ လူတချို့ဟာ ရွာထဲ ကို တစ်ဖက်လမ်းက ဝင်သွားကြပြီး၊ တချို့ လူတွေကတော့ ကျုပ်နဲ့ မိမြိုင်တို့ရှေ့ အတော် ခပ်ဝေးဝေးကပဲ ရွာထဲကို ဝင်စပြုနေပါပြီ။ အဲဒါနဲ့ ကျုပ်ဟာ မိမြိုင်ကို ရပ်စောင့်ရင်းက ခရေပင် အရိပ်အောက်မှာ ဝင်နေ လိုက်ပါတယ်။

ဒီမယ်၊ နင့်ကို ပြောစရာ ရှိလို့ပါလို့ ကျုပ်ကို မိမြိုင်က ပြောတယ်ဗျ။

ဘာလဲ မိမြိုင်၊ ပြောစရာရှိရင် ပြောလေ လို့ ကျုပ်က သူ့ကို သေသေချာချာ ခြေဆုံးခေါင်းဖျား ကြည့်ရင်းက ပြန်မေးလိုက်ပါတယ်။ နောက်ပြီးတော့လည်း ကျုပ်က တစ်ခု စဉ်းစားလိုက်မိတယ်။ ကိုကြက်ရိုး ရဲ့ အသုဘကို ရွှေခင်နဲ့ သူဟာ အတူလာပို့တာ ဖြစ်လေတော့ သူက ကျုပ်ကို ပြောစရာ ရှိတယ်ဆိုတဲ့ စကားဟာ ရွှေခင်က သူ့ကို တစ်ခုခု အပြောခိုင်းလိုက်လို့ လာပြောတာ ဖြစ်ရမှာပဲလို့။

နောက်တော့လည်း သူ့မျက်နှာကို ကြည့်ရတာက တစ်မျိုးကြီး ဖြစ်နေတယ်ဗျ။ ကျုပ်ကို သူက ကြည့်နေတာဟာ ပြုံးတုံးတုံးကြီးပါပဲ။ ကျုပ်ကလည်း သူ ပြောမယ်ဆိုတဲ့ စကားကို အတော် ကြားချင်လှသပေါ့။ အင်း... ရွှေခင့်ဆီက စကားပဲ ဖြစ်ရမှာပဲလို့ ကျုပ်က အတပ်တွေးနေမိပါရဲ့။

မိမြိုင်ဟာ ကျုပ်ကို ဘာစကားမှ မပြောသေးဘဲ ဟိုဟိုဒီဒီ လှည့်ကြည့်နေသေးတယ်ဗျ။ ကျုပ်စိတ်အထင်ကတော့ သူဟာ အရေးကြီးတဲ့ စကားတစ်ခုကို ပြောချင်လှလို့ ဟိုလူ ဒီလူကို လှည့်ပြီး အရိပ်အယောင် ကြည့်နေတာ ဖြစ်မှာပဲလို့။

ကျုပ်က သူ့အပြော စောင့်နေရတာ အားမရနိုင်တာနဲ့ နောက်တစ်ခါ ထပ်မေးလိုက်တယ်။

ပြောလေ ဘာပြောမလို့လဲ၊ အဲဒီလို ကျုပ်က ထပ်မေးတော့လည်း သူက ဘာမှမပြောသေးဘဲ ကျုပ် မျက်နှာကို တွေတွေကြီး စိုက်ကြည့်နေတယ်။ အတော်လေးကြာတော့ တစ်ခါ ပြုံးတုံးတုံးလုပ်ပြီးတော့ သူဟာ ကျုပ် ထင်တဲ့အတိုင်း စကားတစ်ခွန်းကို ပြောတော့တာပါပဲ။

ရွှေခင်က ပြောခိုင်းလိုက်လို့ပါဟယ်။

ဘာပြောခိုင်းသလဲဟာ၊ နင်ဟာ ပြောမယ့်အရေး လုပ်နေလိုက်တာ၊ ဘာတဲ့လဲ ဘာကို အပြောခိုင်းလိုက်သလဲ လို့ ကျုပ်က ထပ်ဆင့်ပြီး မေးလိုက်ပါတယ်။ အဲဒီတော့မှ သူဟာ ကျုပ်ကို စကားတစ်ခါ ထပ်ပြောတယ်။

ရွှေခင်က နင့်ကို ပြောလိုက်တယ်ဟဲ့။ ဟိုအရင်တုန်းက ရုံးပေါ်မှာ သူ ပြောရတဲ့ စကားကို စိတ်မဆိုးပါနဲ့တဲ့၊ နင့်အတွက်နဲ့ သူဟာ တစ်နေ့မှ စိတ်မကောင်းပါဘူးတဲ့ဟယ်။ အရင်လိုပဲ သူ့အပေါ်မှာ ချစ်မြဲ ချစ်၊ ခင်မြဲ ခင်ပြီး သူ့ကိုတော့ ပြန်ဆက်ဆံစေချင်ပါတယ်တဲ့ဟယ် လို့ သူက ကျုပ်ကို ပြောရင်းက ကျုပ်ထံက စကားပြန်ကို စောင့်နေတယ် ပေါ့ဗျာ။ ကျုပ်ဟာ ရုတ်တရက် ဘာပြန်ပြောရမယ်လို့ကို မသိပါဘူး။ ကျုပ် စိတ်ထဲမှာတော့ ဝမ်းနည်းသလိုလို၊ ဝမ်းသာသလိုလိုနဲ့ နင့်ဆို့ဆို့ကြီး ဖြစ်နေတယ်ပေါ့။

အဲဒါ နင့်သဘောက ဘယ်လိုလဲဟာ၊ ပြောစမ်းပါဦး။ နင့်ဆီက စကားပြန်ကိုလည်း သူက ကြားချင်သေးတယ်ဟဲ့။ ဟုတ်လည်း ဟုတ်ပါတယ်ဟယ်။ သူဟာတော့ နင့်အတွက်နဲ့ တစ်နေ့ တစ်ရက်မှ စိတ်မချမ်းသာရှာပါဘူး။ ငါလည်း အမြင် အတွေ့ပါပဲလို့ သူဟာ ကျုပ်ကို တစ်ခါ ထပ်ပြောတယ်ဗျ။

ဒီအချိန်ကတော့ ကျုပ်နဲ့ မိမြိုင် နှစ်ယောက်ထဲပဲ သင်္ချိုင်းကုန်းမနီးမဝေးက ခရေပင်အောက်မှာ ရှိနေကြတယ်ပေါ့ဗျာ။ ကျုပ်နဲ့ သူ့ရဲ့ ပတ်ဝန်းကျင်မှာ ခြောက်ကပ် တိတ်ဆိတ်ပြီး ကိုင်းပင်လေးတွေကို လေတဟူးဟူးတိုးတဲ့ အသံဗလံကလွဲလို့ ဘာသံမှ မကြားရပါဘူး။ သင်္ချိုင်း

ကုန်းဟာ မြစ်နဲ့ မလှမ်းမကမ်း ဖြစ်ပြီး၊ မြစ်တွင်းကို လှမ်းကြည့်ရင် မြင်နေရတော့ ကျုပ်ဟာ မြစ်တွင်းက ရွက်တိုက်လာတဲ့ လှေငယ်တက်စင်းကလေးတွေကို လှမ်းကြည့်နေမိပါတယ်။ ကျုပ်ရဲ့ စိတ်ထဲမှာဗျာ ဆွေးသလိုလိုကြီးပါပဲ။

ငါ့ကိုတော့ နင့်အကြောင်းနဲ့ ပတ်သက်လို့ မကြာခဏ ဆိုသလို သူ ပြောပါတယ်ဟယ်။ အဲဒီလို ပြောတဲ့အခါမျိုး သူဟာ မျက်ရည်ကလေး တစ်ရစ်ဝဲဝဲနဲ့ပါပဲလို့ မိမြိုင်ဟာ ကျုပ်ကို တစ်ခါ ထပ်ပြောနေပြန်သေးတယ်ပေါ့။

ကျုပ်တော့ မိမြိုင်ရဲ့ စကားအဆုံးမှာ မြစ်ပြင်ကနေပြီး သချိုင်းကုန်းဘက်ကို တစ်ခါ လှမ်းကြည့်လိုက်မိပါတယ်။ ကျုပ်ထံကတော့ ဒီအချိန်အထိပဲ ဘာစကားမှ ပြန်မပြောသေးပါဘူး။ ကျုပ် စိတ်တွေဟာလည်း ကယောင်ချောက်ချားနဲ့ တစ်မျိုးဆိုမှ တစ်မျိုးကြီးပါဗျာ။

ကျုပ်ဟာ မရှိတော့တဲ့ ကျုပ်အမေ သချိုင်းမြေပုံကို လှမ်းကြည့်လိုက်မိတယ်။ ကျုပ်အမေကို ကျုပ် သတိရမိတယ်။ နောက်ပြီးတော့ ကျုပ်ကို သူကြီး ဦးရွှေကြူးက ရိုက်တာတွေ၊ သူကြီးကတော် ဒေါ်ဂျမ်းပုံက ရိုက်တာတွေ၊ ရွှေခင့်ရဲ့ ရုံးပေါ်က ပြောစကားတွေ၊ အို ဒါတွေကို တစဉ်တစိုက် ဆိုသလိုပဲ ကျုပ် လျှောက်တွေးနေမိတယ်။

ပြောစမ်းပါဟယ်၊ နင့်သဘောက ဘယ်လိုလဲလို့ မိမြိုင်က ကျုပ်ကို တစ်ခါ ထပ်မေးပါတယ်။

အို... ပြောလိုက်ပါဟယ်၊ ရွှေခင့်ကိုတော့ ကျုပ် တစ်သက်လုံး ဘယ်တော့မှ စိတ်မဆိုးဘဲ အမြဲတမ်း ချစ်နေမှာပဲလို့။

ကျုပ်ဖြင့်ဗျာ အဲဒီစကားတစ်ခွန်းကို ပြောပြီး ခရေပင်အောက်က လှည့်ထွက်လာခဲ့တာပါပဲ။

ကျုပ်ဟာ တစ်လမ်းလုံး မိမြိုင် ကျုပ်ကို ပြောသွားတဲ့ စကားတွေကိုသာ ထပ်တလဲလဲ ကြားနေမိတာပါပဲ။ ကျုပ်စိတ်မှာ ရွှေခင်ကို သတိရပြီး ကျုပ် မျက်စိထဲမှာလည်း ရွှေခင်ကိုပဲ ထပ်တလဲလဲ မြင်ယောင်နေမိတယ်ပေါ့ဗျာ။ ဒီလိုနဲ့သာ ကျုပ် လျှောက်လာရင်းက ရွာအဝင်ပေါက်ကို ရောက်လုနီးမှာ ကျုပ်လည်း အမှတ်မထင်ဆိုသလို နောက်ကို ပြန်လှည့်ကြည့်လိုက်မိတော့ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲကို တွေ့ရတယ်ဗျ။

ကျုပ်စိတ်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားတာပေါ့ဗျာ။ အင်း... ဒီလူကြီး ဘယ်ကများ ပေါ်လာပြန်သလဲ။ ငါနဲ့ မိမြိုင်နဲ့ ခရေပင်အောက်မှာ စကားရပ်ပြောနေတာကိုများ သူ မြင်သွားလေသလား၊ ဒီလိုဆိုရင်တော့ ဒုက္ခပါပဲလို့ စိတ်ထဲက တွေးပြီး စိုးရိမ်မိတယ်ဗျာ။ ဒါပေမဲ့ ကျုပ်ဟာ ရှေ့ဆက်လျှောက်မြဲ လျှောက်နေလျက်ပါပဲ။

ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲကတော့ ကျုပ်နောက်က လျှောက်လာပေမယ့် သူဟာ ကျုပ်ထက် ခြေလှမ်းကျဲ ခြေလှမ်းသွက်တော့ မကြာခင်ပဲ ကျုပ်ကို မီလာတယ်ပေါ့ဗျာ။ ကျုပ်ကတော့ နောက်မှ ဘာပဲဖြစ်ဖြစ် အခုအတိုင်းတော့ စကားမပြော နှုတ်မဆက်ရင် မကောင်းလှဘူးလေလို့ စိတ်ကူးမိတာနဲ့ ဩော်... ဦးလေးကျွဲ ဘယ်က ပြန်လာလဲဗျလို့ နှုတ်ဆက်လိုက်တော့ သူဟာလည်း ရယ်ရယ်ပြုံးပြုံးနဲ့ပဲ၊ ဟာ... ကိစ္စတစ်ခုရှိတာနဲ့ ငါလည်း အရှေ့ဘက်ရွာကို သွားတယ်ကွာ၊ မင်းကော တစ်ယောက်တည်း ဘယ်က ပြန်လာသလဲလို့ မေးတယ်ဗျ။

ကိုကြက်ရိုး အသုဘ သွားပို့ပြီး ပြန်လာတာပဲဗျာ။ ဒို့ပြင် လူတွေတော့ ရွာထဲ ရောက်သလောက် ရှိပါပြီ။ ကျွန်တော်သာ ခပ်ဖြည်းဖြည်း လျှောက်လာလို့ နောက်ကျ ကျန်ရစ်ခဲ့တာဗျလို့ ကျုပ်ကလည်း ပြန်ပြောပြီး သူ့မျက်နှာ၊ သူ့အမူအရာကို အကဲခတ် ကြည့်ရတာပေါ့ဗျာ။

ဒါပေမဲ့ သူဟာ ကျုပ်နဲ့ မိမြိုင် ခရေပင်အောက်မှာ စကားပြော နေတာကို သိပုံမြင်ပုံ မပေါ်ပါဘူး။ ရယ်ရယ်မောမောနဲ့ပဲ သူကလည်း ကျုပ်နဲ့ စကားတွေ လျှောက်ပြောရင်းက ရွာထဲကို ဝင်ခဲ့ကြတာပါပဲ။

ရွာထဲရောက်တော့သာ သူလည်း ကျုပ်နဲ့ လမ်းခွဲခါနီးတော့မှ ကျုပ်ကို နှုတ်ဆက်ပြီး ခေါင်းငိုက်စိုက်နဲ့ ထွက်သွားတော့တာပါပဲ။ ကျုပ်လည်း ကျုပ်နေတဲ့အိမ် ပြန်ရောက်တဲ့တိုင်အောင် ဒီအကြောင်း ဒီကိစ္စကို အတော်ကြာကြာ စဉ်းစားနေမိသေးတယ်ဗျ။ ဒါပေမဲ့ ဒီကိစ္စဟာတော့ ကိုဘိုးကျွဲ သိပုံကို မရပါဘူး။ နောက်ပြီးတော့လည်း ဟိုတစ်ချိန်တုန်းက သူဟာ ရုံးပေါ်မှာ ကျုပ်နဲ့ ပတ်သက်ပြီး ဘယ်လို ဘယ်အကြောင်းတွေပဲ ပြောပြော၊ စိတ်ထား သဘောထားကတော့ ဒါလောက်တောင် ဆိုးဆိုး ဝါးဝါး ရှိပုံ မပေါ်ပါဘူးဗျာ။ တစ်ဖက်က သူကြီး ဦးရွှေကြူးရဲ့ ဩဇာကို မလွန်ဆန်ဝံ့လို့ ပြောရ ဆိုရ လုပ်ရတာပဲလို့ ကျုပ်ကလည်း ထင်လိုက်မိပါတယ်။

ကျုပ်တော့ဗျာ အဲဒီနေ့ တစ်နေ့လုံးလုံးနဲ့ တစ်ညလုံးလုံး ဆိုသလိုပဲ ရွှေခင် ပြောခိုင်းလိုက်တဲ့ စကားနဲ့ ရွှေခင့် အကြောင်းတွေကိုပဲ ထပ်တလဲလဲ စဉ်းစားနေမိတယ်။

*

နောက် လေးငါးရက်လောက်ကြာတော့ ကျုပ်ဆီကို မိမြိုင် ပေါက်လာပြန်တယ်။ အဲဒီလို လာပြီးတဲ့နောက် ရွှေခင်က ကျုပ်ကို ပါးလိုက်တဲ့ သတင်းကိုပဲ မိမြိုင်ဟာ ကျုပ်ကို ပြောတာပဲ။ သူ ပြောတာတွေကတော့ ရွှေခင့်အပေါ်မှာ ကျုပ်က ချစ်စိတ်မပြယ်သေးပါဘူး ဆိုတဲ့အတွက် ရွှေခင်

က အတိုင်းထက်အလွန် ဝမ်းမြောက်မှု ဖြစ်ရပါတယ် ဆိုတဲ့အကြောင်း၊ သူဟာလည်း ကျုပ်လိုပဲ ကျုပ်အပေါ်မှာ မေတ္တာ စေတနာတွေ မပျက်မယွင်းသေးပါဘူးဆိုတဲ့ အကြောင်းတွေပါပဲဗျာ။

နောက်ပြီးတော့ ကျုပ်နဲ့ သူနဲ့ ပေါင်းသင်းသွားနိုင်အောင် ကြိုးစားကြံစည်ပါဆိုတဲ့ အကြောင်းလည်း ပါတာပေါ့။ ကျုပ်ကတော့ ခုလို မိမြင့်ရဲ့ ပြောကြားမှုတွေကြောင့်ပဲ အင်း... ရွှေခင် ပြောတာလည်း ဟုတ်လေသားပဲ။ ဒီအခြေ ဒီအနေနဲ့ ဒီလို နေသွားလို့တော့ မဖြစ်သေးပါဘူး၊ ငါဟာ တစ်နည်းတစ်ဖုံ ကြံစည် ကြိုးစားဦးမှပါပဲလို့ စဉ်းစားလိုက်မိတယ်ဗျ။

ဒါပေမဲ့ ခက်တယ်ဗျ၊ ကျုပ်က ကျုပ်ဘဝကို ကျုပ် ရွှေခင်နဲ့ နီးစပ်ဖို့ရာ ကြံစည် ကြိုးစားမယ်ဆိုတာကတော့ ဟုတ်ပါပြီ၊ ဘယ်နည်း ဘယ်ပုံနဲ့ ဘယ်လို ကြိုးစားရမှာလဲဗျာ။ အဲဒါကိုလည်း ညအိပ်ရာဝင်တိုင်းမှာ စဉ်းစားခဲ့ပါရဲ့။ ဒါပေမဲ့ စဉ်းစားလို့ မရနိုင်ဘူးပေါ့ဗျာ။

ငါ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လို ကြံရ ဖန်ရပါ့မလဲ၊ သူတကာတွေ အိမ်မှာပဲ သူရင်းငှားအဖြစ်နဲ့ ပြန်ဝင်လုပ်ရမှာလားလို့ ကျုပ် လက်လှမ်းမီသရွေ့ အထပ်ထပ် စဉ်းစားတာပဲဗျ။ ဒါပေမဲ့ ကျုပ်ဘဝကို တိုးတက်ရာ တိုးတက်ကြောင်းဖြစ်တဲ့ အဖြေဟာ ဘာရယ်လို့ တိတိကျကျ ရှာမရသေးပါဘူး။

ကျုပ်မှာ အဲဒီလို အခက်အခဲတွေနဲ့ ရင်ဆိုင် ကြုံတွေ့လို့ စိတ်မချမ်းမသာ ဖြစ်နေရတဲ့ အထဲမှာပဲ ရွှေခင့်ဆီက မိမြင့်ကိုလွှတ်ပြီး ဟိုစကား အပြောခိုင်း၊ ဒီစကား အပြောခိုင်းနဲ့ လုပ်နေတာပေါ့ဗျာ။

ဒီအထဲက တစ်နေ့တော့ မိမြင့်ဟာ ရွှေခင့်ဆီက ဟိုအကြောင်း ဒီအကြောင်းတွေ အပြောခိုင်းလိုက်လို့ ဆိုပြီး ကျုပ်ဆီကို တစ်ခေါက်

ထပ်လာရင်း နောက်ထပ် စကားအဆန်းတစ်ခုလည်း ပြောသွားသေးတယ်ဗျ။ အဲဒီ စကားကတော့ ရွှေခင်က ကျုပ်ကို ပြောတယ်တဲ့။

ဒီလယ်ကျွန် လယ်ကူလီ ဖြစ်တဲ့ သူရင်းငှား ဘဝက လွတ်အောင် ကြိုးစားပါတဲ့ဗျ။

ကျုပ်ဖြင့် ဒီစကားကြားရတော့ အတော့်ကို အံ့ဩသွားမိတယ်ဗျာ။ ကြည့်ပါဦးဗျာ၊ တကယ်ဆိုတော့ ကျုပ်လို သူတကာအိမ်မှာ တစ်သက်လုံးက သူရင်းငှား လုပ်လာတဲ့ လူတစ်ယောက်ကို လယ်ကျွန် လယ်ကူလီ သူရင်းငှား လုပ်နေတဲ့ ဘဝက လွတ်အောင် ကြိုးစားပါ ဆိုတော့ ကျုပ်အနေနဲ့က ဘာတွေများ လုပ်ရမှာလဲ။ ကျုပ်ဟာ ပညာလည်း မရှိ၊ ဥစ္စာပစ္စည်းလည်း မရှိ၊ အားကိုးရာ အားကိုးကြောင်းအနေနဲ့ ဆွေမျိုးဉာတိရယ်လို့လည်း မရှိတဲ့ သူတစ်ယောက်ဟာ ဘယ်နည်းနဲ့ လယ်ကူလီ သူရင်းငှား ဘဝက လွတ်အောင် ကြံရပါ့မတုံး။

ကျုပ်ဟာ မိမြိုင် ပြောတာတွေကို နားထောင်သာ နေရတယ်၊ ဘာကိုမှ ပြန်မပြောတတ်ပါဘူး။ ဒီလိုနဲ့သာ နောက်ဆုံး မိမြိုင် ကျုပ်အနားက ထ သွားတော့ ကျုပ်စိတ်ထဲမှာ နောက်ကျိကျိ ဖြစ်ကျန်ခဲ့တာပါပဲ။

အချိန်ကာလတွေဟာ ဒီလိုနဲ့ ပြောင်းလဲ ကုန်ဆုံးလာခဲ့တာဟာ ခုဆိုရင် ကျုပ် ထောင်က လွတ်ပြီး ရွာကို ပြန်ရောက်ခဲ့တာ ငါးလကျော်လို့ ခြောက်လပိုင်း ရောက်ခဲ့ပြီပေါ့ဗျာ။ ရွှေခင်နဲ့ ကျုပ်ဟာ ဒီအချိန် ဒီကာလ အတွင်းမှာဖြင့် တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ် မတွေ့ရပေမယ့် အတန်ငယ် ခပ်လှမ်းလှမ်း ခပ်ကွာကွာကတော့ တွေ့မြင်နေရတာပေါ့ဗျာ။

ကျုပ်တို့ နှစ်ယောက်ရဲ့ ချစ်ကိစ္စဟာလည်း မိမြိုင်ရဲ့ စပ်ကြား ဝင်ပေးမှုကြောင့် အတော်ပဲ အဆင်ပြေမှု ရှိခဲ့ပါတယ်။ ကျုပ်က ရွှေခင် ကို ပြောစရာရှိရင် မိမြိုင်ကို တစ်ဆင့် မှာရပြီး၊ ရွှေခင်က ကျုပ်ကို ပြော ချင်တဲ့ စကားရှိရင်လည်း မိမြိုင်ကို အပြောလွှတ်ရတယ်ပေါ့ဗျာ။ ခုဆို ရင်တော့ ကျုပ်တို့ နှစ်ဦးဟာ စကားအပြောအဆိုနဲ့ အဆက်အသွယ် လုပ်ကြရုံမကတော့ပါဘူး၊ တစ်ယောက်ကို တစ်ယောက် စာကလေး ဘာလေး ရေးပြီးတော့တောင် စာပေးစာယူနဲ့ ဆက်သွယ်လာနိုင်ကြတာ ပေါ့။

နောက်ပြီးတော့ ခုဆိုရင် ရွာထဲမှာ အခြေအနေက အတော်ကလေး တော့ ပြောင်းလာတယ်ဗျ။ သူကြီး ဦးရွှေကြူးနဲ့ ပတ်သက်လို့ တချို့ လူတွေက မကျေမနပ် ရှိသလိုလို၊ တချို့တလေဟာလည်း သူကြီး ဦးရွှေကြူး ကိုပဲ ချောင်းရိုက်ဖို့ ကြံစည်သလိုလို ဆိုတဲ့ သတင်းတွေလည်း ထွက်လာ တယ်ဗျ။ ဒါပေမဲ့ ဒီစကားတွေဟာလည်း သိပ်ကျယ်ကျယ်ပြန့်ပြန့်တော့ မဟုတ်လှပါဘူးဗျာ။ အင်မတန် သိုသိုသိပ်သိပ်နဲ့ ဖုံးဖုံးဖိဖိ ထွက်လာတဲ့ စကားတွေပါ။ နောက်တော့ ကျုပ်ဟာ မိမြိုင်ဆီက သတင်းတစ်ခု ထပ် ကြားရပြန်တယ်ဗျ။ အဲဒါက ဘာလဲဆိုတော့ သူကြီးကတော် ဒေါ်ဂျမ်းပုံ ဟာ အတော်ကလေးပဲ မကျန်းမမာ ဖြစ်နေတယ်။ တောင်ပိုင်းက ဆရာ နဲ့ ခေါ်ကုတာ မသက်သာလို့ မြို့ပေါ် ရွှေ့ပြီး ဆေးစားမလိုလို ကြားရ တယ်ဗျ။

ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်အနေနဲ့ကတော့ ရွှေခင့်အဖေကို ဒီပြင် လူတွေက ချောင်းမြောင်း ရိုက်ကြ နှက်ကြမယ်ဆိုတာလည်း မလုပ်စေ ချင်ပါဘူး။ သူ မကောင်းရင် သူ့ထိုက်နဲ့ သူ့ကံပေါ့ဗျာ။ သူ့အကုသိုလ်

ဟာ သူ့ကို ဖိစီးမှာပဲ။ အဲ... သူမကောင်းတာ လုပ်လို့ သူ့ကို ကိုယ်က ပြန်မကောင်းလုပ်ရတဲ့ အဖြစ်မျိုးလည်း ကျုပ်က မနှစ်မြို့ပါဘူး။

ဒါပေမဲ့ဗျာ ဒါကလည်း သူတို့ ပါးစပ်ပြောသမားတွေ မခံမရပ်နိုင်လွန်းတာနဲ့ ပြောကြတဲ့ စကားပါ။ ပြောပြီး ပျောက်တာပါပဲ။ ဒီလိုသာ မခံနိုင်လို့ ချောင်းရိုက်ဝံ့တဲ့လူ ရှိမယ်ဆိုရင် ဦးရွှေကြူး ခေါင်းကွဲနေတာ ကြာလှရောပေါ့ဗျာ။

ဘယ်လိုပဲ ပြောနေနေပေါ့ဗျာ၊ ဦးရွှေကြူးရဲ့ ဩဇာ အာဏာရိပ်ဟာတော့ ရွာမှာ လွှမ်းမိုးမြဲ လွှမ်းမိုးနေလျက်ပါပဲ။ သူ့နောက်ကွယ်ရာမှာ အတင်းအဖျင်းတွေ ပြောကြသလောက် သူ့ရှေ့ ရောက်တော့လည်း သူ့ကို ဘယ်သူကမှ ပြန်ပြီး အန်မတုဝံ့ကြပါဘူး။

*

ခုဆိုရင်ဖြင့် ကျုပ်ဟာ သူကြီး ဦးရွှေကြူး ရန်က မရှိသလောက်တော့ အေးနေပြီပေါ့ဗျာ။ ကျုပ်အနေနဲ့က ဘယ်ကိစ္စမျိုးမှာမဆို သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိနဲ့ နေရရုံမကဘူး၊ မိမြိုင်နဲ့ ကျုပ်နဲ့ တွေ့ကြ ဆုံကြပြီး စကားအလဲအလှယ် လုပ်နေကြတာတောင်မှ ရွာအပြင် တောစပ်ရောက်အောင် ထွက်ပြီး မရမ်းပင်အုပ်တွေအောက် ရောက်မှ ကိုယ် ပြောချင်တာ ပြော၊ ကိုယ် ပေးချင်ရာပေး လုပ်ရတာပါပဲ။

ဒါလို ရွှေခင်နဲ့ ကျုပ်နဲ့ ဖြစ်ပျက်ကြတဲ့ ချစ်ကိစ္စဟာ ခိုးကြောင်ခိုးဝှက် အောင်သွယ် မိမြိုင်က တစ်ဆင့် ဆက်သွယ်လာကြတာ လကလေး အတော်ကြာလာပြီးတဲ့ နောက်တစ်နေ့မှာတော့ ကျုပ်နဲ့ မိမြိုင်ဟာ အခါတိုင်း တွေ့နေကြဖြစ်တဲ့ ရွာအပြင် တောစပ်က မရန်းပင်အုပ်တွေ အောက်မှာ စကားပြောကြတယ်ပေါ့ဗျာ။

မိမြင့်ကလည်း ရွှေခင် မှာလိုက်တဲ့ စကားတွေ ကျုပ်ကို ပြော လို့၊ ကျုပ်ကလည်း ကျုပ် ပြောချင်တဲ့ စကားတွေကို မိမြင့်ကို တစ်ဆင့် မှာနေတုန်းမှာပဲ ကျုပ်တို့ နှစ်ယောက်ရဲ့ နောက်နားဆီက ခြေသံလိုလို၊ သစ်ကိုင်းခြောက်ကို လူတစ်ဦး တစ်ယောက်က တက်နင်းလိုက်လို့ ကျိုး သွားသံလိုလို ကြားလိုက်ရတာနဲ့ မိမြင့်ရော ကျုပ်ရော ပြိုင်တူ နောက်ကို လှည့်ကြည့်လိုက်မိကြတယ်ဗျ။

ဒါပေမဲ့ ဘာကိုမှတော့ မတွေ့ရပါဘူး။ ကြောင် ဖြစ်ဖြစ်၊ ခွေး ဖြစ်ဖြစ် တိရစ္ဆာန် တစ်ကောင်ကောင်ဟာ သစ်ကိုင်းခြောက် တစ်ခုခုပေါ် ကို တက်နင်းသွားလို့ ဖြစ်တဲ့ အသံများလားလို့ ကျုပ် စိတ်ထဲက ထင်မိ တယ်။ ဒါပေမဲ့ ကျုပ် စိတ်မှာ သိပ်ယနမကင်းလှလို့ ထပ်စကားပြောချင် စိတ် မရှိတာနဲ့ မိမြင့်ကို ပြန်လွှတ်လိုက်ပြီး ကျုပ်လည်း ရွာထဲကို ပြန်ဝင် လာခဲ့တယ်ဗျ။

ရွာအဝင် ရောက်တော့ ရွာအဝင်က စိန်ပန်းပင်အောက်မှာ ကျုပ် ဟာ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲကို တွေ့ရတယ်။ ဘယ်သူမှလည်း အဖော် မပါဘူး။ သူတစ်ယောက်တည်း သစ်ပင်အောက် ရပ်နေတာပဲဗျ။ သူဟာ ကျုပ်ကို တွေ့တော့ ဆီးပြီးတောင် နှုတ်ဆက်လိုက်သေးတယ်။

မောင်သာလှ ဘယ်က ပြန်လာလဲကွ တဲ့။ အဲဒီလို သူက လှမ်း နှုတ်ဆက်လိုက်တော့ ကျုပ်ကလည်း ဟာ... ကျွန်တော် ကွင်းထဲက ပြန်လာတာပဲ။ အိုက်စပ်စပ်ရှိတာနဲ့ ကွင်းစပ်မှာ သွားထိုင်နေတာပဲ လို့ ဟန်မပျက် ပြန်ပြောလိုက်ရင်းက ဦးကျွဲကော ဘာကို လာစောင့်နေတာ လဲ လို့ တစ်ဆက်တည်း သူ့ကို ပြန်မေးလိုက်တယ်။

နွားတွေကွာ နွားတွေ။ ခုထိ ခြံပြန်မဝင်သေးလို့ ဒီဘက်နားက

လာကြည့်တာပဲ။ ဒီဘက်နားမှာလည်း မမြင်ပါဘူး။ မြောက်ဘက်က ကွင်းစပ်တွေထဲ လိုက်ကြည့်လိုက်ဦးမယ်ဟေ့။ နွားသိုး တစ်ကောင်က ရှိနေတော့ အချိန်နဲ့ ခြံပြန်မဝင်ဘူးကွ လို့ ပြောရင်းက သူလည်း ရွာမြောက်ဘက်ဆီကို ခပ်သုတ်သုတ် ထွက်သွားတယ်ဗျ။

ကျုပ်တော့ သူ့ကို ဆက်ကြည့်နေပါသေးတယ်ဗျာ။ ဒါပေမဲ့ သူဟာ ကျုပ်ဆီကို ပြန်လှည့်လို့တောင် မကြည့်တော့ဘဲ သူ့ ရှေ့တည့်တည့်ကိုသာ ဟိုမျှော် ဒီကြည့်နဲ့ ထွက်သွားတာပါပဲ။ ဟုတ်ပါလိမ့်မယ်ဗျာ၊ သူ့နွားတွေ ပြန်မလာသေးဘူးဆိုတာ၊ သူ့ နွားအုပ်ထဲက နွားသိုးတစ်ကောင်ဟာတော့ ရွာကျော်လို့ နာမည်ပေးထားတဲ့အတိုင်း ခပ်ဆိုးဆိုး နွားသိုးပဲဗျ။

နောက် သုံးလေးရက် ကြာသွားတဲ့ အချိန်အထိ ကျုပ်နဲ့ မိမြိုင်ဟာ တစ်ခါမှ ထပ်မတွေ့သေးဘူးပေါ့ဗျာ။ ဒီလို မတွေ့ရပေမယ့် ကျုပ်ကတော့ သူတို့ရဲ့ အခြေအနေကို ဘာတွေများ ထူးခြားမလဲလို့ တစေ့တစောင်း ကြည့်ပေမယ့် ဘာမှတော့ ထူးခြားတဲ့ အရိပ်အယောင်ကို မတွေ့ရပါဘူး။ အခါတိုင်းကလို နေမြဲနေ၊ စားမြဲ စားဆိုတော့ ကျုပ်လည်း သိပ်မပူတော့ဘဲ အတော်ချည်း စိတ်အေးရတယ်ပေါ့လေ။

ဒီအတွင်းကပဲ တစ်နေ့ ညနေခင်းမှာတော့ ကျုပ်နေတဲ့ အိမ်ကို သူကြီး ဦးရွှေကြူ ပေါက်လာတယ်ဗျ။ ကျုပ်တော့ သူ့ကို မြင်လိုက်တယ်ဆိုရင်ပဲ အတော်လေး စိတ်ထဲက ပူသွားပြီး ရင်တစ်ခုလုံးဟာလည်း နွေးခနဲ ဖြစ်သွားတယ်ဗျ။ ဒါပေမဲ့ ဦးရွှေကြူးဟာ ကျုပ်ကိုကော ကျုပ်နေတဲ့ အိမ်က လူတွေကိုကော နှုတ်ဆက်ပြီး စကားတောင် ထိုင်ပြောနေပါသေးတယ်။ သူပြောတဲ့ စကားတွေဟာလည်း ရွာအကြောင်း ရပ်

အကြောင်းနဲ့ သက်ဆိုင်တဲ့ စကားကောင်းတွေပါပဲဗျာ။ အဲဒီလို စကားပြောရင်းကတောင် သူ ပြောတဲ့ စကားဆုံးတိုင်း စကားဆုံးတိုင်း မဟုတ်ဘူးလားကွ မောင်သာလှ၊ မဟုတ်ဘူးလားကွ မောင်သာလှနဲ့ ကျုပ်ကိုပါ ဖော်ဖော်ရွေရွေ ပြောသေးသပေါ့ဗျာ။

ဦးရွှေကြူးဟာ ကျုပ်တို့နဲ့ အဲဒီလို စကားပြောနေလိုက်တာ လက်ဖက်ရည်ကြမ်းအိုး နှစ်လုံး ကုန်သွားလို့ အတော်ကလေး မှောင်လာမှပဲ ကဲ... ပြန်ဦးမဟေ့၊ အတော်တောင် မှောင်နေပြီ၊ မောင်သာလှ ငါ့အိမ်နား ရောက်အောင် လိုက်ပို့စမ်းကွာ လို့ ပြောပြီး အိမ်ပေါ်က ဆင်းတော့ ကျုပ်လည်း ဟုတ်ကဲ့ ခင်ဗျာ၊ လိုက်ပို့ပါ့မယ် ခင်ဗျာ လို့ ပြောရင်း လိုခါမယ်ခါ တုတ်တစ်ချောင်းဆွဲပြီး သူ့နောက်က ဆင်းလိုက်လာရတယ်ဗျ။

ဦးရွှေကြူးကတော့ သူ့အိမ် မရောက်မချင်း လမ်းတစ်လျှောက်လုံးမှာပဲ ကျုပ်ရှေ့ကပေါ့ဗျာ။ အဲဒီအချိန်က သူဟာ ကျုပ်ရှေ့ကနေပြီး စကားဖောင်လောက်အောင် ပြောသွားတာပေါ့။ အဲဒီအထဲကပဲ ကျုပ်ရဲ့ နေရေး စားရေးတွေကိုလည်း မေးသေး ပြောသေးသဗျ။ နောက်ဆုံး အိမ်နားကို ရောက်ခါနီးတော့မှ သူဟာ ကျုပ်ကို စကားတစ်ခု ရပ်ပြောတယ်။

မင်းလည်း သူများအိမ်မှာ နေရ စားရတာ အောက်ကျလှပါတယ်ကွာ၊ နောင်ကြဉ်သွားလို့ သတိတရား ရတယ်ဆိုရင် ငါ ကျေနပ်ပါပြီ။ ကဲ... ကဲ ဒီနှစ် မိုးတွင်းအမီတော့ မင်းကို ငါ ပြန်ခေါ်ရမှာပေါ့။ ဒါပေမဲ့ အခုအချိန်တော့ မင်း ဒီအတိုင်းပဲ နေဦးကွ။ မင်းအဒေါ် စိတ်ပြေအောင် ငါ ပြောရဦးမယ်။ ကဲ... မင်း ပြန်ပေတော့လို့ ပြောပြီးတော့မှ သူဟာ

ရပ်နေရာက ဆက်လျှောက်သွားတယ်။ ကျုပ်လည်း အိမ်ဘက်ကို ပြန်လှည့် အလျှောက်လိုက်မှာပဲ ဦးရွှေကြူးဟာ ကျုပ်ကို လှမ်းခေါ်လိုက်တယ်ဗျ။

ဟော့... မောင်သာလှ၊ မောင်သာလှ တဲ့။

ဒါနဲ့ ကျုပ်လည်း ရှေ့ဆက်မသွားသေးဘဲ သူ ရှိရာကို ပြန်လှည့်လာလို့ သူ့အနား ရောက်တော့–

ဩော်... မနက်ကျရင် ဝေလီဝေလင်း အချိန်လောက် မင်း ငါ့အိမ်ကို လာခဲ့စမ်းဟေ့။ ခပ်စောစောပဲ ငါ ထ စောင့်နေမယ်။ အရှေ့ဘက်ရွာက သူကြီး ကိုတုတ်ပေါ် အိမ်ကို ပစ္စည်းတစ်ခု သွားပို့ပေးစမ်းပါဦး။ အင်း... အင်း အဲဒါလို လုပ်မှလည်း မင်းအဒေါ်ကို ငါက ပြောဖို့ အခွင့်သာမှာကွလို့ ပြောတာနဲ့ ကျုပ်ကလည်း ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် ခပ်စောစောပဲ လာခဲ့ပါ့မယ်လို့ ပြောလိုက်တယ်ဗျ။

အေး... အေး စောစောလာ ဆိုပေမယ့် မိုးလင်းလို့ လမ်းမြင်ရမှလဲ လာကွယ့်။ ကဲ... ပြန်ပေတော့။ စောစောအိပ်ဟေ့၊ ရွာထဲမှာ လျှောက်လည် လျှောက်သွား လုပ်မနေနဲ့ကွ၊ ကြားလား။ အိပ်ရေးပျက်တော့ ဖျားတတ် နာတတ်သကွ လို့ ပြောပြီး သူလည်း ထွက်သွားရော ကျုပ်ဟာ ကျုပ်နေတဲ့ အိမ်ဘက်ကို ပြန်လာခဲ့ပါတယ်။

*

ကျုပ်ဟာ လမ်းတစ်လျှောက်လုံး သူကြီး ဦးရွှေကြူး ပြောသွားတဲ့ စကားတွေကို စဉ်းစားလာခဲ့မိတယ်ဗျ။ တစ်ခုတော့ ကျုပ်က တွေးမိပါတယ်။ ဦးရွှေကြူးဟာဖြင့် ကျုပ်အပေါ်မှာ ဒါလောက်တောင် သဘောသကာယ

မဆိုးလှပါဘူး။ သူကြီးကတော်ကသာ ကျုပ်အပေါ်မှာ မကျေနိုင် မချမ်းနိုင် ဖြစ်နေတာပါ။

ဦးရွှေကြူးကိုယ်၌ကလည်း ကျုပ်ကို ပြောသွားသားပဲ။ မင်းအဒေါ်ကို ငါ ကျေနပ်အောင် ပြောပါ့မယ် လို့။ အမှန်ကတော့ ဟုတ်မှာပါပဲ၊ ဦးရွှေကြူးလို ယောကျ်ားရင့်မကြီး တစ်ယောက်လုံးကတော့ ကျုပ်တို့ ကလေးချင်းဖြစ်တဲ့ ကိစ္စမှာ ဒီအထိတော့ အငြိုးကြီးနေမှာ မဟုတ်ပါဘူးလေ။ ကျုပ်ဟာ အဲဒီ ညကဆိုရင် တစ်ညလုံး အိပ်မပျော်ပါဘူး။ တောင်တွေး မြောက်တွေးနဲ့ လင်းဘက်ကို ရောက်ခဲ့တာပါပဲ။ မိုးကလည်း ကောင်းကောင်း မလင်းသေးတာနဲ့ ကျုပ်ဟာ အိပ်ရာက ထပြီး ရေနွေးတစ်လုံး ကျိုသောက်နေသေးတယ်ဗျ။ အတော်ကလေးကြာလို့ ရေနွေးအိုး တစ်ဝက်လောက် ကုန်တော့မှ လင်းရောင်ခြည်လေးလည်း ပေါ်လာရော ပုဆိုးပိုင်း တစ်ထည်ကို ခေါင်းမှာ ပတ်ပြီး ဦးရွှေကြူး အိမ်ဆီကို ထွက်လာခဲ့တယ်။

အချိန်ကတော့ ဝေလီဝေလင်း အချိန်ပေါ့ဗျာ။ နွေဦးပေါက်ရဲ့ နံနက်ခင်းမှာ ခပ်လှမ်းလှမ်း ရွာအပြင် တောတန်းဆီက ဥဩငှက်တွေရဲ့ တွန်ကျူးသံဟာ အတော့်ကို ဆွေးဖို့ ကောင်းတာပါပဲ။ နောက်တော့လည်း နွေဦး နံနက်ခင်းရဲ့ လေညင်းကလေးတွေဟာ ကျုပ်ရဲ့ မျက်နှာကို တစိမ့်စိမ့် ဝင်တိုးနေကြတယ်လေ။

အတော့်ကို ကြည်နူးစရာကောင်းလှတဲ့ နွေဦးကာလရဲ့ နံနက်ခင်းပေါ့ဗျာ။

ကျုပ်ဟာ ခပ်သုတ်သုတ်နဲ့ ဦးရွှေကြူး အိမ်ဆီကို လျှောက်လာရင်းကပဲ လွန်ခဲ့တဲ့ ငါးနှစ်ကျော် ခြောက်နှစ်လောက်က အခုလို နွေကာလရဲ့ စောစီးတဲ့ နံနက်ခင်းကို ချက်ချင်းဆိုသလို သတိရမိတယ်။

ကျုပ်ရဲ့ မျက်နှာပြင်ကို ခုလို လေညင်းကလေးတွေ တိုးနေသလို၊ ဟိုအချိန် လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကလည်း ခုလို နံနက်ခင်းရဲ့ လေညင်းကလေးတွေဟာ ကျုပ်မျက်နှာကို တိုးခဲ့ဖူးပြီပေါ့။

ကျုပ်ရဲ့ နားထဲမှာ ခုလို ဥသြငှက်ငယ်တို့ရဲ့ ကြွေကွဲဖွယ် တွန်ကျူးသံဟာလည်း ဟိုအချိန် လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က ကျုပ်နားမှာ ကြားခဲ့ရပြီပေါ့။

ဒီအချိန် ဒီကာလနဲ့ ဒီနေ့ နံနက်ခင်းရဲ့ တွေ့မှု ထိမှု ကြေကွဲမှုတွေဟာ ဟိုအချိန်၊ ဟိုကာလ၊ ဟိုတစ်နံနက်တုန်းကလည်း ကျုပ်ဟာ တွေ့ခဲ့ ထိခဲ့ ကြေကွဲခဲ့ရပြီပေါ့လေ။

သြော်... အမေ... အမေ ကျုပ်ရဲ့ အမေကို အခုလို နံနက်မျိုးမှာ အသည်းကွဲအောင် ကျုပ် သတိရခဲ့တာပေါ့ဗျာ။

နောက်တော့လည်း ကျုပ်ဟာ အဲဒီအချိန်က အမေ့ မျက်နှာကို ကွက်ခနဲ ကွက်ခနဲ ပေါ်းမြင်မိရုံတင် မကပါဘူး၊ ကျုပ်ရဲ့ သွားရာ လမ်းကြောင်းမှာ အမေဟာ ရှေ့ကနေပြီး ကာဆီး ကာဆီး လုပ်နေသလို ကျုပ် မျက်စိထဲမှာ မြင်နေမိတယ်။ ကျုပ်ကတော့ ခပ်ဖြည်းဖြည်း ခပ်လေးလေးပဲ လျှောက်နေမိတယ်ဗျ။ အဲဒီလို လျှောက်နေရင်းကပဲ ကျုပ်စိတ်ထဲမှာ ကျုပ်အဖေ သေဆုံးရပုံကို သတိရလိုက်မိသေးတာပေါ့ဗျာ။

ကျုပ်ဖြင့် ကျုပ် ခြေထောက်တွေကို ရှေ့ဆက် မလှမ်းချင်တော့ပါဘူး။ အဲဒါကြောင့် ကျုပ်ဟာ သူကြီးဦးရွှေကြူး မှာတဲ့ဆီကို မသွားဘဲနဲ့ အိမ်ဘက် ပြန်လှည့်ရရင် ကောင်းမလားလို့တောင် တွေးလိုက်မိတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့ ကိစ္စတွေလည်း ပြီးပါပြီလေ။ အဟောင်းမှုကို အသစ် ပြန်ဖြစ်အောင် တွေးတော စဉ်းစားနေလို့ကလည်း အပိုသက်သက်

ဖြစ်ပြီး အလကား စိတ်ဆင်းရဲနေရမှာပဲလို့ တွေးရင်းက ကျုပ် စိတ်ကို ကျုပ် တင်းပြီး ဖျောက်ဖျက်ပစ်ရတယ်။

ဒီလိုနဲ့ မကြာခင်မှာပဲ ကျုပ်ဟာ သူကြီး ဦးရွှေကြူးရဲ့ ခြံပေါက်ဝ ကို ရောက်လာတယ်။ ခြံပေါက်ဝက ကျုပ်ကို ကြိုစောင့်နေတဲ့ သူကြီး ဦးရွှေကြူးက–

လာဟေ့... လာဟေ့ မောင်သာလှ၊ ဦး မင်းကို စောင့်နေတယ်ကွ လို့ သူဟာ ကျုပ်ကို ဆီးပြောတယ်ဗျ။ နောက်တော့လည်း သူနဲ့ မနီး မဝေး ခြံထောင့် တစ်နေရာမှာ အပေါ်က အဝတ်နဲ့ ဖုံးထားတဲ့ တောင်း တစ်လုံးကို တွေ့ရတယ်။

ကဲဟေ့... မင်း အဲဒီထဲက ပစ္စည်းတွေကို အရှေ့ဘက် ရွာက သူကြီးဆီ သွားပို့ရမှာကွ။ သူ့ပစ္စည်းကလေးတွေကိုကွာ မြို့က လှည်းကြုံ နဲ့ တင်ပေးလိုက်တာ၊ တိုလီမိုလီလေးတွေပါလို့ ပြောရင်းက သူဟာ တောင်းဆီကို လျှောက်သွားပြီး ကျုပ်ရဲ့ ပခုံးပေါ် တောင်းကို ပင့်တင်ပေး ဖို့ တောင်းနားက ကျုပ်ကို ရပ်စောင့်နေတယ်။

ကဲ... မင်း အပြန် နေပူနေပါ့မယ်ကွာ၊ အချိန်ကလေး ရတုန်း သွားပေတော့ဟေ့၊ အပြန်တော့ မင်း ဒီကို တစ်ဆက်တည်း လာခဲ့ပေါ့ ကွာ။ မင်းအဒေါ်ကို ညကပဲ မင်းအကြောင်းတွေ ငါ ပြောပြသေးသကွ။ သူဟာ မင့်အပေါ်မှာ အတော်ပဲ စိတ်ပြေသွားပါပြီကွာလို့ ပြောရင်းက ကျုပ် ပခုံးပေါ်ကို ခုနက "တောင်း" ပင့်ပေးသဗျ။

သူ ပင့်ပေးတဲ့ "တောင်း" က ပေါ့ပေါ့ပါးပါးကလေးပါဗျာ။ ကျုပ်လို ဆန်နှစ်တင်းခွဲ နှစ်တင်း ထမ်းနေတဲ့ လူအဖို့ ဖက်ရွက်ကလေး လို ထင်လိုက်ရတာပဲ။ ဒါနဲ့ ကျုပ်ဟာ တောင်းကို ပခုံးပေါ် ထမ်းရင်းက

အိမ်ဆီကို တစ်ချက် လှမ်းကြည့်လိုက်ပါသေးတယ်။ ဒါပေမဲ့ အချိန်က သိပ်စောလွန်းနေတော့ ရွှေခင်ဟာ အိပ်ရာက ထသေး မထင်ပါဘူးဗျာ။

ကဲ… သွားပေ့ သွားကွ၊ အပြန် နေပူနေဦးမယ်လို့ ဦးရွှေကြူး က ကျုပ်ကို တစ်ခါ ထပ်ပြောတာနဲ့ ကျုပ်ဟာ တောင်းကို ထမ်းပြီး ရွာလမ်းအတိုင်း အရှေ့ဘက်ကို ထွက်လာခဲ့ပါတယ်။

*

ဒီလိုနဲ့ ကျုပ်ဟာ တဖြည်းဖြည်း လျှောက်လာလို့ ရွာဆုံးခါနီးတော့ လွန်ခဲ့တဲ့ လေးငါးရက် ညနေခင်းတုန်းက ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲနဲ့ ကျုပ်နဲ့ စကားရပ်ပြောကြတဲ့ စိန်ပန်းပင်အောက်မှာ လူ လေးငါးယောက် ရပ်နေတာ တွေ့ရတယ်ဗျ။

ရပ်နေတဲ့ လူတွေဟာ မိန်းမဆိုလို့ တစ်ယောက်မှ မပါဘူး။ အားလုံး ယောကျ်ားတွေချည်းပါပဲ။ အတန်ကလေးတော့ ကျုပ်နဲ့ ဒီလူ တွေနဲ့က အလှမ်းကွာသေးလို့ ဘယ်သူဘယ်ဝါတွေဆိုတာတော့ ခွဲခြား ပြီး မသိရသေးပါဘူး။ ကျုပ် စိတ်ထဲကတော့ ထင်လိုက်မိတယ်။ ရွာက လူတွေ ဖြစ်ရမှာပဲ။ ဒီလူတွေ စောစောစီးစီး လာပြီး ဘာများ လုပ်နေကြ တာလဲ လို့။

ဒါနဲ့ ကျုပ်ဟာ တစ်စ တစ်စ လျှောက်လာရင်းက သူတို့နဲ့ အတော်ပဲ နီးလာလို့ အသေအချာ ခေါင်းမော့ပြီး ကြည့်လိုက်တော့ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲရယ်၊ ကျေးရွာလူကြီး သုံးယောက်ရယ်၊ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲရဲ့ လက်ဖွဲ့တော် ညီကြီးတို့၊ ဘဒန်တို့ ဖြစ် နေတာ တွေ့ရတယ်။

နောက်တစ်ခု ကျုပ်က သတိထားလိုက်မိတယ်။ ဘဒန်နဲ့ ညီကြီး လက်ထဲမှာ ငှက်ကြီးတောင် ဓားကိုယ်စီနဲ့ဗျ။ ဆယ်အိမ်ခေါင်း ကိုဘိုးကျဲ လက်ထဲတော့ ကြိုးတစ်ခွေ ကိုင်ထားတာ တွေ့ရတယ်။

ကျုပ်က ထင်လိုက်မိတယ်။ အင်း... ဒီလူတွေ ညက နွားပဲ ပျောက်လို့လား၊ ကျွဲပဲ ပျောက်လို့လား၊ ဒါကို လိုက်ရှာနေရင်းနဲ့ ဒီအပင် အောက်ကို စောစောစီးစီး ရောက်နေကြတယ် ထင်ပါ့လို့ပေါ့ဗျာ။

အဲဒီလိုနဲ့ ကျုပ်ဟာ သူတို့နဲ့ နီးမှန်းမသိ တစ်စစ နီးလာရာက နောက်ဆုံးတော့ သူတို့ ရပ်နေကြတဲ့ စိန်ပန်းပင်အောက်ကို ရောက်ခဲ့ တယ်။

ကျုပ်ဟာ စိန်ပန်းပင်အောက်ကို ရောက်တယ် ဆိုရင်ပဲ သူတို့ အားလုံးကလည်း ကြိုတင်ပြီး စီစဉ်ထားကြသလားတော့ မပြောတတ်ပါ ဘူး။ ကျုပ် လျှောက်လာတဲ့ လမ်းကလေးဆီကို အားလုံး တညီတညာ တည်းလိုလို တိုးတိုးလာကြတော့ ကျုပ်စိတ်ထဲမှာ ရိုးတိုးရိပ်တိတ်မို့ ထိတ်ခနဲတော့ လန့်သွားလိုက်မိတယ်ဗျ။

ဒီအထဲကပဲ ဆယ်အိမ်ခေါင်း ကိုဘိုးကျဲဟာ ကျုပ် ရှေ့တည့်တည့် က ကာဆီးပြီး ဟေ့... သာလှ ဒါ ဘာတွေလဲကွ၊ မင်း ဘယ်သွားမလို့လဲ လို့ မေးလိုက်တယ်ဗျ။

ဟာ... အရှေ့ဘက် ရွာက သူကြီးမင်းအိမ် သွားပို့ဖို့ပါဗျာ။ မြို့က လှည်းကြုံနဲ့ တင်ပေးလိုက်တဲ့ တိုလီမိုစ ပစ္စည်းပစ္စယကလေးတွေပါ။ ခင်ဗျားတို့ကော မနက်စောစောကြီး ဘာလာလုပ်နေကြတာလဲဗျလို့ ကျုပ်က မေးလိုက်တယ်ပေါ့ဗျာ။

ဒီလို ပြောနေရင်းကပဲ ဆယ်အိမ်ခေါင်း ကိုဘိုးကျဲဟာ ကျုပ်

ပန်းပေါ်က တောင်းကို သူ့လက်နဲ့ လှမ်းဆွဲလိုက်ရင်းက အေး… မင်း တောင်းထဲက ပစ္စည်းတွေကို တို့များ ကြည့်စမ်းချင်တယ်ဟေ့၊ တို့ကို ပြစမ်းပါဦးကွ လို့ မျက်နှာထား ခပ်တင်းတင်းနဲ့ ပြောတယ်ဗျ။ နောက် တော့လည်း ကျန်တဲ့ ရွာကော်မတီ လူကြီး သုံးဦးဟာကော၊ ညီကြီးနဲ့ ဘဒန်ဟာကော သူတို့အားလုံး ကျုပ်ကို ပတ်ချာလည် ဝိုင်းထားလိုက်ကြ တယ်။

ကျုပ်အနေနဲ့ကတော့ ဒီလူတွေကို သိပ်ဂရုမစိုက်ပါဘူး၊ ဘာဖြစ် လို့လဲဆိုတော့ ဒီတောင်းထဲက ပစ္စည်းတွေဟာ ကျုပ်တို့ ရွာက သူကြီး ဦးရွှေကြူးက အပို့ခိုင်းလိုက်တဲ့ ပစ္စည်းတွေမှန်း သိရင် သူတို့ ဘယ် နှောင့်ယှက်ရဲပါ့မလဲဗျာ။ ဒါကြောင့် ကျုပ်ကတော့ ခပ်မာမာပဲ ပြန်ပြော လိုက်တယ်။

ဖယ်ကြစမ်းပါဗျာ၊ ကျုပ် အဝေးကြီး သွားရမှာ၊ နေမြင့်နေပါ့မယ်။ အဲဒီလို ကျုပ်က ပြောတဲ့တိုင် ဆယ်အိမ်ခေါင်း ကိုဘိုးကျဲကတော့ ကျုပ် ပန်းပေါ်က တောင်းကို လက်က မလွှတ်တဲ့အပြင် သူတို့အားလုံးဟာ ကျုပ်ကို ကြည့်ရင်းက တဟားဟားနဲ့ ဝိုင်းရယ်လိုက်ကြတယ်ဗျ။

ကျုပ်ဟာ တော်တော် ဒေါသထွက်ပြီး တော်တော်လည်း စိတ်ဆိုး မိတယ်ဗျာ။ သူတို့ လုပ်နေတာနဲ့ အချိန်ဟာ အတော်လင့်သွားတယ်မို့ လားဗျ။ ခုဆိုရင် ရွာထဲက နွားအုပ်တွေတောင် စားကျက်ဆီကို ထွက်စ ပြုကုန်ပြီ။

ကဲ… ဖယ်ကြစမ်းပါဗျာ၊ ကျုပ် နေမပူခင် သွားရမယ်ဗျလို့ ကျုပ်က ခပ်တိုတို ခတ်ပြတ်ပြတ် ပြောလိုက်တယ်။

ဘာကွ၊ ဖယ်ကြစမ်းပါ ဟုတ်လား။ ကဲ… ကဲ ဖယ်ဆိုလည်း

ဖယ်ရမှာပေါ့ကွာ။ မင်း ပခုံးပေါ်က တောင်းကိုပဲ ချစမ်းပါဦးကွ လို့ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲက ကျုပ်ကို ခပ်ထန်ထန် ခပ်မာမာ ပြောရင်း ကျုပ် ပခုံးပေါ်က တောင်းကို အတင်း ဆွဲချတယ်ဗျ။

နောက်တော့လည်း ညိုကြီးနဲ့ ဘဒန်ဟာ သူတို့ လက်ထဲက ငှက်ကြီးတောင် ဓားတွေနဲ့ နှစ်ယောက်စလုံးက ကျုပ်ရဲ့ ရင်ညွန့်တည့်တည့်ဆီကို ခပ်ထိထိ ထောက်ထားကြတယ်။

အဲဒီအချိန်မှာပဲ ကျုပ် ပခုံးပေါ်က တောင်းဟာ မြေကြီးပေါ် ရောက်သွားပြီပေါ့။ ကျုပ်ဟာ အသားတွေ တဆတ်ဆတ် တုန်ပြီး အတော့်ကို မခံမရပ်နိုင်အောင် ဒေါသထွက်မိတယ်ဗျ။ ကြည့်ပါဦးဗျာ၊ သူတို့ဟာ ကျုပ်ကို သက်သက်မဲ့ အနှောင့်အယှက် လုပ်ကြတာပဲဗျ။ ဒီလို သူတို့ လုပ်နေတာကို သူကြီး ဦးရွှေကြူးများ သိသွားရင် သူတို့ကို ဘယ်လောက် စိတ်ဆိုးလိုက်မလဲလို့၊ ကျုပ်ကတော့ ဒီပစ္စည်းတွေကို သူကြီးဦးရွှေကြူးက အရှေ့ဘက် ရွာက သူကြီးဆီ သွားအပို့ခိုင်းလိုက်တာလို့ မပြောသေးပါဘူး။ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲဟာ ဘာတွေများ ဘယ်အထိ လုပ်ဦးမလဲ လို့သာ စောင့်ကြည့်နေတာပဲ။

ဒီလိုနဲ့ ကျုပ် ပခုံးပေါ်က တောင်းဟာ မြေကြီးပေါ် ရောက်သွားရင်ပဲ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲက တောင်းပေါ်မှာ ဖုံးထားတဲ့ အဝတ်တွေကို ဖယ်လိုက်တော့ တောင်းထဲမှာ ရွှေခင် ဝတ်တဲ့ အဝတ်အစား အင်္ကျီ ထဘီတွေနဲ့ သူကြီးကတော် ဝတ်တဲ့ အင်္ကျီ ထဘီတွေကို တွေ့ရတယ်ဗျ။ အဝတ်တွေဟာတော့ အားလုံး အဝတ်ကောင်း အဝတ်အသစ်တွေချည်းပါပဲဗျာ။ ဒီအထဲကမှ "ကျေးတစ်ရာ" ထဘီ တစ်ထည်ဟာတော့ လွန်ခဲ့တဲ့ ကိုကြက်ရိုး မသာကို လာပို့စဉ်ကပဲ ရွှေခင့် ခါးပေါ်မှာ

ရွှေခင် ဝတ်လာတာ ကျုပ် မှတ်မိသေးတယ်ဗျ။ ဒီလို မြင်တော့ ကျုပ်ဟာ အတော် အံ့သြသွားမိတယ်ဗျ။ ဦးရွှေကြူးဟာ ငါ့ကို ဒါတွေများ ဘာပြုလို့ သွားပို့ခိုင်းရတာလဲလို့ပေါ့ဗျာ။

ကဲ... ဟောဒီမှာဗျို့၊ တွေ့ပြီ တွေ့ပြီ။ ခင်ဗျားတို့အားလုံးရဲ့ အမြင်ပဲ၊ ကြည့်ကြပေတော့ဗျာ။ ဒါ သူကြီးဦးရွှေကြူး အိမ်က ပစ္စည်းတွေပေါ့ဗျ။ ကဲဟေ့ ညိုကြီး၊ ဒီကောင်ကို ကြိုးတုပ်လိုက်စမ်းဟေ့လို့ ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲက သူ့လက်ထဲက ကြိုးခွေကို ညိုကြီး လှမ်းပေးရာက ပြောလိုက်တယ်ဗျ။

ရွာကော်မတီ လူကြီး သုံးယောက်ကလည်း တောင်းထဲက အဝတ်အထည်တွေကို ကိုင်တွယ်ပြီးတော့များ ကြည့်နေလိုက်သေးဗျ။ ဒီအချိန်အထိပေါ့ဗျာ၊ ကျုပ်ဟာဖြင့် သူတို့ လုပ်နေတဲ့ အပြုအမူ အပြောအဆိုတွေကို ဘာရယ်လို့ကို နားမလည်မိပါဘူး။ အဲဒီအတွင်းကပဲ ညိုကြီးဟာ ကျုပ် ရင်ညွန့်ကို ဓားနဲ့ ထောက်ထားရာက သူ့ဓားကို ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲ လက်ထဲ လှမ်းပေးလိုက်ပြီး ဆယ်အိမ်ခေါင်း ကိုဘိုးကျွဲ လက်ထဲက ကြိုးခွေကို သူက လှမ်းယူလိုက်တယ်။ နောက်တော့ ကျုပ်ကို ကြိုးနဲ့ တုပ်နှောင်ဖို့ လုပ်တော့တာပါပဲ။

နေစမ်းပါဦးလေ၊ ခင်ဗျားတို့က ကျုပ်ကို ဘာပြုလို့ ကြိုးနဲ့ တုပ်ရမှာလဲ။ ဒါ ဒါ သူကြီး ဦးရွှေကြူးက အရှေ့ဘက် ရွာကို အပို့ခိုင်းလိုက်လို့ ကျုပ် ယူလာတဲ့ ပစ္စည်းတွေဗျလို့ ကျုပ်က ပြောလိုက်တယ်ဗျ။

ကျုပ်က ဒီလို ပြောပေမယ့် ဘာဒန်ဟာ ကျုပ်ကို ဓားနဲ့ ထောက်မြဲထောက်ထားပြီး ညိုကြီးကတော့ ကျုပ်ကို ကြိုးနဲ့ တုပ်ဖို့ လုပ်တော့တာပါပဲ။ ကျုပ်က ငြိမ်လို့တော့ ဘယ်ခံနေမလဲဗျာ။ ရုန်းဟယ် ကန်ဟယ်နဲ့

လုပ်တော့ ကျေးရွာကော်မတီ လူကြီးသုံးယောက်ထဲက တစ်ယောက်က ကျုပ်ကို ပြောတယ်ဗျ။

ဟေ့ မောင်သာလှ၊ မင်း ဘာမှ ရှန်းဟယ်ကန်ဟယ်နဲ့ ငြင်းဆန်မယ် လုပ်မနေနဲ့ကွ။ မင်းကို တို့က ခိုးထုပ် ခိုးထည်နဲ့ မိနေမှဟာ၊ မင်း ဒီလို ရှန်းလား ကန်လား လုပ်နေရင် မင်း အသားနာလိမ့်မယ်ကွ လို့ ပြောတော့တာပဲ။

ဘာဗျ၊ ဘာပြောတယ်။ ခိုးထုပ်ခိုးထည် ဆိုတာက ဘာစကားလဲဗျ။ ကျုပ်က ဘာများ ခိုးလို့လဲ။ ဒါ သူကြီး ဦးရွှေကြူးက ကျုပ်ကို အရှေ့ဘက်ရွာက သူကြီး ဦးတုတ်ပေါ်ဆီကို အပို့ခိုင်းလိုက်လို့ ယူလာတဲ့ ပစ္စည်းတွေပဲဗျ လို့ ကျုပ်ကလည်း ပြောရတာပေါ့ဗျာ။

အေးကွာ၊ အဲသလိုဆိုရင် သူကြီး အိမ်ကျမှ ပြောပေါ့။ တို့ သူကြီး ဦးရွှေကြူး အိမ်က ပစ္စည်းတွေကို ညက သူခိုး တက်ခိုးသွားတာ အခု မနက် မိုးလင်းခါနီးမှ သိလို့ ဟိုဟိုဒီဒီ လိုက်ရှာရင်းက မင်းဆီမှာ တွေ့ရတာပဲကွ လို့ ပြောရင်းက ကျုပ်ရဲ့ လက်နှစ်ဖက်ကို ကြိုးနဲ့ ပူးချည်ကြတော့တာပါပဲဗျာ။

ကျုပ်ဟာ အဲဒီအခါကျတော့မှ စိတ်ထဲက မသိုးမသန့် ဖြစ်မိတယ်ဗျ။ ဒီသဘောဟာ ဘယ်လိုလဲ။ ဦးရွှေကြူးတို့ တစ်သိုက်ဟာ ငါ့ အပေါ်မှာ အကောက်ကြံပြန်ပြီလားလို့ပေါ့ဗျာ။ ဒါပေမဲ့ ဒီကိစ္စကလည်း ဦးရွှေကြူးအိမ် ရောက်မှသာ ဖယားရှင်းမယ့်ကိစ္စ ဖြစ်တာလည်း တစ်ကြောင်း၊ သူတို့က ကျုပ်ကို လေးငါးယောက် ဝိုင်းပြီး ဓားတပြက် တုတ်တပြက် လုပ်တာက တစ်ကြောင်းမို့ ဒီနေရာမှာ ရှေ့ဆက်ပြီး ငြင်းချက်ထုတ်နေရင် ကျုပ်အဖို့က သိပ်မကောင်းလှတဲ့အတွက် သူတို့ လုပ်သမျှ ခေါင်းငုံ့ခံရပြီးတဲ့နောက်–

ကဲ... လာကြဗျာ၊ သွားကြမယ်၊ ဒီကိစ္စ သူကြီးအိမ် ရောက်တော့ ရှင်းသွားမှာပဲ လို့ ပြောရင်းက သူတို့ရှေ့က နေပြီးတော့တောင် သူကြီး ဦးရွှေကြူး အိမ်ဘက်ကို ကျုပ်က ထွက်လာခဲ့တယ်ဗျ။

*

ဒီအချိန်ဟာ မိုးစင်စင် လင်းနေလို့ ရွာထဲက လူတွေဟာ ကျုပ်အဖြစ်ကို မြင်ကြ တွေ့ကြတယ် ဆိုရင်ပဲ တစ်အိမ်တစ်ယောက်လို ထွက်ကြည့်ကြ လို့ မကြာခင် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ကို ဖြစ်နေတာပေါ့။

ကျုပ်တော့ဗျာ၊ အဲဒီအချိန်ကလေးအတွင်းမှာ မျက်နှာကို မထား တတ်အောင် ရှက်မိပါရဲ့ဗျာ။ ဒီအထဲကပဲ ကျုပ်နောက်က ပါလာတဲ့ ဆယ်အိမ်ခေါင်း ကိုဘိုးကျဲက ဆိုရင် သူခိုးလေဗျာ၊ ဒီကောင် သူခိုးပေါ့။ ကျုပ်တို့ ရွာထဲမှာ အစက သူခိုးသူဝှက် မရှိပေမယ့် ဒီကောင်ဟာ ထောင် က လွတ်လာပြီးမှ ခိုးတတ်နေပြီဗျ။ ညတုန်းက သူကြီး ဦးရွှေကြူး အိမ်က ပစ္စည်းတွေ ပျောက်လို့ ဒီနေ့မနက် ရွာအပေါက်က သွားစောင့် နေတာ၊ ဒီကောင်ကို ခိုးထုပ်ခိုးထည်နဲ့ လက်ပူးလက်ကြပ် မိတာပဲဗျလို့ ငှက်ဆိုးထိုးတဲ့ အသံမျိုးနဲ့ အော်အော်ပြောနေတော့တာပါပဲဗျာ။

ဒီလိုနဲ့ ကျုပ်ကိုခေါ်လာတဲ့ လူတွေကော ကျုပ်ပါ မကြာခင်မှာပဲ ဦးရွှေကြူးရဲ့ အိမ်ပေါက် ခြံဝင်းထဲကို ရောက်လာကြပါတယ်။ အဲဒီအခါ ကျတော့မှ ကျုပ်ဟာဖြင့် ဒုတိယမွှ ဦးရွှေကြူးရဲ့ လူမဆန်မှုကို သိရတော့ တာပါပဲဗျာ။

အိမ်ပေါက်ကို ကျုပ်တို့ ရောက်ခဲ့တဲ့နောက် ဆယ်အိမ်ခေါင်း ကိုဘိုးကျဲဟာ ဦးရွှေကြူးကို မြင်လိုက်ရင်ပဲ သူကြီးမင်း ခင်ဗျာ၊ သူကြီးမင်း

အိမ်က ပစ္စည်းတွေကို ခိုးသွားတဲ့ သူခိုး မိလာပါပြီလို့ အော်ပြောတော့ သူကြီး ဦးရွှေကြူးဟာ အိမ်ရှေ့စင်က ထွက်ရပ်တဲ့ပြီး ဟေ… ဟုတ်လား ကွ၊ ဘယ်မလဲဟ၊ အေး… မင်းတို့ အချိန်မီ လိုက်နိုင်ကြလို့ ဒီသူခိုးကို မိတာပေါ့ကွာ။ ဘယ်မလဲကွ လို့ မေးတော့တာပါပဲ။

ဒီမယ်လေ သူကြီးမင်းရဲ့။ တခြား တစ်ရွာက လူစိမ်း သူစိမ်း သူခိုးတော့ မဟုတ်ပါဘူး ခင်ဗျာ၊ တလောကမှ ထောင်က လွတ်လာတဲ့ သာလှပေါ့ သူကြီးမင်းရဲ့လို့ ကိုဘိုးကျဲက ပြန်ပြောတော့ ဦးရွှေကြူးဟာ ကျုပ် မျက်နှာကို ပြုံးပြုံးကြီး ကြည့်ပြီး၊ ဟင်… တခြား လူလားမှတ်ပါ့၊ မင်းလားကွ၊ ဟင်… မင်း အတော် ကျေးဇူးတရား မသိတတ်တဲ့ တိရစ္ဆာန်ပါလားလို့ ပြောသံကို ကျုပ် ကြားရတာပါပဲဗျာ။

ကျုပ်ဖြင့်ဗျာ ကျုပ်အဖြစ်နဲ့ ကျုပ်ကိုယ်ကျုပ် အိပ်မက် မက်နေတာ များလားလို့တောင် ထင်လိုက်မိပါတယ်။ နောက်ပြီးတော့ ကျုပ်တစ်ကိုယ်လုံးဟာ ထူပူ ရှိန်းဖိန်းပြီး ကျုပ် မျက်စိထဲမှာ ဘာကိုမှ မမြင်တော့ပါဘူး။ ကျုပ်ဟာ အိမ်ခြံဝင်းထဲကို ဝင်လာစကတည်းက သူကြီးဦးရွှေကြူးတင် မဟုတ်ပါဘူး၊ သူကြီးကတော် ဒေါ်ဂျမ်းပုံကိုကော ရွှေခင်ကိုပါ တွေ့ပြီးနေပါပြီ။

ကျုပ်အပေါ်မှာတော့ ရွှေခင်ဟာ သူခိုး တစ်ယောက်ဆိုတဲ့ အပယ်အဆနဲ့ ဘယ်လောက်များ အော့နှလုံးနာလိုက်မလဲဗျာ။ နောက်ပြီးတော့လည်း သူခိုးလို့ အထင်ခံရတာတောင်မှ သက်သောင့်သက်သာ အထင်ခံရတာ မဟုတ်ပါဘူး။ ကိုယ် ချစ်တဲ့ ရည်းစားသည် တစ်ယောက်လုံးက ကိုယ့်ချစ်သူရဲ့ ပစ္စည်းကို ပြန်ခိုးတဲ့ သူခိုးလို့ အထင်ခံရတော့ ဘယ်လောက်များ အသည်းနာဖို့ ကောင်းလိုက်ပါသလဲ လို့။

ဒီကိစ္စမှာ ကျုပ်ဟာ ဘာပြန်ပြောရမလဲဗျာ။ သူကြီး ဦးရွှေကြူး နဲ့ သူ့ အပေါင်းအပါ တစ်စုဟာဖြင့် ကျုပ်ကို အရက်တကွဲ အကျိုးနည်း နဲ့ ထောင်ထဲကို ပြန်ရောက်အောင် လုပ်တဲ့ ကိစ္စပဲ။ ဒီလူတွေကို ကျုပ် က ဘယ့်နှယ့်များ ပြောလို့ ရဦးမှာတဲ့လဲ။

နောက်တစ်ခုကလည်း ခင်ဗျားတို့ စဉ်းစားကြည့်ပါဗျာ။ ကျုပ် ဟာ ပဒိုင်းသီးကို လက်က ကိုင်ထားတဲ့ လူတစ်ယောက်လို ဆုပ်စူး စားရူး ဆိုတဲ့ အဖြစ်မျိုးပဲဗျ။ ငါ့ဓား ငါပိုင်နဲ့ ငါ့ဩဇာအာဏာရိပ်အောက် မှာ ငါ လုပ်တိုင်း ဖြစ်တယ်ဆိုတဲ့ လူတွေကို တရားသဖြင့် ဖြစ်အောင် ဘယ်လိုလုပ် ပြောနိုင်ပါဦးမလဲ။

သမာသမတ် စိတ်ထားနဲ့ တရားမျှတခြင်း ဆိုတာဟာ ဒီ ဦးရွှေကြူး တို့ တစ်သိုက်မှာ မရှိတော့ပါဘူး။ ဒီ တရားမျှတမှု မရှိတဲ့ လူတွေကို ဘယ်လိုလုပ်လို့များ ကျုပ် ဘဝနဲ့ တရားမျှတရာ ရောက်အောင် ပြောရ မှာလဲ။ ခပ်ရှင်းရှင်း ပြောရရင်တော့ဗျာ ကျုပ်ဟာဖြင့် သူတို့ လက်ခုပ်ထဲ က ရေပါ။ အမောခံပြီး ဆင်ခြေကန်နေမှာထက် နှုတ်ပိတ်ပြီး ရေငုံနေ တာကပဲ ကောင်းပါလိမ့်ဦးမယ်။

ဒါကြောင့်လည်း ကျုပ်ဟာ မျက်ရည်ဖြိုင်ဖြိုင်ကျအောင်ကို ဝမ်း နည်း မဆုံး၊ ရှက်လို့ မဆုံး ဖြစ်ရတာကလွဲပြီး သူတို့ကို ဘာမှလည်း မပြောတတ်တော့ပါဘူး။

ဒီလိုနဲ့ မကြာခင်မှာပဲ သူကြီး ဦးရွှေကြူးဟာတော့ ကျုပ်ကို ထုံးစံအတိုင်း စီစဉ်တော့တာပဲ။

ကဲ... နေမြင့်နေမယ်ဟေ့ လှည်းပြင်ကြပေတော့၊ ဒီကောင်ကို မြို့က ပုလိပ်ဌာနာ ပို့ပြီး ဟိုကျမှ မေးတာ မြန်းတာပေါ့ကွာ၊ သူ ခိုးသွား တဲ့ ပစ္စည်းတွေပါ တစ်ခါတည်း ယူခဲ့ကြဟေ့ တဲ့။

## မြို့တော်ရန်ကုန်

ဒီတစ်ကြိမ်မှာလည်း ကျုပ်ဟာ လွယ်လွယ်နဲ့ပဲ ထောင်ထဲကို ရောက်ခဲ့ရပြန်တာပါပဲ။ ကျုပ်ကို ရုံးတော်က စီရင်ချက် ချမှတ်လိုက်တယ်လေဗျာ။ ခိုးထုပ် ခိုးထည်နဲ့ လက်ပူးလက်ကြပ် မိတဲ့အတွက် အလုပ်ကြမ်းနဲ့ ထောင်ဒဏ် တစ်နှစ် ကျခံစေတဲ့။

အင်း... ဦးရွှေကြူး၊ ဦးရွှေကြူး၊ ဦးရွှေကြူးဟာ သူ့ကိစ္စနဲ့ ပတ်သက်လို့ ဒီဘဝ ဒီတစ်သက်မှာဖြင့် ကျုပ်ရဲ့အပေါ်မှာ ဘယ်တော့များမှ အခဲကျေနိုင်လိမ့်မယ် မဟုတ်တော့ပါဘူး။ အဲဒီလို ကျုပ်အပေါ်မှာ အခဲမကျေနိုင်တဲ့ လူတစ်ယောက်ဟာလည်း သူ့သမီး ရွှေခင်ကို ကျုပ်နဲ့ဖြင့် ဘယ်တော့မှ သဘောတူမှာ မဟုတ်တဲ့အပြင် ကျုပ်ဟာ ထောင်က လွတ်လို့ ရွာပြန်သွားပြီး ရွာမယ် ဘယ်အထိ ကောင်းအောင်ပဲနေနေ သူကြီး ဦးရွှေကြူးကသာ နှိပ်စက်ချင်ရင် အချိန်မရွေး ကျုပ်ကို နှိပ်စက်နိုင်သေးတယ်ပေါ့ဗျာ။

နောက်တစ်ခုက ကျုပ်ဟာ ရွှေခင်ရဲ့ အချစ်ကို ရနိုင်ဖို့ရာ ဒီတစ်သက်နဲ့ ဒီအဖြစ်မှာတော့ ဘယ်နည်း ဘယ်ပုံနဲ့မှ မဖြစ်နိုင် မရနိုင်

တော့ပါဘူး။ အခုလို ကျုပ် ထောင်ထဲမှာ ရောက်နေတဲ့ အချိန်မှာဆိုရင် ရွာက လူတွေ အားလုံးကပဲ ကျုပ်ဟာ သူခိုးတစ်ယောက်လို့ စွပ်စွဲနေကြမှာ တော့ အမှန်ပဲပေါ့ဗျာ။ ကျုပ် ဖြစ်လာရတဲ့ ကိစ္စဟာက သူကြီး ဦးရွှေကြူး နဲ့ ကျုပ် နှစ်ယောက်ထဲသာ သိကြတော့ ကျုပ်အနေနဲ့က ဘယ်သူ့ကို တိုင်တည်ပြီး ဘယ်သူ့ကိုမှ သက်သေသက်ကာယ မထုနိုင်အောင် ဖြစ်ခဲ့ ရတာပေါ့။ ဒီတစ်ကြိမ် ထောင်က လွတ်လာတယ် ဆိုရင်တော့ ကျုပ်ဟာ ရွာကို ဘယ်နည်းနဲ့မှ ပြန်လို့ မဖြစ်တော့ဘူး။ ဒါကြောင့်ပဲ ကျုပ်ဖြင့် ထောင်က မလွတ်ခင်ကတည်းက ငါ ဒီတစ်ခါ ထောင်က လွတ်ရင်တော့ ရွာကို ဘယ်နည်းနဲ့မှ မပြန်တော့ဘူး။ ဖြစ်ချင်ရာ ဖြစ်၊ နစ်ချင်ရာ နစ်၊ သေချင်ရာ သေ၊ ကြေချင်ရာ ကြေပေါ့လေ။ တစ်ရပ် တစ်နယ်ကို ထွက်ခွာ မှပဲလို့ ဆုံးဖြတ်ထားမိတယ်။

အဲဒီလို ဆုံးဖြတ်မိတဲ့တိုင်အောင် ကျုပ်ဟာ ရွှေခင်ကို ချစ်တဲ့ စိတ်ကြောင့် နောက်ဆံတတင်းတင်းတော့ ဖြစ်မိသေးတာပေါ့။ ရွှေခင်... ရွှေခင် သူဟာ ကျုပ်အပေါ်မှာတော့ တကယ့်ကို ချစ်ရှာတာပဲ။ ကျုပ် ဘဝနဲ့ ကျုပ်အဖြစ်ကသာ ညံ့ဖျင်းလွန်းလှလို့ ကျုပ်ဟာ ရွှေခင်ရဲ့ အချစ် မေတ္တာကို မရနိုင် မပိုးနိုင် ဖြစ်ရတာပဲ။ တကယ်ဆိုတော့ ဒါဟာလည်း ကျုပ်အပြစ် မကင်းဘူးလို့ ဆိုရမှာပေါ့။ ကျုပ်ကသာ လူရေးသာလို့ လူစဉ်မီတဲ့ အရည်အသွေးရှိခဲ့ရင် အခုလို ဘယ်ဖြစ်နိုင်ပါ့မလဲ။ ကျုပ်ရဲ့ မိဘတွေကသာ ကျုပ်ကို ငယ်စဉ်တောင်ကျေးကတည်းက ပြုပြင် ပျိုး ထောင်ပြီး ကျုပ်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးနိုင်ခဲ့ရင် ကျုပ်ဘဝဟာ ဒါလောက်တောင် အဖြစ်ဆိုး ဘယ်မှာ ကြုံမလဲဗျာ။

ဒီလိုနဲ့ ကျုပ်ဟာ ထောင်ထဲမှာ တစ်ရက်ပြီး တစ်ရက် တစ်နေ့

ပြီး တစ်နေ့ ကုန်ဆုံးလာခဲ့ရာက နောက်ဆုံး ကျုပ် ထောင်က လွတ်ဖို့ တစ်လလောက် အလိုမှာတော့ ကျုပ်နဲ့ သက်တူရွယ်မျှ ဖြစ်တဲ့ သူငယ်ချင်း တစ်ဦးကို မိတ်ဆွေဖြစ် သိခဲ့ရတယ်။

သူဟာ ကျုပ် အရင် ထောင်ကျနေတဲ့ လူပေါ့ဗျာ။ ဒါပေမဲ့ သူနဲ့ ကျုပ်ဟာတော့ တစ်ရက်တည်း တစ်ချိန်တည်းမှာပဲလို လွတ်ရမယ့် လူချင်း ဖြစ်လေတော့ ကျုပ်တို့ နှစ်ယောက် တစ်ယောက် အကြောင်းကို တစ်ယောက် ဖွင့်ပြောရင်းကပဲ ဒီတစ်ကြိမ် ထောင်က လွတ်ရင်တော့ နှစ်ယောက်အတူ ရန်ကုန်မြို့ကြီးကို သွားပြီး အင်မတန် အလုပ်အကိုင် ပေါ၊ အစားအသောက် ပေါတဲ့ လောကနိဗ္ဗာန် မြို့တော်ကြီးမှာ ကြုံရာ ကျပန်း လုပ်ငန်းကိုပဲ သွားလုပ်ကြဖို့ တိုင်ပင်ထားကြတယ်ဗျ။

ဘယ်လိုပဲဖြစ်ဖြစ်လေ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုတဲ့ စကား ရှိတယ် မဟုတ်လားဗျ။ တောထဲ တောင်ထဲမှာ လယ်ကူလီ လယ်သူရင်းငှား ဘဝနဲ့ ဦးရွှေကြူး ရန်ကို ကြောက်နေရမယ့်အစား အင်မတန် သာယာစိုပြည်တဲ့ မြို့တော်ကြီးပေါ် သွားနေပြီး ထင်းပေါက်ရ ပေါက်ရ၊ ရေခပ်ရ ခပ်ရ၊ ကူလီ ထမ်းရ ထမ်းရ ကြုံရာကျပန်း လုပ်စား နေတာက ကောင်းပါလိမ့်ဦးမယ်လို့ ကျုပ်ကလည်း စဉ်းစားထားမိတယ်။

နောက်ပြီးတော့လည်း ကျုပ်အဖေ မသေခင်ကနဲ့ ကျုပ်အဖေ သေပြီးတဲ့နောက်မှာပဲ ကျုပ်ဟာ ရွာက ဘုန်းတော်ကြီးနဲ့ ရန်ကုန်ကို နှစ်ခေါက်တိတိ ရောက်ဖူးခဲ့တာပဲဗျ။ ရန်ကုန်မြို့တော်ကြီးဟာဖြင့် တကယ်ပဲ အလုပ်အကိုင်နဲ့ အစားအသောက်တွေက ပေါပြီး ကုန်တိုက်ကြီးတွေ၊ မီးရထားကြီးတွေ၊ မော်တော်ကားကြီးတွေ တဝီဝီ တညံညံနဲ့ အင်မတန် နေလို့ကောင်းတဲ့ မြို့ပဲ ဆိုတာတော့ ကျုပ်က စဉ်းစားမိပါတယ်။ အိုဗျာ

နောက်ဆုံး ပြောရရင် ရန်ကုန်မြို့တော်ကြီးဆိုတာ ကျုပ်လို တောသား တစ်ယောက်အဖို့ ဖိနပ်မပါဘဲ လမ်းလျှောက်သွားတောင် ခြေထောက်ကို ရွံ့ပေတဲ့မြို့ မဟုတ်ပါဘူးနော်။

နောက်ပြီးတော့ အဲဒါလို မြို့ကြီးပြကြီးများမှာ တက်နေလို့ရှိရင် နောင် လူတစ်လုံး သူတစ်လုံး ဖြစ်လာတော့ ကျုပ် ချစ်တဲ့ ရွှေခင်ကို ကျုပ် ရနိုင်မယ် မဟုတ်လားဗျာ။ အဲဒီအခါကျရင်တော့ သူကြီး ဦးရွှေကြူး နဲ့ သူကြီးကတော် ဒေါ်ဂျမ်းပုံဟာ ကျုပ်ကို သူတို့သမီးနဲ့ သဘောမတူ နိုင်စရာအကြောင်း မရှိပါဘူး။

ကျုပ်ကတော့ဗျာ ဒီအတွေးနဲ့ ဒီအကြံကို စိတ်ကူးမိထဲက ထောင် က အမြန်ဆုံး လွတ်နေ့ စေ့ပါစေလို့ ဆုတောင်းပြီး တစ်ရက်ပြီး တစ်ရက် လက်ချိုးရေတွက်နေမိတာပါပဲ။

ဒီလိုနဲ့သာ မကြာခင်မှာပေါ့ဗျာ။ ကျုပ်နဲ့ ထောင် အတူလွတ်တဲ့ ကျုပ်မိတ်ဆွေဟာ တိုင်ပင်ထားကြတဲ့အတိုင်း မြန်မာပြည်ရဲ့ မင်းနေပြည် တော် ရန်ကုန်မြို့ကြီးကို မရောက် ရောက်အောင် ကြံဖန် ကြိုးစားပြီး ထွက်လာခဲ့ကြတာပါပဲ။

## သမုဒ္ဒရာ ဝမ်းတစ်ထွာ

ကျုပ်နဲ့ ကျုပ်အဖော်ဟာ ရန်ကုန်မြို့တော်ကြီးကို အောင်မြင် ချောမော စွာနဲ့ပဲ ရောက်ခဲ့ကြတယ်ပေါ့ဗျာ။ အင်း... မြို့တော် ရန်ကုန်ဟာဖြင့် ကျုပ်နဲ့ ကျုပ်အဖော်အတွက် အံ့မဆုံးနိုင်အောင်ပဲ ဖြစ်နေတော့တာပဲဗျ။ လူတွေကလည်း များ၊ ကားတွေကပဲ များ၊ ယာဉ်ရထားတွေကလည်း များနဲ့ ကျုပ်တို့ အဖော်နှစ်ယောက်ဟာ အတော်ပဲ သတိထားလို့ သွား ရ လာရတယ်ပေါ့ဗျာ။

ဒါပေမဲ့ဗျို့ ကျုပ်တို့ နှစ်ဦးအဖို့က ဘယ်သွားလို့ ဘယ်လာရမယ် မှန်း မသိဘဲ ခြေဦးတည့်ရာကိုသာ စွတ်လျှောက်နေကြတယ်။ အတော် ကြာလို့ နေတစ်ဝက်ကျိုးလာတဲ့ အခါကျတော့ ဆာဆာလောင်လောင် ဖြစ်လာကြတယ်ပေါ့ဗျာ။ အဲဒီတော့မှလည်း ကျုပ်တို့ နှစ်ဦးအတွက် စားဖို့ရာ အစာနဲ့၊ အိပ်ဖို့ နားဖို့ နေရာများကို သတိရလာကြတယ်။ ကဲ... တို့နှစ်ယောက် ဘယ်မှာ စားလို့၊ ဘယ်ကို သွားမလဲ ဆိုတာကို တစ်ယောက်နဲ့တစ်ယောက် အပြန်ပြန် အလှန်လှန်ပဲ မေးကြည့်ကြရာက

ထမင်းဆိုင်တို့ ခေါက်ဆွဲဆိုင်တို့ ပြွတ်သိပ် ကျပ်ခဲနေတဲ့ တရုတ်တန်း၊ ကုလားတန်းဘက်ကို လျှောက်ကြရင်းက ကျုပ်အဖော်နဲ့ ကျုပ်ဟာ အလုပ်ကလေးများရှိရင် ပေးပါဗျ။ ထမင်းဆိုင်တွေမှာ ပန်းကန်ပဲ ဆေးရ ဆေးရဆိုပြီး ဝင်ဝင်ပြောပေမယ့် အလကားပဲဗျာ။ ထမင်းဆိုင်တွေမှာ ပန်းကန်ဆေးဖို့ အလုပ်ပေးမယ့် နေနေသာသာ ကျုပ်တို့ နှစ်ယောက်ကို သူတောင်းစား မောင်းသလို မောင်းလွှတ်တော့တာပါပဲ။

အဲဒီလိုနဲ့သာ တစ်စ တစ်စ အချိန်ကုန်လာလို့ ညဘက်ကို ရောက်ခဲ့တယ်။ ကျုပ်တို့ နှစ်ယောက်ဟာတော့ ဘာဆိုဘာမှ မစားရသေးပါဘူးဗျာ။ ကြာတော့လည်း ကျုပ်တို့ နှစ်ယောက်စလုံးဟာ အဆာအလောင်ကို သည်းမခံနိုင်တော့ဘူးဗျ။ ထမင်းဆာတာက တစ်မျိုး၊ လမ်းလျှောက်ရလွန်းလို့ ပင်ပန်းတာက တစ်မျိုးပေါ့ဗျာ။ ဒီလိုနဲ့သာ နောက်ဆုံး ကျုပ်တို့ အဖော် နှစ်ယောက်ဟာ စိတ်တူ သဘောတူ တိုင်ပင်ကြပြီး အတော့်ကို ချောင်ကျကျ လမ်းတစ်လမ်းထဲက ကုလား ထမင်းဆိုင် တစ်ဆိုင်မှာ ထမင်း ဝင်စားကြတယ်။ ဆာကလည်း ဆာလှပြီ မဟုတ်လား။ ကျုပ်တို့ နှစ်ယောက်ဟာ အဲဒီလို ထမင်းဆာလွန်းလို့ ဝင်စားကြပေမယ့် ထမင်းဖိုး ပေးဖို့ ပိုက်ဆံ ဆိုတာကတော့ ကြေးပြား တစ်ပြားတောင် မပါကြဘူးပေါ့ဗျာ။

ကျုပ်တို့ နှစ်ယောက်ကတော့ တိုင်ပင်ထားတယ်လေ။ နှစ်ယောက်သား အဝအပြဲ စားသောက်ပြီး ထမင်းဆိုင် ကုလား အလစ်မှာ လွတ်ရာကို ထွက်ပြေးကြဖို့ပဲပေါ့ဗျာ။ အဲဒီလိုနဲ့ ကျုပ်တို့ နှစ်ယောက်ဟာ အဝအပြဲ ဗိုက်တင်းအောင် စားသောက်ပြီးတဲ့နောက် တစ်ယောက်ကို တစ်ယောက် အရိပ်အကဲပြပြီး တရကြမ်း ပြေးရတော့တာပါပဲ။

ထမင်းဆိုင် ကုလားဟာ ရုတ်တရက်မို့ ထင်ပ့ါဗျာ။ ကြောင်တက် တက်ကြီး ဖြစ်ပြီး အံ့အားသင့် ကြည့်နေတယ်။ ကျုပ်တို့လည်း အတော် ကလေး လှမ်းရော နောက်ကနေ အော်တဲ့ပြီး အတင်းပဲ ပြေးလိုက်တော့ တာပါပဲ။ ကုလားကလည်း သူ့ ထမင်းဖိုးကလေးများ အဆုံးမခံနိုင်ရှာ လို့နဲ့ တူပါရဲ့ဗျာ၊ ရလိုရငြား အောက်မေ့ပြီး အော်ကြီးဟစ်ကျယ်နဲ့ ပြေးလိုက်လာတာပါပဲ။

ကျုပ်တို့က ရှေးက ပြေး၊ ကုလားက နောက်က လိုက်နဲ့ အတော် ကို ဒုက္ခရောက်လှသပေ့ါဗျာ။ ဒါပေတဲ့ ကုလားဟာ ကျုပ်တို့ကို မီအောင် မလိုက်နိုင်ပါဘူး။ မကြာခင် မျက်ခြည်ပြတ် ကျန်ရစ်ခဲ့တော့မှ ကျုပ်တို့ နှစ်ယောက်လည်း အပြေး ရပ်လိုက်မိကြတယ်။

ဒါပေတဲ့ဗျာ။ စားရတဲ့ ထမင်းတစ်နပ်နဲ့ ပြေးရတဲ့ အဖြစ်ကတော့ တယ်လို့မို့ မသက်သာလှပါဘူး။

ကျုပ်တို့ နှစ်ယောက်ဟာ အမောဆို့ပြီး ဟောဟဲကို လိုက်နေတာ ပါပဲ။ ဒါနဲ့သာ ညစာ စားပြီး ပြန်တော့ ကျုပ်တို့ နှစ်ယောက် တစ်နေ ကုန် တစ်နေခန်း လျှောက်ရလို့ ပင်ပန်းလှတဲ့အတွက် အိပ်ချင်လို့ အိပ်ဖို့ လှဲဖို့ နေရာကလေးများ ရှာရတာဟာလည်း မလွယ်လှပါဘူးဗျာ။ ဟို တိုက်လှေကားရင်း သွားအိပ်လိုက် ဟိုက မောင်းထုတ်လိုက်၊ ဒီ တိုက် လှေကားရင်း သွားအိပ်လိုက် ဒီက မောင်းထုတ်လိုက်နဲ့ဟာ အတော်သာ ညဉ့်နက်လာပါတယ်။ အိပ်ဖို့အတွက် နေရာတစ်ကွက်တောင် မရှိပါဘူး ဗျာ။ ဒီလိုနဲ့ ဟိုဟိုဒီဒီ လျှောက်ရှာရင်းက နောက်ဆုံးတော့ ကျုပ်တို့လို လူသုံးယောက်ကို သွားတွေ့ရတယ်။ အဲဒီ လူတွေကတော့ ကျုပ်တို့ နှစ်ယောက်ရဲ့ အရိပ်အကဲကြည့်ပြီး အိပ်ဖို့နေရာ လိုက်ရှာနေမှန်း သိ တယ်နဲ့ တူပါရဲ့။

ခင်ဗျားတို့ နှစ်ယောက် အိပ်စရာမရှိရင် လိုက်ခဲ့ဗျို့၊ ဟို မီးရထား တွဲလွတ်တွေပေါ်မှာ သွားအိပ်ချကြရအောင်။ ကျုပ်တို့တော့ အဲဒီနေရာမှာ အမြဲ သွားအိပ်နေကျပဲဗျလို့ ပြောတာနဲ့ ကျုပ်တို့ နှစ်ယောက်လည်း သူတို့ ခေါ်ရာကို လိုက်လာကြပြီး အဲဒီ ညအဖို့ မီးရထား တွဲလွတ်တွေပေါ်မှာပဲ ငါးယောက်သား စုအိပ်ကြတော့တာပါပဲ။

ဒီလို ကျုပ်တို့ နှစ်ယောက်ဟာ မီးရထားတွဲလွတ်ပေါ်မှာ လိုက်အိပ်ရင်းက နောက်တစ်နေ့ မနက်မှာတော့ ဒီ လူသုံးဦးနဲ့ စကားစပ်မိကြရာက သူတို့ သုံးယောက်ဟာလည်း ကျုပ်တို့ နှစ်ယောက်လို အခြေမဲ့ အနေမဲ့နဲ့ မြို့တော်ရန်ကုန်မှာ လည်သလိုလုပ်၊ ရသလို စားပြီး တွေ့ရာ အိပ်၊ တွေ့ရာ နေ၊ အသက်မွေးနေကြတယ်ဆိုတာ သိရတယ်ဗျ။

ဒါပေမဲ့ဗျာ အဲဒီအထဲက လူတစ်ယောက်ကတော့ ကျုပ်တို့ နှစ်ယောက်ရဲ့ စိတ်အားငယ်မှုကို သတိထားမိပုံပဲ။ အိုဗျာ ရန်ကုန်မြို့ကြီးမှာ ထမင်းတစ်ဝမ်း စားဖို့ဟာ လွယ်ပါတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် မကြောက်မရွံ့နဲ့ လုပ်ရဲ ကိုင်ရဲရှိရင် စားရတာပါပဲ။ ခင်ဗျားတို့ ဘာမှ အားငယ်မနေကြပါနဲ့၊ ကျုပ်တို့နဲ့ အတူလုပ်ပေါ့လို့ ပြောတာပါပဲ။

ကျုပ်နဲ့ ကျုပ်အဖော်ဟာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်းက ဒီလူတွေနောက် လိုက်သင့် မလိုက်သင့် စဉ်းစားမိပါတယ်။ အဲ... ဒါပေမဲ့ ခက်တာက ကျုပ်တို့ နှစ်ယောက်ဟာ ဘယ်သွားလို့ ဘယ်လာရမှန်းမည်း မသိ၊ ထမင်းတစ်ဝမ်းကို ဘယ်လို ကြံဖန်ပြီး စားရမှန်းလည်း မသိတဲ့ ဘဝမှာ သူတို့ခေါ်တဲ့ နောက်ကို လိုက်မသွားဘဲ ကျုပ်တို့ နှစ်ယောက်ထဲ လမ်းခွဲပြီး နေရစ်ဖို့ ဆိုတာကလည်း အခက်သားကလားဗျာ။

အဲဒီတော့ ကျုပ်တို့ နှစ်ယောက်ဟာ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်ရုံကလွဲပြီး ဘယ်လိုမှ အကြောင်းထူးမလာပါဘူး။

ဒီ လူသုံးယောက်ကတော့ သူတို့ ပြောတဲ့အတိုင်း ဟုတ်လှပေါ့ဗျာ။ မီးရထားတွဲလွတ်တွေပေါ်က အိပ်ပြီး ထလာတဲ့နောက် ကျုပ်တို့ နှစ်ယောက်ကိုပါ ခေါ်ပြီး ကုလား လက်ဖက်ရည်ဆိုင် တစ်ခုမှာ လက်ဖက်ရည်တောင် ဝင်သောက်ကြသေးတယ်ဗျ။ အဲဒီလို လက်ဖက်ရည် သောက်ကြတဲ့ အခါမှာလည်း အကျအနန နံပြားတို့ ပေါင်မုန့်တို့နဲ့ပေါ့ဗျာ။ ကျုပ်တော့ ဆာဆာနဲ့မို့ သူတို့ ကျွေးတာကို စားနေရပေမယ့် စိတ်ထဲကတော့ အတော်ကလေး လန့်မိသားဗျို့။ အင်း... မနေ့ညကလိုမျိုး ပြေးရဦးမလားလို့ပေါ့ဗျာ။ မနေ့ညကတော့ ကိစ္စမရှိပါဘူး၊ အခုလို မနက်ကြီးမှာ ပြေးကြရမယ်ဆိုရင်တော့ ကျိန်းသေ အရိုက်အနှက်လည်း ခံရမယ်၊ ဒါမှမဟုတ်လည်း ပုလိပ် လက်ထဲ ရောက်မယ်လို့ပေါ့ဗျာ။ အဲဒါကို တွေးမိရင်းက ကျုပ်ဟာတော့ အလွယ်တကူ ပြေးဖို့ လမ်းပေါက်တစ်ခုကို ကြည့်နေတာပါပဲ။

ဒါပေမဲ့ ကျုပ် ထင်တဲ့အတိုင်းတော့ မဟုတ်ဘူးဗျ။ ကျုပ်တို့ အားလုံး လက်ဖက်ရည် သောက်ပြီးသွားတယ်ဆိုရင်ပဲ အဲ ဟို ကျုပ်တို့ကို ခေါ်လာတဲ့ လူက ကျသင့်တဲ့ ပိုက်ဆံကို အတိအကျ ရှင်းပေးတယ်ဗျ။ နောက်တော့လည်း လက်ဖက်ရည်ဆိုင်က ကုလားတွေကို ကုလားလို ရောနှော ပြောလိုက်သေးတယ်ဗျ။ အင်း... ကျုပ်တို့ ငါးဦးထဲမှာတော့ သူက ခေါင်းဆောင် ဇာတ်လိုက်ပေါ့ဗျာ။ အဲ... အဲ ကျုပ်တို့ ခေါင်းဆောင်ရဲ့ နာမည်ကို ကျုပ်ဟာ ခုထိ အမှတ်ရမိသေးတာပေါ့ဗျာ၊ "ကျော်သိန်း" တဲ့ဗျ။

ကျုပ်တို့ ငါးယောက်ထဲမှာတော့ ဒီလူက ခေါင်းဆောင်ကိုဗျ။ ဘယ်နေရာ ဘယ်ကိစ္စနဲ့ ဘယ်အကြံအစည်မျိုးကိုပဲဖြစ်ဖြစ် သူက ရှေ့ဆောင် ခေါင်းရွက်နဲ့ သူကသာ အကြံဉာဏ် ပေးတာပါပဲ။ ခပ်တိုတို ပြောရရင် အဲဒီ ကျော်သိန်း ခေါင်းဆောင်တဲ့ ကျုပ်တို့ တစ်စုဟာ လည်သလို လုပ်ပြီး ရသလို လစ်တဲ့ အလုပ်နဲ့ အသက်မွေးကြတာပါပဲ။

ကျုပ်တို့အလုပ်က လူရှင်း လူပြတ်တဲ့ လမ်းကြို လမ်းကြားမှာ တစ်ယောက်ချင်း နှစ်ယောက်ချင်း လာတဲ့ လူတွေကို တွေ့မှဖြင့် ငွေကြေး ပါ မပါ အကဲခတ်ပြီး မျက်စိထဲ သဲပက်လုတာတို့၊ ဝိုင်းရိုက်သင့် ဝိုင်းရိုက်တာတို့၊ တစ်ခါ တစ်ခါတော့ လူချင်း ဝင်တိုက်ပြီး တစ်ယောက်က အိတ်ထဲပါတာ နှိုက်ပြေး လုပြေးတာတို့၊ အဲဒါလို အလုပ်မျိုးတွေကို နေ့နဲ့ အမျှ လျှောက်လုပ်နေရတာပဲပေါ့ဗျာ။

တစ်ခါ တစ်ခါတော့လည်း လုပ်ငန်းကိုင်တာက နေရာမကျပြီလား ဆိုမှဖြင့် ကျော်သိန်းရဲ့ အကြံဉာဏ် ပေးမှုကို အားလုံး လိုက်နာရပြီး တစ်နေကုန် တစ်နေခန်း ပင်ပန်းတကြီး လုပ်လာရတဲ့ ကူလီကုလား တွေဆီက လုယက်ရတာတို့၊ နှိုက်ရ ခိုးရတာတို့ ဆိုတာတွေဟာလည်း ကျော်သိန်းရဲ့ အကြံဉာဏ်ပေါ့ဗျာ။ ကျုပ်ဟာ အစကတော့ ဒီလို အလုပ်မျိုးတွေကို မလုပ်ချင်ပါဘူးဗျာ။ ဒါလောက်တောင် လူတစ်ဖက်သား အပေါ်မှာ ရက်စက် ယုတ်မာပြီး ကိုယ်ကျိုး ကိုယ်တွက်ရှိရင် ပြီးရော ဆိုတဲ့ လူ့တိရစ္ဆာန် အလုပ်မျိုးကို ကျုပ် မလုပ်ချင်ရိုး အမှန်ပါ။ ဒါပေမဲ့ ကျုပ်ဟာ ဒီလို မလုပ်ချင်လို့ ဒီလူစုထဲမှာ မပါဝင်ရင် ကျုပ်အနေနဲ့က ဘယ်ကိုသွားလို့ ဘယ်လို စားပြီး ဘယ်သူ့ကိုမှ အားထားမှီခိုရာ မရှိတဲ့ အဖြစ်ဆိုတော့ ဒီအလုပ် ဒီအကိုင်တွေကို မနှစ်မြို့ဘဲ မျက်စိမှိတ် လုပ်နေ ရတော့တာပါပဲ။

နောက် တစ်ကြောင်းလည်း ရှိသေးတယ်ဗျ။ အဲဒါကလည်း ကျော်သိန်းရဲ့ အကြံဉာဏ်ပေါ့ဗျာ။ ဒါက ဘာလဲဆိုတော့ တောလက်ကျေးရွာတွေမှာ စပါးဆန်ရေ ပေါ်ချိန်ရောက်လို့ တောရွာ တောနယ်တွေက ရန်ကုန်ကို ဘုရားဖူး လာကြတဲ့ တောသူ တောင်သားတွေကို ရွှေတိဂုံဘုရားတို့၊ ဆူးလေ ဘုရားတို့၊ တိရစ္ဆာန်ရုံတို့ကနေပြီး ရသလို နှိုက်ရသေးတယ်ဗျ။ ကျုပ်ဟာ ကိုယ်တိုင်က တောသား တစ်ယောက်၊ လယ်သမား၊ ကိုင်းသမား၊ ယာသမား တစ်ယောက် ဖြစ်လေတော့ တခြားတခြား အလုပ်တွေထက် ခုပြောတဲ့ အလုပ်နဲ့ ဘဝတူ တောင်သူ လယ်သမားတွေရဲ့ အပေါ်က ခေါင်းပုံဖြတ်ပြီး အလစ်သုတ်ရတဲ့ အလုပ်ကိုတော့ အတော့်ကိုပဲ အော့နှလုံးနာမိတယ်ပေါ့။ အင်း... ဒီ ကျော်သိန်းဆိုတဲ့ သတ္တဝါဟာတော့ လူတွေကို ဒုက္ခပေးတဲ့ နေရာမှာ တစ်နံပါတ် "စက္ကောမ" ဆရာကြီးပေါ့ဗျာ။

## ပြည့်တန်ဆာ လေလံပွဲ

ကျုပ်တို့တစ်တွေဟာ မြို့တော် ရန်ကုန်မှာ အဲဒါလို ကျင်လည် ကျက်စားပြီး အဲဒါလို အသက်မွေးဝမ်းကျောင်းပြုနေရာက အစဉ်တစိုက်ကြီး သာယာစိုပြည်နေတယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ။ တစ်ခါ တစ်ခါ အကျပ်အတည်း တွေ့ပြီး ပုလိပ်လက်ထဲ ရောက်ရတာတို့၊ ရုံးတင် အပြစ်ပေးလို့ ကြိမ်ဒဏ် အရိုက်အနှက် ခံရတာတို့၊ တနင်္ဂနွေ တစ်ပတ် နှစ်ပတ် ဆိုသလို ထောင်ဒဏ် အပြစ်ပေးခံရတာတို့ ဆိုတာတွေဟာလည်း ကျုပ်တို့အဖို့ ထပ်ချည်းတလဲလဲပေါ့ဗျာ။

အဲဒီအထဲကပဲ တစ်ခါ တစ်ခါတော့ အထင်အရှား ဖြစ်လာတဲ့ ပြစ်မှုတွေအတွက်ဆိုရင် အနည်းဆုံး ထောင်ဒဏ် ခြောက်လ ခုနစ်လတို့ ခံရတာတွေလည်း ရှိသေးတယ်ဗျ။ ကျုပ် မှတ်မိသလောက်ဆိုရင်တော့ တစ်နှစ်အတွင်းမှာ ကျုပ်ဟာ အနည်းဆုံး လေးငါးခြောက်ကြိမ်လောက်တော့ ထောင်ထဲကို မှန်မှန်ကြီး ရောက်ခဲ့ရတာပေါ့။ ဒါလို ထောင်ထဲကို မကြာခဏ ဆိုသလို ရောက်ရောက်သွားရလွန်းလို့ပဲ ကြာတော့ ကျုပ်

အနေနဲ့ကဖြင့် ထောင်ထဲမှာ သိကျွမ်းရတဲ့ မိတ်ဆွေ သင်္ဂဟတွေက တစ်မျိုး၊ ထောင် အပြင်မယ် သိကျွမ်းရတဲ့ မိတ်ဆွေ သင်္ဂဟတွေက တစ်သွယ်နဲ့ အပေါင်းအသင်း မိတ်ဆွေတွေဟာ တစ်စစ များများလာတယ်ပေါ့ဗျာ။ ဒါလို များများလာကြတဲ့ အပေါင်းအသင်း မိတ်ဆွေတွေ ဆိုတာဟာလည်း ခပ်ရှင်းရှင်း ပြောရမယ်ဆိုရင်တော့ ကျုပ်ကဲ့သို့သော ခါးပိုက်နှိုက်၊ ကြမ်းပိုး၊ သူခိုး၊ အလစ်သမားက စပြီး နောက်ဆုံးတော့ မိန်းမထိမ်း၊ ဖာခေါင်းတွေ အထိပဲ ဖြစ်ခဲ့တာပေါ့ဗျာ။

အစဦးတုန်းက ရှိတဲ့ ကျုပ်တို့ အဖော် ငါးဦးဟာလည်း တစ်ခါတစ်ခါ အပြင်ဘက် နှစ်ယောက်လောက် ကျန်လို ကျန်၊ သုံးယောက်လောက် ကျန်လို ကျန်နဲ့ ဖြစ်ပြီး ပုလိပ် လက်ထဲ မိတဲ့လူလည်း မိနဲ့ အခြေအနေဟာ တစ်မျိုးတစ်ဖုံ ဖြစ်ဖြစ်သွားတယ်ပေါ့ဗျာ။

ဒီလို ဖြစ်ရပေမယ့် နောက်ပိုင်းရဲ့ ရက်တွေ လတွေမှာ ဆိုရင်တော့ ကျုပ်ဟာ သိပ်ပြီး အားမငယ်တော့ပါဘူး။ မြို့တော် ရန်ကုန်မှာ ကျုပ်လို လုပ်ကိုင် စားသောက်နေတဲ့ လူတွေက များလေတော့ ဘာပဲဖြစ်နေနေ ဟိုအဖွဲ့၊ ဒီအဖွဲ့နဲ့ လိုက်ပြီး အကြံအဖန်ကလေးများ လုပ်မှဖြင့် ထမင်း တစ်ဝမ်းတော့ ခပ်လွယ်လွယ် စားရတော့တာပဲ။

ကျုပ်အခြေ ကျုပ် ဘဝဟာ အရင်ကလောက် မဆိုးတော့ဘူးပေါ့ဗျာ။ အရင့် အရင်တုန်းကတော့ မီးရထားတွဲလွတ်တွေပေါ် လျှောက်အိပ်လို အိပ်၊ ဂိုဒေါင် တိုက်လေ့ကားခြေရင်း အိပ်လို အိပ်နဲ့ ကြုံရာကျပန်း ဖြစ်ကတတ်ဆန်း အိပ်ခဲ့ရပေမယ့် အခုဆိုရင် အပေါင်းအသင်းက တစ်ယောက်ကစ တစ်ရာ ဆိုသလို များများလာတော့ ဟိုအိမ် လိုက်အိပ်၊ ဒီအိမ် လိုက်အိပ်နဲ့ အတော့်ကို အဆင်ပြေနေတယ်ပေါ့ဗျာ။

နောက်ပြီးတော့လည်း ကျုပ်တို့ တစ်စုဟာ အရင်လို ခါးပိုက်နှိုက်တယ်၊ ခိုးတယ် လုတယ် ဆိုတဲ့ အလုပ်တွေက ပုလိပ်ရန် ကြောက်ရလွန်းတော့ အစဦအမြဲ ဒါတွေကိုချည်း လုပ်မစားတော့ဘူးပေါ့ဗျာ။ အတော့်ကို အခွင့်အလမ်းသင့်လို့ အတော်ကို ငွေရပေါက် ချောင်မှ အဲဒီလို အလုပ်မျိုးကို လုပ်ပြီး အကြောင်းအကျိုး အဆင်မပြေတဲ့အခါမျိုးမှာတော့ ဖဲသုံးချပ်သမား အဖြစ်နဲ့ ဖဲလိမ်တဲ့ အလုပ်ကို လုပ်စားတော့တာပါပဲ။

ဒီအလုပ်ကလည်း ကျုပ်တို့ လူသိုက်အဖို့တော့ မှန်မှန် သုံး၊ မှန်မှန် ဖြုန်း၊ တစ်ဝမ်းတစ်ခါး မပူကြရဘူးပေါ့ဗျာ။ ဒီအပြင်မှာလည်း ကျုပ်ကိုယ်တိုင်တောင် အရင်လို လူရုပ်မပေါ်တဲ့ အဖြစ်မျိုး မဟုတ်တော့ဘူးဗျ။ ကျုပ်တို့ အလုပ်က လူအဟန့်ကလည်း ကောင်းမှ ဖြစ်လေတော့ ပြောင်ပြောင်လက်လက် ဝတ်ပြီး ဗိုလ်ကေကို အကျအန ဖြီးလိမ်းထားရတာပေါ့ဗျာ။

ကျုပ် ရုပ်ရည် ဆိုတာကတော့ မြို့တော် ရန်ကုန်မှာ အနေကြာလာတာနဲ့အမျှ မြို့သား တစ်ယောက်ရဲ့ ရုပ်ရည်မျိုး စတိုင်မျိုး ဂိုက်မျိုးဖြစ်ပြီး အတော့်ကို လူအထင်ကြီးစရာ ဖြစ်နေတာပေါ့။ ကျုပ်တို့ အလုပ်အနေနဲ့ကလည်း ဝင်ငွေက မသေးလှဘူး မဟုတ်လားဗျ။ တစ်နေ့ တစ်နေ့ကို ဟိုဟိုဒီဒီ ကြောက်ရ လန့်ရသူတွေကို ခွဲဝေပေးရတဲ့တိုင်အောင် အချိန်ကုန်လို့ လူစုခွဲရခါနီးမှာ အစုပုံ ခွဲကြပလားဆိုရင် တစ်ယောက်တစ်ယောက်ကို ကိုးကျပ် တစ်ဆယ် ဆိုတာကို ပုံမှန်ကို ရနေတာပေါ့ဗျာ။

နောက်တော့လည်း ဒီလို ဝင်ငွေဖြောင့်တဲ့ အလုပ်တွေကို လုပ်လာရတော့ ကျုပ်တို့ဟာ တစ်စုတဝေးတည်း ဆိုသလို အိပ်ခန်းတစ်ခုကို

အခကြေးငွေ ပေးပြီး အိပ်ကြ နေကြတယ်ပေါ့ဗျာ။ ကျုပ်တို့ ငါးဦးဟာ အဖွဲ့တစ်ဖွဲ့လိုဖြစ်ပြီး ဥမကွဲ သိုက်မပျက် နေကြရုံ မဟုတ်ပါဘူး။ ကျုပ်တို့အထဲမှာ အကြံကြီးသမားဖြစ်တဲ့ ကျော်သိန်းရဲ့ နည်းပေး လမ်းပြချက်ကြောင့် ကျုပ်တို့ အစုဟာ ရန်ကုန်မှာလိုချည်း အမြဲတမ်း မဟုတ်တော့ဘဲ တစ်ခါ တစ်ခါ မီးရထားလမ်း နယ်ဘက်တွေကို ထွက်ထွက်ပြီး ကျုပ်တို့ လုပ်ငန်းကို လုပ်ကြသေးတာပေါ့လေ။

ခုဆိုရင် ကျုပ်အနေနဲ့ကတော့ ငွေကြေးဆိုရင် တစ်နေ့ရာတည်း တစ်ထိုင်တည်း ငါးဆယ်ကုန်၊ တစ်ရာကုန် သုံးပစ်ဖို့ ဘာမှ မခဲယဉ်းပါဘူးဗျာ။ ငွေ ဆိုတာ ငါ လိုချင်လို့ ရှာလိုက်ရင် အချိန်မရွေး ရမှာပဲလို့ ကျုပ် စိတ်ထဲက ထင်လိုက်မိတယ်။ ဒါလို ကျုပ်မှာ ငွေကြေးဆိုလည်း မခဲယဉ်း၊ အဝတ်အထည် ဆိုတာဟာလည်း အမျိုးမျိုး ထည်လဲဝတ်နေရတော့ ကျုပ်ဟာ ကျုပ်ရဲ့ ဇာတိရွာကလေးနဲ့ ရွှေခင်ကို ပြန်သတိရမိတာပေါ့။

ဒါကြောင့်ပဲ ကျုပ်က ကျုပ်ရဲ့ အပေါင်းအသင်းတွေကို ငါဖြင့် ခဏခွေ့ ဆိုသလို မင်းတို့ တစ်စုနဲ့ ခွဲပြီး ငါ့ရွာကို ငါ ပြန်ဦးမယ်ကွာ။ ငါ့ရည်းစားသည်ဟာလည်း ငါ့ကိုတော့ စောင့်မျှော်နေမှာပဲလို့ ကျုပ်က ကျုပ်အဖြစ် ကျုပ်ဘဝကို ထိုက်သလောက် ပြောပြပြီး တိုင်ပင်ရတာပေါ့။

ကျုပ်ရဲ့ မိတ်ဆွေ သူငယ်ချင်းတွေကလည်း အားလုံးလိုပဲ တစ်ယောက်နဲ့ တစ်ယောက် ညီအစ်ကို အရင်းအချာတွေလို သဘောထားကြတော့ ကျုပ်ကို မသွားဖို့ ဖျက်ကြတယ်ဗျ။ ဒီလို သူတို့က ဖျက်ပေမယ့် ကျုပ်ကတော့ ကျုပ် ငယ်ချစ် ရွှေခင်ကို အခုလို ကျုပ်ရဲ့ ဘဝ တစ်မျိုး တစ်ဖုံ ပြောင်းလဲနေတဲ့အခါမှာ တွေ့စေချင် မြင်စေချင်လွန်းလို့ ဘယ်

နည်းနဲ့မှ မသွားရင် မဖြစ်ဘူး။ ဒါပေမဲ့ ငါ့ရည်းစားကို ငါ ခေါ်လာပြီး မကြာခင် မင်းတို့ရှိရာကို ပြန်လာခဲ့ပါမယ်ကွာလို့ ပြောတော့ ကျော်သိန်းက ကျုပ်ကို ပြောတယ်ဗျ။

ဟော့ကောင်ရာ သာလှရဲ့၊ မင်းကသာ မင်း ရည်းစားကို ငယ်ချစ်ဆိုပြီး အသေအလဲ လွမ်းလို့ မင်းရွာ မင်း ပြန်ချင်တာက ဟုတ်ပါရဲ့၊ ရွာရောက်လို့ မင်းရည်းစားဟာ လင် ရနေမယ်ဆိုရင် မင်း အရှုံးဖြစ်ပြီး အလကား ငွေကုန် ပြန်လာရမှာပါကွာ။ မင်းကိစ္စက နှစ်ကလည်း ကြာတော့ အခုလောက်ရှိ လင် ယူပြီး ကလေးတွေတောင် ရနေရောပေါ့ကွာ။ အဲဒီတော့ မင်း သွားချင်တာကိုလည်း ငါ မတားပါဘူးကွာ။ ဒါပေမဲ့ မင်း ရွာကို မသွားခင် သင်္ဘောဆိပ်ကို ဆင်းပြီး ရွာက လာတဲ့ လူတွေကို မေးမြန်းကြည့်ပါဦး။ တကယ်လို့ မင်းရည်းစားဟာ လင် မယူသေးဘူးဆိုရင်တော့ တို့ပါ လိုက်ပြီး အကူအညီ ပေးပါ့မယ်ကွာလို့ ပြောတယ်ဗျ။

ဒီတော့မှ ကျုပ်ဟာ ကျုပ်ကိစ္စကို ကျုပ် အသေအချာ ပြန်စဉ်းစားလိုက်မိတယ်။ အင်း... ကျော်သိန်း ပြောတာလည်း ဟုတ်ပေသားပဲလို့။ ဒီကောင်ဟာ ကျုပ်တို့အထဲမှာတော့ အတော်ပဲ အကြံဉာဏ်နဲ့ အတော်ပဲ ခေါင်းကောင်းတဲ့ အကောင် မဟုတ်လားဗျာ။ ခိုးဖို့ဆိုရင်လည်း သူ့ဆီက အကြံဉာဏ်ကို ယူရတာပဲ။ မတော်မတရားလုပ်ဖို့ဆိုရင်လည်း သူ့အကြံဉာဏ်ကို ယူရတာပဲ။ ဘယ်နေရာမျိုးမှာမဆို ဒီကောင့် အကြံဉာဏ်နဲ့ ဒီကောင့် ဦးနှောက်က ကောင်းလေတော့ ဒီကောင် စီစဉ်ရာကိုပဲ ကျုပ်ဟာ လိုက်နာဖို့ ကောင်းတာပေါ့ဗျာ။ ဒါကြောင့် ကျုပ်ဟာ နောက်ဆုံးတော့ သူ ပေးတဲ့ အကြံဉာဏ်ကို လက်ခံပြီး သူ ပြောသလို စုံစမ်းကြည့်ဖို့ သဘောတူလိုက်ရတယ်။

*

ဒီလိုနဲ့ ကျုပ်လည်း ကြာကြာဆိုင်းမနေတော့ဘူး။ နောက်တစ်နေ့ နံနက်ပိုင်းမှာ ကျော်သိန်း ပြောသလို ရွာက သတင်းစကားလေးများ ကြားရလို ကြားရငြား စုံစမ်းကြည့်ဖို့အတွက် သင်္ဘောဆိပ်ကို မနက်စောစောပဲ ဆင်းခဲ့တယ်။

ကျုပ်ဟာ မကြာခင် သင်္ဘောဆိပ်ကို ရောက်ခဲ့ပြီး ရွာက လာတဲ့ လူကြုံတွေနဲ့ တွေ့ရလို့ ဒီလူတွေကို ရွှေခင်အကြောင်း မေးကြည့်တော့ ရွှေခင်ဟာ မြေပိုင်ရှင် သားတစ်ယောက်နဲ့ အကြောင်းပါပြီး ကလေးတောင် နှစ်ယောက် ရနေပြီဆိုတဲ့အကြောင်း သိရတော့တာပါပဲ။ ကျုပ်ဟာ ဒီသတင်းကြားတယ်ဆိုရင်ပဲ ခေါင်းပေါ်ကို မိုးကြိုးပစ်ချလိုက်သလားတောင် အောက်မေ့လိုက်မိတာပါပဲ။ ကျုပ်ရဲ့ ရင်ထဲမှာ ဟာတိဟာတာ ဖြစ်သွားတာပေါ့ဗျာ။

ကျုပ်ရဲ့ ဘဝမှာ မျှော်လင့်ချက် တစ်ရပ်အနေနဲ့ အချစ်ကြီး ချစ်လှတဲ့ ရွှေခင်ကို ငါဟာတော့ တစ်နေ့မှာ မုချ ရရမယ်လို့ စိတ်အားခဲပြီး ငွေကြေးပစ္စည်းကို ကြိုးစားရှာကြံခဲ့ပေမယ့် အခုဖြင့် ရွှေခင်ဟာ အိမ်ထောင်ကျလို့ ကလေး နှစ်ယောက်တောင် ရနေပြီဆိုတော့ ကျုပ်အဖို့ အချစ်နဲ့ ပတ်သက်ပြီး ဒီလောကမှာ မျှော်လင့်စရာ မရှိတော့ဘူးပေါ့ဗျာ။ သွေ့ခြောက်တဲ့ သဲကန္တာရထဲမှာ တစ်ယောက်တည်း ရောက်သွားတဲ့ လူလို ကျုပ်ရဲ့ ဘဝဟာလည်း အချစ်ဆိုတဲ့ အရိပ်အာဝါသ ကင်းပြီး အင်မတိအင်မတန် ခြောက်ကပ်နေ့ဖို့ပဲ ရှိတော့တယ်လို့ ကျုပ် ထင်မှတ်လိုက်မိတယ်။

ကျုပ်ဟာ ရွာက လူကြုံတွေ ပြောလိုက်တဲ့ စကားကို ကြားပြီးကတည်းက ဘယ်အလုပ်ကိုမှ မလုပ်ချင်ဘူး။ ဘယ်လမ်းကိုမှ မသွားချင်ဘူး။ ဘယ် ငွေရပေါက်ကိုမှလည်း မရှာချင်ဘူး ဖြစ်နေတော့တာပါပဲ။

အဲဒီလို ကျုပ်ရဲ့ ဖြစ်ပုံတွေကို ကျော်သိန်းက သိလေတော့ ကျုပ်ကို အားပေးစကားတွေလည်း ပြောရဲ့။ လောကမှာကွာ မိန်းမ ရှားတာမှတ်လို့၊ မြို့တော်ရန်ကုန်မှာ မင်းရည်းစား ရွှေခင်ထက် ရုပ်ရည်လှတာကလေး တွေ၊ အသက်ငယ်တာကလေးတွေ၊ တစ်ပွေ့တစ်ပိုက်နဲ့ ချစ်စရာ ကြိုက် စရာ ကလေးတွေဟာဖြင့် အမြောက်အမြား ရှိပါတယ်ကွာ။ ငွေပေးနိုင်ရင် ရတာပါပဲလို့ ပြောပြီးတဲ့နောက် ကျုပ်ရဲ့ စိတ်ပြေလက်ပျောက် ဆိုပြီး ဟိုခေါ် ဒီခေါ် လျှောက်ခေါ်ရာက နောက်ဆုံးတော့ ကျုပ်ဟာ ကျော်သိန်း ရဲ့ နည်းပေး လမ်းပြမှုကြောင့် မြို့တော်ရန်ကုန်ရဲ့ ပြည့်တန်ဆာလောက ထဲကို နံ့နံ့စပ်စပ် ရောက်ခဲ့ရပြန်တာပါပဲ။

ခင်ဗျားတို့ တစ်ခု စဉ်းစားကြည့်ကြပေါ့ဗျာ။ လူဆိုတဲ့ သတ္တဝါ ဟာ ဘာပဲဖြစ်ဖြစ် မကောင်းမှု ဒုစရိုက်နဲ့ ကိလေသာ တဏှာကို ခုံမင် တပ်မက်တဲ့ စိတ်တွေက သူ့အချိန် သူ့အခါနဲ့ဆိုရင် အတော့်ကို ဆိုးသွမ်း ထကြွတာကလားဗျ။ ကျုပ်ဟာ သာမည လူသားတစ်ယောက်သာ ဖြစ် တဲ့အပြင် ကျုပ်ရဲ့ ပတ်ဝန်းကျင်၊ ကျုပ်ရဲ့ အပေါင်းအသင်း၊ ကျုပ်ရဲ့ အသက်မွေးမှု စတဲ့ လုပ်ငန်းတွေက ဘာတစ်ခုမှ မစင်ကြယ်လေတော့ အဲဒါလို မကောင်းတဲ့ အုပ်စုသင်းပင်းထဲမှာပဲ ကျင်လည် ကျက်စားနေခဲ့ ရာက နောက်ဆုံးတော့ မြို့တော်ရန်ကုန် ပြည့်တန်ဆာ လုပ်ငန်းတစ်ခုရဲ့ အကြီးအကဲ တစ်ယောက်ဖြစ်တဲ့ မိန်းမထိန်းကြီး တစ်ယောက်ရဲ့ထဲမှာ ကျုပ် နေအိမ်၊ ကျုပ် စားအိမ် ဖြစ်ရတဲ့ အခြေကို ရောက်ရုံတောင်မက တော့ဘဲ ကျုပ်ဟာ အဲဒီ မိန်းမကြီးနဲ့ လူမသိ နတ်မကြား ဆိုသလို တိတ်တိတ်ပုန်း လင်မယား ဖြစ်ခဲ့ရတော့တာပါပဲ။

သူဟာ အသက်အရွယ်အားဖြင့် ကျုပ်ထက် ခုနစ်နှစ်၊ ရှစ်နှစ်

ဆိုသလို ကြီးတယ်ပေါ့ဗျာ။ နောက်ပြီးတော့ လုံးကြီးပေါက်လှနဲ့ ခပ်ဖြူဖြူ ခပ်ဝဝ ဆိုတော့ ကျုပ်အနေနဲ့ကလည်း ဘာပဲဖြစ်နေနေ နှစ်သိမ့်နေမိတယ်ပေါ့။ နောက်တစ်ကြောင်းကလည်း အဲဒီလို ကျုပ်က နေလိုက်တာနဲ့ အမှုပေါ့ဗျာ။ ကျုပ်ရဲ့ နေရေး စားရေးတင်မကပါဘူး၊ ကျုပ် အပေါင်းအသင်းတွေဖြစ်တဲ့ ကျော်သိန်းတို့ လူသိုက်တွေဟာလည်း ကျုပ်ကို မှီပြီး စားရေး နေရေး ပိုကောင်းလာကြတယ်ပေါ့။

ဒီအထဲက ပြောရဦးမယ်ဗျ။ ကျုပ်တို့ရဲ့ ဖဲလိမ်တဲ့ အလုပ်တွေ၊ လုယက်တဲ့ အလုပ်တွေ၊ နှိုက်တဲ့ ခိုးတဲ့ အလုပ်တွေနဲ့ အရင်ကလို အချောင်ပေါက် အလုပ်တွေဟာ တဖြည်းဖြည်း ဆိုသလိုပေါ့ဗျာ၊ ကျုပ်တည်းကျဉ်းမြောင်းလာတော့ ကျော်သိန်းတို့ လူစုကိုပါ ကျုပ်က တစ်ဖက်တစ်လမ်း ပြန်ကူညီတဲ့ အနေနဲ့ ကျွေးမွေးထားရသေးတယ်ဗျ။

ကျုပ်အနေနဲ့ကတော့ ဒီလို အလုပ်တွေကို လိုက်လုပ်ဖို့ မလိုတော့ပါဘူး။ ကျုပ်အိမ်မှာ မွေးထားတဲ့ မိန်းကလေး ငါးယောက် ခြောက်ယောက် အပေါ်က ရတဲ့ အမြတ်အစွန်း ဝင်ငွေနဲ့ပဲ ကျုပ်ဟာ ဘန်ကောက်ပုဆိုး ထည်လဲ ဝတ်ပြီး စီးကရက် လက်ကြားညှပ်လို့ ကျုပ် အိတ်ထဲမှာ ငွေ နှစ်ရာ သုံးရာကို အမြဲမပြတ် ထည့်သုံးနေနိုင်တာပေါ့ဗျာ။ ကျုပ်ရဲ့ မိန်းမကြီးကလည်း ကျုပ်အပေါ်မှာ အတော်ကြီး လိုက်ရောလို့၊ ဘယ်နေရာမျိုးမဆို ကျုပ်သဘော တစ်ခုပေါ့ဗျာ။ ဒါကြောင့်လည်း ကျုပ်ဟာ ကျော်သိန်းနဲ့ ကျုပ်အဖော်တွေကို ကျွေးမွေးထားနိုင်ရုံမကပါဘူး၊ သူတို့ကိုလည်း အသီးသီး တာဝန်ချထားပြီး နေ့စဉ်နဲ့အမျှဆိုသလို တစ်ယောက်တစ်ယောက်ကို သုံးဖို့ စွဲဖို့အဖြစ်နဲ့ ငါးကျပ် တစ်ဆယ် ပေးထားနိုင်တာပေါ့။

ဒီလို လုပ်နေရင်းကပဲ သုံးရက်တစ်ခါ လေးရက် တစ်ပတ် ဆို သလို ကျုပ်နဲ့ ကျုပ်အဖော်တွေဟာ ပြည့်တန်ဆာ လေလံပွဲကို သွားသွား ပြီး ဆွဲရသေးတယ်ဗျ။ အဲ... ပြည့်တန်ဆာ့ လေလံပွဲနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ နားလည်အောင် ပြောရမယ်ဆိုရင်တော့ တစ်ခါတစ်ခါ မြို့တော် ရန်ကုန်ရဲ့ နေရာအနှံ့အပြားမှာ ပြည့်တန်ဆာ အိမ်တွေ၊ ပြည့်တန်ဆာ လုပ်ငန်းတွေကို ပုလိပ်က တက်တက်ဖမ်းပြီး ရုံးတင် တရားစွဲတယ် မဟုတ်လားဗျ။ အဲဒီတော့ ရုံးတော် ရောက်သွားပြီလားဆိုမှဖြင့် ရုံးတော် က တရားခံ ပြည့်တန်ဆာမတွေကို အစိတ်မျိုး ငါးဆယ်မျိုး ဒဏ်ရိုက် လေတော့ ဒီပြည့်တန်ဆာမတွေဟာ ဘယ်ဆောင်နိုင်ပါ့မလဲဗျာ။ ဒဏ် မဆောင်နိုင်ရင် ထောင်ကျတော့မယ့် အဖြစ်ဆိုတော့ ခများများလည်း ငိုမဲ့မဲ့ ဖြစ်နေတဲ့အချိန်မှာ ကျုပ်တို့ အဖော်တစ်စုက ကြိုက်ရာ ကြိုက် ကောင် ရွေးပြီး ကျသင့်တဲ့ ဒဏ်ကို ဆောင်လိုက်တာပါပဲ။ အဲဒါဟာ ပြည့်တန်ဆာ လေလံပွဲမှာ လေလံဆွဲတဲ့ နည်းပေါ့ဗျာ။ နောင်တော့သာ ဒီလို ကျုပ်တို့ ဒဏ်ဆောင်လိုက်ရတဲ့ ပြည့်တန်ဆာကို ကျုပ်တို့က ခေါ် ဆောင်လာပြီး အရင်းရော အတိုးပါ ကျေအောင်ဆိုတဲ့ နည်းနဲ့ သူ့ကို တစ်ခါ ပြန်ခိုင်းရ၊ သူနဲ့ တစ်ခါ အမြတ်ထုတ်ရတာပဲဗျ။

အဲဒါလည်း ခင်ဗျားတို့ စဉ်းစားကြည့်ကြပေါ့ဗျာ။ ပြည့်တန်ဆာ စနစ်ကို ပပျောက်အောင်ဆိုပြီး ရုံးတင် တရားစွဲ ဒဏ်ရိုက်နေတဲ့ နည်း မျိုး၊ စနစ်မျိုးဟာတော့ ပြည့်တန်ဆာ ပပျောက်တဲ့ နည်းမျိုးတော့ မဟုတ်ဘူး ဗျ။ ပြည့်တန်ဆာအပေါ်မှာ ထပ်ပြီး အတိုးတက်လာစေတဲ့ ပြည့်တန်ဆာ လေလံပွဲ ကျင်းပနည်းပဲ ဖြစ်တယ်လို့ ဆိုရမယ်ပေါ့ဗျာ။

နောက်တစ်ခုလည်း ကျုပ် သိသလောက်တော့ ပြောချင်သေး

တယ်ဗျ။ ဒါက ဘာလဲဆိုတော့ ခင်ဗျားတို့ လောကမှာ ခေါ်ဝေါ် ပညတ်နေကြတဲ့ အထက်တန်းစား လူကြီး လူကောင်းကြီးများ ဆိုတာတွေပေါ့ဗျာ။ ကျုပ်ဟာ မြို့တော်ရန်ကုန်ရဲ့ ပြည့်တန်ဆာ လောကမှာ အတော်ကြီး ကျင်လည် နှံ့စပ်ပြီး ကျုပ် လုပ်ငန်းကို တစ်စ တစ်စ တိုးချဲ့လာနိုင်တာနဲ့ အမှူ ခုနက ပြောခဲ့တဲ့ အထက်တန်းလွှာ လူကြီး လူကောင်း ဆိုသူတချို့နဲ့လည်း တစ်စ တစ်စ အသိအကျွမ်း များများလာလေတော့ တချို့ တချို့သော လူကြီးလူကောင်း လက်ရွေးစင်ကြီးများအတွက် အထူး သီးသန့်အိပ်ခန်း တစ်ခု ဖွင့်ထားပြီး အထူး သီးသန့် မိန်းကလေးတွေကို လက်သပ်မွေးပေးရတယ်ပေါ့ဗျာ။

အဲ… တချို့များတော့ဗျာ၊ ကျုပ် အိမ်က လက်သပ်မွေးပေးထားတဲ့ မိန်းကလေးတွေတောင် မဟုတ်တော့ပါဘူး။ သူတို့ဟာ သူတို့ ရှာဖွေခေါ်လာတဲ့ အမျိုးသမီးကလေးတွေနဲ့ပါပဲ။ အင်း… တချို့ တချို့သော အမျိုးသမီးကလေးတွေဟာ ဆိုရင်တော့ မြို့တော်ရန်ကုန်ရဲ့ ပြည့်တန်ဆာ အသိုင်းအဝန်းထဲကတောင် မဟုတ်ရှာပါဘူးဗျာ။ ဆင်းရဲ ဒုက္ခရောက်ရာက နေပြီး သူတို့ သွေးဆောင်ဖြားယောင်းရာကို ပါလာလို့ နောက်ဆုံးတော့ သူတို့ ကိုယ်နဲ့ သူတို့ ဘဝကို ငွေနဲ့လဲပြီး ရေတိမ်မှာ နစ်သွားရရှာသူကလေးတွေပေါ့ဗျာ။

## အသက်မွေးဝမ်းကျောင်း ပညာတွေလား

ထွီ… ကျုပ်ဖြင့်ဗျာ ကျုပ် တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေကို ပြောရင်း ပြောရင်းကပဲ ဒီအထက်တန်းလွှာ လူကြီးလူကောင်းဆိုသူ တချို့ကို အရွံကြီး ရွံမိပါရဲ့ဗျာ။ ကျုပ် အိမ်ခန်းကို သူတို့တစ်တွေ အဝင်အထွက် ကောင်းအောင်ဆိုပြီး ကုမ္ပဏီတစ်ခုရဲ့ ဆိုင်းဘုတ်ကို ကပ်ထားရပြီး အရောင်းအဝယ်လုပ်နေတဲ့ ကုမ္ပဏီလို ဖန်တီးထားရတာပေါ့ဗျာ။ ဒါမှလည်း သူတို့အဖို့က အဝင်အထွက်ရ လွယ်ပေ ကောင်းပေမှာကိုဗျ။ အဲဒီအထဲကပဲ ပြောရပါစေတော့ဗျာ၊ တစ်ခါ တစ်ခါမှာတော့ အဲဒီ လူကြီးလူကောင်း အခေါ်ခံသူ တချို့ဟာ သူ့မယား ငါဆွဲလာ၊ ငါ့မယား သူဆွဲလာနဲ့ အတော့်ကို သစ္စာမဲ့ကြတာကလားဗျ။ သူတို့ဟာနဲ့ သူတို့တော့ အတော်ကို နေရာကျနေတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်အဖို့ စဉ်းစားမိတယ်ဗျ။ ကျုပ်ရဲ့ နှစ်ပေါင်းများစွာ လုပ်ကိုင်လာတဲ့ ပြည့်တန်ဆာ နတ်နန်းကိုတော့ ဘယ်အလုပ်သမားနဲ့ ဘယ်ဆင်းရဲသားမှ ပြောလောက်အောင်မလာကြ၊ မသောင်းကျန်းကြပါဘူး။ သူတို့လို လူတွေကသာ နေ့နဲ့အမျှဝင်ထွက်နေကြပြီး သောင်းကျန်းနေကြတာပဲ။

အဲဒီအထဲ တစ်ခါ တစ်ခါတော့ မူးမူးပြီး လာကြလို့ ခါးဝတ်ပုဆိုး တောင် မမြဲတဲ့ အဖြစ်တွေကလည်း ရှိသေးတယ်ဗျ။ ဒီလူကြီးတွေဟာ အတော့်ကို အော့နှလုံးနာဖို့ ကောင်းပြီး အတော်လည်း ရွံဖို့ ကောင်းတဲ့ လူတွေပါဗျာ။ ဒါပေမဲ့ ကျုပ်တို့တစ်တွေဟာ သူတို့အကြိုက် လိုက်ပြီး သူတို့ရဲ့ လိုဘကို ဖြည့်စွမ်းပေးနေရတယ်ပေါ့။ ဒါမှလည်း ကျုပ်တို့ ဘဝရဲ့ ရပ်တည်နေနိုင်မှု ဆိုတာက ရှိပေမှာကိုဗျ။

ဒါပေမဲ့ဗျာ၊ မြို့တော်ရန်ကုန်မှာ ဒီလိုအလုပ်တွေလို အပြိုင်အဆိုင် လုပ်နေကြတဲ့ လူတွေက ပေါ်လာပြန်တော့ ကျုပ်တို့ရဲ့ လုပ်ငန်းဟာလည်း တစ်နေ့တခြားဆိုသလို တွက်ခြေမကိုက်တော့ဘူးဗျ။ ကျုပ်တို့ အဖော် တွေဟာ ဒီနည်းနဲ့မရ ဟိုနည်း၊ ဟိုနည်းနဲ့မရ ဒီနည်း ဆိုတာလို နည်း အမျိုးမျိုးနဲ့ လုပ်ကြပေမယ့် နောက်ဆုံးတော့ ကျုပ်တို့ အခန်းတွေဟာ သိပ်လည်း အကုန်အကျ မခံနိုင်၊ သိပ်လည်း မမွမ်းမံနိုင်ဘဲ တဖြည်းဖြည်း တစ်စစ လူဝင် လူထွက် နည်းလာကြတော့ မိန်းကလေးတွေဟာလည်း သူတို့အတွက် နေ့တွက်စီမယ့် နေရာဌာနတွေကို ရောက်ရောက်ကုန်ရာ က ကျုပ်တို့ရဲ့ အခန်း သုံးလေးခန်းကို တစ်ခါတည်း ပိတ်လိုက်ရပြီး အရင်ကလို ချောင်ကျကျ အခန်းကလေး တစ်ခုမှာပဲ ပြန်လုပ်နေကြရ တယ်။

ဒီလို လုပ်နေပေမယ့် အပိုသက်သက်လိုပါပဲဗျာ။ အချိုးအစားက မကျ၊ ဝင်ငွေက ထင်သလောက် မရတော့ ကျုပ်တို့အနေနဲ့က အရင်ကလို ပဲ လုတန် လု၊ ယက်တန် ယက် ပြန်လုပ်ကြရပြီး ကျုပ်တို့ရဲ့ အသက်မွေး မှုကို ပြုကြရပြန်ပါတယ်။

ဒါကြောင့်လည်း ကျုပ်ကတော့ ကျုပ်ရဲ့ မိတ်ဆွေတွေကို မေး

လိုက်ချင်ပါတယ်။ ကျုပ်တို့လို လူတွေအတွက် မြို့တော် ရန်ကုန်မှာ လုပ်ဟယ် ယက်ဟယ်၊ ခိုးဟယ် တိုက်ဟယ် ဆိုတဲ့ အလုပ်တွေဟာ အသက်မွေးဝမ်းကျောင်း ပညာတွေလားလို့ပေါ့ဗျာ။

ဒီလို မဟုတ်ဘူးဆိုရင်လည်း ကျုပ်တို့လို အတတ်ပညာမဲ့၊ အခြေအနေမဲ့၊ ငွေကြေးပစ္စည်းမဲ့တဲ့ လူတွေအတွက် ဘယ်လို အသက်မွေးမှုနဲ့ ဘယ်လို စီစဉ်ပေးမှုတွေများ ရှိပါသေးလဲဗျာ။

## ဘဝနိဂုံး

ကျုပ်ဟာ ခုတော့ အသက်အရွယ်လည်း ကြီးလာပြီ မဟုတ်လားဗျ။ ဒါကြောင့်မို့ ကျုပ်အမှား ကျုပ် မြင်ပြီး ဆင်ခြင် စဉ်းစားနိုင်တဲ့ အချိန်အရွယ် ရောက်နေပြီ ဆိုပေမယ့် ကျုပ်လိုမှ မဆင်ခြင် မစဉ်းစားတတ်တဲ့ ငယ်ရွယ်သူတွေဟာ မြို့တော် ရန်ကုန်ရဲ့ လမ်းမကြီးများနဲ့ အိမ်ကြို အိမ်ကြား တိုက်ကြို တိုက်ကြား ဇရပ်ကြို ကျောင်းကြားမှာ အနှံ့အပြား ရှိနေလေတော့ အဲဒီလို လူငယ် လူရွယ်ကလေးတွေရဲ့ ဘဝလုံခြုံရေး၊ သက်သာခံသာရေး၊ အရှည်သဖြင့် ကြီးပွား တိုးတက်ရေးတွေအတွက် ဘာတွေများ လုပ်ပေးကြမှာလဲလို့ ဆိုရှယ်လစ် အစိုးရ ဆိုသူတွေကိုလည်း မေးချင်ပါတယ်။

နောက်တစ်ခုလည်း ဒီနေရာကနေပြီးတော့ ပြောလိုက်ချင် မေးလိုက်ချင်ပါသေးတယ်။ အခုလို အင်မတန် ခေတ်ပညာတတ်တွေ ပေါများနေတဲ့ မြို့တော်ကြီးမှာ အလုပ်ကလေးတစ်ခု ရှိမှဖြင့် ပညာတတ်ဆိုတဲ့ လူတွေကသာ ခွေးသေကောင် လင်းတ ဆွဲသလို ဝိုင်းအုံဆွဲနေ

ကြလေတော့ ပညာမဲ့တဲ့ လမ်းပေါ်က လူငယ်ကလေးတွေအဖို့က သူခိုး ဓားပြ ခါးပိုက်နှိုက် တေလေ ဆိုတဲ့ ဘဝကလွဲရင် ဘာတွေများ လုပ်ကိုင်စားဖို့ အခွင့်အရေး ရှိပါသေးလဲလို့။

ဒီအထဲကပဲ နောက်တစ်ကြောင်းကလည်း ရှိသေးတယ်ဗျ။ လွယ်လွယ်ကူကူ အပြောမျိုးနဲ့ ထမင်းတစ်ဝမ်း ကူလီထမ်းစားတောင် ဖြစ်ပါတယ်၊ ဆိုက်ကားနင်းစားတောင် ဖြစ်ပါတယ်လို့ ပြောချင်လည်း ပြောကြပေမှာပဲ။ ဒါပေမဲ့ဗျာ ကျုပ် သိသလောက် ပြောရရင်တော့ အဲဒီ အလွယ်ဆုံးလို့ လူတွေ ထင်နေကြတဲ့ ကူလီ အလုပ်တောင် သူ့လူ သူ့အဆက်၊ သူ့အသိုက် သူ့အအုံနဲ့မှ လွယ်တာကလားဗျ။

ပြီးတော့လည်းဗျာ၊ မြို့တော် ရန်ကုန်ရဲ့ လူစည်ကား များပြားလှတဲ့ လမ်းမကြီး လမ်းမငယ်တွေပေါ်မှာရော၊ မီးရထား ဘူတာရုံ သင်္ဘောဆိပ် စတဲ့ နေရာတွေမှာကော ခုနက ကျုပ် ပြောခဲ့တဲ့ ကလေးသူငယ်တွေဟာ ပညာသင်ချိန် ကျောင်းသားအရွယ်သာ ဖြစ်ပေမယ့် ကျောင်းနေပြီး ပညာရှာဖို့ မပြောပါနဲ့၊ သူတို့ရဲ့ ထမင်းတစ်ဝမ်း မှန်မှန်စားရဖို့အရေး အတွက် အော်ဟယ် ဟစ်ဟယ်နဲ့ ရောင်းလိုက်ရ ချလိုက်ရတဲ့ ပဲကြီးလှော်တို့ မြေပဲဆားလှော်တို့ ဆိုတာတွေက အသက်အရွယ်နဲ့ မမျှတအောင်ပါပဲ။

နံစော်နေတဲ့ သူတို့ ကိုယ်နံ့တွေ၊ ရှည်လျားပြီး စုတ်ဖွားဖွားဖြစ်နေတဲ့ သူတို့ ဆံပင်တွေ၊ အစုတ်စုတ်အဖာဖာ ဖြစ်နေတဲ့ သူတို့ အဝတ်တွေ၊ အငတ်ငတ် အပြတ်ပြတ်နဲ့ မဝရေစာ စားနေရတဲ့ သူတို့ ဘဝတွေဟာ ကြာတော့ သူတို့အဖို့ ကောင်းရာ ကောင်းဘက်ကို ရောက်မသွားဘဲ

အတုမြင် အတတ်သင် ဆိုသလို ခါးပိုက်နှိုက် သူခိုးနဲ့ လူပေ လူတေ ကလေးတွေ ဖြစ်ကုန်မှာပါပဲဗျာ။

နောက်ပြီး ခင်ဗျားတို့တစ်တွေ ပြောပြောနေကြတဲ့ အသံဗလံ တွေကို တစ်ခါခါတော့ ကျုပ်ဟာ နားစွန်နားဖျား ကြားမိတယ်ဗျ။ ဒီလို ငယ်ရွယ်တဲ့ ကလေးတွေဟာ နောင်လာမယ့် တစ်ခေတ်ရဲ့ တိုင်းပြည် ခေါင်းဆောင် ပြည်သူ့ သားကောင်းကလေးတွေပဲလို့။ အဲဒါကို ကျုပ်က မသိလို့၊ မရှင်းမလင်းလှလို့ မေးပါရစေဦးဗျာ။ ခင်ဗျားတို့ ဆိုတဲ့ နောင် တစ်ခေတ်ရဲ့ တိုင်းပြည် ခေါင်းဆောင်ကလေးတွေ ဆိုတာက အဲဒီ ကျုပ် ပြောနေတဲ့ လမ်းပေါ်က ကလေးတွေတို့၊ တောကြိုတောင်ကြားက ကလေး တွေတို့၊ အလုပ်ရုံ အလုပ်ဌာနထဲက အလုပ်သမားတွေရဲ့ သားသမီး ကလေးတွေတို့ကို ဆိုတာလား။ ဒါမှမဟုတ်ရင် ဒီကလေးတွေ မပါဝင်ဘဲ ရွှေပေါ်မြတင် ဖြစ်ပြီး ပစ္စည်းဥစ္စာ ချမ်းသာတဲ့ မိဘတွေက မွေးလို့၊ ဒါမှမဟုတ်ရင် အရာရှိ အရာခံတွေက မွေးလို့၊ အဆောင်အယောင်ပေါ်က နေပြီး မြေကြီးကို ခြေမချရတဲ့ မိဘတွေက မွေးဖွားထားတဲ့ ကလေးတွေ ကို ဆိုလိုတာလား။ အဲဒါ တစ်ဆိတ် ခွဲခြားပြီး ပြောကြပါဦးဗျ။

အင်းပေါ့ဗျာ၊ ခင်ဗျားတို့လည်း ကျုပ် ပြောတဲ့ စကားတွေကို နားထောင်နေရတာနဲ့ အတော်ကလေး ညောင်းလှရောပေါ့။

ကဲ... ကဲ နောက်ဆုံးပိတ် အနေနဲ့ ကျုပ်ဘဝ ဇာတ်လမ်းရဲ့ တစ်ကဏ္ဍရပ်မှုကိုပဲ ဆက်ပြောရတော့မှာပေါ့ဗျာ။

ဒီလိုနဲ့သာ ကျုပ်ဟာ အဖြစ်အမျိုးမျိုး အကြောင်းအမျိုးမျိုးစုံအောင် ဖြစ်ချင်တိုင်း ဖြစ်၊ ကြုံချင်တိုင်း ကြုံခဲ့ရပေမယ့် ကျုပ်ဘဝရဲ့ ဖြစ်ကြောင်း ကုန်စင်တွေဟာဖြင့် သာယာ အေးချမ်းမှုရယ်လို့ တစ်ကွက်ကလေးမှ

မတွေ့ခဲ့ မကြုံခဲ့ရပါဘူး။ ဆန်ကောထဲမှာ ထည့်လိုမ့်တဲ့ ဆီးဖြူသီးလို အတောမသတ်နိုင်တဲ့ ဒုက္ခဆင်းရဲတွေကိုသာ တွေ့ခဲ့ ကြုံခဲ့ သံသရာလည်ခဲ့ရတာပါပဲ။

အဲ… ကျုပ် နောက်ဆုံးအနေနဲ့ ဆိုးဝါးလှတဲ့ အကြောင်းတစ်ခုကတော့ တခြား မဟုတ်ဘူးပေါ့ဗျာ။ ကျုပ်ဟာ တစ်ကြိမ်မှာတော့ မလွှဲမရှောင်သာသော အဖြစ်တစ်ခုကြောင့် ထောင်ထဲကို ရောက်ခဲ့ရပြန်ပါတယ်။ အဲဒီအခါမှာတော့ ကျုပ်ဟာ အရင်ကလို အချိန် တိုတောင်းစွာ အပြစ်ပေးခြင်း ခံရတဲ့ အမှုမျိုး မဟုတ်ဘဲ လူသတ်မှု တစ်ခုကြောင့် ထောင်ဒဏ်ဆယ်နှစ် အပြစ်ပေးခံရတယ်ပေါ့ဗျာ။

ဒါပေတဲ့ဗျာ၊ ဒီအမှုမှာ ကျုပ်ဟာ မကျူးလွန်ရိုး အမှန်ပါ။ အဲဒီလို မကျူးလွန်ပေမယ့် ပုလိပ်အရာရှိတွေဟာ လက်သည်တရားခံကို ရှာတဲ့အခါမှာ ကျုပ်သာလျှင် ဖြစ်ရမယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ နောက်ဆုံးတော့ ကျုပ်ဟာဖြင့် ထောင်ထဲကို ရောက်ခဲ့ရပါတယ်။

အဲဒါလို ကျုပ်ကိုယ်နှိုက်က မကျူးလွန် မပြုလုပ်ခဲ့တဲ့ အပြစ်ဒဏ်တစ်ရပ်ကို ခံခဲ့ရပြီးတဲ့နောက် အပြစ်စေ့လို့ လွတ်မြောက်တဲ့ နေ့မှာဖြင့် ကျုပ်ဟာ အတော်ပဲ နောင်တတရား ရမိခဲ့တယ်။

ဒီလို နောင်တ ရမိလို့လည်း ကျုပ်ရဲ့ မူလက အဆက်အသွယ်၊ မူလ လုပ်ငန်း၊ မူလက အပေါင်းအသင်းဖြစ်တဲ့ လူများကို ကွင်းနိုင်သမျှ ရှောင်ကွင်းပြီး မြို့တော် ရန်ကုန်မှာ ကြုံသလို ဖြစ်သလို အသက်မွေးနေရာက နောက်ဆုံးတော့ မမာမကျန်း ဖြစ်လာတဲ့အတွက် အခုလို ဆေးရုံပေါ်ကို ရောက်ခဲ့ရတာပါပဲ။

ဒါကြောင့် ကျုပ် ပြောခဲ့ပြီ မဟုတ်လားဗျာ။ ကျုပ်ဟာ ဝေဒနာ ပျောက်ကင်းလို့ ဒီဆေးရုံကြီးပေါ်က ဆင်းရသည့်တိုင်အောင် မှောင်မည်း နေတဲ့ ကျုပ်ဘဝ လမ်းခရီးမှာ ဘယ်ဆီ ဘယ်လမ်းကို ရည်မှန်းပြီး လျှောက်ရ သွားရပါ့မလဲလို့။

အင်းပေါ့ဗျာ၊ ပိန်းပိတ်အောင် အမှောင်ထု လွှမ်းခြုံနေတဲ့ ကျုပ် ဘဝ ကျုပ်ဇာတ်လမ်းကို ဒီမှာတင်ပဲ အဆုံးသတ်ပါဦးစို့လေ။ ။

# လင်းယုန်သစ်လွင်

# ဘုံကျွန်

"... လယ်ကူလီ၏သား နင်းပြားတစ်ယောက်၏ ရုန်းကန်ကြိုးစားရင်း နစ်သထက် နစ်သည့် ဘဝကို တွေ့မြင်ရသည်။"

–တက္ကသိုလ်ဝင်းမွန်၏ 'မြန်မာဝတ္ထုရှည်သမိုင်း'၊ ဝတ္ထုရှည်စာတမ်းများ၊ ဒုတိယတွဲ (၁၉၈၁)။ စာ ၂၇၈...မှ။

"ဘုံကျွန်သည် မြေမဲ့ ယာမဲ့ လယ်ကူလီ(သူရင်းငှား)တစ်ယောက်၏ ဘဝကို သရုပ်ဖော်ထားသော ဝတ္ထု..."

–စာရေးသူ၏ စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်းအမှာ...မှ။

"... ရိုးရိုးရှင်းရှင်းနှင့်ပင် စာဖတ်သူတို့ကို ဆွဲဆောင်နိုင်စွမ်း ရှိပေသည်။ ... ဇာတ်ဆောင်စရိုက်များသည်၊ လှုပပေါ်လွင်ကြပါသည်။"

–မလိခ ၏ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ် (၂၀၀၇)၊ စာ ၃၈၂...မှ။